# မြန်မာပြည်သား ကိုကို

## မောပန်းပေမယ့် ကောပန်းကြီးတော့ ပြောချင်တယ်ဗျာ

အပိုင်း (၁)







(တတိယအကြိမ်)

# မြန်မာပြည်သားကိုကို

## မောပန်းပေမယ့် လောပန်းကြီးတော့ ဖြစ်ချင်တယ်

### ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးအောင်ကျော်မိုး
အခန်း (၆)၊ အမှတ်(၁၂၀၀)၊
ကောတစ်ထောင်အိမ်ရာ၊ ဇေယျာသီရိမြို့နယ်၊
နေပြည်တော်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေမြစေသံပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းဖလင် - ကိုပေါက်

ထုတ်ဝေသည့်အကြိမ် - ဒုတိယအကြိမ်၊ ၂၀၁၅ ဩဂုတ်လ

အုပ်ရေ / တန်ဖိုး - ၁၀၀၀ အုပ် / ၂၅၀၀ ကျပ်

ဖြန့်ချိရေး - ပုံရိပ်စာပေ
အခန်း (၆)၊ အမှတ်(၁၂၀၀)
ကောတစ်ထောင်အိမ်ရာ၊ ဇေယျာသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း- ၀၉ ၅၃၄၁ ၄၄၆

၈၉၅ ၈၃

မြန်မာပြည်သားကိုကို
မောပန်းပေမယ့် လောပန်းကြီးတော့ ဖြစ်ချင်တယ် / မြန်မာပြည်သားကိုကို။ -
ရန်ကုန်
ပုံရိပ်စာပေ ၊ ၂၀၁၅ ။
၁၉၂ - စာ ၊ ၁၃ ။ ၂၀ စင်တီ။
(၁) မောပန်းပေမယ့် လောပန်းကြီးတော့ ဖြစ်ချင်တယ်

# မောပန်းပေမယ့် လောပန်းကြီးတော့ ဖြစ်ချင်တယ်

## မြန်မာပြည်သားကိုကို

# မာတိကာ


| ခန်း | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စာရေးသူ၏ကိုယ်ရေးအကျဉ်း | ၅ | ၉ |
| ၁ | စာရေးသူ၏အမှာစာ | ၁၀ | ၁၃ |
| ၂ | တတိယအကြိမ်ထုတ်ဝေခြင်းအတွက် စာရေးသူ၏အမှာစာ | ၁၅ | ၁၇ |
| ၃ | ကျွန်ုပ်ရောင်းစားခံလိုက်ရပြီလားဗျာ မသိလို့မေးနော် | ၁၉ | ၄၈ |
| ၄ | သူရူး သူကြွယ် သူဒွေးဝေယ် လုံးမဝေယ်တို့ မွေ့လျော်ရာ မော်ပါတဲ့ဗျာ | ၄၉ | ၆၅ |
| ၅ | ကံ ဉာဏ် အကူ အတွေ့အကြုံယူပါမှ တန်ဖိုးရှိမယ့် ကျောက်စိမ်း | ၆၉ | ၈၀ |
| ၆ | ယမ်းနဲ့မန်းမှ မသိရင် ကျောက်လုပ်မစားနဲ့ ကိုယ့်လူ ခါးကောသွားမယ် | ၇၉ | ၁၀၅ |
| ၇ | ကံစီမံရာအတိုင်းပါပဲဗျာ | ၁၀၆ | ၁၂၉ |
| ၈ | တော်ပါ ခင်ပုံ မူးယစ်စုံနဲ့ ပဲလော့ပုံထား ခပ်ကြွားကြွား | ၁၃၀ | ၁၄၄ |
| ၉ | မော်ကြာမဟုတ်ပါ မော်ကျွားပါဗျ | ၁၄၅ | ၁၇၆ |
| ၁၀ | မငိုပါနဲ့ကွယ် တိတ်တော့ | ၁၇၇ | ၁၉၂ |

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

မြန်မာပြည်သားကိုကို၏ အမည်ရင်းမှာ ဦးအောင်ကျော်မိုး ဖြစ်ပါသည်။ ကျွန်တော့်အား မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ တောမကျေးရွာတွင် အဘ ဦးမာခင်၊ အမိ ဒေါ်သိန်းတင်တို့မှ ၁၉၆၆ ခုနှစ်၊ ဇွန်လတွင် မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က ကျေးရွာတွင် အစိုးရ မူလတန်းကျောင်းမရှိ၍ ဘုန်းကြီးကျောင်းတွင် အသက်(၅) နှစ်မှစ၍ ပညာသင်ကြားခဲ့ပြီး ၁၉၈၄ ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံ ပညာအထက်တန်းစာမေးပွဲကို ဓာတုဗေဒ၊ ရူပဗေဒဘာသာဂုဏ်ထူးဖြင့် ဆောမြို့နယ်တွင် ဒုတိယအမှတ်အများဆုံးရရှိ အောင်မြင်ခဲ့ပါသည်။

ဆယ်တန်းအောင်မြင်ပြီး စစ်တက္ကသိုလ်နှင့်အလုပ်သင်မိုလ် မိုလ်လောင်းဝင်ခွင့် လျှောက်ထားစဉ်ကာလအတွင်း ၁၉၈၄ ခုနှစ် ဩဂုတ်လတွင် တပ်မတော်သို့ တပ်သားအဆင့်ဖြင့် ဝင်ရောက်ခဲ့ပါ သည်။ မိုလ်လောင်းဝင်ခွင့်ဖြေဆိုထားစဉ်ကာလအတွင်း တပ်သား အဆင့်ဖြင့် ခမရ(၁၀) ပေါင်းတည်မြို့တွင် တာဝန်ကျ၍ ကရင်ပြည် နယ်၊ ဝါးခယ်စခန်းတွင် ရင်ဆိုင်တိုက်ပွဲများ၊ ဆောင်ရွက်နေစဉ် စစ်ဆင်ရေးတာဝန်များ (၃)လခန့် ထမ်းဆောင်ခဲ့ရပါသည်။

အလုပ်သင်ဗိုလ်လောင်း၊ သင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်ခဲ့ပြီး ၂၃-၉-၁၉၈၈ ရက်နေ့တွင် မြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ် ခန့်အပ်ခြင်းခံရပါသည်။ ခလရ(၇၅) ပြည်မြို့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ၁၉၈၈ ခုနှစ် မဲသဝေါ်တိုက်ပွဲကြီးကာလမှ ၁၉၉၂ ခုနှစ် ချွေးအိပ်တောင်တိုက်ပွဲကြီးအထိ ကရင်ပြည်နယ် မဲသဝေါ်၊ မာနယ်ပလောဒေသ စစ်ဆင်ရေးနယ်မြေများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်မှုထမ်းတာဝန်ဖြင့် သီပေါမြို့၊ သထုံမြို့၊ ဘားအံမြို့၊ ရန်ကုန်မြို့၊ ဘူးသီးတောင်မြို့၊ စစ်တွေမြို့၊ ပြည်မြို့၊ မကွေးမြို့တို့တွင် စစ်မှုထမ်းသက်(၂၇)နှစ်အတွင်း အထက်မှပေးအပ်ရာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

(၁၀)တန်းအောင်မြင်ပြီး တပ်မတော်သားဘဝတွင် စစ်ဆင်ရေးတာဝန်များကြောင့် တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ခြင်း မရှိခဲ့၍ ၁၉၉၉ ခုနှစ် ဗိုလ်မှူးအဆင့်သို့ရောက်ရှိမှသာ တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားခွင့်ရခဲ့ပြီး ၂၀၀၃ ခုနှစ်၊ စစ်တွေတက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့(မြန်မာစာ)ကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ တပ်မတော်စစ်သားစုဆောင်းရေးတပ်တွင် တာဝန်ထမ်းဆောင်စဉ် ရခိုင်ပြည်နယ် မြို့ရွာတစ်လွှားသို့ ကျေးရွာပေါင်း (၃၀၀) ခန့်အထိ စည်းရုံးရေးခရီးစဉ်များ (၂) နှစ် (၉) လခန့် သွားရောက်ခဲ့ပါသည်။

မကွေးမြို့တွင် တာဝန်ထမ်းဆောင်စဉ် ၂၀-၁-၂၀၁၀ ရက်နေ့မှစ၍ တပ်မတော်သားဘဝတွင် တွေ့ကြုံခဲ့ရသောစစ်မြေပြင်နှင့် ဘဝအတွေ့အကြုံများကို စာပေရေးသားခြင်း စတင်ခဲ့ပါသည်။ ရေးသားပြီးသော စစ်ဝတ္ထုများကို မြဝတီစာပေတိုက်သို့လည်းကောင်း၊

ဘဝစာပေနှင့် မော်ဒန်ဝတ္ထုများကို လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက် သို့လည်းကောင်း ပေးပို့ပြီး ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလမှစ၍ လျှို့ဝှက် ဆန်းကြယ်မဂ္ဂဇင်းတွင် **"မနမ်းခင်က နမ်းခဲ့ရတဲ့ အကြွေပန်းပေ မယ့် လန်းဆန်းနေဆဲပါ အမေရယ်"** ဝတ္ထုဖြင့်လည်းကောင်း။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ မြဝတီမဂ္ဂဇင်းတွင် **"ကန္တဝတီ ငွေ တောင်မြေမှ ပန်းပျိုးသောလက်များ"** စစ်ဝတ္ထုဖြင့်လည်းကောင်း စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတွင် နှစ်နှစ်ခန့်အထိ အခန်းဆက်ဝတ္ထုများ ရေးသားဖော်ပြခဲ့ပါသည်။

၂၀-၁-၂၀၁၁ ရက်နေ့မှစ၍ တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်လျက် ရှိပါ သည်။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရင်း တစ်ဖက်တစ်လမ်းမှစ၍ စာပေရေးသားခြင်းဖြင့် စာဖတ်သူမိတ်ဆွေများ၏ဆန္ဒကို ဖြည့်ဆည်း နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ပွဲဦးထွက်လုံးချင်းဝတ္ထုအဖြစ် မြန်မာ့တပ်မတော်သမိုင်းဝင် ၁၉၈၈ ခုနှစ်ကဖြစ်ပွားခဲ့သော မိုင်းယန်းတိုက်ပွဲကြီးနှင့် ၁၉၉၂ ခုနှစ်၊ ကရင်ပြည်နယ်၊ မာနယ်ပလောဒေသ၊ ခွေးအိပ်တောင်တိုက်ပွဲကြီး များအား ပုံဖော်ရေးသားသည့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား။ ငါ့တပ် မတော်အတွက် အပိုင်း(၁)အား ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် စတင် ထုတ်ဝေခဲ့ရာ တပ်မတော်သားများက မျှော်မှန်းထားသည်ထက် အား ပေးဖတ်ရှုခြင်းကြောင့် အုပ်ရေ (၁၀၀၀၀)ခန့် ရိုက်နှိပ်ဖြန့်ဝေခဲ့ရပါသည်။

ဒုတိယစာအုပ်အဖြစ် ၁၉၈၆ ခုနှစ်က မြန်မာနိုင်ငံအရှေ့

မြောက်ဒေသမှ သမိုင်းဝင် စီစီဝမ်တာပန်တိုက်ပွဲကြီးနှင့် ၁၉၉၅ ခုနှစ်၊ KNU တို့၏ မာနယ်ပလောဌာနချုပ် စခန်းသိမ်းတိုက်ပွဲများကို ... ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အပိုင်း(၂) အဖြစ် တိုက်ပွဲကြီးများကို ကိုယ်တိုင်ကြည့်ရှုနေရသကဲ့သို့ ထင်သာမြင်သာဖြစ်အောင် ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

တပ်မတော်သားဘဝတစ်လျှောက်တွင် တွေ့ကြုံခဲ့ရသော နိမ့်တုံမြင့်တုံဘဝကောက်ကြောင်းများနှင့် ကိုယ်တွေ့စစ်မြေပြင် အတွေ့အကြုံများကို ခရောင်းလမ်းကြမ်းပေါ်မှ ကိုတောသားဓါးခြေလှမ်းကြမ်းများ ခေါင်းစဉ်ဖြင့် အပိုင်း(၁) (၂)ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း အပိုင်း (၃) မှ (၆) အထိကို ရေးသားထားပြီးဖြစ်၍ စာဖတ်ပရိသတ် မိဘပြည်သူများထံသို့ ဆက်လက်တင်ပြသွားပါမည်။

မြန်မာနိုင်ငံအရှေ့တောင်ဘက် ကရင်ပြည်နယ် သံလွင်မြစ်နှင့် သောင်ရင်းမြစ်ရိုးတစ်လျှောက်ရှိ နှစ်ပေါင်းလေးဆယ်ကျော်ကြာ စစ်မြေပြင်တိုက်ပွဲများစွာထဲမှ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ရပြီး နှစ်ဖက်ထိခိုက်ကျဆုံးမှုများပြားခဲ့သည့် မြန်မာနိုင်ငံစစ်သမိုင်းတစ်လျှောက်တွင် အခက်ခဲအကြမ်းတမ်းဆုံးဟု ကမ္ပည်းတင်ရမည့် ဝါးခသစ် (ခေါ်) ကော့မူးရာ စခန်းသိမ်းတိုက်ပွဲကို သိသမျှ ဉာဏ်စွမ်းရှိသမျှ မချွင်းမချန် ရေးသားတင်ပြအပ်ပါသည်။ ဤတိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သော ၊ ဘက်ရှိထင်ရှားတပ်မတော်သားအချို့၏ရင်ဖွင့်ချက် ဖြစ်ရပ်မှန် ပကာတိအခြေအနေများကို အသေးစိတ်ပုံဖော်၍ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အပိုင်း(၃) "သောင်ရင်းကမ်းနဖူးက ကော့မူးရာ" အမည်ဖြင့် ရေးသားဖြန့်ချိခဲ့ရာ တပ်မတော်သား

များနှင့်စာဖတ်သူမိတ်ဆွေများ၏အားပေးမှုကြောင့် အအောင်မြင်ဆုံး စာအုပ်တစ်အုပ်ဟု မှတ်ချက်ပေးရမလိုပင် ဝမ်းသာပီတိဖြစ်မိပါသည်။

ကျွန်တော်သည် တပ်မတော်သားဘဝမှ သတ္တုတွင်းဝန်ကြီး ဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လွှဲပြောင်း တာဝန် ထမ်းဆောင်နေ၍ မိတ်ဆွေအပေါင်းအသင်း စာဖတ်သူများ၏ တိုက်တွန်းမှုကြောင့် အတွေ့အကြုံ ဟောသုတမကြွယ်ဝသေးသော်လည်း မြန်မာ့လူ့ဘောင်နယ်ပယ်တွင် အောင်မြင်ကြီးပွားနေကြသော ကျောက် စိမ်းတူးဖော်ရောင်းဝယ်သူများအကြောင်းကို ခရေစေ့တွင်းကျ ဂယနတာ ရှာဖွေစုစည်း၍ မောပန်းပေမယ့် ပျော်ပန်းကြီးတော့ ဖြစ်ချင်တယ် ဗျာ အပိုင်း(၁) ဤစာအုပ်ဖြင့် စာဖတ်သူနယ်ပယ်ပြောင်း၍ ရေးသား ဖြန့်ချိ တင်ပြအပ်ပါသည်။

စာပေသစ္စာဖြင့်

မြန်မာပြည်သားကိုကို

(၁၇-၄-၂၀၁၄)

မြန်မာနှစ်ဆန်းတစ်ရက်နေ့

# စာရေးသူ၏အမှာစာ

တကယ်စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော့်ဘဝမှာ တပ်မတော်သားအတွေ့အကြုံတွေကို နှစ်ပေါင်းသုံးဆယ်နီးနီး ဖြတ်သန်းလာတယ်ဆိုတော့ စစ်တိုက်တဲ့အကြောင်းကတော့ ကောင်းကောင်းပြောတတ် ရေးတတ်တယ်ပဲ ဆိုပါတော့ဗျာ။ ခေတ်စနစ်တွေက ပြောင်းလဲလာတော့ ကျွန်တော်ရေးတဲ့တိုက်ပွဲဝတ္ထုတွေက စာဖတ်ပရိသတ် ကန့်သတ်ထားသလို ဖြစ်နေတယ်ဆိုပြီး မိတ်ဆွေအချို့က မကြာခဏ မှတ်ချက်ပေးခြင်းခံရပါတယ်။ ကျွန်တော်ထုတ်ဝေခဲ့ဖူးတဲ့ လေးအုပ်မြောက်ဖြစ်တဲ့ ''အာကာသဟင်းလင်းပြင်ကြီးအောက်မှာ ရှိုက်မောစွာ ကူးခတ်ပျံသန်းရင်းဖြင့်'' ဆိုတဲ့ စာအုပ်ကလေးကြပြန်တော့လည်း ယနေ့ခေတ်ကာလ ရေစီးကြောင်းမှာ မျောပါနေတဲ့ မြို့ပေါ်က စင်တင်တေးဂီတ၊ KTV လောကထဲက Vocal လေးတွေအကြောင်း ရေးသားထုတ်ဝေပြန်တော့ အသက်လေးဆယ်ကျော် စာဖတ်ပရိသတ်က စာအုပ်တွေအားလုံးကို သူတို့ပဲ သိမ်းထားချင်ပါတယ်တဲ့၊ အိမ်ရှင်မတွေ သိမှာစိုးလို့ပါလို့ ဆိုလာပြန်ရော။ ဒါကြောင့် ကျွန်တော်စဉ်းစားမိတာက ကျွန်တော်က စစ်ဝတ္ထုရေးတဲ့သူ သက်သက်မဟုတ်၊ ဘဝကောက်

ကြောင်းတွေကို ကွင်းကွင်းကွက်ကွက် ရေးသားတင်ပြတာကို စာရေးသူ ရဲ့ဆန္ဒအတိုင်း စာဖတ်သူက ခံစားနားလည်သဘောပေါက်တယ်လို့ ခံယူမိပါတယ်။

ဒါကြောင့် ကျွန်တော့်ပတ်ဝန်းကျင်မှာ ကျင်လည်ရှင်သန်နေကြ တဲ့ ကျောက်မျက်ရတနာလုပ်ငန်းရှင် သူဌေးကြီးတွေ အဲဒီလို သူဌေးကြီး မဟုတ်သေးဘဲ ကျောက်မျက်ရတနာ လုပ်ကိုင်စားသောက်သူအဖြစ်နဲ့ ဝိန်တစ်လှည့် ဖောင်းတစ်လှည့် ရှန်းကန်နေကြရတဲ့ ကျောက်သမားတွေ မြန်မာပြည်ရဲ့မြောက်ဖျား ကချင်ပြည်နယ်ထဲက သွားရေးလာရေးခက်ခဲ ပါတယ်ဆိုတဲ့ လုံးခင်း–ဖားကန့် ကျောက်စိမ်းမှော်မှာ သူဌေးဖြစ်ဖို့ အတွက် မိဝေး ဖဝေး ချစ်သူဝေးတဲ့ဘဝနဲ့ သွားရောက်ရှန်းကန်နေကြ တဲ့ ဘဝသမားတွေရဲ့ဘဝကို ရေးသားတင်ပြဖို့ ဖြစ်လာပါတယ်။

အခု ရေးထားတဲ့စာအုပ်မှာဆိုရင် စာရေးသူရဲ့ ကိုယ်တွေ့ အကြောင်းအရာတွေနဲ့ ကျောက်စိမ်းတူးဖော်ရောင်းဝယ်ခြင်းနဲ့ အသက် မွေးဝမ်းကျောင်းနေကြတဲ့သူတွေရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ ဘဝအဖုံဖုံကို အမြည်းသဘောလောက်တင်ပြရင်း B.Sc(Geology) ဘွဲ့ရသူများမဟုတ်၍ ကျောက်စိမ်းအကြောင်းကို ဘူမိဗေဒဘာသာရပ် စကားလုံးတွေနဲ့ ပြောဆိုဖော်ပြဖို့ မတတ်သော်လည်း ဘဝပေးအသိ၊ အတွေ့အကြုံကပေးတဲ့ပညာတွေနဲ့ လောပန်းဖြစ်ဖို့ ကြိုးစားနေကြတဲ့ သူတွေရဲ့ ကျောက်စိမ်းတုံးတစ်တုံးအပေါ်မှာ အကဲဖြတ် တန်ဖိုးသင့် ရောင်းဝယ်နေကြပုံတွေ၊ အရောင်းအဝယ်လောကမှာ ငယ်သူကို ကြီးသူက စား၊ အ,သူကို လည်သူက ဝါး၊ အတွေ့အကြုံမရှိသူကို အတွေ့အကြုံများသူက ကျော်ပြီး သူဌေးဖြစ်ဖို့ကြိုးစားကြတဲ့ လူ့သဘာဝ

တွေကို လက်လှမ်းမီသလောက် အကောင်းဆုံးဖြစ်အောင် ရေးသား တင်ပြထားပါတယ်။

ဒါကြောင့် ဒီစာအုပ်ကလေးကတော့ ကျောက်စိမ်းလောကမှာ လုပ်စားမယ့်သူတွေအတွက် လက်စွဲ၊ ကျောက်စိမ်းလောကမှာ ဖြတ်သန်းလာဖူးသူ လောပန်းကြီးများအနေနဲ့ အတိတ်ကို ပြန်လည် သတိရအောက်မေ့စေနိုင်တဲ့ အလွမ်းပြေစရာ ကျောက်စိမ်းလောကနှင့် ဝေးကွာသော သာမန်စာဖတ်သူ မိတ်ဆွေပြည်သူများအနေဖြင့်လည်း မြန်မာ့လူ့ဘောင်နယ်ပယ်မှာ အများအထင်ကြီးတဲ့ လောပန်းဆိုတဲ့ လက်ညှိုးညွှန်ရာ ရွှေဖြစ်အောင်ချမ်းသာတဲ့ ကျောက်စိမ်းသူဌေးကြီးတွေဆိုတာ ဘယ်လိုဘဝမျိုးက အခြေတည် ရုန်းကန်ခဲ့ကြရသလဲဆိုတာကို စာနာနားလည်ပြီး အိမ်ရှေ့က စာအုပ်စင်မှာ သတိရတိုင်း ဆွဲယူဖတ်ကြည့်စေနိုင်မယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော့်ရဲ့ ခုနစ်အုပ်မြောက်စာအုပ်အဖြစ် ကျောက်စိမ်းမှော်ထဲက မှတ်တမ်းဓာတ်ပုံများနှင့်အတူ စေတနာရှေ့ထား ရေးသားတင်ပြလိုက်ရကြောင်းပါ ခင်ဗျား။

စာရေးသူ

## ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက် စာရေးသူ၏အမှာ

ကျွန်တော် ရေးသားပြီး ကိုယ်တိုင်ထုတ်ဝေဖြန့်ချိလျက်ရှိသော "**မုံရိပ်စာပေ**" လို့ အမည်တွင်တဲ့ ကိုယ်တိုင်ရေး ကိုယ်တိုင်ထုတ် "**မြန်မာပြည်သားကိုကို**" ရဲ့စာအုပ်များအနက် ဒီစာအုပ်လေးကတော့ လိုင်းကွဲထွက်လာတဲ့ တင်ပြပုံလေးပါ။ ဘဝအကြောင်း၊ အချစ်နဲ့စစ်တွေ ရောပြွမ်းနေတဲ့ စင်သားဘဝတွေကို ရေးသားတင်ပြနေရာကနေ လောပန်းအကြောင်းဆိုတော့လည်း စာဖတ်သူအတွက် အသွင်တစ်မျိုး ဆန်းစေတယ်ထင်တာပါပဲ ခင်ဗျာ။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရိုက်နှိပ်ဖြန့်ချခဲ့တဲ့ "**မောပန်းပေမယ့် လောပန်းကြီးတော့ဖြစ်ချင်တယ် အပိုင်း (၁)**" ကို လောပန်းလောင်းဘဝနဲ့ ရပ်တည်နေကြတဲ့ ကျောက်သမားအများစုကတော့ အသည်းစွဲပဲလို့ ဆိုပြန်ပါတယ်။ အပိုင်း (၂) ကို ရေးမယ်လို့ ကြံစည်တော့ အချို့ပုဂ္ဂိုလ်တွေက လောပန်းဘဝရောက်နေပြီး တစ်ချိန်က အနုတ်အစုတ်ဘဝမှာ နစ်,ဆယ်ဂဏာန်းချိဖြတ်သန်းခဲ့ရတဲ့ ကြမ်းတမ်းခက်ထန်တဲ့ ရေမဆေးကျောက်သမားဘဝ၊ ကုမ္ပဏီလုပ်သား ကျောက်သမားဘဝတွေကို

ပြောပြချင်ပေမယ့် အောင်မြင်သူယောက်ျားကောင်းတစ်ယောက်အနေနဲ့ ဘဝအတွေ့တွေမှာ ဟိုကွေ့ကို ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်တော့ ဒီတက်နဲ့လှော်ရင်း လက်ဆက်ခဲ့ရတဲ့ ကြင်သူသက်ထားအဆက်ဆက် အကြောင်းတွေကို ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ပြောမထွက်ကြမြန် ဘူး။ လက်ရှိအတည်ဖြစ်နေတဲ့ လောပန်းကတော်ရဲ့ဩဇာက လွှမ်းမိုးနေပြန်တာကိုး။ မယကလို့တော့ မဆိုချင်ပါဘူးဗျာ။ စာရေးသူကို ကုန်ကြမ်းတွေပေးရင်း စာအုပ်ထွက်မှ နပန်းသတ်နေကြရင် ကျွန်တော် က တရားခံဖြစ်မှာ။ အဲဒီလို အကြောင်းလေးတွေ ပြည့်ပြည့်စုံစုံ ရေးဖြစ်တဲ့အခါကျတော့ ပရိသတ်မျှော်လင့်နေတဲ့ "မောပန်းပေမယ့် လောပန်းကြီးတော့ဖြစ်ချင်တယ် အပိုင်း (၂)" ကို ဆက်လက်ပြီး တင်ပြပါ့မယ်လို့ ကတိပြုပါရစေ။

အခုတော့ မန္တလေးမြို့နဲ့ ကချင်ပြည်နယ်က ကျောက်သမား လောကမှာ ပြောမှတ်လေးတွင်နေပြီး ကိုယ်တိုင်ရေး ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်း။ ကိုယ်တိုင်ပေးတဲ့ စာရေးသူက ရောင်းလို့မလောက်၊ ပေးဖို့မကျန် ဖြစ်နေတဲ့ "မောပန်းပေမယ့် လောပန်းကြီးတော့ ဖြစ်ချင်တယ် အပိုင်း (၁)" ကိုပဲ ကျောက်စိမ်းလုပ်ငန်းနှင့် အသက် မွေးဝမ်းကြောင်း ပြုနေကြတဲ့ ကျောက်သမားအများစုက တောင်းဆိုမှု ကြောင့် စာအုပ်စင်ပေါ်မှာ အိပ်ရာခုတင်ဘေးမှာထားရင် သတိရတိုင်း ဖတ်နိုင်ဖို့ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ရကြောင်းပါခင်ဗျား။

"လောပန်းအကြောင်း အပိုင်း (၂)" ကို ရှာဖွေစုစည်းရင်း "မြန်မာပြည်သားကိုကို" လို့ စာဖတ်ပရိသတ်က အသိအမှတ်ပြု ခဲ့တဲ့ ..."ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက်

အပိုင်း (၄)'' ကိုလည်း မြန်မာပြည်သူအားလုံး စိတ်ဝင်စားနေတဲ့ အရှေ့မြောက်လောက်ကိုင်ဒေသက တပ်မတော်သားတွေရဲ့အသက် သွေးချွေးများစွာ ပေးဆပ်ရင်းနှီးခဲ့ရတဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့ စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့ရပုံများကို ပြန်လည်ခံစားရင်း ရသမျိုးစုံ ပေးစွမ်းနိုင်စေဖို့ ''အရှေ့မြောက်က နေဝန်းနီ'' ခေါင်းစဉ်နဲ့ ရေးသား တင်ပြဖို့ ကြိုးစားနေပါပြီဆိုတဲ့အကြောင်း သတင်းကောင်း တင်ပြလိုက် ရကြောင်းပါ စာရှုသူခင်ဗျား။

မြန်မာပြည်သားကိုကို



ဗိုလ်မှူးအောင်ကျော်မိုး (ငြိမ်း)
စာရေးဆရာ မြန်မာပြည်သား ကိုကို
ဒုလက်ထောက်ညွှန်ကြားရေးမှူး၊
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

"ကျွန်ုပ် ရောင်းစားခံလိုက်ရပြီလားဗျာ ... မသိလို့ပါနော်"

ဟိုရှေးယခင်က ရောက်ခဲ့ဖူးတဲ့ကြီးကို (၂၀၁၀)ခုနှစ်မှာ အသွင်ပြောင်းလိုက်တဲ့ ကွန်ကရစ်ကြမ်းခင်းအဝတ်ပေါ်မှာ ဆောက်ထားတဲ့ အဆောက်အအုံကြီးက ထီးထီးမားမား ခန့်ခန့်ထည်ထည်၊ အံ့ဖွယ်အတိ။ ကချင်ပြည်နယ်က မနောတိုင်အထိမ်းအမှတ် ကွန်ကရစ်ကျောက်တိုင်ကြီးနှစ်တိုင်မှာ ရေးထားတာကို အဝေးက လှမ်းကြည့်လိုက်တော့ "မဏိရတနာ"တဲ့။ သူက ၂၀၁၂ ခုနှစ်ရဲ့ မတ်လအကုန်တံလျှပ်တွေ ထနေတဲ့ နွေလယ်နေပူထီးထီးကြီးကို ရေမွှန်ရွှေးတွေကြားထဲက အပြုံးမပျက် မာန်တင်းလျက် တောက်ပနေခဲ့။ မဏိရတနာဆိုတဲ့ မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် မနောမြေက စကားလုံးလှလှလေးကို နေပြည်တော်ဆိုတဲ့ အထင်ကရမြို့ပြနေရာကြီးမှာ ဆင်မြန်းခွင့် ရတာကိုပင် ကျေနပ်နေသလိုလို။

သံဆူးကြိုးတွေ အထပ်ထပ်ကာရံထားတဲ့ "မဏိရတနာကျောက်စိမ်းခန်းမ" အဝင် မှန်အတိနဲ့ကာရံထားတဲ့ လုံခြုံရေးအဆောက်အအုံထဲကနေ ဟိုအဝေးကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေရင်းတစ်စုံတစ်ယောက်က လှမ်းနှုတ်ဆက်လိုက်၏။

"ဦးကိုကို မပြန်သေးဘူးလားဗျ"

"ဟင့်အင်း ... ပြန်လို့မရဘူးလေ"

"ဘာဖြစ်လို့"

"တဝမ်းပူကြီးကျနေလို့ဗျ"

"နံမွှင့်ရက်ကျတော့လည်း လိုမြို့ရေတာဝန်မိအရာရှိ နံ့ဗိတ်ရက်ကျပြန်တော့လည်း တာဝန်မှူးကြီးဆိုတော့ ဒီတနင်္ဂနွေတော့ စကားနာပြန်ပြီပေါ့နော်"

"အင်း ... ဒီလောက်နဲ့တော့ Heat မဝင်ပါဘူး ကိုမြေရာ၊ ၂၄ နာရီ လျှပ်စစ်မီးရတယ်၊ Aircon ရှိတယ်လေ၊ ဘာပူစရာရှိသေးလဲ"

"ဗိုလ်မှူးကတော့ ကြံဖန်ပြီးကို ပျော်အောင်နေတတ်ပါပေတယ်၊ လေးစားတယ်ဗျာ"

"ဒါတွေက တပ်မတော်ထဲမှာ အသက်ကို လောင်းကြေးထပ်ပြီး စစ်တိုက်ရတာနဲ့စာရင် ပါးပါးလေးပါ ကိုမြေရ"

ကျောက်မျက်အသင်းကြီးကြပ်ရေးမှူး ညီငယ် ကိုအောင်မြေငြိမ်းပုံက ဖြူနွဲ့နွဲ့၊ ခါးက သိမ်သိမ်၊ မျက်နှာမှာ ငါးစင်းရိုင်းနှုတ်ခမ်းမွေးနဲ့ ငါးရှဉ့်ပြဲပြဲပြီး နှုတ်ဆက်သွားတော့ တောင်စဉ်ရေမရအတွေးများက ချာချာလည်သွားပြန်လေသည်။

ကျွန်တော့်ဘဝက ဟိုးရှေ့ကမြင်နေရတဲ့ မဏိရတနာကျောက်စိမ်းခန်းမကြီးလိုပဲဗျာ။ ကချင်ပြည်နယ်အထိမ်းအမှတ် နာမည်တစ်ခုက မြန်မာပြည်ရဲ့ အထင်ကရ နေပြည်တော်ဆိုတဲ့နေရာကြီးကို ရွှေ့လာတယ်ဆိုတော့ ဆန်းတာပဲနော်။ ဒီလိုပါပဲ ...ကိုယ့်ဘဝကလည်း ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူးတိုင်း၊

မကွေးတိုင်းဒေသကြီးတစ်ကြောမှာ စစ်သားဘဝနဲ့ ထုံးလိုချေ ရေလို နှောက် လှည့်လည်သွားလာကျင်လည်ခဲ့တာ နှစ်တွေမှ အကြာကြီးပဲ။ တာဝန်တွေကြားမှာ ဝမ်းရေးမှ ဝမ်းသာမှု နိမ့်တဲ့ မြင့်တဲ့ ဘဝအဖုံဖုံကို ဖြတ်သန်းရင်း အနာဂတ်ဆိုတာ ရေရေရာရာကို သေချာရေရာမှ မရှိခဲ့ပါဘူး။

ခုတော့ မထိရတနာရေ ... မင်းလိုပဲ ကိုယ့်ဘဝက ထူးဆန်းနေပြန်ပြီကွ။ နေပြည်တော်ဆိုတဲ့ လမ်း၊ အဆောက်အအုံ၊ လျှပ်စစ်မီး၊ ဖုန်း ဆိုတဲ့ မြန်မာတစ်ပြည်လုံးမှာ ချို့ငဲ့မှုတွေကို ပြောင်းပြန်လှန်ထားတဲ့ ရုပ်ဝတ္ထုတွေနဲ့ ပြည့်စုံတဲ့နေရာကို အခါအခွင့်သင့်လို့ ရောက်လာခဲ့ရပြီပေါ့ကွယ်။ Stone လို့ခေါ်တဲ့ လမ်းခင်းကျောက်ကို ကြောက်ကိုး တူးဖို့၊ ဝမ်းတူး ချိုပင်၊ ကျောက်မှုန့်ဆိုတဲ့ အခေါ်အဝေါ်တွေနဲ့ လမ်းခင်းဖို့လောက်ပဲ သိခဲ့တဲ့သူပါ။ အခုတော့ Jade ဆိုတဲ့ ဂျွတ်ဆန်တဲ့ ရတနာတန်းဝင်ကျောက်စိမ်းကို အရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ Non Jade၊ ကွာဆိုက်၊ ပတ္တမြား၊ ပတ္တမြား ဆိုတဲ့ ဝေါဟာရမျိုးကိုမြားစွာနဲ့ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ရတနာပစ္စည်းတွေကို ကိုင်တွယ်ထိန်းသိမ်းရသူတစ်ယောက်အဖြစ် တာဝန်ယူရပြန်ပြီ။

မထူးဆန်းဘူးလားဗျာ။

ပြောရင်း ဆိုရင်း ဖုန်းက လာပြန်ပြီကွာ။ အလုပ်စပ်ရင်တော့ ခုကွပါပဲ အရပ်ကတို့ရေ။

ဖုန်းScreen ကို မကြည့်ရဲကြည့်ရဲနဲ့ နံပါတ်ကိုလှမ်းဖတ်နေရင်မှာ Ring Tone ကတော့ မကိုင်မချင်း ငယ်သံပါအောင်ပင် အော်နေတော့သည်။

♬ ××× တာပဲလှုပ်ရှလှုပ်ရှလေ ××× အသက်များဝင် ဆုံးစေ တော့ ××× တွေနဲလွင့်ပါလေ ××× လူလည်း နိုင်းနဲ့နိုင်းကြည့် လေ ××× မဟာသမုဒ္ဒရာဖြစ်တဲ့တာ တိုယ်တိုယ်တိုင် ကူးချင် ကူးနိုင်းလေ ××× ♬

ဝုဒ်ါ ...။

ကျောက်စိမ်းဌာနက ခုတိယညွှန်ကြားရေးမှူး ကိုဖေခင်ဆီက ဖုန်းပါလား။

''ဟလို ... အမိန့်ရှိပါခင်ဗျ''

''ဟလို ဟလို ... ဦးကိုကိုလားဗျာ''

''ဟုတ်ပါတယ် အစ်ကိုကြီး ... နိုင်းပါ၊ ခုလည်း ဂျွတ်ကျနေ တာလေ''

''အေးဗျာ ... မပြောမဖြစ်လို့သာ ပြောရမှာ၊ အားတော့နာ တယ်ဗျ''

''ပြောမှာသာ ပြောစမ်းပါ ဆရာမရယ် အဲ ... အစ်ကိုကြီး ရယ်''

''ဒီလိုဗျာ ... လုံးခင်မှာ နိုင်ငံတော်နဲ့အကျိုးတူ ကျောက်စိမ်း မိုင်းတွေ သွားသယ်ဖို့ရှိတယ် ... အဲဒါ ခင်ဗျားသိမှာပါ''

''သိနေတာပဲလေ ... ကိုကို မပါဘူးမဟုတ်လား၊ အေးရာ အေးကြောင်းပဲ''

''ကျွန်တော့်စကား ပြီးအောင်နားထောင်ဦး''

''ဟုတ်''

''အဲဒီအဖွဲ့မှာ ဦးစိုးနိုင်ပါတယ်၊ သူက ကျွန်းမာရေးအခြေအနေ

မကောင်းဘူးဆိုလို့ အရေးပေါ် ခွင့်တောင်းတာကြောင့် လူစား ဦးကိုကို ကို ရွေးလိုက်ပြီဗျာ

သေလိုက်ပါတော့ နှမ္ဗယရယ် ...။

''ပြောပါဗျာ ... ဝက်ဖြစ်မှတော့ မစင်ကြောက်လို့ မရတော့ ဘူးလေ၊ သူ့ဆန္ဒစား ရဲရမှာပေါ့''

''ကျုပ်တို့အဖွဲ့တွေက ဒီညနေကားနဲ့ မန္တလေးကို ဆိုက်သွားကြပြီ၊ ခင်ဗျားကတော့ မိမိအစီအစဉ်နဲ့ အမြန်ဆုံးသော လိုက်ဖို့ပြင်းဒါပဲနော် ... အလုပ် နည်းနည်းရှုပ်နေလို့''

ကိုင်း ... ကောင်းကြသေးရဲ့လား၊ အရပ်ကတို့ရေ၊ သူများ တကာတွေက သင်္ကြန်ရုံးပိတ်ရင် အင်းလေးသွားမယ်၊ တောင်ကြီးတက် မယ်၊ ချောင်းသာမှာကဲမယ်လို့ အစီအစဉ်တွေ ဆွဲနေကြတုန်း။ ကိုယ် ကလည်း တပ်မတော်ထဲမှာ သင်္ကြန်ဆိုလို့ ကောင်းကောင်းလည်ခဲ့ရတာ မဟုတ်လို့ အရပ်ဘက်ရောက်ပြီ၊ လွတ်လပ်ပြီဆိုပြီး သမီးကွာတားလေး နဲ့ Sky Net မဏ္ဍာပ်မှာ ကမယ်၊ ဆိုမယ်၊ ဟဲမယ်လို့ စိတ်ကူးယဉ်တုန်း ရှိသေး ... သွားပါပြီဗျာ။ သင်္ကြန်အိပ်မက်တွေတော့ ပျက်ပြေပြန်ပါပြီ။

အလုပ်အတွက်ဆိုရင် ဘယ်တော့မှ ထုရှေ့လွှာတွေ မတင် တတ်သော ကိုကိုတစ်ယောက် ၂၀၁၂ခုနှစ် မဟာသင်္ကြန်ဆိုတာကြီးကို ကျောခိုင်းလို့ ဘဝမှာ အိပ်မက်မမက်၊ ရောက်ရန်လည်း စိတ်မကူးခဲ့ဖူး သေးသော မနော့မြေကို ခြေတာခြေရဖို့ ကဆုန်စိုင်းရပြီပေါ့ခင်ဗျာ။

ည(၁၁)နာရီမှာ နေပြည်တော်ကထွက်လာတဲ့ ရွှေစင်ကြော Express ကားကြီးက မနက်(၃)နာရီမှာ ကျွဲဆည်ကန်ကားကြီးကွင်းမှာ ချခဲ့လို့ တာဝန်ကျေသွားပေပြီ။ (၁၉၉၅) ခုနှစ်ကတည်းက ကျောခိုင်းခဲ့

တဲ့ မန္တလာမြေကို မနက်အစောကြီး (၃)နာရီမှာရောက်လို့ နီးစပ်ရာ ဟိုတယ်တစ်ခုမှာ ခေါင်းတိုးပြီး အိပ်လိုက်ရပါတော့တယ်။

တစ်ရေးတစ်မောအိပ်ပြီး မနက်စောစောပြန်နိုးတော့ ငယ် ပေါင်းကြီး တပည့်ကျော်က ကရင်ပြည်နယ်၊ ဘော်ဆဲခိုဒေသစစ်ဆင် ရေးမှာ အမေမွေးတဲ့ ခြေတစ်ဖက် စွန့်လွှတ်လို့ တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာ တာဝန်ကျေခဲ့ပြီတဲ့၊ မှတ်မိတာပေါ့လေ . . . အခု မန္တလေးမြို့ မီးရထားဌာနမှာ မန်နေဂျာတာဝန်နဲ့ ဒုတိယခရီးကို ဆက် သွားနေတယ်ဆိုတာသိရလို့ ထုံးစံအတိုင်းပဲ ပြောနေကျလေသံလေးနဲ့ ဖုန်းခေါ်လိုက်ပါတယ်။

''ဟလို ဟလို . . . ရထားက ဗိုလ်ကြီးကျော်မျိုးထွန်းလား ခင်ဗျ''

''ဟုတ်ကဲ့ ပြောနေပါတယ် . . . အခုအမိန့်ရှိတာ ဘယ်သူပါ လဲ''

''ဇေ့ရဲ့ . . . ငါပါကွ၊ မင်းက တော်တော်ညံ့တာပဲ၊ ဟလိုနှစ် လုံးတည်းနဲ့ ဘာလို့ ငါ့ကိုမမှတ်မိရတာလဲကွာ၊ စိတ်ဆိုးတယ်တကယ်''

''ဩော် . . . ဟုတ်ကဲ့ ဗိုလ်မှူး အဲ . . . ဆရာကိုကို၊ ရုတ် တရက်ကြီးဆိုတော့ ကြောင်အမ်းအမ်းဖြစ်သွားလို့ပါခင်ဗျ''

''မင်းဦးနှောက် အဲလောက် အဆန်မချောင်သေးပါဘူးကွ''

''ကျွန်တော့်ဦးနှောက်က ယောကျ်ားလေးအသံဆိုရင် Memory out လို့ပါ၊ ခွင့်လွှတ်ပါခင်ဗျ''

''အင်း . . . မင်းက ဆရာတူတပည့်ပေပဲ၊ ခုတော့ သိပြီပေါ့''

''ဟုတ်ကဲ့ ဗိုလ်မှူး . . . ဇေ့ဆိုတဲ့ နာမည်လှလှလေးက ကျွန်

တော် အရာရှိပေါက်စ (၂၀၀၁)ခုနှစ် ဘူးသီးတောင်မှာ တာဝန်ကျက တည်းက ဗိုလ်မှူးပေးခဲ့တာလေ''

''ကဲ ... အဲဒါ နောက်မှထား။ ဒီနေ့မနက် မိုးကောင်း– မြစ်ကြီးနားကို တက်ရမယ်၊ ငါ့ကို ရထားလက်မှတ်ကောင်းကောင်း ဘစ်နေရာ၊ သရဲခြောက်တတ်တယ်ဆိုပြီးတော့ ငါ့ကို အသက်ကြီးကြီး သီလရှင်နဲ့ တွဲမပေးနဲ့နော်''

''ဟုတ် စိတ်ချပါ ... ရထားမထွက်ခင် (၁၀)မိနစ်သာ ရောက်အောင် လာခဲ့ပါခင်ဗျ''

''ရထားချိန်က''

''နေ့လယ်(၁)နာရီ''

''အိုကေ''

''ဆရာဗိုလ်မှူးခင်ဗျ ... ဇကျိုနဲ့တွေ့ရင် လိုအင်ဆန္ဒတွေ ပြည့်ပြီလို့သာ သဘောထားလိုက်ပါတော့''

မနက်အရုဏ်တက်မှာ မြင်လိုက်ရတဲ့ မန္တလေးမြို့မြင်ကွင်းက (၁၈) နှစ်တာကာလရဲ့ တိုးတက်မှုကို မယုံချင့်ယုံချင်။ မျက်စိမှောက်သွား သလား အောက်မေ့ရလောက်အောင်ပင် လေးငါးခြောက်ထပ်တိုက်ကြီး တွေက ထိုးထိုးထောင်ထောင်ဖြစ်နေ၏။ တစ်ချိန်က ကျွမ်းကျင်ခဲ့သော မန္တလေးဆိုတာ အခုတော့ သူငယ်ချင်း ကားနဲ့ခေါ်ရာနောက်ကို ဘုမသိ ဘမသိ ထိုင်ပြီးလိုက်ရတဲ့အဆင့်ထိကို ပြောင်းလဲသွားပေပြီ။

ဩော် ... နှစ်တွေလည်း ကြာခဲ့ပြီပဲကိုး။

ရခိုင်ပြည်နယ်အစွန်အဖျားက ဘူးသီးတောင်မြို့နဲ့ (၈)မိုင်အကွာ ခြေလျင်တစ်လှည့် ကုန်းကြောင်းတစ်လှည့် သွားခဲ့ရတဲ့ ကျည်တောက်

ရွာနားက တပ်မှာရှိတာရင်တော့ အတော်ကိုတိုးတက်နေပြီပဲ။ ဘူးသီး တောင်တပ်မှာ အတူတာဝန်ထမ်းဆောင်ရင်း ရင်းနှီးခင်မင်ရတဲ့ သူငယ်ချင်းဗိုလ်မှူး ကိုရောင်ဆီမှာ အလွမ်းပြေ တစ်မနက်စာသောင်တင်ရင်း စကားတွေ ဖောင်ဖွဲ့လို့မကုန်နိုင်။

သူကတော့မြင့် သက်ကြီးစကား သက်ငယ်ကြား။ ရှေးထုံးကိုလည်း မပယ်၊ ရှေးသုံးကိုလည်း မလွယ်သူဖြစ်လေတော့ အိမ်ထောင်ကျတာကိုလည်း ကြည့်လိုက်ဦး ... ခွေးချီး လေးတိုးအရွယ် ဖနီးငယ်ငယ်ချောချောလေးနှင့် အိမ်ထောင်ကျခဲ့သူပင် ဖြစ်၏။ တပ်မတော်က အငြိမ်းစားယူလို့ ကြင်သူသက်ထား ဖနီးချောလေးနှင့် တစ်ရက်မှ မခွဲမခွာ။ သားနှစ်ယောက်ရလို့ ဘဝက အိုကောမှာ စိုပြည်နေလောက်ပေပြီ။

"ဟေ့လူ ... လာမှာမြင့်လည်း ဖုန်းလေးဘာလေး ကြိုဆက်ပေါ့ဗျာ၊ ဒီလူနဲ့ ဒီလူပဲဟာ ... လာကြိုမှာပေါ့"

"ဖုန်းဆက်ချိန်ကို မရတာ ကိုရောင်ရေ အဖြစ်ကတော့ အဲလိုပါပဲ"

"ဒါလည်း ကောင်းတာပေါ့ ... မရှုယ်ဘဲနဲ့ စော်ကဲမင်းဖြစ်တဲ့ကိစ္စ မဟုတ်လား"

"မဟုတ်ဘူးဗျ"

"ဖားကန့်ဆိုတာ လူတိုင်းသွားချင်နေတာ၊ ခင်ဗျားဆုတောင်း ပြည့်ပြီပေါ့"

"ဘယ်လိုလုပ်ပြည့်ရမှာလဲဗျာ ... ခုဟာက ကေအိုင်အေက လည်း လှုပ်လှုပ် လှုပ်လှုပ်နဲ့ နေ့ချမလား၊ ညချမလားလို့ စိုးရိမ်နေရတဲ့

အချိန်မှာ အစိုးရကျောက်ကို သယ်ဖို့ ဘော်လံဒီယာထွက်လာတာဗျ"

"ဟဲ ဟဲ ... ဒါဖြင့် မန္တလေးရောက်တုန်း ဘီယာလေးတော့ အားပေးသွားဦး"

"ဒါနလေးမြောက်အောင် အားပေးရမှာပေါ့ဗျာ၊ ဘူးသီးတောင်မှာလိုတော့ ဆိတ်သားစားချင်တာနဲ့ အရာရှိရိပ်သာမှာ ကန်စွန်းစိုက်ရတာမျိုးလို အားထည့်စရာ မလိုဘူးထင်ပါ့"

"ရှူး ... တိုးတိုး၊ သူများကြားသွားဦးမယ်၊ ဘူးသီးတောင်က ကျည်တောက်ရွာ မဟုတ်ဘူးဗျ၊ ကျွန်တော်ကျေးပါ့မယ် တရေးဆရာရဲ့"

"သာဓုပါဗျာ သာဓု သာဓု ... ဤသို့ဖြစ်ရ ကုသလကြောင့် ရောက်တဲ့နေရာ အိမ်ထောင်ကျပါစေလို့ ဆုတောင်းလိုက်ရမလား"

"မလုပ်နဲ့ကိုယ့်လူ အဲဒီဆုတောင်းတော့ မပြည့်ချင်ပါဘူး။ တော်ကြာ အိမ်ပေါ်က ခေါင်းနဲ့ဆင်းနေရဦးမယ်"

(စကားချပ် – ဘူးသီးတောင်မြို့နယ်၊ ကျည်တောက်ရွာတွင် ဘာဝန်ကျစဉ်က အရာရှိရိပ်သာရှေ့တွင် ကန်စွန်းခင်းစိုက်၍ ခြံစည်းနှင့် ဝါးနစ်တန်းခတ်ပြီး လယ်ပြင်တွင်လွှတ်ထားသော မိတ်ဆွေကြီးတို့၏ နွားများကို ရိပ်သာရှေ့သို့ ရဲဘော်များက မောင်းသွင်း၍ ကန်စွန်းခင်း နွားနင်း၍ပျက်သည်ဟုဆိုကာ မိတ်ဆွေများထံက ဆိတ်သားပေါ်တာပြီး အာမိရှမ်နှင့်မြို့ခဲ့ရပုံများကို မြင်ယောင်ရင်း ...)

ပိုလ်တကျီရဲ့ ကျညီဖေးမှုကြောင့် နေ့လယ်(၁)နာရီမှာ မန္တလေး– မြစ်ကြီးနား အမြန်ရထားကြီးပေါ်ကို ကံကောင်းစွာပင် အိပ်စင်တစ်ခန်း တစ်ယောက်တည်းရ၍ ကံကောင်းသွား၏။

သမိုင်းဝင်ဂန္ဓာရီဝရီးအသစ်ကို ယစ်ဘီယာအရှိန်လေးနဲ့ အဆင့်မပီတော့သော ရထားဇိဗ်စင်မှာ လှုပ်ခါယမ်းရင်း ဦးတည်နေ တာကတော့ ကချင်ပြည်နယ် မိုးကောင်းမြို့ကိုပေါ့ဗျာ။

ကံကောင်းတာကတော့ မြို့ကြီးမြို့ငယ်ကိုရောက်တိုင်း GSM ဖုန်းလိုင်းလေးမိတော့ သတင်းပို့ရမယ့်သူအချို့ထံ မြင်ကွင်းလေးတွေ ဗဟုသုတလေးတွေ သတင်းပို့ခွင့်ရတယ်။

ဖုန်လုံးရှည်ရှည် လှည်းတန်းကြီးတွေ၊ မျက်စိတစ်ဆုံး ထန်း တောကြီးတွေ၊ လယ်ကွင်းကြီးတွေကို ဖြတ်ကျော်လို့ အဆိုတော်သန်း ထွန်းလေးရဲ့ အညာလွမ်းချွဲ တေးသံလေးတွေ အကြိမ်ကြိမ်ပြည့်တစ်ပြီး နိုန်မှာ တောအုပ်တောတန်းကြီးတွေ ကာရံထားတဲ့ ကချင်ပြည်နယ် ဘက်ကို ခုန်းစိုင်းဝင်ရောက်လာပါတော့တယ်။

အဲဒီမှာ ဂန္တဝင်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်က ကျွန် တော့်ကို ဟိုတောအုပ်အုပ်ဆီက လှမ်းနှုတ်ဆက်ပါတယ်ဗျာ။

♪ ×××ညီတော ××× ညီတော ××× ရုံတောဆီးပေါ်ငှါ ××× တောင်

ကြီးတွေတာ အုံ့ရှိုင်းရီ အုံ့ရှိုင်းရီ ××× အို တောပါကြီးတွေတာ

အုံ့ရှိုင်းရီ အုံ့ရှိုင်းရီ ××× နတ်း ဂျွန် ဝှုမြှန်တွေတာ ××× ငွေ

ပေါ်မြူ ××× လူးလည်လူးတဲ့ ဒီမြို့ပါကြီးပေါ် ××× ဆီးတေး

ငွေနှင်းငို လူသူစရောဝ်နိုင် ××× ♪

ခင်ဦး၊ ရေဦး၊ နဘား၊ အင်းတော် ဆိုတဲ့မြို့လေးတွေကို ဖြတ်သန်းပြီးတော့ နေမင်းကြီးက အညာဒေသတစ်ကြောက ထန်းပင် ထန်းတောတွေကြားကနေ ကွယ်ပျောက်ငုပ်လျှိုးသွားပါတော့တယ်။ အလင်းရောင်တွေကွယ်ပျောက်လို့ အမှောင်ထုက တဖြည်းဖြည်းကြီးစိုး

လာချိန်မှာ မင်းဖြစ်မင်းဒဏ်သင့်ရှာတဲ့ ကုန်းဘောင်ခေတ်စာဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ မဲဇာတောင်ကြီးကို ရထားကြီးက တဂျုံးဂျုံး ဖြတ်သန်းရင်း တစ်နေ့တာမျက်လုံးမျှား ကျိန်းစပ်လို့ အနားယူလိုက်ရ ပါတော့တယ်။

ယမကာအရှိန်လေးနဲ့ ရထားဘီးသံ တဂုံးဂျုံးမြည်သံကို တမြို့ မြို့မြည်းရင်း အိပ်ပျော်သွားလိုက်တာ တစ်ရေးပါပဲ။ တပည့်ကျော်ရဲ့ ကောင်းမှုကြောင့် သရဲ့မကြောက်လို့ အဖော်မပါခြင်းကလည်း ကောင်း ကောင်းအိပ်ပျော်ခွင့်ရခဲ့တာပဲလို့ ဖြစ်မည်ထင်၏။ ချမ်းစိမ့်စိမ့် မိုးနံ့လေး ရလို့ ရထားပြူတင်းတံခါးကို အသာဖွင့်လိုက်တော့ ...

'မိုးကောင်း' ဘူတာတဲ့။

''ဟိုက် ... ရှာလပတ်ရည်''

အသိစိတ်ကို ဖျတ်ခနဲပြန်ရရင်း ဈေးသည်လေးတစ်ယောက်ကို

''ကလေး ... ဒါ မိုးကောင်းဘူတာနော်''

''ဟုတ်တယ်လေ ဦး ... ဟိုမှာ စာရေးထားတာ မမြင်ဘူး လား''

''မြင်ပါတယ်ကွ ... ငါမျက်စိမှောက်သွားသလားလို့ ဒါပြီးရင် နံ့ညွှင်းလားဟင်၊ ပျော်ထဲသွားရို့''

''နံ့ညွှင်းကိုကျော်လာတာ မိုင်(၆၀)ရှိပြီ။ ဒါပြီးရင် မြစ်ကြီးနား ရောက်တော့မှာ

လူမမယ်ကလေးက ခေါင်းကုတ်ပြီး စိတ်ညစ်ညစ်နဲ့ပြောနေ တာကြောင့် အဖြေတစ်ခုအတွက် ဆံပင်များထောင်သွားတော့သည်။ ရထားကြီးက ခရီးဆက်ထွက်ဖို့ ဥဩဆွဲနေပြီ။

"အရပ်ကတို့ရေ ကူကြပါဦး ... ဒီမှာဆင်းမှာဟ"

ပြောလည်းပြော ကပိုကရိုဖြစ်နေတဲ့ အဝတ်အစားတွေကို တစ်စစီ ကောက်ပြီး ခရီးဆောင်အိတ်ထဲကိုထည့်လို့ ရထားပေါ်က ခုန်ဆင်းမိပါလေရော။

"လောပန်း ... ဘာများကူညီရမလဲဗျ"

"ငါ့ကို ဝိုင်းကူကြပါဦးကွာ ... မြင်တဲ့အတိုင်း"

"စိတ်ချပါ လောပန်း ... မိုးကောင်းရောက်ပြီပဲ၊ ကျွန်တော်တို့ ကူညီရမှာပေါ့"

အမယ် ... တယ်ဆိုတဲ့စာပါလား။

မသိစိတ်ကို အသာမျှသိပ်လိုက်ပေမယ့် နားထဲကို ရုတ်တရက်ဝင်လာတဲ့ စကားတစ်ခွန်းကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်မိတယ်။

အသက်က လေးဆယ်ကျော်၊ အသားခပ်လတ်လတ်၊ စတိုင်ပင်၊ စပို့ရှပ်၊ ပဝါအိတ် ခါးမှာပတ်လျက် ယောက္ခမဆီက အမွေမရမှာကြောက်လို့ ငှားဝတ်ထားတဲ့လည်ပင်းက ငါးကျပ်သားဆွဲကြိုးကြီးနဲ့ ဆိုတော့ ခန့်နေပြီထင်ပဲ။

စာရေးဆရာကြီး သောင်းဝေဦးပြောသလို ဂျင်မီရွှေကြာနဲ့များ တူနေပြီလား မသိ။ မြောက်ကြွကြွတော့ ဖြစ်သွားတာအမှန်။ လောပန်း ဆိုတာ မော်ထဲမှာ သူဌေးကိုခေါ်တာလေ။ ကိုယ်က သူဌေးမှမဟုတ်တာ။ အခေါ်ခံရတာနဲ့တင် လူက ခြေထောက်နဲ့မြေကြီး မထိချင်ဖြစ်နေပြီ။

"ဒါနဲ့ မော်ထဲသွားမလို့လားခင်ဗျ"

''ကိုကိုက တော်လှချည်လား။ အကြားအမြင်ဆရာနဲ့ တူတယ်နော်''

''မဟုတ်ပါဘူးခင်ဗျ၊ လောပန်းကြီးတွေက မှော်ထဲသွားမယ်ဆိုရင် မန္တလေးကနေ လေယာဉ်နဲ့လာရင်လည်း လာတယ်၊ မဟုတ်ခင်လည်း လောပန်းလိုပဲ ... မန္တလေး–မြစ်ကြီးနား အမြန်ရထားအထူးတန်းအိပ်စင်မှာ တစ်ယောက်တည်းအနားယူရင်း လာတတ်ပါတယ်၊ အဲဒါ ...''

''ဩော် ... ကိုကိုက ဒီလိုဆိုလိုတာလား။ ထားပါတော့ သားပါတော့၊ ကိုယ်က နေပြည်တော်ကျောက်မျက်ဌာနကပါ၊ စစ်ကိုင်းတွက်ပါ၊ အဲ ... မှားသွားလို့ ဆောရီး ... ဗိုလ်မှူးအငြိမ်းစား ဆိုပါတော့''

''ဩော် ... ဟုတ်ကဲ့၊ လိုအပ်တာရှိရင် နိုင်းပါခင်ဗျ၊ လောပန်းဝတိုင်ဖြစ်နေလို့ ခေါ်မိတာ ခွင့်လွှတ်ပါ''

''ရပါတယ် ကိုယ့်ညီရာ၊ ခုမနက်ပဲ ကားကောင်းကောင်းနဲ့ ဘားကန့်ကို တက်ချင်တယ်၊ စင်းလုံးငှားတော့ မဟုတ်ဘူးနော်''

''ရပါတယ်ခင်ဗျ ... ပါကျဲရှိုးရှေ့ခန်းလေး ရှိပါတယ်၊ လောပန်း မျက်နှာသစ် လက်ဖက်ရည်သောက်ပါဦးခင်ဗျ၊ ညီလေး စီစဉ်လိုက်ပါဦးမယ်''

အင်း ... ဒါတောင် ကိုယ်က မေတ္တာသုတ် မရွတ်ရသေးဘူး။ ကံတွေ လွှတ်ကောင်းနေပါလား။

မြူခွယ်ကီစွအဝေပြီးလို့ ဖားကန့်မော်နွတ်ခမ်းဝေလို့ခေါ်တဲ့ မိုးကောင်းဘူတာရှေ့က လက်ဖက်ရည်ဆိုင်မှာ တောင်တောင်အီအီ မြင်

ကွင်းသစ်တွေကို ကြည့်နေမိ၏။ အထုပ်အပိုးအသွယ်သွယ်ကို ကျောမှာ ပိုးလို့ အသက်(၂၀) ကျော် (၃၀)ပတ်လည် လူငယ်တချို့က မန္တလေး ဘက်ကိုသွားမယ့် ရထားအတွက် လက်မှတ်လုဝယ်နေတာတွေက တစ်မျိုး၊ ပါဂျဲရိုး၊ ဗိုးဗိုး၊ ခဘယ်လ်ကက် ဖင်ကားမျိုးစုံနဲ့ ကျောက်စိမ်း မှော်ကိုသွားဖို့ ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်ရှုပ်နေသူတွေကလည်း၊ တစ် ဘာသာမို့ မိုးကောင်းဘူတာလေးကတော့ ထာဝစဉ် စည်ကားနေမည် ဟု ထင်မိပါ၏။ အချိန်မည်မျှ ကြာသွားသည်မသိ၊ အနားကို လူ တစ်ယောက်လာခေါ်မှ သတိဝင်လာ၏။

"လောပန်း ... ကားရပါပြီခင်ဗျ"

"နေရာရော ကိုယ့်ညီ"

"ရှယ်ပါခင်ဗျ ... ပါဂျဲရိုးရှေ့ခန်း ရပါတယ်၊ လောပန်း အတွက်ဆိုတော့ အတော်ကို ကြိုးစားရှာရတာ၊ နယ်မြေအခြေအနေက လှုပ်နေတာဆိုတော့"

"အေး အေး ... ကျေးဇူးပဲကွာ၊ ဒါဖြင့် ကိုယ့်အထုပ်ကလေး ကူသယ်ပေးဦး။ ကားခကရော ဘယ်လောက် ..."

"ဟုတ်ကဲ့ နှစ်သောင်းခွဲပါခင်ဗျ၊ အထုပ်လည်း ကျွန်တော်တင် ထားပေးပါ့မယ်၊ ဟို ပါဂျဲရိုးအနက်ရောင်ပေါ် တက်လို့ရပါပြီ"

"အေး အေး ... ကျေးဇူးကွာ၊ ရော့ ... နှစ်သောင်းခွဲ၊ ခုလိုကူညီတဲ့ လူမှုရေးအသိစိတ်ဓာတ်ကလေးကိုတော့ ချီးကျူးတယ် ဟေ့"

"ဒါဖြင့် ကားထွက်ခါနီးရင် လာခေါ်ပါ့မယ် ... ခွင့်ပြုဦး။ Good Morning လောပန်း"

ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြီး ပြုံးရမလို ရယ်ရမလိုနှင့်။ ကျောက်စိမ်းတုံး တစ်တုံးမှမရောင်းမဝယ်ရဘဲ ကျောက်မအောင်သေးတဲ့ သူကို ဘာမသိညာမသိ ဝေါကာ လောပန်းလို့ တစ်လောတည်းလော နေတော့ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရ၏။

"အစ်ကိုကြီး ကားထွက်တော့မယ်ခင်ဗျ"

"ဟော ..."

"ဩော် ... ခုနက ကားလက်မှတ်ဖြတ်ထားတဲ့ အစ်ကိုလား လို့ ကျွန်တော်က ဟို ပါကျဲရိုးကား အုံနာဒရိုင်ဘာ ကိုဘသောင်းပါ"

"အေး အေး အေး ... အုံနာဒရိုင်ဘာ ကိုဘသောင်းရေ ဖားကန့်ကို လိုက်ရမှာ လန့်တော့လန့်တယ်ဗျ ဟို ... ရေမဆေးတွေဆို လား၊ လက်လုပ်လက်စား ကျောက်တူးသမားတွေဆိုလားပဲ ... မှော် ထဲမှာ ကေအိုင်အေရန်ကိုကြောက်လို့ မျှလေးဘက် ပြန်ဆင်းနေကြ တယ်ဆိုပဲ ... ဟုတ်လား"

"ဆရာရယ် စိတ်မပူပါနဲ့ ... ကေအိုင်အေနဲ့တွေ့တော့လည်း တောင်းတာပေးလိုက်ရုံပေါ့။ ကျွန်တော်တို့ခရီးသည်တွေအတွက်တော့ မဆန်းပါဘူး။ ပြုံးပြအောက်ကျို့လိုက်ရင် အခက်အခဲမရှိတော့ပါ ဘူး"

"ဟုတ်မှလည်းလုပ်ပါ ကိုယ့်လူ"

"ဖားကန့်လမ်းမှာ ကားမောင်းတာ နှစ်ကိုတော်တော်ကြာ ခဲ့ပါပြီ၊ KIA ကိုသာ ရှောင်နေရရင် ကားတောင်မောင်းမစားတော့ဘူး အာစရို"

"ဟော ... ကိုကိုကသာ မကြောက်တာ၊ ကိုယ်က နည်းနည်း

တော့ စိုးရိမ်တယ်ကွ.."

အမှတ်မထင် စိုးရိမ်စိတ်ကြောင့် လည်ပင်းကဆွဲကြိုးကြီးကို ငုံ့ကြည့်ရင်း လမ်းစရိတ်နှစ်သိန်းခန့်မျှသော ခါးပတ်အိတ်ကို ဖြုတ်ရမလို ဝတ်ထားရမလိုလို ဦးနှောက်တွေရှုပ်သွားလေ၏။ ကားဆရာက ရိုးရိုးပြောပေမယ့် ကိုယ့်စိတ်ထဲမှာ တွေးထင်နေတာက ဒီလို စစ်ရိပ်စစ်ငွေ့တွေ လွှမ်းနေသောနေရာမျိုးမှာ တပ်မတော်သားတွေရဲ့ထုံးစံအတိုင်း ကွင်းတွေ့ရင် ရှောင်၊ တောင်တွေ့ရင် ရှင်း။ မသကာရင် ထောက်၊ သတင်းမပေါက်စေနဲ့ ဆိုသလို စစ်အင်္ဂါလေးပါးနဲ့ စနစ်တကျချီတက်တိုက်ပွဲဝင်ခဲ့ရတာတွေက အသားကျနေပေပြီ။ အခုတော့ ကားခေါင်းခန်းမှာထိုင်ပြီး ရန်သူက လက်နက်အပြည့်အစုံနဲ့ ရန်မူလာရင် ဘယ်လိုတုံ့ပြန်ကာကွယ်ပြီး ရန်သူကို ဘယ်လိုချေမှုန်းရပါ့မလဲဆိုတဲ့ အတွေးကသာ လွှမ်းမိုးလို့နေလေတော့သည်။

ကားရှေ့ခန်းခုံမှာ စွေ့ခနဲထိုင်ပြီးတာနဲ့ ဖားကန့်လမ်းက ကားဆရာရဲ့ ဖွားဖက်တော် ရဲတင်းပေါက်ထိန်ကို အရေးပေါ်ပါက ထုတ်သုံးရန်ဟူသော ရည်ရွယ်ချက်ဖြင့် စိတ်ထဲက ဆရှိကိုင်ကြည့်ရင်း Tension လျှော့ထားလိုက်ရလေသည်။

"ကဲ ကဲ ကဲ ...နောက်က လေးယောက်စုံရင် ထွက်မယ်ဟေ့"

ကိုဘသောင်း၏ အာဏာစက်ပါပါနိုးဆော်သံနှင့်အတူ ဖားကန့်လမ်းကြောမှာ ထမင်းအိုးတည်၍ လှူးလာခေါက်ပြန်သွားနေကြသည့်ထင်သော မိန်းမတစ်သိုက်က လှယက်နေရာယူပြီးဖြစ်သွားလေသည်။

''ကားခလေး တစ်ခါတည်း မကြေပါခင်ဗျ၊ ဒီနေ့ရောင်းရငွေသည် မနက်ဖြန် အရင်းပြုတ်သည် ဆိုသလိုဖြစ်မှာလည်း စိုးရတယ်။ ခေတ်တော်ကြာ လမ်းရောက်မှ ကားခပေးမယ့်ပိုက်ဆံတွေ KIAရဲ့ ကချင်ပြည်နယ်လွတ်မြောက်ရေးခေါင်းစဉ်ထဲ ပါသွားရင် ရင်ကျိုးရမှာ ကျွန်တော်ဗျ''

''ရော ရော ... လေးယောက် လေးသောင်း ကားဆရာ''

တစ်ယောက် တစ်သောင်းနှုန်း ကားခရှင်းပေးတာကို မြင်နေရတော့ စိတ်ထဲက ပဟေဠိက ပေါ်ထိပ်ပေါ်ရောက်လာပြီး ...

''ကားဆရာ ... ရှေ့ခန်း နှစ်သောင်းခွဲ၊ နောက်ခန်း တစ်သောင်းဆိုတော့ မမျှတဘူးပေါ့ဗျာ၊ ထိုင်ရတာ ဘာမှလည်း ကွာတာမဟုတ်ဘဲနဲ့ နည်းနည်းတော့ များနေသလားလို့''

''ဟုတ်ကဲ့ပါ အာစရိရယ် ... မိုးကောင်းမှာ ဘသောင်းဆိုရင် လူတိုင်းသိတယ်၊ ဘယ်တော့မှ မမှန်တာမလုပ်လို့ ကားဆို စောစောထွက်ရတာချည်းပဲ၊ အာစရိဆီက ကားခအတွက် တစ်သောင်းခွဲပဲ ယူထားတာလေ''

''ဟိုက် ... သေပြီဆရာ သေပြီ ကိုကို ... မင်းတော့ ခံလိုက်ဦးပေါ့ ဒိန့်ဒိန့်ကြီး''

''ဘာဖြစ်လို့လဲ အာစရိ''

ရုတ်တရက် ကိုယ့်နဖူးကိုကိုယ် လက်ဝါးနဲ့ပဝ်ပြင်းပြင်းရိုက်ပြီး တစ်ယောက်တည်း မြည်တွန်တောက်တီးလိုက်တော့ အားလုံးက ကိုယ့်ဆီမှာ အာရုံတွေ စုစည်းသွားကြပြီ။

''မိုးကောင်း-ဗားမော်နဲ့ ကားခက တစ်ယောက်နှစ်သောင်းခွဲ

နယ်မြေအခြေအနေမကောင်းတော့ ကားတွေသိပ်မထွက်ဘူးဆိုလို့ စောစောကလူကို ကြည့်ညို့နေတာပေါ့၊ ခုတော့ တရေးဆရာကို တစ်သောင်းနဲ့ရောင်းစားသွားတာတောင် မသိလိုက်တာကို ရှက်လို့ပါကွာ''

ကားလေးက မိုးကောင်းမြို့ကလေးကနေ အနောက်ရူးရူးကို တောင်ထွက်ခွာနေပါပြီ။ နောက်ကျောဘက် အရှေ့ဘက်အရပ်မှာတော့ ဧရာဝတီမြစ်နဲ့ မန္တလေး–ရွှေဘို–မြစ်ကြီးနား ရထားလမ်း၊ ကားလမ်းကြားက ရေမတောင်ကြောကြီးက မင်းဝံတောင်တန်းအဖြစ်နဲ့ စစ်ကိုင်းတောင်အထိ မြွေလိမ်မြွေကောက်ပမာ ရှိနေဦးမှာ။ ပြီးတော့ ဧရာဝတီမြစ်ကို မန္တလေးမြို့နားမှာ ငုပ်လျှိုးသွားပြီး ပုပ္ပါးတောင်၊ အဲဒီကနေ ပဲခူးရိုးမတောင်တန်းကြီးအဖြစ်နဲ့ ဆင်းသွားရာကနေ သိင်္ဂုတ္တရကုန်းမြင့်လို့ အမည်တွင်တဲ့ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်လို့ရတဲ့ တောင်ကုန်းမှာ ခရီးဆုံးသွားတော့မှာ။

ရှေ့တူရူမှာတော့ တောတောင်လျှိုမြောင် အထပ်ထပ်တွေကြားထဲက ကမ္ဘာကျော် ဥရုချောင်းမြစ်ဖျားခံရာ လုံးခင်း–ဖားကန့် ကျောက်စိမ်းမှော်ကြီးက မိုင်ခြောက်ဆယ်အကွာအဝေးမှာ။ ညာဘက်ခြမ်းမှာတော့ ဒုတိယကမ္ဘာစစ်ကာလက အာသံပြည်နယ်နဲ့ တရုတ်ပြည် ယူနန်ပြည်နယ်ကို စစ်ဆင်ရေးအတွက် ဆက်သွယ်ဖောက်လုပ်ထားတဲ့ နာမည်ကျော် လီဒိုလမ်းဟောင်းကြီးက ရှိနေပေမည်။ အိန္ဒိယနိုင်ငံနယ်စပ်နားဆောင်၊ နန်းယွန်း၊ တနိုင်း စတဲ့ တောမြို့လေးတွေကိုဖြတ်ပြီး မန္တလေး–မြစ်ကြီးနားကားလမ်းနဲ့ နမ့်တီးဆိုတဲ့ရွာကလေးမှာ ဆုံသွားတဲ့ မညီမညာ ခပ်ကြမ်းကြမ်းလမ်းမကြီးပေါ့။

ရှေ့ဆက်ရမယ့်ခရီးမှာတော့ ခေတ်အဆက်ဆက် နိုင်ငံတော်၊

ကျွတ်ဆီလုပ်ငန်းရှင်များနဲ့ ကာယဉာဏကိုအခြေပြုလို့ ကျောက်စိမ်းကို အခြေတည် လုပ်ကိုင်စားသောက်နေကြတဲ့ ဘဝပေါင်းများစွာရဲ့ ထမင်းအိုးကြီးက ရှိနေမှာ။ ကျောက်စိမ်းမော်မှာ လာရောက်ကြတဲ့ အနယ်နယ် အရပ်ရပ်က ယောကျ်ား မိန်းမ ဆင်းရဲချမ်းသာမဟူ ကိုယ်စွမ်းဉာဏ်စွမ်းရှိရင် ရှိသလို ကြီးပွားချမ်းသာမှုတွေကို မညည်းမညူ ဆောင်ရွက်ပေးနေတဲ့ လုံးခင်း-ဖားကန့် ရတနာနယ်မြေကို သွားရမယ့် သမ်းခရီးကတော့ ခပ်ကြမ်းကြမ်းပါပဲ။ တွေးနေရင်းနဲ့ မိုးကောင်းမြို့အထွက်မှာ ဝါးတားဂိတ်က စောင့်ကြိုနေပါပြီ။

''လမ်းကြေးလေးပါခင်ဗျ''

''ဘယ်လောက်လဲ ကလေးရေ''

''သုံးထောင်ပါ''

''မိုင်ခြောက်ဆယ်ခရီးကို လမ်းကြေးသုံးထောင်ဆိုတော့ မော်ရေးဖြစ်မယ်နော်၊ တကယ်ဆိုရင် ငါးရာလောက်ပဲကျသင့်တာ''

''ကျုပ်တို့ကတော့ တုံးအောက်ကဖားဆိုတော့ တောင်းရင်လည်း ပေးရတာပဲ၊ ဝေါက်ရင်လည်း ခံရတာပါပဲဗျာ''

ကိုကိုက စပ်ရလိုက်တော့ အတောမသတ်နိုင်တဲ့ချိုင့်ခွက်တွေကို ဂီယာကြီးနဲ့ရှောင်တိမ်းမောင်းနှင်နေတဲ့ ကိုဘသောင်းရဲ့ အသည်းနလုံးက စကားပြောလာပြီထင်ပါရဲ့။

''ကျွန်တော်တို့ ကားမောင်းလာတာ အနှစ်နှစ်ဆယ်လောက်ရှိပါပြီဗျာ၊ ဒီလမ်းကြီးက ဒီဘဝကကို မတိုးတက်ပါဘူး။ လူတော်တော်များများလည်း လောပန်းဖြစ်လို့ ဘဝပြောင်းသွားကြပါပြီ၊ ကောက်ရေးခြမ်းရေးကလည်း များသလားမမေးနဲ့ ... သစ်ငုတ်ကြီးကြီးကို လမ်း

ဘေးမှာတွေ့နေရရင်တောင် ဗိုက်ဆံပေးရမလား မှတ်တာပဲ''

''ခင်ဗျားရဲ့ လမ်းညွှန်ကကလည်းဗျာ ငါးရာငါးဆယ်စာတတ်တော်ကို နားထောင်နေရသလိုပဲ ...လုပ်စမ်းပါဦး''

''လမ်းအကြောင်းကတော့ ပြောကိုမပြောချင်ပါဘူးဗျာ''

ကုမ္ပဏီတွေက သူတို့ တစ်ပိုင်တစ်နိုင်ပြင်တာလည်း ရှိတယ်၊ ငွေထည့်တာတွေလည်း ရှိတယ်၊ ပြည်သူတွေဆီက, ကားတွေဆီက ငွေကြေးသတ်မှတ်ပြီး ကောက်တယ်ဗျာ၊ လမ်းပြင်ဖို့ကျတော့ ဘတ်ဂျက်တွေက ဘယ်ခေါင်းစဉ်ကို ချိန်း ချိန်းသွားမှန်းကို မသိပါဘူး။ လမ်းကြီးကတော့ ခိုင်းဆိုင်မောာ်ရဲ့ မူဆယ်–နမ့်ခမ်းလမ်းက အရှုံးပေးရဦးမယ်''

''ဖြည်းဖြည်းလည်း မောင်းဦး။ ကားတွေကများ, ချိုင့်တွေကပေါ, ဆိုင်ကယ်တွေက ခွခွကျော်သွားတာနဲ့ဆိုတော့''

''ရပါတယ်ဗျာ ... ဒီအလုပ်နဲ့ထမင်းစားနေတာ ကျွမ်းကျင်ပါတယ်၊ ဘယ်ချိုင့် ဘယ်လောက်နက်တယ်, ဘယ်ဖွက် ဘယ်ဂီယာနဲ့ ရုန်းရမယ်ဆိုတာ ဘသောင်းလက်က သိပြီးသားပါ အာစရိရ''

ဘတ်ပိုးကြီးတွေ၊ နိုဇာကြီးတွေကိုတင်ထားသော ထရိန်စပိုတာကြီးတွေ၊ ဒီဇယ်တိုင်ကီ ဖြင်လုံးတင်ထားသော ဆယ်ဘီးကားကြီးတွေ၊ မော်မှာသုံးမယ့် ရှောမ Dump Truck ကားကြီးမျိုးစုံက လမ်းကြမ်းကြီး မှာ တအိအိ မောင်းနှင်နေကြဆဲ။ ကားလေးတွေကတော့ လျှင်လျှင် လျှင်သလို၊ အခွင့်သာလျှင် သာသလို ဖြတ်ကျော်မောင်းနှင်နေကြလေ၏။

''ကားဆရာ ...ဟိုချိုင့် ဟိုချိုင့်၊ အဲဒီရောက်ရင် ဓတာ

ခေတ်ပုံရိုက်မယ်၊ လျှပ်တစ်ပြက် ရိုက်ချက်လေးပေါ့"

"ဟင့်အင်း ဟင့်အင်း ... ဆရာမဆင်းနဲ့"

တစ်ချိန်လုံး ငြိမ်၍လိုက်ပါလာသော ရှမ်း–တရုတ်ကပြား အသက်(၄၀) နီးနီး မိန်းမကြီးတစ်ယောက်က ရွတ်တရွတ်ဟန့်တားတော ကြောင့် ကားပေါ်က ဆင်းမယ့်ဟန်ပြင်ပြီးခါမှ ဇက်ပုသွားရသူက ကိုကိုပါ။

ကားဆရာကတော့ တုံ့ဆိုဘာဝေ။

"ဘာဖြစ်လို့လဲ အားမေရေ ... ဒီလိုမြင်ကွင်းမျိုး နေပြည် တော်မှာ မရှိဘူးဗျ၊ ခေတ်ပုံရိုက်ရင်း ဝိတ်ကလေးဘာလေးလည်း လျှော့ရတာပေါ့ ... မဟုတ်ဘူးလား"

"ဟင့်အင်း ... ဆရာမဆင်းပါနဲ့"

"ကဲ ကဲ ... အားမေသဘော အားမေသဘော၊ အောင့်ထား လိုက်ပြီ၊ ကားလေးရင်လည်း လေးပါစေတော့"

အားလုံးက နှုတ်ဆိတ်နေကြစဉ် လယ်ပြင်ကွက်တန်းကြီးကို ရွာတစ်ရွာကို ဘေးမှာထားပြီး ကားလေးက ကုန်းရုန်းဖြတ်သန်းရင်း။ ရွာထဲက ပေါ်းကျီတစ်လုံးနဲ့ ခပ်နွဲ့နွဲ့အိမ် နှစ်လုံးခန့်ကို မီးသင့်ခထားရာနဲ့ တွေ့ရပြီး ဒေသခံအိမ်ပိုင်ရှင်ရွာသားများ မရှိတော့။ ပယောဂတစ်ခုခု ကြောင့် မွေးရပ်မြေကို စွန့်ခွာသွားခဲ့ကြပေပြီ။ စုစမ်းကြည့်လိုက်တော့ မအူပင်ရွာလေးက ဒေသခံတိုင်းရင်းသားတွေ ကချင်ပြည်နယ်အရှေ့ ခြမ်းက စစ်ရှောင်စခန်းဆိုတဲ့နေရာကို စိတ်မပါ့တပါနဲ့ သွားကြရပြီဆို တာပါပဲ။

"အင်း ... လုပ်ချလိုက်ပြန်ပြီဟော၊ စစ်ဆိုတာ ဒါလားကွ"

"ဘာလဲ ... အာဝဇ္ဇိတကားက အရင်းမရှိ အဖျားမရှိနဲ့"

"ဒါ စစ်ပွဲတွေ ပေါ့မယ်ဆိုတဲ့ သဘောပေါ့ကွာ၊ ဒေသခံ တိုင်းရင်းသားတွေကို လက်နက်အားကိုးလူတစ်စုက ခြိမ်းခြောက်မယ်၊ ဒီမှာ စစ်ဖြစ်တော့မယ်ဆိုပြီး သတင်းဖြန့်မယ်၊ ဝော်လုံ့နှစ်ရေးအတွက် ဆိုတဲ့ ခေါင်းစဉ်နဲ့ ယောက်ျားတွေကို အရေးပေါ်စစ်သင်တန်းပေးပြီး သေနတ်ကိုင်ခိုင်းမယ်၊ မိန်းမတွေ၊ ကလေးတွေကို လျှို့ဝှက်ကွင်းစခန်းတွေ မှာ မဖြစ်စလောက်တဲလေးတွေ ထိုးပြီး ဒုက္ခသည်စခန်းအမည်ခံ ဖွင့် ထားမယ်၊ ပြီးတော့ တပ်မတော်က ကချင်တိုင်းရင်းသားတွေကို နှိပ် စက်ပါတယ်၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးပါတယ်၊ ရွာသားတွေ မနေရဲလို့ စစ်ရှောင်ဒုက္ခသည်စခန်းကိုရောက်တော့ ဘယ်လိုဘယ်မျှ အရေးအတွက်က စားစရာ နေစရာ၊ ပညာရေး၊ ကျန်းမာရေးတွေ ချို့တဲ့ပြီး ဒုက္ခရောက်နေပါတယ် ဆိုတဲ့စကားလုံးတွေနဲ့ ဗီဒီယိုကာနေ ဓာတ်ပုံကောင်းကောင်းရိုက်ပြီး အော်ကြဦးမယ်ပေါ့ဗျာ"

ကားဆရာကိုဘသောင်းက နိုင်ငံရေးနားမလည်စွာနဲ့ မေးခွန်း ထုတ်ပြန်တယ်။

"ဒါနဲ့ ဟိုအိမ်တွေ မီးလောင်တာကရောဆရာ"

"တစ်သက်လုံး တောင်သူလယ်လုပ် စားမရတ်နေသူတွေက စာလည်း မတတ်၊ ပညာရေးဟောသုတလည်း မရှိ၊ နိုင်ငံရေးလည်း နားမလည်ဆိုတော့ သူ့အရပ်နဲ့သူ့ဓာတ် ပျော်နေတာလေ၊ အဲဒါကို ရွာကနေ နှိမ့်ရိုးနည်းနဲ့ နှင်ထုတ်လို့မရတော့ ရွာထဲကအိမ်ကို သဘော လောက်မီးရှို့ပြလိုက်ရုံနဲ့ ဒုက္ခသည်စခန်းနဲ့ သေနတ်ကို ကိုင်ဖို့ပြေးကြ ပြီပေါ့"

"ဪ ... လက်နက်ကိုင်ပဋိပက္ခဆိုတာ ဒီလိုက စတာလား။ ကျွန်တော်က ကားသာမောင်းတတ်တာချ ဒါမျိုးကျတော့ ဆင်ကောင်ကြီးပြတာတောင် ခြေရာရေးရေးပဲ မြင်တယ်"

"ကိုယ်တို့က စစ်မှုထမ်းသက်တစ်လျှောက် ပြည်တွင်းသောင်းကျန်းမှုချေမှုန်းရေးနဲ့ပဲ ကရင်ပြည်နယ်တစ်ကြောမှာ စစ်တိုက်လာတာနှစ် ဆယ်ဂဏန်းဆိုတော့ ဒီအတာတွေကတော့ ကျွမ်းနေပါပြီ"

ကိုယ်နဲ့ကားဆရာ စကားတွေကို နားထောင်ရင်း အားမေက အားနာနာနဲ့ စကားဝင်ထောက်တော့၏။

"အဲ ဆရာ ... စိတ်မရှိနဲ့နော်၊ ခုနက ကျွန်မတားတာ ဆရာ့ကို စိတ်ပူလို့ပါ"

"စကားကောင်းလာလိုက်တာ ... ဘာတွေစိတ်ပူတာတုံး အားမေရဲ့"

"ကျွန်မတို့က ဒီလမ်းကြောင်းမှာ လုပ်စားနေတာမို့လို့ပါဆရာ၊ ခုနက ဆင်းမယ်ဆိုတဲ့နေရာတွေက တောထဲကကောင်တွေ ထောင်ထားတဲ့မိုင်း နင်းမိမှာစိုးလို့၊ ခုနက မအူပင်ရွာမှက်တန်းဆိုတဲ့နေရာတွေက ကားတွေကို ဆက်ကြေး ခဏ ခဏ တောင်းနေကျနေရာတွေလေ။ ယူနီဖောင်းနဲ့တစ်မျိုး၊ ကိုင်ထားတဲ့သေနတ်ကို မမြင်မြင်အောင် ပြပြီး တစ်မျိုး တောင်းရင်တော့ ကျွန်မတို့က အသက်မပေးနိုင်ဘူးဆိုတော့ ကျေနပ်အောင်တော့ပေးလိုက်ရတာပေါ့"

"ဗုဒ္ဓေါ"

အာမေ့ဖိတ်သံနှင့်အတူ နှစ်သုံးဆယ်နီးပါး အလေ့အကျင့်က ဖျတ်ခနဲ ခေါင်းထဲဝင်လာပြီး ခါးကိုစမ်းလိုက်တော့ အပါးတော်မြဲ

ပစ္စတိုလ် မရှိတော့ပါလား။ မထူးတဲ့အဆုံး မျက်လုံးကတော့ ကား ဆရာရဲ့ အရေပေါ်ပေါက်ဆိန်ကြီးကိုသာ စိတ်ကူးနှင့်ဆဲ၍ ကိုင်ထား လိုက်မိလေ၏။

''အေးဗျာ ... ကျေးဇူးတင်တယ်၊ ကျွန်တော်က ကုန်ကြမ်းရဖို့လောက် စိတ်စောနေတာဗျ၊ တော်လှန်ရေးသမားတွေအကြောင်း သတိလက်လွတ်ဖြစ်သွားလို့၊ ကျေးဇူးနော် အားမေ''

''ရှေ့မှာ နန့်ယားရွာ ရောက်တော့မယ်၊ အဲဒီမှာလည်း စကား မကျွံစေနဲ့ သူတို့လူတွေ ရှိတယ်၊ ဆရာပုံစံက ကြည့်ရုံနဲ့ ဘယ်သူဆိုတာ သိတယ်''

''ဘာသိတာလဲဗျ''

''တပ်မတော်က လူကြီးတစ်ယောက်ပုံ ပေါက်နေတာကို''

''ဗိုက်ကလေးက ကြည့်ကောင်းရုံရှိတာပါဗျ''

''အာစရိ ... နန့်ယားကျော်ရင် မိုင်(၂၀)လိုသေးတယ်၊ အဲဒီ ခရီးကတော့ မျက်စိ နား နှာခေါင်း ခြေ လက် အလကားမထားနဲ့နော်၊ ကျွန်တော် ဘာမှတာဝန်မယူဘူး''

''ဗျာ ... ဘယ်လို ဘယ်လို''

ကားဆရာရဲ့ ရုတ်တရက်စကားက လူကို ဆံပင်ထောင်သွား စေ၏။ ကားဆရာမျက်နှာက အာဖွဲ့ဗိုက်မောင်းရ၍လား၊ ပြဟ္မာဦးခေါင်း ခရီးသည်တစ်ယောက် ပါလာ၍လားမသိ ရွှေးစေးများပင် ပြန်လို့နေ၏။

''ဟို ... တပ်ကလို့ မပြောမိစေနဲ့နော်''

''အင်းပါ ... အကြိမ်စားလေ''

''နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရွေးဘူးဗျ မင်းခေါင်

နဲ့ ရာဇာဒိရာဇ်တို့ရဲ့ မွန်-မြန်မာနှစ်လေးဆယ်စစ်ပွဲတုန်းက မွန်သူရဲကောင်း သမိန်ဗရမ်းပြောတဲ့စကား ကြားဖူးတယ်မဟုတ်လား"

"အင်း ... ဟိုစကားလား ... 'ဟယ် သူရဲ ... စစ်အတွင်းမှာ သစ္စာတည်သည် ရှိဖူးသလော၊ သင်ကဦးရင် သင်က အရှင်သတ်မည်၊ သူကဦးရင် သူကသင့်ကို အရှင်သတ်မည်' ဆိုတာလေ"

"အဲဒါပြောတာ၊ ခုဟာက တောကကောင်တွေက စစ်ပြင်နေပြီ၊ ကုမ္ပဏီ, လူ, ကား အကုန်လုံးမှာ ပိုက်ဆံကောက်နေပြီ၊ ကုမ္ပဏီတွေဆိုရင် လုပ်ငန်းအကြီးအငယ်အလိုက် သိန်းထောင်နဲ့ချီပြီး သွားပေးနေကြရပြီတဲ့၊ ဟိုကုမ္ပဏီတစ်ခုဆိုရင် သိန်း(၃၅၀)မပေးနိုင်လို့ လုပ်ကွက်စွန့်ပြီး ပြန်ပြေးလာရဆိုပဲ"

"ဪ ... ဒီလိုလား"

"အင်းပါ အင်းပါ ... ကျွန်တော့်ကိုလည်း ကားဂိတ်မှာတုန်းက ငွေတစ်သောင်းလိမ်သွားတဲ့ ကျုပ်ကဒေါသလိုပဲ လောပန်းလို့ သဘောထားလိုက်တော့ဗျာ"

ကားလေးက ဖွက်တွေကိုရှန်းရင်း ချိုင့်တွေကို ကျော်ရင်းနဲ့ မောင်းလာလိုက်တာ မနက်(၉)နာရီလောက် နန့်ယားရွာမှာ လန်းဆန်းစားစားဖို့ ခဏနားကြတယ်။ 87 Van SuperRoof ကားလေးတွေ ငါးဆယ်ခြောက်ဆယ်လောက်က ဖားကန့်ကိုတက်တဲ့လမ်းကြောင်းမှာ အတက်အဆင်းတွေဆုံလို့ နားနေတာတွေ့ရတယ်။ ကိုကို မမ အချို့က DT ဆိုင်ကယ်နဲ့တစ်မျိုး တရုတ်ဘီးမျိုးစုံနဲ့ တစ်သွယ် ဆိုင်ကယ်ပေါ်မှာ ရွှေ့ခနဲ့ခွထိုင်ပြီး သွားလာနေကြတယ်ဆိုတော့ လမ်းကြောင်းက အိုကေမှာပဲ။

''ကားထွက်တော့မယ်ဗျို့''

ကိုဘသောင်းရဲ့ ဆော်ဩသံနဲ့အတူ ခရီးသွားတစ်သိုက်က ကားပေါ်မှာ နေရာယူကြပြီး ဖြစ်၏။

''တစ်မြန်မနေ့က ဒီရွာက သူနာပြုဆရာမလေးတစ်ယောက်ကို တောထဲက လာခေါ်သွားတယ်တဲ့တော်''

ကားပေါ်ရောက်ရောက်ချင်း အားမေက သူရှာဖွေစုဆောင်းလာသောသတင်းကို ဖောက်သည်ချ၏။

''ဟာ ... ကရင်ပြည်နယ်မှာလိုပါပဲလားကွ၊ ဘာလုပ်ဖို့တဲ့လဲ''

''တိုက်ပွဲမှာ ဒဏ်ရာရတဲ့သူကို ဆေးကုနိုင်းမှာပေါ့ဆရာရယ် ပထမတော့''

''ပြီးတော့ရော''


''ကျွန်တော်က KIA မှမဟုတ်တာ ဘယ်သိနိုင်ပါ့မလဲ၊ ကရင်လူမျိုးဆိုရင်တော့ တော်လှန်ရေးစစ်သူနာပြုဘဝ ရောက်သွားနိုင်တာပေါ့၊ တခြားလူမျိုးဆိုရင်တော့ ဘယ်ဘဝရောက်သွားမယ်ဆိုတာ ဆရာမလေးပေါ်မှာပဲ မူတည်မှာပဲ''

''ကြော် ... ကျန်းမာရေးဝန်ထမ်းဆိုပေမယ့်လည်း လက်နက်ကိုင်ဆောင်ထားတဲ့ လူမျိုးစုခွဲ ဝါဒစွဲသမားတွေရဲ့ကြားထဲမှာ တာဝန်ထမ်းဆောင်ရတာ တကယ့်ကိုမလွယ်ပါလား''

သတိထား၍ ကားမောင်းရင်း ခရီးဆက်ထွက်ခဲ့ကြ၏။ လမ်းကွေ့အတက်၊ လမ်းကျဉ်းနေရာ၊ တံတားအကျနေရာ၊ လမ်းဆိုးလမ်းခွများကို အထူးသတိထားရင်း ကားဆရာက သတင်းထောက်၍ ဆက်



လုံးခင်းကျေးရွာရှိ ဆမားဒူဝါးဆင်ဝါးနော် လှူဒါန်းခဲ့သော တေလီတံတား



ကောက်ပိုင်းသားတို့ သိမ်းသိမ်းမျှ
တကော်လယ်မြတ်လယ် ရွာငွေသော်
ရတနာမြေက အလှုနှံသင့်တော်
တဲမှတ်ကလေးမှ တိုက်ကြီးပေါ်
ရောက်သူတွေလဲ များလှသနော်
မွှေပေါက်တိုးတဲ့ မိုးရှုတ်ငေါ်
ရွှင်ကောင်းပီတော့ လောပန်းကတော်
ဘာသာလူမျိုး မခွဲခြားနော်
နွေးထွေးလှိုက်လှဲ ပျူငှါပေါ်
ကတ်လယ်စုံတဲ့ နယ်မြေအငေါ်
ကျုပ်တို့အားလုံး ချစ်တဲ့ "ငပုံ"

မောင်းလာ၏။

"ဟောဒီနေရာက များအုံလို့ခေါ်တယ်၊ တောကကောင်တွေရဲ့ စားကျက်ပဲ"

နေရာကိုကြည့်လိုက်တော့ လုံးခင်းဘက်ကလာတဲ့ လမ်းဘက်ခြမ်းက တောင်အဆင်း။ မိုးကောင်းဘက်ကလာတဲ့လမ်းမှာ လမ်းအကွေ့သေးမှာ ဖုန်းဆိုးတောတန်းနဲ့ ရေစပ်စပ်ချောင်းကလေးကို ခပ်နဲ့နဲ့တံတားတစ်စင်း ထိုးထားတာ တွေ့ရ၏။ စစ်မြေပြင်မှာကျက်မှတ်ထားတဲ့ SLAUN ပုံစံလမ်းကွေ့တွေဆိုတော့ ချုံခိုတိုက်လို့ အလွန်ကောင်းတဲ့နေရာပေပဲဟု တစ်ယောက်တည်းတွေးရင်း ဒီတစ်ခါကြမ်တော့ ပေါက်ဆိန်ကို လက်နှင့်ပြေးကိုင်၍ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိတော့သည်။

မသိမသာ ကိုယ့်လက်ကိုယ်ကြည့်လိုက်တော့ ချွေးစေးတွေက ပြန်နေပြီး အာရုံတွေက ငါဘာပြန်လုပ်ရမလဲဆိုတဲ့ အတွေးကသာ လွှမ်းမိုးနေ၏။

ပတ်ဝန်းကျင်အခြေအနေက လမ်းဘေးသစ်ပင်တစ်ပင်ကို လှဲလိုက်ရုံနဲ့ ဤလမ်းပေါ်တွင် ဖြတ်သန်းသွားလာနေသော လူ ယာဉ်အားလုံးကို ဆက်ကြေးကောက်ဖို့ အခြေအနေက ဖန်တီးထားသလို ဖြစ်နေလေ၏။ တောအသွယ်သွယ်၊ ချောင်းအလီလီကို ဖြတ်ပြီးတော့ လယ်ကွင်းလေးနဲ့ရွာလေး တွေ့လိုက်ရလေပြီ။

"ဟင်း"

ကားဆရာ၏ ခပ်ပြင်းပြင်းသက်ပြင်းချသံကြီးက အားရပါးရရှိလှ၏။

''ဘာလဲ ကားဆရာ''

''ရှေ့က လယ်ပြင်ရွာလို့ ခေါ်တယ်ဗျ၊ လုံးခင်းရောက်တော့မယ်၊ ဒါကြောင့် တင်းလာတဲ့စိတ်တွေကို လျှော့လိုက်တာပါ အာစရိ''

''သာဓုဗျာ သာဓု သာဓု ... ခုလို ခရီးသည်အပေါ်မှာ စေတနာထားတတ်တဲ့, တာဝန်ကျေတတ်လွန်းတဲ့ ကားဆရာကိုဘဘောင်းကို မြန်မာပြည်သားကိုကိုက ကျေးဇူးတင်ပါတယ်''

မြေပြန့်ကျောက်ချောလမ်းပေါ်မှာ ကားလေးက (၃)မိုင်လောက်ခပ်ပြင်းပြင်းမောင်းပြီးတာနဲ့ ဘွားခနဲတွေ့လိုက်ရတာက ...

'လုံးခင်းကျေးရွာ ဖားကန့်မြို့နယ်' တဲ့။

လုံးခင်းရွာလို့ခေါ်တဲ့ ဥရုချောင်းတစ်ဖက်ကမ်းက မြို့လည်းမကျ တောလည်းမကျ နေရာလေးကိုတော့ ဟိုး ၁၉၄၈ ခုနှစ်များဆီက ဖားကန့် လုံးခင်းဒေသရဲ့ အကြီးအကဲ၊ ကချင်လူမျိုး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ နာမည်ကြီးခဲ့တဲ့ ကဲဆီးဒူဝါကြီး ဆမားဒူးဝါးဆင်ဝါးနော် လှူဒါန်းခဲ့တယ်ဆိုတဲ့ သမိုင်းဝင် ဥရုမြစ်ကူး ဘေလီတံတားလေးက ပေါင်းကူးထားပါတယ်။

တံတားဒီဘက်ထိပ် ဥရုမြစ်ကိုမေးတင်ထားတဲ့ မြေဝန်းကျယ်ကျယ်ကြီးအဝင်ဝမှာ ခန့်ခန့်ငြားငြားရေးသားထားတဲ့ စာလုံးကတော့ ...

'မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့'

ကျွန်တော်သွားမယ့် ရည်မှန်းချက် ကျောက်စိမ်းတွင်းဖော်ရေးဌာန၊ လုံးခင်းဆိုတာကို ရောက်ပါပြီ။

''အာစရိ ရောက်ပါပြီဗျ ... ဆင်းနိုင်ပါပြီ၊ နောက်တွေ့ရင်

ာည်း ခေါ်ပါ၊ ကားဆရာ ကိုဘသောင်းဆိုရင် ဒီနယ်တစ်ကြော သိကြပါတယ်''

''ကျေးဇူးပဲဗျို့ ... See You ကိုဘသောင်း''

ခရီးဆုံးကိုရောက်လို့ စိတ်နဲ့ကိုယ်ကိုလျှော့ချလိုက်ရင်း အိမ်ကာသဲက ကုန်ကျစရိတ်တွေကို မှတ်မိသလောက် စဉ်းစားကြည့်လိုက်တော့

...

၁၉၈၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ တပ်မတော်သားဘဝကို ခြေစုံပစ်ဝင်ခဲ့စဉ်က လစာ ၁၄၅/၊ ၁၉၈၈ခုနှစ် အရေးအခင်းကာလကြီးအပြီးမှာ တပ်မတော်မြန်တမ်းဝင်အရာရှိဖြစ်တော့ လစာက ၃၁၀/၊ ၁၉၉၈ ခုနှစ်မှာ ဗိုလ်မှူးအဆင့်ရောက်တော့ ဘူးသီးတောင်မြို့မှာ ထုတ်ရတာက လစာ ၁၂၀၀၀/-၊ ၂၀၀၅ ခုနှစ်မှာ နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က လစာတိုးပေးတော့ ဗိုလ်မှူးအဆင့်နဲ့ အမြင့်ဆုံးလစာက ၁၈၅၀၀၀/-၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ တပ်မတော်က အငြိမ်းစားယူတော့ စစ်မှုထမ်းသက်(၂၇)နှစ်အတွက် အသက်ကို အပေါင်ထားခဲ့လို့ ရတဲ့ဆုကြေးက (၅၁)သိန်းနဲ့ (၂၄)နာရီတာဝန်နဲ့ (၂၇)နှစ်အတွက် တာဝန်ကျေခဲ့တဲ့ ပင်စင်လစာက ၁၁၀၀၀၀/၊ ဒီနေ့ သဏ္ဌာတွင်းဝန်ကြီးဌာနမှာ စိတ်သစ် လူသစ် ဘဝသစ်နဲ့ တာဝန်တွေ ဆက်လက်ထမ်းဆောင်ရင်း နေပြည်တော်ကနေ လုံးခင်းဆိုတဲ့ ကျောက်စိမ်းမော်အထိ မနေမနားချီတက်လို့ ကုန်ကျတာက ရေဆာဘီယာသောက် သူ့ရဲ့ကြောက် အဖော်ခေါ်အိပ်မပါဘဲ တစ်သိန်းတိတိဆိုတော့ မိုးကောင်းဘူတာမှာ ရောင်းစားခံရတဲ့ မြန်မာငွေကျပ်တစ်သောင်းကိုတော့ ပညာရဖို့ လျှူလိုက်တယ်လို့ပဲ သဘောထားလိုက်ပါပြီဗျာ။

ဧပြီလရဲ့မွန်းတည့်နေအပူဒဏ်ကို ခါးစည်းခံရင်း ကော်ဖီရောင်လို နောက်ကျိုနေတဲ့ ဥရုမြစ်ရဲ့ဟိုမှာဘက်ကမ်းကို လှမ်းကြည့်လိုက်မိလေ၏။ တစ်ချိန်က အဆိုတော်အောင်ပန်းရဲ့ မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြသူတွေအတွက် အားဆေးတစ်ခွက်ဖြစ်စေခဲ့တဲ့ နာမည်ကြီးသီချင်းတစ်ပုဒ်က ရွှေကိုအံတုလို့ တံလျှပ်တွေနဲ့ အပြိုင်ကျဲနေတာအား မကြားတစ်ချက် ကြားတစ်ချက်မို့ သဘာဝကို ပုံဖော်နေသလိုလို။

တံတားကြီးပေါ်မှာ ဖြတ်သန်းနေကြတဲ့ စိမ်ခံကားများနဲ့ ဆိုင်ကယ်အဖုံဖုံနဲ့ ဥဒဟိုသွားလာနေကြသည်ကိုလည်း မြင်တွေ့ရ၏။

မြန်မာနေရှင်နယ်လိဂ် ဘောလုံးသမားဝတ်စုံ ပွိုင့်ဘိနှစ်နဲ့ ဝရိမ်နှ စိန်တူ တစ်လက်ကို ခပ်ဆဆကိုင်ရင်း အားနှင့်မာန်နှင့်ခြေလှမ်း လျှောက်နေသူများကတော့ လောပန်းလောင်းသီချင်းကို အကောင်အထည်ဖော်မယ့် ရေမဆေးကျောက်တူးသမားများပင် ဖြစ်ပါတော့သည်။

♫ ×××လာလာဆိုတော့ တောင်တက်ဖူးသလားမေးရှာတာ ××× လော
ပန်းလောင်းတွေပါ ××× အပြိုင်တူနှိုင် သံတိုင်အရောင်း ×××
ဆန်တူနှိုင်တော့ လောပန်းကြောင်း ××× ဗိုလ်သာဓားသာတော့
ချွန်တော်လည်း အစရာဝင်စဲပါ ××× သည်တစ်ချောင်းရေ
ရင် ငိုတစ်ချောင်း ××× ငိုတစ်ချောင်းရေရင် နောင်တစ်ချောင်း
××× အားစေရှုပါဦး ××× ချောင်းဝင်းတစ်လောင် ဘူး
ဘောင်ဘူးဆို ××× တောင်တက်ဖူးသလားပါဘူး ××× ♫

❑❑❑

## ''သူရှူး သူကြွယ် သူဌေးလေး လုံမလေးတို့ မွေးရပ်ရာ မှော်ငါတဲ့ရွာ''

ကားကြီးကားငယ် ဖြတ်သန်းသွားတိုင်း တသိမ့်သိမ့်လှုပ်ခါနေသော လုံးခင်းရွာ ဥရုချောင်းတံတား အထက်နားအရောက်မှာ လုံးခင်းရွာကို ရေတွေ မကြာခဏလျှံလို့ ချောင်းကို ဘက်ဟိုးနဲ့ကော်ပြီး ရွာဘက်ကို မြေစာများတင်ထား၏။ မြစ်အောက်ဘက်မှာတော့ နွေရာသီမို့ ကားကြီးကားငယ်ဖြတ်သန်းဖို့ ရေပေါ်တံတားများ ထိုးထားသည်က (၁၀)စင်းမျှ ရှိသည်ဆို၏။

ဟိုတစ်ချိန်တစ်ခါက ဥရုမြစ်ရေထဲမှာ ငုပ်လျှိုးပြီး ကျောက်စိမ်းများရှာဖွေခဲ့ရသည် ဆိုသည့်စကားက ပုံပြင်ပမာ ဖြစ်နေပြီ။ ကော်ဖီရောင် ရေညစ်ညစ်တွေက လူရေချိုးဖို့ပင် မသင့်တော်တော့ပြီ။ ရွာထဲရောက်သွားတယ်ဆိုရင်ပဲ ရေကြီးရေမြုပ်ဒဏ်ခံနေကျ လူနေအိမ်ခြေတိုက်တာများကို ကိုရွှေမန္တလာသားတို့က အိမ်ခြေမြေမြှင့်တင်ခြင်းလုပ်ငန်းဖြင့် အသက်မွေးနေကြသည့်မြင်ကွင်းက အထူးအဆန်း။

အိမ်ခြေ (၅၀၀)ခန့်ရှိမည်ထင်သော သူဌေးသူကြွယ်လောင်းတို့ စုဝေးရာ လုံးခင်းရွာမလယ်ကို ကျော်သွားပြီး နီးစပ်ရာဆိုင်းဘုတ်

ကလေးကို ဖတ်ကြည့်လိုက်မိတော့ ...

'လင်းရောင်ခြည် စီဒီယို၊ ဓာတ်ပုံ Out Door ရိုက်ကူးရေး' တဲ့။

''အိမ်ရှင်ရှိပါလားဗျ''

အသက်(၃၅)နှစ်ခန့် လူလတ်ပိုင်းလူရွယ်တစ်ဦးက မဆိုင်းမတွ ပင် ...

''ဟုတ်ကဲ့ လောပန်း ... ဓာတ်ပုံရိုက်ဖို့လား ထိုင်ပါဗျ''

''အထွေအထူးမဟုတ်ပါဘူးကွယ် ... ဒါနဲ့ လောပန်းလို့တော့ မခေါ်ပါနဲ့ကွယ်၊ ကိုယ်က စာရေးဆရာပေါက်စပါ''

''ဪ ... ဆရာက စာရေးဆရာလောပန်းပေါ့၊ ကျွန်တော့် နာမည် ထွန်းထွန်းပါ ... ဒီဓာတ်ပုံဆိုင်ပိုင်ရှင်ပါ''

''ကိုယ်ကတော့ စပ်မိစပ်ရာရေးတတ်တဲ့ မြန်မာပြည်သား ကိုကိုလို့ပဲ မှတ်ထားပါ''

''ဆရာပုံက လောပန်းရိုက်အပြည့်မို့ လောပန်းလို့ခေါ်မိတာ စိတ်မရှိနဲ့နော်၊ ဒီမှာ ထုံးစံဖြစ်နေလို့''

''အင်း ... ကိုယ်ကလည်း လောပန်းလို့ခေါ်ခံရရင် နောက် တစ်ခါ ထပ်ပြီး လိမ်ခံထိမှာစိုးလို့''

''မဟုတ်ရပါဘူးဆရာရယ် ... ကျွန်တော်တို့အားလုံးက ဒီ အရပ် ဒီဒေသကို စွန့်စွန့်စားစားလာရောက်ပြီး ထမင်းတစ်လုတ် ဘဝ တစ်ခုအတွက် အလုပ်လာလုပ်ကြတာမဟုတ်လား။ ဆရာ ဘာကူညီရ မလဲသာ ပြော ... ဆိုင်ကယ်ရှိတယ်၊ ဆီရှိတယ်၊ ကင်မရာရှိတယ်၊ အားလုံး မေတ္တာနဲ့ပဲကူညီမယ်''

''ကြိုက်ပြီပေါ့ ကိုထွန်းရေ ကိုယ်လိုချင်တာက Knowledge ပဲ''

''ဒါဖြင့် မပျောင်ခင် မျော်တွေထဲ လျှောက်သွားကြစို့ဗျာ''

ကင်မရာကိုလွယ် ဆိုင်ကယ်ကိုခွထိုင်ပြီးတာနဲ့ ခွေခုနစ်ဆက် မျိုးခုနစ်ဆက် စေးခဲ့သော လူစိမ်းနှစ်ယောက်ကတော့ စကားတွေဖောင် ဖွဲ့လို့ မကုန်နိုင်။

လုံးခင်းရွာကြီးကထွက်တော့ လွန်ခဲ့သောနှစ်(၂၀)ကျော်ကပင် အသုံးမပြုတော့သော ဗွင်ခေ်ာတာလေယာဉ်ကွင်းဟောင်းကလေးနဲ့ အတူ လုံးခင်းရွာလေးက အဆုံးသတ်သွားပြီ။ ကျွဲကောက်စီးဆင်းနေသော ဥရုချောင်းကို ဘယ်မှာထားပြီး အနောက်ရိုးရိုးက မေါင်မှုန်ဖြစ် သွားလို မြင်နေရတဲ့ ပေတစ်ထောင်ကျော်တောင်ကြီးတွေဆီကို ချီ တက်သွားတော့ နောက်ဆုံးပေါ် VOLVO တံဆိပ်တပ် Dump Truck ကားကြီးရဲ့ဘီးတွေက ဆိုင်ကယ်နှစ်ရပ်ခန့်ပင် မြင့်ဦးမည်ထင့်။

ကျောက်စိမ်းလုပ်ကွက်များထဲက ဒီဇာ၊ ဘက်ဟိုးတို့ဖြင့် တူး ဖော်ထားသောမြေတွေကို ဆယ်ဂဏန်းမျှရှိသော မြေသယ်ကားတွေ က သယ်လို့ ကုမ္ပဏီလုပ်ကွက်ကာရံထားသော ဝင်းခြံကျယ်ကြီးဆီကို သယ်သွား၏။ တစ်ဖန် ကုမ္ပဏီရဲ့ဧရိယာထဲမှာ ဤမျှများပြားသော မြေစာတွေကို ဘက်ဟိုး၊ လူ၊ ယန္တရားအကူနဲ့ ကျောက်စိမ်းတုံးပေါ် မပါခွေးချယ်ရင်း အလုပ်ရှုပ်ကြပေမည်။ အကြမ်းမျှရှာဖွေပြီးလျှင်တော့ တောင်တစ်တောင်စာပြုထားသော ကျောက်စိမ်းရှာဖွေပြီးသည့်မြေစာ များကို ကားကြီးကားငယ်ဖြင့် မြေစာပုံပစ်သည့်နေရာသို့ သယ်ကြပေ ဦးမည်။

တစ်နေရာမှာတော့ မြေစာပုံများပေါင်းစုရာနေရာကို တွေ့ရပါပြီ။ မြေသယ်ကားကြီးအသွယ်သွယ်က ညီညာပြန့်ပြူးသော ရောမတောင်ကြီးဆီကို အားမာန်အပြည့်နှင့် တက်နေကြ၏။ တောင်ကြီးအဆုံးမှာတော့ မျက်လုံးများစွာ မျှော်လင့်ချက်မီးဝင်းဝင်းတောက်နေသော သူဌေးလောင်း ရေမဆေးကျောက်ရှာသူ (၅၀) ခန့်က အသင့်စောင့်ရင်း အမဲဖျက်ဖို့ ချောင်းနေကြလေ၏။

မြေသယ်ကားကြီးများက တစ်စီးပြီးတစ်စီး မြေစာများယင်၍ မြင့်တက်လာသော ရောမပေါင်မုန့်ကြီးထိပ်ကနေ ဟိုက်ဒရောလစ်နဲ့ မြေစာတွေလှန်ချလိုက်တာနဲ့ ရေမဆေးကျောက်သမားများက သူ့ထက်ငါဦးအောင် အပါးတော်မြဲ စိန်တူကလေးများဖြင့် တွေ့ကရာကျောက်တုံးတွေ လုယက်ခေါက်ကြတော့တာပါပဲ။

မြင်ကွင်းကို ကြည့်နေရုံနဲ့ အားမရတော့တာကြောင့် ...

''ကိုထွန်းထွန်းရေ ... ဒါက ဘာမှော်လဲဗျ''

''မာဆားမှော်လို့ ခေါ်တယ်ပေါ့၊ လုံးခင်းအပိုင်ဘက်ခြမ်းပေါ့ဗျာ၊ သူက ကျောက်တုံးအကြီးကြီးတွေ ထွက်တယ်လေ၊ အခုကြည့်နေတာ ကမ္ဘာ့ဒီလုပ်ကွက်ပေါ့ဗျာ''

''မှတ်ရတာတွေ များနေပြီ မှော်တွေအကြောင်း လက်ဖက်ရည်ဆိုင်ကျမှ ပြောမယ်၊ လောလောဆယ် လူအကြောင်း အရင်ပြောဗျာ''

''ခုမြင်နေရတဲ့ လူအုပ်ကြီးက ရေမဆေးကျောက်ရှာသူလို့ ခေါ်တယ်''

''ဘာတုံးဗျ ... ကျောက်စိမ်းနဲ့ ရေမဆေး ဘာဆိုင်လို့လဲဗျာ''

(အစ္စဍာဂြေဍိုက်ပြၚ်ယဴၜ ဍုံမ်ဗိဍ္ဍုအ) ဍုက်ဍုလဍ္ဍူဗၜ ဗြဍိုဟ်ဂေဂြေံးထေၜဂဗၜ




သနပ်ခါးကို နမ်းမှာလား? ပါးကို နမ်းမှာလား?
အတု အစစ်
အနှစ် အကာ
သနပ်ခါးကို နမ်းမှာလား၊
ပါးကို နမ်းမှာလား၊

''ဆိုင်,မဆိုင်တော့ မသိဘူးဗျာ။ ဒီလောကကို ရောက်ဖို့ကိုတော့ ဆရာကို မှုကြိုက စတက်နိုင်းမှုရမယ်''

''ကဲ ... ကကြီးရော, ကကြီးရေးချကာက စပြောတော့''

''ကျွန်တော်တို့ အညာအောက်ပြည်ကျေးလက်တွေမှာ ဖားကန့်တက်မယ်၊ သူဌေးဖြစ်အောင်ကြံမယ်ဆိုတာ ကြားဖူးတယ်နော်''

''အင်း''

''ရှိတာလေးရောင်းပြီး ဖားကန့် လုံးခင်းမော်ကို တက်လာပြီဆိုပါတော့၊ ပထမဆုံး သူက အိမ်ငှားနေရမယ်၊ မငှားချင်ရင် ကုမ္ပဏီအကြိုအကြား, ချောင်းကြိုမြောင်းကြား တဲထိုးနေရမယ်၊ အဲဒီကနေ သူဌေးဖြစ်ဖို့က ကျောက်စိမ်းတူးမှရမှာလေ၊ လက်ရှိအခြေအနေက နိုင်ငံတော်က တရားဝင်ခွင့်ပြုတဲ့လုပ်ကွက်မှာပဲ တူးခွင့်ရတဲ့သူက တူးရတာကိုးဗျ''

''အင်းပါ ... အဲဒါ သိပြီ''

''ဒီတော့ ခြေသလုံးအိမ်တိုင်သမားက လမ်းကြောင်း(၂)ခု ရွေးရတယ်။ ကျောက်တူးတဲ့ကုမ္ပဏီမှာ လုပ်မလား။ ဒါဆိုရင်လည်း သူ့အဆက်အသွယ်နဲ့သူမှ, အကျွင်းစာရိတ္တကောင်းမှ ရမယ်၊ လေစာ ငရိုက်ပြီး ငါးသောင်းက စတယ်''

''သူတို့ကျတော့ ဘာလုပ်ရလဲ''

''ခုနကမြင်ရတဲ့ ကားကြီးတွေကို မောင်းတဲ့သူကမောင်း, ကုမ္ပဏီဝင်းထဲမှာ ကျောက်ရှာတဲ့သူကရှာ, ထမင်းချက် ရေခပ်အလုပ်တွေကတော့ အများကြီးပါပဲဗျာ။ ဒါက ထမင်းမငတ်ဘူး။ သူဌေးဖြစ်ဖို့ဝေးတယ်''

''သူဌေးဖြစ်ချင်လို့ ဖားကန့်လာပါတယ်ဆိုမှပဲ''

''ပြောမှာပေါ့ ဆရာကလည်း . . . ကိုးလကြီးတောင် စောင့်ရမှာကို လောနေသေးတယ်''

''ရှူး . . . တိုးတိုး သေးမှာ ကွမ်းယာဆိုင်က ကလေးမလေးတွေ ကြားသွားဦးမယ်''

''သူဌေးဖြစ်ဖို့လာတဲ့သူတွေက သူ့အုပ်စုလိုက် လာမယ်၊ ရှိတာလေးတွေ ရှုပြီး ချက်ပြုတ်စားသောက်ရင်း ခုနကမြင်ရသလို ဈေမဆေးကျောက် ရှာမယ်ပေါ့ဗျာ၊ မော်ဆိုတာက တစ်နေရာနဲ့တစ်နေရာ အဝေးကြီးဗျ ဆယ်မိုင် ဆယ့်ငါးမိုင် ပတ်လည်လောက်ကြီးရှိတာ''

''အေး . . . မြေပုံ မြေပြင်အလွတ်မရလို့ နည်းနည်းရှင်းပြဦးကွ ကိုယ် မျက်စိလည်ချင်နေပြီ၊ ငယ်ငယ်က စာအုပ်ထဲမှာ သင်ရတာက ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်-လုံးခင်း တောမော်ဒေသတွင် အဖိုးတန်ကျောက်စိမ်းများ ထွက်၏။ ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံးဖြစ်၏တဲ့ . . . ဒါလောက်ပဲ သိတာလေ''

''ကဲ ဆရာ . . . လက်ရှိနေရာကနေ အရှေ့အရပ်ကိုလှည့်ထား၊ ဒါက မာဆားမော်နော် . . . မှတ်ထား၊ အရှေ့တည့်တည့်အရပ်မှာ လုံးခင်းရွာရှိတယ်၊ ဥရုချောင်းက အဲဒီလုံးခင်းရွာရဲ့ အထက်မြောက်ဘက်ခြမ်း (၄)မိုင်လောက်မှာ ကံဆီးချောင်းနဲ့ ဆန်ခါချောင်း ဆုံတယ်၊ အဲဒီကနေ ဥရုချောင်းဆိုတာ သနေ့ တည်တာပေါ့၊ ကံဆီးဆိုတာသိမှာပါ . . . ဟိုအဖွဲ့တွေ''

ဘာလဲ . . . ဟိုအဖွဲ့တွေ''

''ကေအိုင်အေပေါ့ဗျာ၊ သူတို့က ကံဆီးဒေသကို အပိုင်မြေလို့သဘောထားပြီး တပ်ရင်း(၆)ဆိုလား၊ တပ်မဟာ(၃)ဆိုလား အခြေစိုက်

ဂုဏ်စၞောဲဂြိုဟ်စးဍုဲပြုပ်ဒှ်ဍံ လာဲစၟဟ်ဗြာလစ်ဂွံဒှ်ဇၞော် ဍုင်ဂကောံ ဒှ်စှ်ဂၠံဂၠိုင်ဗၠေတ်



ဝေငမှုံဝိုးကေငေငှုပ်ပြိမ်းအခေစစ်စ



တယ်၊ ကံဆီးဘက်မှာ စက်နဲ့တူးခွင့်မပြုလို့ ကံဆီးချောင်းက ရကြည်တယ်၊ ကံဆီးချောင်းအရှေ့ဘက် သူတို့ပြဲစာညောင်းတယ်၊ အနောက်ဘက်ခြမ်း ဆန်ခါချောင်းဘေးမှာတော့ နိုင်ငံတော်ရဲ့ အကျိုးတူလုပ်ကွက်တွေဖြစ်တဲ့ ဆန်ခါ၊ ငုပင်၊ မာဆား၊ ဝါကျဲ၊ ကုရေ့ စတဲ့ ခုမြင်နေရတဲ့မှော်တွေပေါ့ ...၊

လုံးခင်းကနေ အောက်ဘက်(၅)မိုင်လောက်အထိတော့ မြစ်အရှေ့ဘက်မှာ ကျောက်မထွက်ဘူး။ ဒါကြောင့် စိမ်းစိမ်းစိုစို လယ်ကွင်းတွေ တွေ့ရတာ၊ ကပ်လျက်က ကုရေ့မှော်ပြီးရင်တော့ ကမ္ဘာကျော်မှော်စီစာဆိုတာ ဟိုဘုရားလေးရှိတဲ့ ရွာလေးကို အမိုပြုတဲ့မှော်ပေါ့။ ရွာက အိမ်ဝိုင်းတွေပါ ရောင်းပြီး ကျောက်တူးကြလို့ ခုတော့ Original မြေကြီးဆိုလို့ ဘုရားကုန်းပဲ ရှိတော့တယ်၊ ဘုရားကုန်းရဲ့ အနောက်ဘက်ခြမ်းမှာတော့ ပေ(၅၀၀) လောက်နက်တဲ့ ရောကန်ကြီးရှိတယ်၊ အဲဒီကန်ကိုတော့ ကမ္ဘာကိုကိုင်လှုပ်ခဲ့တဲ့တွင်းကြီးလို့ ခေါ်တယ်''

''ဘာဖြစ်လို့''

''ကျောက်မျက်ရတနာပြပွဲမှာ ယှဉ်ရှိသန်းဆယ်ဂဏန်းရှိတဲ့ ကျောက်စိမ်းအရည်ကျောက် ရောင်းရလို့ပေါ့ဗျာ၊ မှော်တကာ့မှော်ထဲမှာ မှော်စီစာက နာမည်ကြီးပဲဗျ''

''ဒါနဲ့ ကျွန်တော်တွေ့တာတော့ လုံးခင်းကလူတွေ သိပ်ချမ်းသာလှတယ် မရှိဘူးနော် ...သူလိုကိုယ်လိုပဲ''

''အင်း ...ဘယ်လိုပြောရမလဲ ...မှော်ဆိုတာ ပိုက်ဆံရှာတဲ့နေရာလေ၊ စိမ်ခံတဲ့နေရာ မဟုတ်ဘူး။ ရတနာနယ်မြေဆိုတော့ လက်ဖျားမှာငွေသီးတော့ လောပန်းပေါက်စကလေးတွေက သူတို့တစ်သက်

အိမ်မက်လိုဖြစ်နေတဲ့ စိမ်ဆိုတာကို ဒီမှာယူကြတယ်၊ အဲဒီမှာ ကျဆုံးတာပဲ''

''သူ့မှာ ငွေရှိလို့ စိမ်ယူတာ၊ ကိုယ့်ညီရော စိမ်မလိုချင်ဘူးလား ... ပြောပါဦး''

''စိမ်ယူသူက ခွေးဖြစ်တယ်လေ၊ ပိုက်ဆံလည်း နည်းနည်းရှိမယ်, ကျောက်အကြောင်းလည်း နားလည်မယ်, စီးပွားရေးမျက်စိလည်း ရှိမယ်ဆိုရင်တော့ ချမ်းသာတယ်၊ မှော်ကိုနှိုတွယ်စီးပွားလုပ်တဲ့လူတွေကတော့ ကျွန်တော့်ကိုပဲ ကြည့်တော့''

''ရရစားစား ဝါးဝါးမျိုမျို ဆိုပါတော့''

''မှော်ဆိုတာကို မှော်လို့မခံယူတတ်တဲ့သူကတော့ ဟိုကမြင်ရတဲ့ မှော်စီစာချောက်ထဲမှာပဲ ဘဝတစ်ခုလုံး စုံးစုံးမြုပ်သွားမှာပဲ ဆရာရဲ့''

''ကဲ ကဲ ... ခုနကစကား ဆက်ပါဦး''

''ခုနကပြောတာတွေက လုံးခင်းတစ်ကြောက မှော်တွေပေါ့၊ အဲဒါတွေကို ဒေသအခေါ် အထက်မှော်လို့ ခေါ်တယ်''

''ဒါနဲ့ လုံးခင်းတော့သိပြီ''

''တောမှော်ဆိုတာကတော့ လက်ရှိနေရာကနေ အနောက်မြောက်ယွန်းယွန်းပေါ့၊ အဲဒီမှာကျတော့ တောမှော်, နိုင်ကြင်, ဆမားလို့ ခေါ်ကြတယ်၊ တောမှော်မှာတော့ ငုတ်ကျောက်လို့ခေါ်တဲ့ မှော်စစ်စစ်တွေ ထွက်တတ်တယ်၊ ဆမားမှာတော့ ဆမားကျောက်ဆိုတာ ရှိတယ်၊ သူကတော့ အတုံးအခဲကြီးကြီးပဲ ... ရုပ်တုလုပ်ရာမှာ သုံးတယ်၊ တောမှော်နဲ့ဖားကန့်ကြားမှာ လမောင်ဆိုတဲ့ သမိုင်းဝင်ရွာလေးတစ်ရွာ



လဓမှောင်ရွာရှိ ၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တရားဟောခဲ့သည့် အထိမ်းအမှတ်ကျောက်တိုင်။



ဒုဓိးနွံဝဍ္ဍလိသေၚာဲစနွလေ ဗြၚ်ဒြားဂေလ္ဍပ်ၚ်ပြေၚ်အာစဂစစ

နိုင်တယ်၊ ၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရောက်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတရား ဟောခဲ့တဲ့ အထိမ်းအမှတ် ကျောက်တိုင်လေးရှိတယ်''

''အဲဒီကို သွားကြည့်ရအောင်လား''

''စာရေးဆရာရယ် ... ထမင်းနှစ်နပ်ပဲ ပုံမှန်စားပါ၊ ဟို ကောင်တွေက မတော်လို့ခေါ်သွားရင် အိမ်ကဆရာကတော် ခေါင်းအုံး အသစ် အုံးနေရပါဦးမယ်''

''ကိုယ်က စစ်သားမှမဟုတ်တာ''

''နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရှောင်ဘူး ... သိ တယ်နော်''

''အေးပါ ကိုယ့်ညီရာ၊ ဗိုလ်ချုပ်က လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးလောကက စွန့်ခွာမယ်, စာရေးမယ်လို့ ပြောခဲ့တယ်လေ၊ အဲဒါ စာရေးဖို့ လာတာလား, တိုင်းရင်းသားတွေစည်းရုံးဖို့ လာတာ လား, ကျောက်စိမ်းလုပ်ကွက်ရှာဖို့ လာတာလား စပ်စုချင်စိတ်ပေါက် သွားလို့''

''ဒါဖြင့် ဆရာက ဘာလို့သွားချင်တာလဲ''

''ဟော ... ပြောရမှာလား၊ ကိုယ်က တပ်မတော်မှာ (၂၇)နှစ် တာဝန်ကျေခဲ့ပြီလေ၊ အဲဒါ ဘဝအကြောင်းတွေကို စာရေးမလို့ကွ၊ သမိုင်းဝင်ဆို အကုန်သိချင်တာ၊ ခုလည်း ဗိုလ်ချုပ်က ၁၉၄၆ ခုနှစ်မှာ လမ်းပန်းဆက်သွယ်ရေးဆိုတာ ဘာမှမကောင်းသေးတဲ့ လမောင်ရွာ အထိ လာခဲ့တဲ့, စည်းရုံးခဲ့တဲ့ နိုင်ငံချစ်စိတ်, တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့ စိတ်တွေကို အသိအမှတ်ပြု စာတင်ချင်လို့ပါကွာ၊ ဗိုလ်ချုပ်သာမသေ

ခဲ့ရင် KIA ဆိုတာ ရှိချင်မှရှိခဲ့မှာနော်၊ ဘာသာရေး လူမျိုးရေး အစုံတွေကြောင့်ကွ ... သိလား"

"ရှူး ... တိုးတိုး၊ ဒီပတ်ဝန်းကျင်မှာ ဆရာပုံကြီးက ထီးထီးကြီးဆိုတော့ မသက်ာရင် ဟိုကကောင်တွေ ခေါ်မေးခံနေရဦးမယ်၊ ကဲ ကဲ ... မော်စီတာဘုရားကိုပဲ သွားကြစို့၊ အဲဒီမှာ ရန်ကင်းတယ်ဗျ"

"မောင့်သဘော မောင့်သဘော၊ ကိုယ့်အသက်ကို ထွေနီးဆိုတဲ့ ခေတ်ပုံဆရာလက်ကို အပ်ထားလိုက်ပြီပေါ့"

❑

ဆည်းလည်းသံ တချွင်ချွင်နဲ့ ရွှေရောင်ဝင်းအိနေသော မော်စီတာဘုရား ကုန်းတော်ပေါ်ကကြည့်တော့ ဥရုချောင်း၏ ကွေ့ကာဝိုက်ကာစီးနေသည့် ကျောက်စိမ်းမော်အလှကိုပါ မြင်တွေ့ရ၏။ ချောင်း၏အရှေ့ဘက်မှာတော့ နိုင်ငံတော်နဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ဘဏ္ဍာငွေများစွာ ရှာဖွေပေးနေသော ဖားကန့်ဒေသက ကျောက်မျက်ကုမ္ပဏီများ၏ ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများကို ကွပ်ကဲနေသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ကို ခပ်မှုန်မှုန်မြင်ရ၏။

တောင်ဘက်အရပ်မျက်နှာကို လှမ်းကြည့်လိုက်တော့ အချို့နေရာတွေမှာ ဖုန်းဆိုးမရှိတရှိ မြက်ရိုင်းကြီးများပေါက်လို့၊ အချို့ကတော့ မြေနီနီ ညိုညို တောင်တန်းကြီးများက ဟိုမှသည်မှ ထိုးထွက်နေပြန်၏။

ကိုယ့်မျက်စိ ကိုယ်မယုံနိုင် ဖြစ်တာကြောင့် ...

''ဟော ... ဟိုတောင်ကြီးတွေ လှတယ်နော် ... ညီညီညာညာလေး''

''ဝေးလိုက်ပါဘိတော့ စာရေးဆရာရယ်၊ အဲဒါ ကျောက်စိမ်းကုမ္ပဏီတွေက တူးဖော်ပြီး မြေစာပုံရင်းနဲ့အဲဒီလိုတောင်ကြီးတွေ ဖြစ်လာတာချ''

''ဪ ... ပြောမယ့် ကြုံဖူးမှသိဆိုတာ ဒါပါလား''

''ချောင်းရဲ့အနောက်ဘက်အပိုင်း လုံးခင်းကနေ ဖားကန့်ကို (၇)မိုင် ဝေးတယ်၊ အဲဒီတစ်လျှောက်က မှော်တွေကိုကျတော့ မော်ဝမ်းကြီး, မော်ဝမ်းလေး, မော်မောင်း, ဖားကန့်ကြီး, မျောက်မြို့, ဖားမြင့်, မုံ, မနု, ရှရော်ခ, မက်လင်ချောင်း, ကရင်ချောင်၊ အဲဒါတွေကျော်သွားရင်တော့ ဥရုချောင်းနဲ့ နမ့်မှော်ချောင်းဆုံတဲ့ နမ့်မှော်ပေါက်ဝနားက နမ့်မှော် စသည်ဖြင့်ခေါ်တာပေါ့''

''အရှေ့ဘက်မှာလည်း တောင်ကတုံးတွေ ဖြစ်နေပြီနော်''

''ဟိုမှာ ပထမဆုံးမြင်ရတဲ့ မြစ်အောက်ဘက် ဘုရားကုန်းတစ်ပိုက်ကို ဆန်းကြွယ်မှော်တဲ့၊ သူကတော့ ကျောက်ထွက်တဲ့နေရာ ကုန်ပြီလို့ ပြောကြတယ်၊ အဲဒါကျော်ရင် စပေါ့, ရှမ်းကုန်း, ပိုက်ကျဲ, မှော်ရှန်း, တောင်းကော့, နန့်မှော်, ကျွဲပါးစပ်၊ ပြီးတော့ ကသိုဏ်းတောင်ရောက်တယ်၊ အဲဒါတွေအားလုံး အောက်မှော်လို့ ခေါ်တယ်ဗျ ဆန်းကြွယ်ရဲ့ ဟိုမှာဘက်ကမ်းက ရေခါချောင်းကို ကျော်ရင်တော့ ဖားကန့်ဟောင်း ကောင်လို့ခေါ်တဲ့ ဆိုင်းတောင်ပေါ့ဗျာ''

''အေး ... ကြားဖူးတယ်ကွ''

''အဲဒီမှာတော့ ကျောက်သမားတွေရဲ့ မျက်ရည်တွေနဲ့ ပြောပြ

တဲ့ သမိုင်းပုံပြင်တွေက ရေးမယ်ဆိုရင် ငါးရာငါးဆယ်ဇာတ်တော်ထက် ပိုဦးမယ် ဆရာ''

''ဖားကန့် ဟောင်ကောင် ဆိုင်းတောင်အကြောင်း နောက်မှ ပြော''

''ခုနက နမ့်မော်ဝပြီးရင်တော့ ဥရုချောင်းအတိုင်းဆင်းသွားရင် အရှေ့ဘက်မှာ တာမခံ, ဟောင်ပါးဆိုတဲ့ မော်တွေရောက်မယ်၊ ပြီးရင်တော့ ကျောက်စိမ်းဆိုတာ ပုံပြင်ဖြစ်သွားပြီ ဥရုချောင်းနဲ့ချင်းတွင်းမြစ်ဆုံတဲ့ ဟုမ္မလင်းနားကစပြီး တာမခံ, ဟောင်ပါးနားထိ ချောင်းအပါအဝင် တောတောင်အနှံ့ ရွှေမော်ဖြစ်သွားတာပါပဲ ဆရာ''

''ဖားကန့်က ဘယ်နားကျန်ခဲ့တုံး''

''ခုနကပြောတဲ့ ဥရုချောင်းကြီးထဲမှာကျောက်တူးတာကို ဖားကန့်ကြီးမော်လို့ခေါ်တယ်၊ ဖားကန့်ကြီးမော်ဆိုတာ ဖားကန့်မြို့နဲ့ ကပ်လျက်ပဲ၊ ပတ်ဝန်းကျင်မှာတော့ ဖားပြင်, မမုံ, မနု, ရှရော်ခ, ကရင်ချောင်, မက်လင်ချောင်''

''အဲလိုပြောပါ ... ဒီက ကွန်ပျူတာဘာရိန်းကြီးက နည်းနည်းတောင် ချောင်ချင်လာပြီ''

''အင်း ... ပြောလက်စနဲ့ နည်းနည်းပြောဦးမယ်၊ ဆရာ ဖောက်မပေးနဲ့နော် ... လမ်းချော်သွားမှာစိုးလို့၊ နမ့်မော်ပေါက်ဝရဲ့ တောင်ဘက်မှာတော့ ကသိုဏ်းတောင်ဆိုတဲ့ သံမဏိထွက်တယ်ဆိုတဲ့ သံတောင်ကြီးပေါ့၊ အဲဒီတောင်ကြီးက ရတနာနယ်မြေကို အဆုံးသတ်ထားတာပဲ၊ အဲဒီတောင်ကြီးရဲ့ အရှေ့ဘက်ကလေးမှာ ကမ္ဘာကိုကြေငြာခဲ့တဲ့ တန်(၃၃၀၀)ကျော် ကျောက်စိမ်းတုံးကြီးရှိတယ်၊ သည့်နောက်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ နမ့်ဝမ့်ရွာအနီးရှိ
**တန် (၃၀၀၀)ကျော်စိမ်းရိုင်းတုံးကြီး မြေအောက်ပြတိုက်**





စွန့်ပစ်မြေစာပုံကြီး၊ ဓရမဆေးကျောက်ရှာသူများ၏ ထမင်းအိုးဖြစ်သည်။

တော့ တွေ့မှာပေါ့၊ အဲဒီ တန်(၃၃၀၀)ကျောက်စိမ်းတုံးရှိတဲ့နေရာ ကသိုဏ်းတောင်အရှေ့ဘက်မှာရှိတဲ့ မော်တွေကိုတော့ နမ့်မော်ဝ, မော်ရှန်, မော်ဂလုံ, စပေါ့လို့ ခေါ်ကြသေးတယ်ဗျ ... ဟိုမှာမြင်ရတဲ့ တောင်ညိုညိုကြီးတွေပေါ့''

''တန် (၃၀၀၀)ကျောက်စိမ်းတုံးကြီးရဲ့ရာဇဝင် သိရင်လည်း ချန်မထားနဲ့ဦး''

''နိုင်ငံတော်နဲ့ ဖက်စပ်လုပ်တဲ့ခေတ်က ကျောက်စိမ်းနဂါးကုမ္ပဏီက လိုဏ်ခေါင်းစနစ်နဲ့တူးရင်း တောင်မြေအောက် ပေလေးဆယ်မှာ တွေ့တာ၊ ကျောက်စိမ်းငုတ်ကိုပတ်တူးရင်းနဲ့ အလျား အနံ အမြင့်က တန် (၃၀၀၀) လောက်ဖြစ်လာတော့ နိုင်ငံတော်ကိုလှူပြီး ပြတိုက်လုပ်သွားတာ''

''ထူးဆန်းတယ်ဗျနော် ... လမ်းစဉ်ပါတီခေတ်ကလည်း ၁၉၈၂ ခုနှစ်မှာလည်း တောမော်ရွာအနောက်ဘက် နိုင်ဗူးရွာနားက ကျွှာကျော် (၃၃)တန်ကျောက်စိမ်းတုံးကြီး တူးဖော်ရခဲ့ဖူးတယ်၊ ရန်ကုန်မှာ ရှိတယ်လေ''

''ဟုတ်ပြီ ... သမိုင်းရှိပြီးသားပါ''

''အင်း ... ကိုထွန်းတော့ ဦးနောက်စားရောမယ်ထင်တယ်၊ ဒီနေ့ မော်တရားနာရင်းနဲ့ပဲ နေက တော်တော်ညိုနေပြီကွ''

''ဆရာကလည်း ခုမှပြောမလို့လုပ်တုန်း ရှိသေးတယ်၊ ခု နေဝင်သွားတဲ့ နေရာတစ်ကြောက ဆိုင်းတောင်ရဲ့တောင်ဘက် ဝေခါမော်လို့ ခေါ်တယ်ဗျ၊ အဲဒီကနေ ဆင်းသွားရင် ဆိုင်းတောင်, ဝေခါ, အင်းတော်ကြီး, မော်လူးမော်တွေကနေတစ်ဆင့် မိုးညှင်းကိုပေါက်တယ်''

"အေး ... ကိုယ်ကြားဖူးပါတယ်လို့ထင်နေတာ မိုးညှင်းကနေ ဆိုင်းတောင်-ဖားကန့်ကို သွားလို့ရတာ သေချာတာပေါ့"

"တကယ်ဆိုရင် တောလမ်းက(၃)ခုရှိတာဗျ မိုးကောင်း-ကာမိုင်း- နမ့်ယား-လုံးခင်း တစ်လမ်း။ မိုးညှင်း-မော်လူး-အင်းတော်-ဇေခါ-ဆိုင်းတောင် တစ်လမ်း၊ မိုးရောသီမှာ ဥရုချောင်းအတိုင်း စက်လှေနဲ့တက်တာ တစ်လမ်းပေါ့"

"အင်း ... လမ်းအတော်ကိုဆိုးပြီး ခွက်နစ်တာကလွဲရင် ပြောစရာမရှိဘူး ဆိုပါတော့"

"ဆရာ ... လမ်းဆိုးတာတောင် ထရန်စပို့တာ၊ ဒိုဇာ၊ လုပ်ဒါ၊ ဘက်ဟိုး၊ Dump Truck တွေနဲ့ ဒီလောက်ဥဒဟို သွားလာနေတာ၊ ကားလမ်းကောင်းပြီး ကွန်ကရစ်လမ်းခင်းလိုက်ပါလား ... ဘာဖြစ်သွားမယ်ထင်လဲ"

"လုံးခင်း-ဖားကန့်ရတနာနယ်မြေကြီး တရုတ်ပြည် ရွှေ့သွားမှာပေါ့ဗျ"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

နှစ်ယောက်သား ပြိုင်တူရယ်မောကြ၏။

"အေး ... မင်းအသည်းနှလုံးထဲက စကားတွေက ကိုယ့်မျက်စိထဲ မြင်တဲ့အတိုင်းဆို မှန်သားပဲကွ ... နေဦး၊ ဒီမှာ ကျောက်စိမ်းမော်လုပ်ကွက်တစ်ခုက ယန္တရားနဲ့ ရေဝတီမြစ်ကြီးရွှေ့ရင်တောင် တစ်လမကြာလောက်ဘူးကွ"

"ဟဲ ဟဲ ... အကြီးမပြောလိုက်ပါနဲ့ဗျာ၊ ကျွန်တော်တို့လို မော်ထဲ

က လောပန်းဖြစ်ချင်တဲ့ဘဝများစွာကို မှိတ်ယွပြီး စီးမွှားရှာနေရတဲ့ဘဝ တွေကို သနားပါ။ မြေကြီးက ရွှေသီးတဲ့ ကျောက်စိမ်းမှော်ဒေသကြီးကို ရေကောင်းသွားတွေလိုပဲ မြေး မြစ် တီ တွတ်အထိ လုပ်ကိုင်နေထိုင်ခွင့် လေး ပေးပါဆရာ''

''ကဲ ကဲ ... ဖြန်ကြဦးစို့၊ တော်ကြာ ဟိုတောထဲကကောင် တွေ တွေ့သွားရင် အရင်းထဲက ပါသွားဦးမယ်''

ဆိုင်ကယ်ပေါ်ကို စွေ့ခနဲထိုင်ပြီး ကုဒေမှော်တစ်ကြောကို ဖြတ် သန်း ကျောခိုင်းလာရင်း ...

''ဆရာ ... ပုံပြင်ထဲက ကမ္ဘာကိုကိုင်လှုပ်ခဲ့တဲ့ ကျောက်ကြီး ဆိုတာ ဒီနေရာပေါ့၊ နောက်မှပြောပြမယ်''

''ဘာထဲကွ ... အရင်းမရှိ အဖျားမရှိနဲ့''

မှော်စီတန်း ဘုရားကုန်းတောင်ဘက် ကပ်လျက် မြေပြ ငိမ်းနက်နေသော ရေကန်နက်နက်ကြီးကို ထိုးဖြတ်ရင်း ရောမတန်ဖိုးကြီး ကျောက်စိမ်းတုံးကို ဤနေရာက ရခဲ့သည်ဆိုတဲ့။

''ဆရာ့ကို မှော်အကြောင်းပြောရတာ ခုမှ ကကြီးရောကပဲ ရှိသေးတယ်''

''ကိုယ်လည်း သိချင်တာတွေ အများကြီး။ ဘာတဲ့ ... ရေ မဆေးကျောက်သမား။ ရေမဆေးလောပန်း။ ကောက်ရိုးလောပန်း။ ပိုးသမားလောပန်း။ မှော်ကျိုးကပ်''

''ဖြို ဆရာ ... ဒါဆို ဖားကန့်က မပြန်နိုင်တော့''

''မလုပ်နဲ့ကိုယ့်လူ ... ကိုယ်က မင်းခယောက်ျား။ ထားရာနေ စေရာသွားရမှာ၊ ခုတောင် အကျိုးတူကျောက်သယ်ဖို့ တာဝန်ပေးလို့

ရောက်လာတာ''

''လုံးခင်း–ဖားကန့် ရောက်အောင်လုပ်လိုက်ပေါ့ဗျား ဆရာက တော်သားနဲ့''

''မလုပ်ပါနဲ့ မပုတ္တရယ် အဲ ... ကိုထွန်းရေယ်၊ အချိန်တန်တော့ နွားပိန်ကန်မှာပေါ့''

''မင်းခယောက်ျား ကမ်းနားသစ်ပင်ဘဝနဲ့ ဟိုသီချင်းလေးနဲ့ပဲ ကျေနပ်ရဦးမယ်''

''လုပ်ပါဦး''

♫ ××× ဘာပဲလုပ်ရလုပ်ရစေလ ××× အသက်များပင် ဆုံးစေစေတော့ ××× မတုန်လှုပ်ပါစေမ ××× သူလည်း နိုင်ငံရဲ့ နိုင်ငံကြည့်လေ ××× မာယာဆိုင်းတောင်ဖြတ်ကာ ဓမ္မာ ထဲကို ပို့ချင်ပို့ပစ်လေ ××× သူများတကာတွေ လောပန်း ဖြစ်နေတာတွေ ××× ကျွန်တော်လည်း သူတို့လို စိတ် ကူးယဉ်တာ အမှန်ပဲလေ ××× ရှုရှုမူးမူးနဲ့ လုပ်ခဲ့တာ တွေ ××× မှားတာရှိတောင် ခွင့်လွှတ်ပါဆရာရေ ××× တကယ်ဆိုရင်လေ ××× ကျွန်တော်လည်းပဲ မမောမပန်း ဘဲနဲ့ ××× လောပန်းကြီးတော့ ဖြစ်ပါရစေ ××× ♫

ကိုထွန်းဓာတ်ပုံဆိုင်ရှေ့မှာ ဆိုင်ကယ်ရပ်ပြီး လောကန်နေတုန်း ...

''ဟောတော့ ... အိမ်ထဲဝင်ကြလေ၊ လမ်းမှာ မတ်တတ်ကြီး ကိုထွန်းကလည်း ဧည့်သည်ကိုမှ အားမနာ''

''အေးပါ အဝေးရေယ် ... အစ်ကိုကြီးရဲ့သီချင်းကောင်းလို့

မျှော်သွားတာပါ''

''ကဲ ... ကိုထွန်းရော ညီမလေးရော ပြန်ပြီပေါ့၊ ကျေးဇူး ဥပကာရ အထူးတင်ကြောင်း ပြောပါရစေ''

''See U''

လုံးခင်းကျေးရွာကလေး၏ နေညိုချိန်ကတော့ဖြင့် အညာကျေး လက်က ရွာတွေလို နိုင်းနွားတစ်သိုက် ရွာထဲပြေးဝင်လာတာလည်း မတွေ့ရ၊ ဖုန်တထောင်းထောင်းနဲ့ လှည်းတန်းကြီးတွေလည်း မရှိ။ ပင်ကျရှည်ထွက်တဲ့ ထန်းပင်က ဝေလာဝေး။ ကားမျိုးစုံ ဆိုင်ကယ် အုံ့ပုံက ညအိပ်မှပဲ နေရာမှာ ကြီးသလိုခေါင်းထိုးလို့ မှော်တစ်နေတာရဲ့ အနားယူချိန်မှာ ကာရာအိုကေ စားသောက်ဆိုင်များက တီးလုံးများက ပတ်ဝန်းကျင်ကို လွှမ်းမိုးလို့နေပါတော့သည်။

❑❑❑

# ငါဟာ လေသမန်း

- အညာတစ်မြေကြော ငါတို့တောရွာ မိုးခေါင်ရေရှားတယ်လို့ ဘယ်သူကများ မှည့်ခေါ်ထားသလဲ ငါသိချင်။
- ဇာတိချက်မြှုပ်ဇနပုဒ်မှာ ပူပြင်းခြောက်ကပ် တံလျှပ်ကယ်ခုန် ငါမပြိုလို့ မြည်ကာဟစ်ကြွေး မာနလေးတွေ ထားခဲ့မိပါသော။
- မိုးသောက်ကြက်တွန်မလင်းခင်က ယာခင်းထွန်လို့ ဝီရိယစော သော်လည်း မောမှန်း ငါမသိခဲ့။
- နွေဦးတပေါင်း မိုးဦးကာဆုန်ဆိုလို့ မိုးမုတ်သုန်ကို ငါမျှော်သော်လည်း အစိုးမရခဲ့။
- ထယ်ရေးရယ်နဲ့ ပင်ထနောင်းနဲ့ ထန်းတောဆီက မိုးကိုမျှော်ရင်း လွမ်းရတဲ့နှမ်းပင် အသောက်က ခပ်ငင်ငင်။

❑ ဥတုရာသီ ဆိုရာမည်ဏ်။ နှလုံးသားမရှိ၊ လာသည့်အခါ သူလာမည်၊ ရွာသည့်အခါ သူရွာမည်။

❑ မျှော်မရသည့်အဆုံး လှလုံးမလှ ငါဘဝတုံးရရှည်ရဲ့ဟု ယာတော နှင့်နှမ်းခင်း ထန်းပင်ရှင်းကို ကျော်ခိုင်းရို့ ငါပြင်ရပြီ။ ပိုင်ဆိုင်လေသမျှသော ယာတစ်ခင်း ဖြန့်ကျက်ကာ နှင်းလျှောက်ခဲ့လာ မျှော်လင့်ချက်တို့ရဲ့ဌာနေ။

❑ နွံတွဲယာခင်း အရင်းပြုဖို့ အရေရှော် မှောထဲကိုတဲ့ တက်ခဲ့သနော်။ မှော်ဘဝအစ ရောက်ပါပေါ့ ရေမဆေး။

❑ ကားကြီးကားငယ်အသွယ်သွယ်က သွန်ချမြေတာ မြင့်မိုရ်ပမာကို အားကာဝတ်စုံ ပိုင့်ဖိနပ်အစုံနှင့် စိန်တူဝရမိန်ကို လက်မှာကိုင်လျက် စွန့်စားမှုအသွယ်သွယ် ဘဝက ခက်ခဲတယ်။

❑ လုယက်ကာတိုးလှန် ကျောက်စိမ်းတုံးမှန်မှန်ကို အသက်စွန့်ပြီး လိုက်ခေါက်ရတာ ပျော်ပင်ပျော်လိုက်ပါသေးရဲ့။

❑ ဝသန်ပေါမန် လွန်ချိန်တန်လို့ ဂိမှာန်ရောက်လည်း ချိန်ခါမဲ့ မိုးကတော့ သည်းချင်သည်းတာပဲ။

❑ ကော်ဖီရောင်သွေး ဥရုမြစ်ကြွေးထဲမှာ ကိုယ်ကရေးညှော်မွတ်ကာ ပျော်လည်း ဖန်တစ်ရာတေလို့ မည်းတာပါပဲ။

❑ လောဘ၊ ဒေါသ၊ မောဟ အနှစ်တွေနဲ့ ပြည့်ဝပျော်ရည်ဖြစ်နေတဲ့ ဥရုချောင်းက ငါ့ခန္ဓာကိုယ်က ဒုက္ခဆင်းရဲ အညစ်အကြေး ကင်းစင်မှု မပေးနိုင်ခဲ့။

- ပုစွန်တုပ်ကျွေးလို့ မဝနိုင်တဲ့ မော်ဆဲက ဆောင်းခေတ် ကြွက်နိုက်လှိုင် နန့်စပ်နဲ့ဦးရေ ရှိမ်ပြုပြုသေရည်ကို တမြုံ့မြုံ့မော့ရင်း ဘဝ အမောတွေဖြေလျှော့နိုင်ဖို့ ကြွက်နိုက်ကာပဲ အားတင်းတာရတဲ့ အခါခါ။
- လောပန်းအမွေတွေ စီးလေသည့် ဖိမ်ခံကား မော်ဒယ်(လ်) ပင်များလောက်ပါရဲ့ ဘယ်ကမိုက်ဆံရကြပါလိမ့် စဉ်းစားမိတယ် အခါခါ။
- ကိုယ့်မှာ တရက်စုတ်၊ ဆိုင်ကယ်စုတ်ကို ထမင်းအိုးရှင် အိမ်ကြီးရှင်လို့ ခေါ်ရမယ့် ရေမဆေးလောပန်းက မကြည့်မသာ ငှားတာလေးလောက်နဲ့ ကျေနပ်နေရ ကိုယ့်ဘဝပါလားနော်။
- သို့ပါသော်လည်း ကျောမွဲငုံ့ဘဝ အချိန်ကို လိုချင်ရင်တော့ နေမှ က စောင့်ရပေမယ်။ အသီးကို ချူချင်ရင်တော့ အပင်စိုက်ရမယ်။
- ဥစ္စာရှာ မာနကို နှိပ်ချထား ဆိုစကားကို ပမာပြုလို့ လောဘ ဒေါသ မောဟတွေ ဦးနှိမ်ခါထားပါမှ ဒီတစ်ညတော့ဖြင့် အိမ်ရေး ဝရမယ့် ငါ့ဘဝပါလား။
- ရေမဆေးအိမ်မက် လျှော့မတွက်နဲ့နော် တစ်နေ့တစ်လုံး ပုဂံမြေ မလဲ ဆိုသလို မဝေးတော့တဲ့ အနာဂါတ်မှာ ငါဟာ လောပန်း တစ်ယောက် ဖြစ်မှာကောင်း မဟုတ်လားဗျာ။

''ဝဲ ညွှတ် အဝေး အခဝေးအခြေသွေ့ဂါမှ ဝေနိုဝ်းရွှိဝေဝ်
ဝေသှူဝဝဝဵိနိဵး''

ညနေက ဆိုင်ကယ်တစ်စီးနဲ့ မှော်ထဲကိုလျှောက်လည်တာ ဘယ်သူမှ မသိလိုက်၍ တော်သေးသည်။ သိရင် တားကြမှာ ကေနမလွဲ။ ကေအိုင်အေက နည်းနည်းလှုပ်နေ၍ သတိနှင့် သွားလာနေကြသော ကြောင့်ပင်။

မိုးချုပ်ချုပ်မှာ လုံခြင်းရုံးက ရိပ်သာကိုဝင်တော့ ဖွားဖက်တော် ဗိုလ်မှူးသုဝဏ်က ရိပ်သာမှာရောက်နှင့်နေပြီ။ လက်ထဲမှာလည်း Black ကြီးနဲ့။

''ဟာ အစ်ကိုကြီး .. ရှာလိုက်ရတာ၊ ဘယ်သွားနေတာလဲဗျ''

''ရောက်တုန်းပေါက်တုန်း မှော်မျက်လုံးသွားတပ်တာ ညီလေး ရေ''

''သွားမယ်ဆိုလည်း ပြောပေါ့ အစ်ကိုကြီးရာ၊ ကျွန်တော်က ပါဂျဲရိုးတစ်စီး စီစဉ်ပေးမှာပေါ့''

''ပါဂျဲရိုးစီးရမှာထက် ဟိုဘက်အိမ်က မင်းဘာဘာ ညွှန်မှူး ဦးအောင်စိုးက လုံခြုံရေးစိတ်မချလို့ မသွားပါနဲ့ဆိုမှ နှစ်လုံးတည်းနဲ့

ဘောင်းဘီကျွပ်နေရင် ဒုက္ခ''

''အင်းပါ အင်းပါ၊ ခုရော တော်တော်စုံခဲ့ရဲ့လား''

''အင်း ... မဆိုးပါဘူး''

''ဟော ... တင်အောင်မိုးကြီးပါ ရောက်ပြီဟေ့၊ ဒါဆိုရင်တော့ ဖွားဖက်တော်တွေ စုံသွားပြီပေါ့''

''အစ်ကိုကြီးရောက်မယ်လို့ ကျွန်တော်မကြားပါဘူး။ လုံးခင်းက ကြိုဆိုပါတယ်ဗျာ''

''ကဲ ... ဖွားဖက်တော်များ လုံးခင်းရောက်ခြင်းအထိမ်းအမှတ် အဖြစ် တစ်ပွဲလောက်ခွဲလိုက်ကြရအောင်၊ Whisky Women & War ဆိုသလိုပေါ့ကွာ''

''Cheers''

ကျွန်တော်ရယ်၊ ရေတာ်က ဗိုလ်မှူးသုဝဏ်ရယ်၊ ဗိုလ်ကြီးတင် အောင်မိုးရယ်က သင္ဘုတ္တင်းခန်ကြီးဌာနသို့ ပြောင်းရွှေ့မိန့် အတူတူ ထွက်ကြပြီး ကိုတင်အောင်မိုးက သင္ဘုတ္တင်းဦးစီးဌာနမှာ တာဝန်ကျတယ်။ ကျွန်တော်က နေပြည်တော်မှာ၊ ကိုသုဝဏ်က လုံးခင်းမှာဆိုတော့ ရေမဆေးကျောက် ကောက်ရသလိုပင်။

အထည်ကျောက်လား၊ အရည်ကျောက်လား၊ အသားကျောက် လားဆိုတာ မကွဲပြားသေး။ ကျွမ်းကျင်သူအပေါ်မှာမူတည်ပြီးတော့ တန်ဖိုးတွေက မြင့်ချင်ရင်မြင့်သွားပါလိမ့်မည်။ RJ (Reject Jade) (ရတနာတန်းမဝင်သောကျောက်) များတော့ မဟုတ်ကြတာ အမှန်ပင်။ တပ်မတော်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် တာဝန်ကျခဲ့ကြတာ မဟုတ် လားဗျာ။

"အစ်ကိုကြီးစာအုပ်တွေ လုံးခင်းမှာ တော်တော်ရောင်းရတယ် ဟုတ်လား၊ ကော်မရှင်ပေးဦးနော်"

"ပေဘာမှာ သူ့ကိုမေး"

ကိုတင်အောင်မိုး၏မေးခွန်းကို ကိုသုဝဏ်ဘက်မေးငေါ့ရင်း အဖြေပေးလိုက်၏။

"အခက်အခဲမရှိပါဘူး အစ်ကိုကြီးရာ၊ အခု ကားအစီး (၁၅၀) ဆင်းမှာလေ၊ တစ်စီး တစ်အုပ်ပေါ့"

"ဆရာ ... အဲလိုတော့ မလုပ်နဲ့၊ ကြိုက်မှယူပါစေ၊ မကြိုက်ရင်တော့ ကိုယ်က စိတ်ဆိုးမှာပဲ"

"ကဲ ပိုင်လိုက်တဲ့ရိုက်ချက် ... ဘယ့်နှယ်လဲ"

"ကိုယ်က စာအုပ်ဖြန့်တာ အဓိကမဟုတ်ပါဘူးကွာ၊ တိုက်ပွဲ ဝင်ရှုတွေ ဖတ်ဖူးတဲ့ ကားသရာက တိုင်းပြည်ချစ်စိတ်ဝင်သွားမယ်လေ၊ ပြီးတော့ 'မြန်မာပြည်သားကိုကို' ဆိုတာလည်း သိသွားမယ်၊ စိတ်ဆက်တာပေါ့၊ အဲဒီတော့မှ သူတို့စိတ်ဝင်စားတဲ့ ကျောက်လောက လောပန်းအကြောင်း စာရေးပြီး ဖြန့်ပေးဦးမှာ"

"ဒါရိုက်တာမိုက်တီးတို့ကတော့ ရိုက်ချက်က ပြင်းပါ့ဗျာ"

"ကမ်းပိတ် ... ဝမ်းတောင် ... Go on"

ပြီလ(၂)ရက်နေ့ညကတော့ မိဝေးဖဝေး ချစ်သူဝေးတဲ့ သူရှူး သူကြွယ်၊ သူဆွေးငယ်၊ လုံမငယ်တို့ မွေ့လျော်ရာ မော်ဆိုတဲ့ ဒေသမှာ တစ်ညတာ အိပ်စက်အနားယူခဲ့ပါပြီ။

❑

ဖွေပါနေတဲ့မြေထောက်ကိုက အပြင်မနေ။ မနက်(၅)နာရီထိုး တာနဲ့ ရှပိုးက ထိုးချင်နေကြပြီ။ ခရီးအတူတူလာတဲ့ အစ်ကိုကြီးမြင့် အေးတို့ကတော့ ဘယ်နှခုနှစ်ကတည်းက အကြွေးတင်နေသည်မသိ သော အိပ်ရေးအကြွေးတွေ ဆပ်တုန်း။ အိပ်ရာထဲမှာ ကွေးကြတုန်း။

မြို့တင်းပေါက်ကကြည့်ရင် မြင်နေရတဲ့ နှင်းမှုန်မကွဲတကွဲ ဥရုချောင်းကြီးနဲ့ စိမ်းစိမ်းစိုစိုတောတောင်ကြီးတွေက မြို့ဆွယ်နေတာ ကြောင့် ခြောက်နာရီမထိုးခင် ရုံးကထွက်ခဲ့လေ၏။ ဥရုချောင်းတံတား ကြီးကို စိတ်ကူးရင်းနဲ့ လမ်းလျှောက်ဖြတ်သန်းပြီးတော့ လုံးခင်းရွာ ဘက်ထိပ်မှာ စပ်စုပါတော့တယ်။

"ဟော့ ညီလေး ... ဒီနားမှာ လက်ဖက်ရည်ဆိုင်ကောင်း ကောင်း၊ ထာပွဲလည်းရှိတဲ့နေရာ ဘယ်မှာရှိလဲကွဲ့"

"လောပန်း မျက်စိမှောက်လာပြီထင်တယ်၊ ထာပွဲတို့ ထောင် ကဲတို့ဆိုတာ မိုးကုတ်မှာပဲရှိတာ။ ဒီမှာက ကျောက်စိမ်းမှော်လေ ... လောပန်းတို့ ကျောက်ဝိုင်းတို့ပဲ ရှိတယ်"

"အေးပါကွာ ... ကိုယ်က ယောင်သွားလို့ပါ"

"ရှေ့ ကိုက်တစ်ရာလောက်သွားရင် အရှေ့အနောက်လမ်းမ ကြီး တွေ့မယ်၊ အဲဒီကျရင် ဘယ်ဘက်ကိုလိုက်၊ လမ်းဘေးမှာ ကျောက် စိမ်းဖြတ်ခုံတွေ တွေ့မယ်၊ ကိုက်နှစ်ရာလောက်သွားရင် ညာဘက်က ရာစုသစ်လက်ဖက်ရည်ဆိုင်က ကျောက်ဝိုင်းပဲ"

"ဪ ... ဟုတ်လား"

“အဲဒီမှာ လောပန်းတို့လိုပဲ ပိုက်ဆံအိတ်ကိုင်ပြီး စိတ်ကူးယဉ်နေတဲ့သူတွေက အများကြီး”

“အိုကေ ညီလေး … ကျေးဇူး”

ပိုက်ဆံအိတ်ကို လယ်သာဂျာကင်တစ်ဖက်မှာထည့် ဟန်းဖုန်းနှစ်လုံးကို တစ်ဖက်မှာထည့်ပြီး ချိန်ခါမဟုတ်ရွာတဲ့ ရွာလယ်က ရွှံ့ဗွက်ရေအိုင်တွေကို ရှောင်ကွင်းရင်း သွားနေမိ၏။ ဟန်းဖုန်းနှစ်လုံးက CDMA တစ်လုံး၊ GSM တစ်လုံး ဖြစ်ပါ၏။ မှော်ထဲမှာ တစ်လုံးမမိရင် တစ်လုံးမိမှ အဆင်ပြေပါတယ်တဲ့ဗျာ။ မိုးကုတ်ပတ္တမြားမြေမှာ သူဌေးကို သောင်ကဲ၊ ကျောက်ဝိုင်းကို ထားပွဲ။ ဩော် … ဒါလည်း ဒေသကွဲပေသကိုးဆိုပြီး ပြုံးချင်ရယ်ချင်စိတ်က အမြဲမှားနေတတ်သော ကိုယ့်ကို ကိုယ်ရယ်နေတော့သည်။ မေးပါများ စကားရ သွားပါများ ခရီးရောက်၊ ထိုင်မနေအသက်ရှည်လို့ ဆိုထားတယ်မဟုတ်လား။ အားလုံးကတော့ ကျွန်တော့်အတွက် ဗဟုသုတဟင်းလေးအိုးကြီးကို မြည်းစမ်းကြည့်နေရသလိုပါပဲ။

တွေ့ပါပြီ …။

စားပွဲ(၁၅)လုံးလောက်ရှိတဲ့ ခြေတံရှည်နှစ်ထပ် ပျဉ်ထောင်အိမ်ကလေးရဲ့မြေညီထပ်မှာ ယုံကြည်မှုအပြည့်ရှိတဲ့မျက်နှာနဲ့ ယောကျ်ားမိန်းမ (၅)ဝိုင်းလောက် ထိုင်နေတာရယ်၊ အစားအသောက်တွေကို အထွေအထူး မှာမစားတာရယ်၊ ကျောက်မျက်စိလို့ခေါ်တဲ့ ဝရဇိန်လက်နက် ကျောက်ကြည့်ဓာတ်မီးကလေးကို စားပွဲပေါ်မှာ ဟန်နဲ့တင်ထားတယ်ဆိုတော့ ဒါ ကျောက်ဝိုင်းပဲပေါ့ဗျာ။

“ဒီခုံ ထိုင်လို့ရမလားဗျ”

''ဟုတ်ကဲ့ ထိုင်ပါဗျ ... ဘာများမှာမလဲ''

စားပွဲထိုးလေးက ပြုမှုနေကျအတိုင်း ပဋိသန္ဓာရစကားဆိုတ်။ ကိုယ့်ရဲ့ဟန်ပန်ကို ပတ်ဝန်းကျင်ကကြည့်နေတာကို ဆင်ခြင်၍ မြန်မာအားလုံး နားလည်သောစကားကို မြန်မာလိုမပြောဘဲ ဟန်နဲ့ဝင်ထိုင်လိုက်တော့ တတိယကမ္ဘာစစ်တုန်းက မကြေညာဘဲဝင်တိုက်ခြင်းလို့ အလိုလိုသိပြီးသား။ ကျောက်ဝယ်တော့မည့်သူ ဆိုတာကိုပေါ့။

စားပွဲအချို့က မျက်လုံးအစုံကတော့ ကိုယ့်ကိုစောင့်ကြည့်နေကြပြီ။ လက်ကြီးသမားလား။ မန္တလေးကတက်လာတဲ့သူလားဆိုတာ နားနဲ့မျက်လုံးတွေကနေ Searching လုပ်နေပေရော့မည်။

ထိုင်နေရင်း လူငယ်အချို့က ဂျာကင်အင်္ကျီနှင့်တစ်မျိုး။ ပလတ်စတစ်အိတ်ကလေးကို ကျစ်နေအောင်ထုပ်၍တစ်ဖုံ သူ့အထာနှင့်သူ ဆိုင်သို့ ဝင်လာကြလေ၏။ လှမ်းရှိုးလိုက်တော့ ဟိုဘက်စားပွဲမှာ ခုနက ဆရာကြီး၊ ဆရာမကြီးတို့က ဝင်လာတဲ့ ရေမဆေးကျောက်သမားလေးနှင့် ကျောက်ကြည့်ဓာတ်မီးလက်နက်ကို သုံး၍ စစ်တိုက်နေကြပြီ။

အသက်(၄၀)လောက် အသားဖြူဖြူခန့်ခန့် ကပြားမိန်းမကြီးတစ်ယောက်က လက်သီးဆုပ်လောက် ကျောက်တုံးကို စိတ်မပါသလိုပါသလို ကြည့်ရင်း တိုက်စစ်ဆင်ပါလေ၏။

''ငါ့မောင် ... ဒါ ဘယ်လောက်အော်လဲ''

''ငါးရာပါ အစ်မ''

''ဟင် ... နင့်ဟာက ပြချက်တောင်ဖွင့်မထားဘူး''

''သေချာကြည့် ... မှော်စီစာပါ အစ်မရဲ့ ကျွန်တော်ပြမယ်''

ပြောပြောဆိုဆို လူငယ်က သူ့လက်ထဲမှာ အသင့်ပါလာသော



ကျောက်စိမ်းအရိုင်းတုံးကို ပွတ်စားရာမှ အရည်ခွဲဝင်မှုကို ဤသို့သိနိုင်သည်။

ဍုၚ်ဓဝေဍုၚ်ဂြာဗိုဒ်ဍဿ ဗဗဓဍောံဗလာံဂြဲဗဗှ် ဍုၚ်ဓုဓဍဗာံဂြဲဓဗဗဗိုဗဍုၚ်ဗဍုၚ်ဍုၚ်ဗ ဗဗဗ်ဍုဝ်ဍုၚ်



ဓာတ်မီးနှင့် သူ့အစကပြချင်နေသော ပြချက်နေရာကို ဟန်ပါပါစိုက်ထိုး ပြရင်း ...

''တွေ့လား ... ဒီမှာ အရည်က စိုက်ဝင်နေတာ၊ ကျွန်တော် ညက တစ်ညလုံး ဆေးပြီးမှလာပြတာ''

ပွဲစားမက ဓာတ်မီးထိုးထားတဲ့ကျောက်ကို လှမ်းရှို့လိုက်ရုံနဲ့ ကျောက်မျိုး ပင်ရင်းမှော်၊ အရည်ဖွဲ့ဝင်မှုအနေအထား၊ ဈေးကွက်တို့က ကွန်ပျူတာလို ဦးနှောက်ထဲမှာ အဖြေထွက်သွားပေပြီ။

''အင်း ... ဆက်ပြပါဦး''

''မနေ့က ရေမဆေးလက်ထဲက သူ့လောပန်းမသိအောင် မနည်းဆွဲထုတ်ခဲ့ရတာ၊ ပေးကြည့်လေ အစ်မ လဝ်ကီး''

''ကဲ ငါမောင် ... နင့်ကျောက်ကို သေသေချာချာကြည့်ပြီးပြီ။ နင့်ကျောက်က တစ်ရာထက်မတန်ဘူး။ ဒါတောင် နင်နဲ့ငါနဲ့ ကံစပ်မှ ရမှာ၊ သူများသွားရောင်း ဘယ်သူမှ ဒီဈေးမပေးဘူး။ မယုံရင် လိုက်ပြလိုက်၊ တစ်ရာနဲ့ဖြစ်တယ်ဆိုရင် ငါစဉ်းစားမယ်''

ပြောပြောဆိုဆို ပွဲစားမက ကျောက်ကိုလှည့်မကြည့်ဘဲ လက်ဖက်ရည်ကုန်ခါနီးဆဲဆဲခွက်ကို ဟန်ပါပါ တစ်ငုံမော့လိုက်ရင်း ကောင်လေး၏စိတ်ကို မသိမသာ အကဲခတ်လိုက်၏။

ကောင်လေးက ကျောက်ကလေးကို စိတ်မပါတက်မပါပြန်ယူ၍ ကျောက်အိတ်ထဲကို ပြန်ထည့်လိုက်၏။ သူ့မျက်နှာမှာပေါ်လာတဲ့ ငါးရပြီး တစ်ချက်ကတော့ သွားတက်ကလေးပင် ပေါ်သွားအောင်ပြုံးသွားတာကို သေသေချာချာကြည့်မှသာ ဂရုပြုနိုင်ပေမည်။

သူ့အတွေးထဲမှာတော့ ရွာကထွက်လာတာ သုံးနှစ်သုံးမိုးရှိပြီ

စရိုတ်ပြွတ် ငှက်ဖျားခွဲ အရက်ဗွဲတဲ့ဘဝ၊ အနေဆင်းရဲလို့ ရေမဆေး လောပန်းဆီမှာ နေစရိုတ် စားစရိုတ်လောက်နဲ့ နေလာရတာ တော် တော်လည်းမောလှပါပြီ၊ ခုနက လောပန်းပြောတဲ့ သိန်းတစ်ရာဆိုတဲ့ ဈေးက ဒီကျောက်ကို လည်ရောင်းနေတဲ့အထဲမှာ အမြင့်ဆုံးပေးတာပဲ၊ ဒီတစ်ချက်ကတော့ ငါ့ဘဝပြောင်းပြီ ထင်ပါရဲ့ ဆိုတဲ့လောဘစိတ်ကို မျိုသိပ်ရင်း ...

''အစ်မ သိန်းတစ်ရာဆို ရောင်းမယ်ဗျာ ... အစ်မဘက်က ဈေးပြတ်မလား''

''အဲဒါပြောတာပေါ့ ငါ့မောင် ... အလုပ်ဆိုတာ ကံတူအကျိုး ပေးတဲ့၊ ကံတူမှ အကျိုးပေးတာ၊ အခုပဲကြည့်လေ ... ငါနဲ့တွေ့တော့ ကျောက်ရောင်းရပြီ မဟုတ်လား''

''ကဲ ... ပြောမှာဖြင့် ပြောဗျာ၊ အစ်မနဲ့ပြောပြီးမှ ကျွန်တော် တခြားမှာ မရောင်းချင်ဘူး''

''ငါ့မောင်နဲ့အစ်မနဲ့ ၅၀း၅၀ ရှယ်လိုက်မယ်၊ ဟောဒီမှာ သိန်း ငါးဆယ် ... ဘယ့်နှယ်လဲ၊ အဲ တစ်ခုတော့ပြောမယ် ... ငါ့မောင် ဘက်က နောက်ဆက်တွဲ သူဆိုင်တယ် ကိုယ်ပိုင်တယ်ဆိုတာတွေ ပါမလာနဲ့နော်၊ ဘယ်သူ့နဲ့မှ စကားမပြောဘူး။ ပွဲစားသိန်းမေဆိုရင် ကျောက်လောပန်းသမားအားလုံး သိတယ်''

''အင်း ... ကောင်းတာပဲ၊ ဒါဖြင့် ရော ... ကျောက်၊ ပေး ... ငါးဆယ်၊

''ရော ... ဒီမှာ ငါးထောင်တန်ဘတ်စည်း၊ ပါကင်ထုပ်ပဲ စစ်လိုက်''

ကောင်လေးက ကျွတ်ကျွတ်အိတ်ထဲက ပါကင်စည်းထားသော ငွေကို အတန်းလိုက်ရေတွက်ရင်း ...

''ကျောက်ကိုဘယ်လိုဆက်လုပ်မှာလဲ အစ်မ''

''ငါက ငါးသောင်းပေးပြီးပြီဆိုတော့ ငါနဲ့လည်း ဆိုင်တယ်။ ဦးလက်နဲ့ ပြန်ရောင်းမယ်၊ မင်း မလှမ်းမကမ်းမှာနေ၊ ငါ အရောင်းအဝယ်လုပ်နေတုန်း တစ်ခွန်းမှ ဝင်မပြောနဲ့၊ ဝင်မရှုပ်နဲ့''

''ဟုတ်ကဲ့ပါအစ်မ စိတ်ချပါ ... ကျွန်တော် ဟိုဘက်မှာရှိပါ့မယ်''

ပြောပြောဆိုဆို လူငယ်က သိန်းငါးသောင်းငွေထုပ်ကိုပိုက်၍ လမ်းတစ်ဖက်ခြမ်းက လက်ဖက်ရည်ဆိုင်ကို ထွက်သွားလေပြီ။ သူ့စိတ်ကူးအိပ်မက်ကတော့ တော်တော်ကိုလှသွားပြီ။ ခုကျောက်က မြေတာပုံမှာ သက်စွန့်ဆံဖျား စိန်တူတစ်လက်နဲ့ အလုံးပေါင်းများစွာ ခေါက်ပြီးရှာလာခဲ့ရတဲ့အထဲမှာ ကားပေါ်က ကျလာလာချင်း လူယက်ပြီး ကိုယ်ကဦးလို့ ရလာတဲ့ကျောက်။ ညက တစ်ညလုံး မအိပ်မနေဆေးထားတဲ့ကျောက်။

ခုတော့ ပင်ပန်းရကျိုးနပ်ပြီ။ ညီမလေးအတွက် နားကပ်တစ်ရန်၊ အညာကရွာကိုပြန်ရင် ဆိုင်ကယ်လှလှတစ်စီးနဲ့ ရွာမှာ မော်နိုင်ကြွားနိုင်ပြီပေါ့ ဆိုတဲ့အတွေးတွေနဲ့ ခြေထောက်က မြေနင်းမထိသလို ပေါ့ပါးပြီး လမ်းတစ်ဖက်ခြမ်းက လက်ဖက်ရည်ဆိုင်ကို ရောက်သွားတော့သည်။ လက်ထဲက ငွေထုပ်ကြီးကတော့ အိပ်မက်များစွာကို မက်နိုင်ပြီပေါ့များ။

အိပ်မကြာပါချေ ...။ နွံ့ဖွက်တွေပေနေသော ကားဘီးကို သံကြမ်းကြမ်းမောင်းရင်း ပါဂျဲရိုးတစ်စီး ဆိုင်ရှေ့မှာရပ်၍ တံခါးကို

ခပ်ဆောင့်ဆောင့်ဖိတ်လိုက်ရင်း လူရွယ်တစ်ယောက် ကားပေါ်က ဆင်းလာ၏။

''ဟာ ကိုယ့်အစ်မ ... မှိုရတဲ့မျက်နှာပါလား။ ဘာတွေ့မှာလဲ ... ပြော''

''ငါ့မောင် အသက်ရှည်ဦးမယ်၊ ခုပဲ နင့်ဆီဖုန်းဆက်နေတာ၊ လူကြီးမင်းနဲ့တိုးနေလို့ ... ခဏထိုင်ဦး''

''တော်ပါပြီ အစ်မရယ် ... ဒီတစ်ခေါက် မှော်ထဲတက်လာတာ စားစရိတ်သောက်စရိတ်သာ ကုန်သွားတယ်၊ ကျောက်ကောင်းတစ်လုံးမှကို မရဘူး''

''ကဲ ... ငါ့မောင်ဖြစ်ချင်တာ အစ်မနဲ့တွေ့ရင် ဖြစ်ပြီလို့သာ သဘောထားလိုက်၊ အစ်မ ကျောက်တစ်လုံးရထားတယ်၊ မပြန်ခင် ဆွဲသွားပါလား ... ဟောဒီမှာ''

ဒေစတ်တုန်း ဒေတွင်းထဲကျသူကို ပွဲစားမက ကျောက်တစ်လုံးကို စားပွဲပေါ်ချပေးရင်း မျက်လုံးများကတော့ လောပန်းလေးကိုကျော်ထွန်း၏ မျက်လုံးများကိုသာ စိုက်ကြည့်နေတော့၏။

ကိုကျော်ထွန်းက ကျောက်တုံးကို စိတ်ဝင်တစားကြည့်ပြီး အားကောင်းကောင်းခေတ်မီးတစ်လက်နဲ့ ဘယ်ပြန်ညာပြန် ထိုးရင်း ...

''မဆိုးပါဘူး ... အခွံပါးလေး။ မှော်စီတာဆိုတော့ မျိုးကောင်းကျောက်ပဲ၊ ခု မြင်ရတဲ့အရည်သာ တစ်လက်မလောက်ခွဲရင်တော့ လှမှာပဲ ... ဒါ အစ်မဟာလား''

''ကြိုကြိုဖန်ဖန် ငါ့မောင်ရယ် ... အစ်မက ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ပိုင်မှ ကျောက်ကိုင်တာပါ။ မပိုင်ရင် ခြင်တောင်မရိုက်ဘူး။''

''အရင်း ဘယ်လောက်ကျလဲ''

''ငါးရာငါးဆယ်ကျတယ် ... ဒါပေမဲ့ အစ်မက ငါ့မောင် ကြိုက်ရင် ကြည့်လုပ်ပေးမှာပါ။ နောင်လည်း ဆက်ဆံရမယ့်သူတွေပဲ ဟာ''

ဘေးကထိုင်ကြည့်ရင်း သွားရည်ကျနေသောကိုကိုက လောဘ သားပေပို့ စပ်စုဖို့အားယူပြီး သူတို့စားပွဲကိုထသွား၍ ကျောက်တုံးကို ကိုင်ကြည့်လိုက်ရာ ...

''ဟို အစ်ကို ... ကျွန်မတို့ အရောင်းအဝယ်စကားပြောနေကြ တာရှင့်၊ ကိုယ့်စည်း ကိုယ်စောင့်ပါ''

''ဟား ဟား ဟား ... ကြိုက်ပြီဟေ့၊ ဒါကို ကျောက်လောက လို့ ခေါ်တာကိုး''

စိတ်ထဲက ပျို့တက်လာသောစကားလုံးကို မျိုသိပ်ရင်း အတွေး တစ်ချက် ခေါင်းထဲပြေးဝင်လာ၏။ ရတနာဆိုတာ ရှားပါးခြင်း၊ တာရှည် ခံခြင်း၊ လှပခြင်း၊ အစားထိုးမရနိုင်ခြင်း ဆိုတဲ့ ဂုဏ်ခြင်တွေကို ပိုင်ဆိုင် ထားတာကို ပြောတာတဲ့။

တန်ဖိုးတော့ရှိတယ်။ တန်ဖိုးသတ်မှတ်ထားတာ မရှိဘူးတဲ့။ တန်ဖိုးဆိုတာ ရောင်းသူဝယ်သူရဲ့ ဒေသန္တရဗဟုသုတ ကြွယ်ဝမှု၊ ရတနာအကြောင်း နားလည်မှု၊ ဈေးကွက်ကျွမ်းကျင်နှံ့စပ်မှုတို့အပေါ်မှာ မူတည်တယ်တဲ့ဗျာ။ ဟုတ်မှာပေါ့ ... အဲဒါတွေအားလုံး ခု မြင်နေ ကြားနေရတာက သက်သေခံနေပြီလေ။

''အစ်မ ... ငါးရာထားဗျာ၊ ကျွန်တော် ငွေလည်း သိပ်မပါ တော့လို့''

''မရဘူး ငါ့မောင် ... ဒီကျောက်ကို အစ်မကိုယ်တိုင် ရွေ့လိ တက်ရောင်းရင် ဟိုတယ်မှာဒိမ်နဲ့တည်းပြီး တစ်ထောင်အသာလေး ရိုက်ရောင်းလို့ ရတယ်''

''ဒါဆို အစ်မသိနေတာပဲ၊ အစ်မပဲ ရောင်းလိုက်ပေါ့ဗျ''

''မဟုတ်ဘူးကွဲ့ ... ကျောက်က ရှယ်ယာပါနေလို့၊ အနည်းဆုံး ခြောက်ရာတော့ထား- ငါ့မောင်၊ ငွေရေးကြေးရေးက ဒီလောက်မဟုတ်ပါဘူး။ ငွေမလောက်တော့လည်း မန္တလေးရောက်မှ ဟွန်ဒီနဲ့လွှဲလိုက်ပေါ့ ... မဟုတ်ဘူးလား''

လောပန်းလေးကတော့ ဒီလိုကျောက်ကောင်းတစ်လုံးကို လွယ်လွယ်နဲ့ လက်မလွှတ်ချင်တော့။ ကျောက်တုံးကိုဆကိုင်ရင်း ရောင်းသူဝယ်သူ နှစ်ဦးလုံးက တစ်ယောက်နဲ့တစ်ယောက် ခေါင်းနေကြ၏။ စိတ်ထဲမှာ မတူညီနိုင်သောအဖြေက အလိုလိုထွက်နေကြပေမည်။

မခင်သန်းက ဒီမနက် လက်ဖက်ရည်တစ်ခွက်ပင် ကုန်အောင်မသောက်ရသေး။ စိတ်ကူးထဲက ဂဏန်းပေါင်းစက်ထဲမှာ သိန်းငါးဆယ်ရင်းပြီး သုံးရာ့ငါးဆယ် ချက်ချင်းသေချာပြီဆိုတော့ ဘုရားပေးတဲ့ငွေရတော့မည်။

လောပန်းကလည်း တရုတ်နှစ်သစ်ကူးအပြီး မဟာအောင်မြေကျောက်ဝိုင်းမှာ ကျောက်ရှားနေချိန်။ ဒီလိုအရည်ခဲသာ ပွဲတိုက်လိုက်လို့ကတော့ သိန်းတစ်ထောင်က ပိုပိုလေးရမည်။ တရုတ်နှစ်သစ်ကူးပြီးချိန် တရုတ်ဝယ်လက်တွေက ငွေထုပ်ဖင်ထိုင်ဝယ်နေတဲ့အချိန်ဆိုတော့ ငွေအောင်းစရာမလို။ ငါးရာရင်းလို့ ငါးရာမြတ်မယ့်အရေး လက်လွှတ်မခံနိုင်။ ဒါကြောင့် ...

“ကဲ အစ်မ ... ဖြတ်ရအောင်၊ ခု ကားပေါ်မှာ ငါးရာပါတယ်၊ ကျန်တဲ့တစ်ရာတော့ မနက်လေးမှာ ရှယ်ယာခေါ်ပြီးမှ ပို့လိုက်မယ် ... ရလား”

“ဖြစ်ပါတယ်ငါ့မောင်ရယ်၊ ပါဂျဲရှီးနဲ့ကျောက်လာဝယ်တဲ့လောပန်းကို သိန်းတစ်ရာလောက်နဲ့ ထည့်ကိုမထွက်ဘူး”

“ဖြတ်တယ်နော်၊ ဒါဆို ကျောက်ပေး၊ ကားပေါ်မှာ ငွေလိုက်ယူ၊ နောက်ဆက်တွဲပြဿနာ မရှင်းဘူးနော်”

“အင်းပါ အင်းပါ”

(ခေါင်းသည်ဆိုသည်မှာ ကျောက်တစ်လုံး၏ ဇစ်မြစ်၊ အရည်အသွေး၊ ဈေးတန်းနှင့်အလားအလာကို စိတ်ကူးဖြင့် တွက်ဆခြင်းဖြစ်ပါသည်။ လူကို ခေါင်းသည်ဆိုသည်မှာ ထိုလူ၏ စိတ်တိမ်းညွတ်ဖြစ်ပေါ်မှုကို မျက်နှာကိုကြည့်၍ မှန်းဆခြင်းဖြစ်သည်။)

နာရီဝက်မျှကြာသော် လုံးခင်းရွာထဲက ရာစုသစ်လက်ဖက်ရည်ဆိုင်ကတော့ လက်ဖက်ရည်တစ်ခွက်တန်ဖိုးများကို ကြိုက်သလိုသာ တွက်ချက်ကြပါကုန်၏။ ပါဂျဲရှီးလောပန်းက သိန်းငါးရာရင်းပြီး သိန်းထောင်ချီပိုက်ဖို့ စိတ်ကူးယဉ်၍ ကားပေါ်ကိုတက်သွားပြီ။ ပွဲစားမခင်သန်းကတော့ သိန်းငါးဆယ်ရင်းပြီး အပြောမကောင်းရင် နှစ်ရာငါးဆယ်၊ စကားမကျွံရင် သုံးရာငါးဆယ် လက်ထဲပိုက်သွားမည်။ အညာမြေက ထန်းတောကိုစွန့်ပြီး သုံးနှစ်သုံးမိုး မော်ထဲမှာ သက်စွန့်ဆံဖျား ရေမဆေးကျောက်ရှာတဲ့ ကိုရင်လူထွက်ကလေး မောင်ညြကတော့ ဘဝနှင့်ရင်းပြီး သိန်းငါးဆယ်လက်ထဲထည့်သွားပြီ။ ကံကောင်းလို့ ပွဲစားမ သနားရင်တော့ သိန်းနှစ်ရာခန့်မျှသော မြန်မာငွေကိုပိုက်လို့ ရေ

မဆေးသမားဘဝက ကျွတ်တမ်းဝင်မည်။ ကျေးလက်တောရွာမှာတော့ လောပန်းဆိုတဲ့ သူဌေးလေးဘွဲ့ခံပြီး အိမ်တစ်ဆောင် ဝီးတစ်ပြောင်းနဲ့ နေနိုင်ပေမည်။ ကျောက်အကြောင်းကိုလည်း နားမလည်ဘဲ မှော်ထဲမှာ ကညာပျို ယမကာမှိုနဲ့ ရာမဆိုတဲ့ စည်းစိမ်နောက် လိုက်ရင်တော့ မှော်ထဲမှာပဲ အရိုးတွန်ချေဦးတော့မည်။

မြင်ကွင်းထဲက အလျှိုလျှိုထွက်သွားသူများကို ကြည့်၍ တစ်ယောက်ချင်း စိတ်ကူးထဲလိုက်ပါမျောရင်း လက်ဖက်ရည်ခွက်ကလေး အေးစက်စက်ဖြစ်နေတော့မှ မော့ချလိုက်ရတော့၏။ မခင်သန်းက မသွားခင် မေးတစ်ချက်ငေါ့၍ အထာပြုံလေးပြုံးရင်း ကျွတ်ကျွတ်အိတ်မည်းကြီးကို ဆွဲ၍ထွက်သွားစဉ် ...

"ဆိုင်ရှင် ... ခုလက်ဖက်ရည်ဝိုင်းအားလုံးအတွက် ကျွန်မရှင်းမယ်၊ Lucky ဖွင့်တဲ့သဘော၊ အစ်ကို ... သွားဦးမယ်နော်"

နှုတ်ဆက်ရင်း ကြည့်သွားပုံက စီးပွားရေးမှာ ဘောင်မကျော်ရဘူး၊ လျှင်သူစားစတမ်း ဆိုတဲ့စကားကို ရင်ဘတ်ထဲကပြောနေသလားလို့ ထင်ရအောင် မျက်လုံးများက လှစ်ပြသွားခဲ့လေသည်။

နွေခေါင်ခေါင်မှာ သကြန်မိုးလား၊ ဝသန်မိုးလားမသိတဲ့ ချိန်ခါမဲ့မိုးကြောင့် လုံးခင်းရွာလယ်လမ်းမကြီး လက်ဖက်ရည်ဆိုင်ရှေ့က စေးထန်းနေသောမြေက ဗွက်တန်းဖြစ်သွားသည်ကို ကြည့်မိ၏။ မှော်ထဲမှာ မိုးကိုလည်း အစိုးမရ လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ဆန္ဒတွေကိုလည်း အစိုးမရတာကို မဆီမဆိုင်တွေးရင်း ငေးနေမိ၏။

"လောပန်း ... ခဏထိုင်မယ်နော်"

ရုတ်တရက်ကြည့်လိုက်တော့ Field Jacket ခပ်နွမ်းနွမ်းဝတ်

သွားပြီး သားရေဖိနပ်ခပ်နွမ်းနွမ်းလေးနဲ့ဆိုတော့ အင်း ... လမ်းပေါ် ပွဲစား ကျောက်သမားလေး ဖြစ်မှာပဲဆိုပြီး ...

''ထိုင်ပါ ညီလေး ... ကိုယ်ကဧည့်သည်ပါ။ ဒါနဲ့ ...''

''လောပန်းကို ကြည့်ရတာ ကျောက်ဝယ်ဖို့စောင့်နေတာလား ဘဲ့ ဒီဆိုင်ကို လာတဲ့သူတွေက ကြိုက်တဲ့ကျောက်တွေကို ရွေးရင် ပြန်ကြတာပဲ''

''အယ် ... ကိုယ့်ဘာသာကိုယ် ထိုင်တာပဲကွာ''

''လောပန်းကြည့်မလားလို့ပါ၊ ကျွန်တော့်မှာ ပစ္စည်းပါလာလို့''

''ကိုယ်က မျက်စိမှောက်ပြီး မော်ထဲခဏရောက်လာတာပါ။ ရတနာပြပွဲတွေမှာ ယူရိုသန်းချီတန်တဲ့ ကျောက်တွေလောက်ပဲ မျက်စိ ပေါက်တယ်ကွ၊ မှန်း ... ကြည့်ရအောင်''

ပြောဆိုနေရင်း လူငယ်က ဂျာကင်အိပ်ထဲက လက်သီးဆုပ် အရွယ် ပလတ်စတစ်ပတ်ထားသော ကျောက်တုံးလေးကို ဆွဲထုတ်ရင်း အိတ်ထဲက အပါးတော်မြဲ ကျောက်ကြည့်ဓာတ်မီးလေးနဲ့ ဟိုထောက်ဒီ ထောက် လုပ်ပြနေလေပြီ။

အတွေးထဲမှာတော့ စောစောကပွဲစားမနဲ့ ရေမဆေးသမားလေး အဲ့လို သူ့ကို ခေါင်းရအောင်ကလည်း ကိုယ့်မှာ ကျောက်မျက်စိက ရှိ ခုကွာတော့တော်တော်ကျနေပြီ။

''ရော့ လောပန်း ကြည့် ... ဒါက အမဲကြောမော်ကြီးက ကျောက်လေ၊ ကျောက်ဆီကျောက်သား ကောင်းတယ်ဗျ''

ဓာတ်ညွှန်းရေးဆရာက ရှေ့ကနေ လမ်းပြနေပြီဆိုတော့ မင်း သားက အလိုလိုလိုက်၍ ကပြီးသားဖြစ်သွားပြီထင်၏။

ဓာတ်မီးလေးယူပြီး ကျောက်တုံးကို ခပ်ဆဆကိုင်ရင်း အရည်မန်းဟုထင်ရသော စိမ်းပုပ်ပုပ်နေရာလေးကို ဟန်ပါပါစိုက်ထိုး၍ ...

''ကိုယ့်ညီ ... ဘယ်လောက်ဆိုတုံး''

''တစ်ပုံးတည်းပါ လောပန်း။ ဘယ်သူ့ကိုမှ မပြရသေးဘူး။ လောပန်း လပ်ကီးဖွင့်လိုက်ပါလား''

''အင်း ... ကိုယ်က ဘာမသိညာမသိနဲ့ စရိတ်ပြတ်ရင် ဒုက္ခဖြစ်နေပါဦးမယ်''

ပိုက်ဆံအိတ်ထဲက ငွေကိုစိတ်ကူးနှင့်မှန်းဆလိုက်တော့ လမ်းစရိတ်က တစ်သိန်းအေးအေးကျန်သေးသည်ဆိုတော့ ...

''နှစ်သောင်းလောက်ဆို မရဘူးလား မင်းဟာက''

''လောပန်းရယ် ... ကျောက်စိမ်းလေ၊ လမ်းခင်းကျောက်မှမဟုတ်တာ''

''ဒါဆို ငါးသောင်းထားကွာ''

''လပ်ကီးဖွင့်လိုက်မယ်လေ၊ လောပန်းကြီးတွေအားလုံးက ဒါမျိုး လုံးစွပ်တွေခေါင်းရင်းနဲ့ တိုက်ဆောက် ကားဝယ်စီးတာဗျ''

အမယ် ... တယ်ဆိုပါလား။

''အဲဒါဆို မင်းပဲပြန်ယူလိုက်လေ''

''သဘောပြောတာပါ၊ ငါးသောင်းဆိုတဲ့ငွေက လောပန်းအတွက် စားသောက်ဆိုင်တစ်ခါထိုင်ပဲ ရှိတာ၊ ဖြတ်လိုက်လို့ အရည်ခဲသွားရင် ကျွန်တော့်ကို မမေ့နဲ့နော်''

''အေးပါကွာ ... ရော့ ငါးသောင်း''

ရောင်းသူက ခေါင်းတာလား၊ ဝယ်သူက ခေါင်းတာလားတော့

ည် ... ငွေငါးသောင်းနှင့် လုံးချွပ်ကျောက်တစ်လုံး အရောင်းအဝယ် ည့်သွား၏။

လက်ဖက်ရည်ဆိုင်ကအထွက် ဖွက်တောတွေကို ကျွေးပတ် ကျောက်ရင်း စဉ်းစားမိတာက ဒီကျောက်ကို နှံရောက်လို့ဖြစ်ရင် အရည် ခံနိုင်ရင် တစ်မျိုး။ အလားအလာမရှိ ဈေးအင်မိရင် တစ်မျိုးပြောကြ ဦးမည်။ ငွေငါးသောင်းလောက်နဲ့ ဘဝပြောင်း,မပြောင်း တစ်ခါတည်း ပမ်းသပ်ချင်စိတ်က လွှမ်းမိုးလာ၏။

'ကံကောင်းခြင်း ကျောက်ဖြတ်နံ'

လမ်းဘေးက ကျောက်ဖြတ်နံလေးမှာ ကျောက်တုံးလေးကို ကိုင်ရင်း ...

''ညီလေးရေ ... ဒါလေး တစ်ခုခုလုပ်ချင်တယ်ကွာ''

ဖြတ်နံဆရာက ကျောက်တုံးကို တစ်လှည့်၊ လူကို တစ်လှည့် ကြည့်ပြီး မချိမချဉ်မျက်နှာနဲ့ ...

''ဆရာ ... ဒီထိပ်ကပြချက်ပဲ အရည်မန်းလိုလို တွေ့ရတယ် ပြန်ရောင်းမှာလား, စမ်းမှာလား။ ပြန်ရောင်းရင်တော့ ဒီအတိုင်းပဲ ကောင်းတယ်''

''ငါ ဘာလုပ်သင့်လဲ ... ပြောဦးလေ''

''ပြန်ရောင်းရင်တော့ ထောင်ဂဏန်း ရနိုင်ပါတယ်၊ ဖွင့်ရင် တော့ ဆရာ့ကံပဲလေ၊ ကျောက်မှာ ဆရာမရှိဘူး ... အားလုံး ကံရယ်, ဉာဏ်ရယ်, အတွေ့အကြုံနဲ့ယှဉ်ထားတဲ့ပညာပဲ ရှိတယ်''

''မင်းစကားက အဆန်းပါလားကွ''

''ဟုတ်တယ်လေ၊ ဆရာပဲ စဉ်းစားကြည့် ... ရေမဆေးတစ်

ယောက်က ကျောက်ရတယ်ဆိုပါစို့ သူ့ဉာဏ်ကောင်းရင် ကျောက်ကို ပြချက်ကောင်းအောင်လုပ်ပြီး ရောင်းမယ်၊ မြေကြီးထဲကထွက်တဲ့ ကျောက်ကို သူရတာဆိုတော့ သူကြိုက်သလို လုပ်လို့ရတယ်လေ၊ ကံကောင်းရင် အရည်ပါတဲ့ကျောက်ကို ရမယ်၊ အတွေ့အကြုံအရ ကျောက်အကြောင်းကိုနားလည်ရင် အကြမ်းဖျင်းတော့ ကျောက်တစ်လုံး ရဲ့ဈေးကွက်ကို သိမယ်၊ အဲဒီသုံးခုပေါင်းရင် လောပန်းဖြစ်နိုင်တာပေါ့''

''ငါ အမှန်အတိုင်းပြောရရင် ဝယ်လာတာက ငါးသောင်း အရင်းရှိတယ်၊ ပြန်ရောင်းလို့ ထောင်ဂဏန်းပဲဆိုရင်တော့''

''ဆရာက ဖြတ်မလို့လား''

''အင်း ...ကံစမ်းတာပေါ့''

''ဆရာ ...အရမ်းလည်း ဝမ်းမသာနဲ့ဦး၊ ကျွန်တော့်ဖြတ်ခုံကို လာဖြတ်တဲ့သူတွေ ခဏ ခဏ ဖြတ်ရုံးဖြစ်လို့ ခု နာမည်ပြောင်းထားရ တာလေ''

''ငွေငါးသောင်းနဲ့ ဘဝပြောင်းသွားတာမျိုး တွေ့ဖူးချင်လား''


''ကဲ ကဲ ...ဆရာ ကံကောင်းခြင်းတွေ ပိုင်ဆိုင်နိုင်ပါစေ''

ဖြတ်ခုံဆရာက ကျောက်တုံးကို သေသေချာချာဆကိုင်ကြည့် ရင်း ...

''ကဲ ...ဆရာဖြတ်စေချင်တဲ့နေရာကို ဟောဒီ မာကာပင် လေးနဲ့ နန်းဆွဲပေးလိုက်ပါ''

''မောင့်သဘော မောင့်သဘော ...Go on ကိုယ့်ညီ''

ဂျင်ဒေါင်းအခင်ဂျင်လေးကို ကော်နှီးပြီး ဖြတ်ခုံပေါ်မှာ အကောင်း ဆုံးဖြစ်နိုင်မယ့်နေရာက ဖြတ်တောက်နေပါပြီ၊ ငွေကြေးတန်ဖိုးနည်းလို့



ဗစးဍုင်ဓေးဂွန်ယ လောစဵုဓဒှ်လဍာ်ပြဂြ္ဍဝ်ယဂ မ္ဂိုၚ်ဂရှ်ဂြဳ

ရင်မခုန်ပေမယ့် တော်တော်လေးတော့ စိတ်ဝင်တစား ဖျော်လင့်ချက် ထားမိတာ အမှန်ပင်။

ဖြတ်တောက်ပြီးသွားတဲ့ ကျောက်နှစ်ခြမ်းကို မူလအတိုင်း အုပ်ပေးပြီး

''ဆရာ ... ကံစမ်းလိုက်တော့''

ဖဲမရိုက်တတ်ပေမယ့် ရှိုးရိုက်သူများ ဖဲချပ်ပွတ်သလို ကျောက်နှစ်ခြမ်းကို ရင်ခုန်စွာလှန်လိုက်ပါ၏။ တဒင်္ဂသောစိတ်ကူးအိပ်မက်တတော့ အရှည်ဥသွားရင် ငါ့ကံပဲ ဆိုတဲ့သဘော။

''ဟင် ... သွားပါပြီကွာ''

ပြောရင်းဆိုရင်း ကျောက်သင်ပုန်းမျက်နှာပုံသဏ္ဌာန် ပြာတာတာကျောက်ဖြတ်သားကို မကြည့်ရဲကြည့်ရဲကြည့်ရင်း ကျောက်စိမ်းတုံးအခြမ်းကလေး လက်ထဲက လွတ်ကျသွားလေ၏။

''အလိုကြီးတော့ အရုန့်ပြည်။ လောဘကြီးတော့ ဒီလောက်တာ။ ကျောက်အကြောင်းမသိ၊ ကျောက်မျက်စိမရှိဘဲ သောက်ရူးထချင်ဦး ကွာ''

ဟု တစ်ယောက်တည်း မြည်တမ်းမိတော့ ...

''ဆရာ ... စိတ်မပျက်ပါနဲ့၊ ဆရာ ငါးသောင်းဖိုး ပညာရသွားတယ်မဟုတ်လား''

''အေး အေး ... အရှုံးထဲက အတွေ့အကြုံ မြတ်တာပေါ့''

စိတ်မပါတပါနဲ့ ငါးသောင်းတန် တန်ဖိုးမဲ့ကျောက်တုံးနှစ်ခြမ်းကို ပြန်ကောက်ကိုင်ရင်း လုံခြင်းရှာထဲမှ ခေါင်းငိုက်စိုက်ချထွက်လာမိပါ၏။ ဆာမားဒူးဝါးဆင်ဝါးနှောင်၏ကောင်းမှု ဥရုချောင်းတံတားပေါ် အရောက်

မှာတော့ တံတားကြီးပေါ်ကနေ ကျောက်တုံးနှစ်ခြမ်းကို အားကုန်လွှဲပစ်ပေါက်ရင်း ...

"အင်း .. ကျောက်သမားတိုင်း ကျောက်အောင်ရင် ကျောက်စိမ်းမှော်ဒေသမှာ ခေါင်းရွက်ဈေးသည်တို့ ရေမဆေးသမားလို အခြေခံလူတန်းစားတွေ ဘယ်မှာရှိပါ့မလဲ"

လို့ တစ်ယောက်တည်းတွေးမိရင်း ဖြတ်မုံဆရာလေး၏ လောပန်ဖြစ်ဖို့ဆိုတာ ကံရယ်၊ ဉာဏ်ရယ်၊ အတွေ့အကြုံကပေးတဲ့ ကျောက်မျက်ပညာမျက်စိ လိုအပ်တယ်ဆိုတာကို လက်ခံနားလည် နှလုံးသွင်းထားလိုက်ရလေတော့သည်။

□□□

''ယမ်း နဲ့ မနီး မှ မသိရင် ကျောက်လုပ်စားနဲ့ ကိုသိန်းလူ၊
ခါးတော့သွားမယ်''

''ဘော်ဒါကြီး … ကျောက်ပိုင်သွားတယ်ဆို''

''ဟာ … မဟုတ်ရပါဘူးဗျား ကြုံလို့ဝင်လာတာပါဗျ''

''ဘယ်ရုံလောက်ဖိုး အတွေ့အကြုံရခဲ့တုံး''

''ငါးသောင်းဖိုး''

''ဟဲ ဟဲ … မဆိုးပါဘူး။ ငါးသောင်းဖိုးနဲ့ ပိုးလေးနည်းနည်း ငြိမ်သွားတာ''

ရာဖြတ်အရာရှိ ဦးမင်းသူက မထီတထိကလေးနဲ့လိုက်တာကြောင့် ရင်ထဲကစကားလုံးတွေက ငိုချင်လျက်သက်တို့ခံရသလို ဖြစ်သွားဓါ။ နေပြည်တော်က မထီရတနာခန်းမကြီးပတ်လည် နေမှုမှာ အတူတာဝန်ထမ်းဆောင်ရင်း လုံးခင်းကို ပိုတင်နှင့်ရွှေလာသူဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိသူမို့ ကျောက်သမားပီပီ ခေါင်းခံလိုက်ရပေပြီ။

''မပြောချင်ပါဘူး ကိုမင်းသူရယ်၊ အစကတည်းက ကျောက်ပိုင်းသွားချင်တာ၊ ပိုက်ဆံအိတ်ပါမသွားရင် ကောင်းသား''

''လုပ်ပါဦးဗျ . . . အတွေ့အကြုံလေးလည်း မျှဝေပါဦး၊ ကော်ဖီလေးတစ်ခွက် သောက်ရင်းပေါ့''

ကိုမင်းသူက Geology ဘွဲ့ရဆိုတော့ ရာဖြတ်အဖွဲ့မှာ တာဝန်ကျ၏။ တပ်မတော်ကပြောင်းရွှေ့လာသူများကတော့ လုပ်ကွက်တိုင်းတာရေး အကျိုးတူကျောက်မျက်ကုမ္ပဏီများကို ထိန်းသိမ်းကြီးကြပ်ရေး၊ ရုံးလုပ်ငန်းကွပ်ကဲကြပ်မတ်မှုတာဝန်များကို ခွဲဝေတာဝန်ယူရေးသဖြင့် တာဝန်တွေထမ်းဆောင်နေကြတာကြောင့် ကျောက်စိမ်းတူးဖော်ရေးဌာနရုံးကြီးကတော့ လုပ်ငန်း၊ အချက်အလက်၊ ပစ္စည်းထားသိုထိန်းသိမ်းတင်ပို့မှုလုပ်ငန်းများကို ကွန်ပျူတာစက်များဖြင့် နေ့စဉ်စာရင်းချုပ်နေနိုင်သော စက်ရုံကြီးတစ်ခုနှယ် ညည်ကားလို့နေ၏။

''ဗိုလ်မှူးကလည်း ကျောက်ကလေးဘာလေးလိုချင်လည်းပြောပေါ့၊ ဒီရုံးက နယ်မိထည့်ပေးလိုက်ရင် ခုလိုကြီး ငွေးတခေးခြောက်ပိပြီး ရေစိုနေတဲ့ပုံ ဖြစ်မလာတော့ဘူး''

''ခင်ဗျားပြောမှပဲ ကျွန်တော်မျက်နှာက မယားငယ်သေတဲ့မျက်နှာပုံ ပေါက်နေပြီထင်ပါရဲ့ဗျာ''

''ပြောပါဦး . . . ဘာတွေထိလာတာလဲ''

''သက်သေကတော့ ဟို ဥရုချောင်းထဲက ကျောက်စိမ်းခြမ်းနှစ်ခြမ်းက ပိုသိမှာပါဗျာ''

ကျွန်တော်က မနက်ကဖြစ်စဉ်လေးကို ပြောပြလိုက်တော့ . . .

''ဒါကတော့ဗိုလ်မှူးရယ် . . . မမှားသော ရွှေနေ့, မသေသော ဆေးသမားဆိုတာ မရှိဘူးလေ''

''ကဲ လုပ်ပါဦး . . . ဖြတ်ခုံက ကောင်လေးက စကားတစ်ခွန်း



ခကျောက်စိမ်းအရိုင်းတုံးကို ဘျိကဲ့သို့ ကျောက်ကြည့်ဓာတ်မီးဖြင့်
ထိုးပြီးမှန်းဆ၍ အရောင်းအဝယ်ပြုလုပ်ကြသည်။

၊ဍြဲလေၚ္ဂစြုံခွံနွံသဗြဴဆာဲဖ္ဍက်ဂွံပြာ ဌဴပၟိက်ဍုဝေံဂှ်ဝေဒေဝ ဍုင်ဇၞော်ဍုင်ဂ္ဍိုန်ဗဒှ်ကွ္ဍန်လ္ပာ်ယဝ်ရ။



ပြောလိုက်တယ်၊ ကျောက်ဆိုတာ ကံရယ်, ဉာဏ်ရယ်, အတွေ့အကြုံ ပေးတဲ့ ပညာရယ် ပေါင်းမှ ကြီးပွားနိုင်တာ, ရပ်တည်နိုင်တာတဲ့''

''အင်းပေါ့ … Geologic သဘောအရ မပြောဘဲ မှော် ကားနဲ့ပြောရရင် ယမ်းနဲ့မန်းမှ မသိရင် ကျောက်လုပ်မစားနဲ့တဲ့''

''ယမ်း နဲ့ မန်း … လုပ်ပါဦးဗျ Vocabulary အသစ်ကြီးပါ သား''

''အခုလည်း မိုလ်မှူးက ရေမဆေးဆီက ဝယ်လာတာမဟုတ် လား''

''လာပြန်ပြီ … အနာပေါ် တုတ်ကျနေပါတယ်ဆိုမှ''

''ကျွန်တော်ပြောချင်တာက ရေမဆေးဆိုတာ ကျောက်နား လည်မှ လုပ်စားလို့ရတာ၊ ဈေးကွက်သိရင်တော့ ရေမဆေးဘဝကို ကျော်သွားပြီး ပွဲစားလောက ရောက်သွားပြီ''

''အင်း''

''မှော်ထဲမှာ အခြေခံလူတန်းစား (၃)မျိုးရှိတယ်ဗျ၊ ပထမဆုံး ကတော့ ကုမ္ပဏီတွေကနေ အနယ်နယ်အရပ်ရပ်ကခေါ်လာတဲ့သူတွေ၊ သူတို့ကိုကျတော့ ကုမ္ပဏီက နေစရာ ထိုင်စရာ စားစရာပေးတယ်၊ သတ်မှတ်လခ ပေးတယ်၊ သူတို့အလုပ်က လုပ်ကွက်မြေပုံက သယ် လာတဲ့မြေထဲက ကျောက်ရွေးရတာပေါ့ဗျာ၊ ဘာမှပူစရာ မရှိသလို ချမ်းသာဖို့အကြောင်းလည်း နည်းတာပေါ့၊ စက်ရုံအလုပ်သမားလိုပဲ သဘောထားပါ …၊

နောက်တစ်မျိုးကတော့ ငါးမွက်ရာငါးစာချတဲ့ ခေါင်းရွက်ဈပ် ထိုးဈေးသည်လေးတွေပေါ့၊ ဘယ်ကုမ္ပဏီက ဘယ်လုပ်ကွက်မှာ တူးနေ

တယ်၊ ကျောက်ကြောကောင်းတယ်၊ အဲဒီမြေစာကို ဘယ်မှာသွန်တယ် ဆိုတာ သိတယ်ပေါ့၊ မြေစာပုံသွန်တဲ့နေရာမှာ ဈေးရောင်းဖို့ Customer ရှိတယ်လေ၊ သူတို့ရဲ့ပစ်မှတ်က ရေမဆေးကျောက်ရှာသူ ... တစ်နည်းအားဖြင့် လောပန်းလောင်းတွေပေါ့ဗျာ''

''ဒါဖြင့် ရေမဆေးအကြောင်းကို ကျွန်တော်က ပိုပြီး စိတ်ဝင်စားလာပြီ''

''ရေမဆေးသမားတစ်ယောက် ရပ်တည်နိုင်ဖို့က အဓိက စိတ်ဓာတ်နဲ့ ကျန်းမာရေးပဲလေ၊ မြန်မာပြည်အနှံ့အပြားက ချမ်းသာချင်တဲ့ လူတွေရဲ့ ဆုံရပ်တစ်ခုကတော့ ရေမဆေးလို့ပဲ ဆိုရမှာပဲ၊ အရင်ခေတ်ကလို ကျောက်စိမ်းကို ခိုးတူးလို့မရတော့ဘူး။ သတ္တုတွင်းဝန်ကြီးဌာနက လုပ်ကွက်တွေသတ်မှတ်၊ နိုင်ငံတော်ကို အဆိုပြုငွေသွင်း၊ တူးလို့ရတဲ့ ကျောက်စိမ်းကို တန်ဖိုးဖြတ်၊ အခွန်ဆောင်ပြီး စည်းနဲ့ဘောင်နဲ့ သယ်ရ ရောင်းရတာဆိုတော့ စာအုပ်ကြီးအတိုင်းသာဆိုရင် ရေမဆေးဆိုတာ ရှိစရာအကြောင်းကို မရှိတော့ဘူး''

''ကျွန်တော်တွေ့တာတော့ လုံးခင်း–ဖားကန့်မော်မှာ ရေမဆေးလုပ်စားသူ လူသုံးသိန်းလောက်တောင်ရှိ ဆိုပဲဗျ''

''ဒါကြောင့်ပြောတာပေါ့ ... မော်က အကျယ်ကြီး မျက်စိတစ်ဆုံး။ ပြီးတော့ ကံဆီးအထက်ဘက် ဆန်ခါချောင်းဖျားတစ်ဝိုက် ဆိုရင် အငြိမ်အဆက် ကေအိုင်အေတပ်ရင်း (၆)က အခြေပြုထားတယ်လေ၊ သူတို့ဩဇာ သက်ရောက်နေတယ်ဆိုတော့ လွတ်လွတ်လပ်လပ် တူးလို့ မရပြန်ဘူး။ နိုင်ငံတော်ကလည်း လုပ်ကွက်သတ်မှတ်ပေးမထား သေး၊ သူတို့ကိုပေးရတဲ့ အဖိုးအခက ဘူးလက်အကြီးအသေးပေါ် မူ

တည်တယ်ထင်တာပဲ၊ ကျောက်မျက်ကျွတ်တွေရဲ့ ကျောက်တူးဖော်တဲ့ နေစ်ကိုက ရေမဆေးသမားတွေအတွက် ချက်ပြီးသားထမင်းဝိုင်း ရော့တ် သီးစင်စပ် ပုပုလောင်လောင်ဟင်းကို လုပြီးစားသလို အရသာလည်းရှိ လျှာကလည်းလည်၊ ပူမှာလည်းကြောက်ရပြန်ရော၊ ဒါပေမဲ့ စားကောင်း တယ်နော်၊ အဲဒီတော့ ပူပေမယ့်လည်း ရအောင်ရှာစားကြတာပေါ့''

''ဪ ... ဒါကြောင့်ဖြစ်မယ် ... မနေ့က မာဆားမော်ကို ရောက်တော့ ရေမဆေးသမားတွေ လူ(၅၀)လောက်ရှိမယ်ဗျ၊ ပေတစ် ထောင်မြင့်တဲ့ မြေစာပုံတောင်ထိပ်က သွန်ချတဲ့ Dump Truck အလာ ကိုစောင့်ပြီး သွန်ချတာနဲ့ လုယက်ရှာနေကြတာ တွေ့ခဲ့တယ်၊ တချို့ ဆိုရင် တောင်ကုန်းတောင်စောင်း ခါးလယ်လောက်က မြတ်စောင့်တာ တောင် တွေ့ရတယ်''

''တချို့ဆိုရင် ကားက မြေစာကိုလှန်ချတာနဲ့ ကျလာတဲ့ ကျောက်တုံးကိုလှမ်းကြည့်ပြီးတော့ ကျောက်စိမ်းဟုတ်မဟုတ် မှန်းဆ လို့ရအောင်ကို ကျွမ်းတာဗျ၊ မြေစာလှန်အချမှာ ကျောက်စိမ်းလို့ယူဆ ရတဲ့ ကျောက်ကို စိန်တူနဲ့ ဆပြီးခေါက်လိုက်တာနဲ့ သိတယ်၊ ကျောက် စိမ်းဆိုရင် ဘာသံ၊ ပလွှမ်းဆိုရင် ဘာသံ၊ ရိုးရိုးကျောက်ဆိုရင် ဘာသံ ပေါ့၊ ကျောက်စိမ်းရဲ့အသံဆိုရင်တော့ ကျောက်က သူ့လက်ထဲကို အမြန်ဆုံးရောက်သွားပြီပေါ့ ...၊

အဲဒီတော့ ရေမဆေးဆိုတာလည်း ကျောက်ရှာတဲ့သူပဲလေ၊ သူရှာနေတာ ဘယ်မော်က သွန်ချတဲ့မြေစာ၊ အဲဒီကျွတ်က တူးနေတာ အနက် ဘယ်လောက် ရောက်ပြီ၊ ဒါကြောင့် ကျောက်ရဲ့ကျောက်မျိုး၊ ကျောက်သား၊ အရည်ကျောက်၊ အသားကျောက် ဘယ်လောက်အထိ

အောင်နိုင်တယ်ဆိုတာကို ခန့်မှန်းခြေတော့ သိနေကြတာပဲ''

''ခင်များဗျာ ရေမဆေးဆိုတာ ပြည်မကာတက်လာတဲ့သူပဲ၊ ကျောက်တုံးတစ်တုံးပေါ်မှာ ဘယ်လိုလုပ် အဲဒီလောက်မျက်စိရှိမှာလဲ''

''ကဲ ... ကျွန်တော်ပြောပြမယ်ဗျာ၊ ဗိုလ်မှူးက တပ်ထဲမှာနေခဲ့တယ်၊ ကရင်ပြည်နယ်, ကချင်ပြည်နယ်, ရှမ်းပြည်နယ်တွေမှာ စစ်တိုက်ခဲ့ရမယ်၊ ကောအင်ယူဆိုပါတော့ ... ဗိုလ်မှူးတိုက်မယ့်ဒေသမှာ ရှိတဲ့ ရန်သူရဲ့အင်အား, ခေါင်းဆောင်ရဲ့စိတ်ဓာတ်, သူ့ရဲ့တိုက်ပွဲဝင်ဗျူဟာ, ပြီးတော့ သူတိုက်တတ်တဲ့နေရာ သိအောင်လုပ်ထားမှ စစ်နိုင်မှာ မဟုတ်လား''

''ခင်များကတော့ ဟုတ်နေပြန်ပါပြီ''

''Know your Men,


Know your Enemy,

Know your Train တဲ့ဗျ၊ ကိုယ့်တပ်အကြောင်း, ရန်သူအကြောင်း, မိမိစစ်မြေပြင်အကြောင်း ပိုင်ပိုင်နိုင်နိုင်သိမှ စစ်ကို နိုင်အောင် တိုက်လို့ရမှာလေ ...၊

ဒီလိုပဲပေါ့ ... သူတို့က ချမ်းသာချင်လို့ မှော်ထဲလာတာ၊ အနေဆင်းရဲ အစားဆင်းရဲခံနေ, အသက်နဲ့ရင်းပြီး ကျောက်ရှာရတာ၊ တစ်ခါတလေဆိုရင် ပေရာချီမြင့်တဲ့ မြေတာပုံမှာ ကျောက်တုံးနောက်ကို ဖော်တော်ကားကျွတ်ကို ဖင်လျှောခံပြီး ကျောက်တုံးနောက်ကိုလိုက်ရင်း ကျောက်တုံးပါလို့ သေလိုသေ၊ မသေမရှင်မှာ မြေကြီးက အပေါ်ကအုပ်သွားလို့ မြေပိသေရတာမျိုးအထိကို စွန့်ပြီးရှာစားရတာဗျ''

''ငါ့မိန်းမ ငါ့သားနဲ့ ငါ့ဘဝအတွက် ငါ့အသက်ကို စွန့်ပြီး

(းမ္ဂြၢ်လံၥ်ပှၤ) ဧၠၣ်ဖဆ ဂံၠယၤဆေယေဆ္တီ





ကျောက်စိမ်းအရိုင်းတုံးကို ဖြတ်တောက်ရာမှ အတွင်းတွင် ဤကဲ့သို့ အရည်ခွဲဝင်နေတတ်သည်၊
ဤသို့ဖြစ်လျှင် ကျောက်အောင်ပြီ။

ကျောက်ရှာမယ်ဆိုပါတော့"

"ကဲ ... ထားပါတော့ဗျာ၊ သူတို့ပတ်ဝန်းကျင်မှာ လောပန်း ဖြစ်ဖို့အတွက် နေ့နေ့ညည မျက်စိကိုဖွင့် နားကိုစွင့်ပြီး ဘယ်နေ့ ဘယ်မြေစာပုံတက်မယ် စီစဉ်ကြတာ၊ ကျောက်ကြီးကျောက်ကောင်းရ တဲ့ မြေစာပုံဆိုရင်တော့ ပျားအုံကို ပုရွက်ဆိတ်စွဲသလို အုံခဲနေတာပဲ"

"ဆက်ပါဦး ... ကျောက်အကြောင်းလေး"

"မှော်ကို ကြည့်တာပေါ့ဗျာ၊ ကိုယ့်ကျောက်က အထက်မှော်က ဆိုရင် အတုံးကြီးရင် အရည်ပါတယ်၊ ကမ္ဘာကျော်မှော်စီစာဆိုရင်တော့ လက်သီးဆုပ်လောက်ကျောက်တစ်တုံးနဲ့ ဘဝပြောင်းနိုင်တယ်လေ၊ အရည်ကျောက်တွေဆိုရင်လည်း ဖားကန့်ကြီး၊ ဝေခါ၊ ဥရုချောင်းရိုးက ကျောက်ဆိုရင် ပဲရည်ပဲ၊ အသားဆန်း ရတတ်တယ်၊ မြစ်ထဲက ရတတ် တယ်၊ ချောင်းထဲကကျောက်ကျတော့ ရေခွံလို့ခေါ်တယ်၊ ယမ်းမရှိတတ် ပြန်ဘူး။ ကုန်းတစ်ပိုင်းရေတစ်ပိုင်းကျောက်ကျတော့ ရေတိုက်စားတဲ့ ဘက်က ချော်မရှိ၊ ရေမထိတဲ့ဘက်က ချော်ရှိပြန်တယ်ဗျ"

"ခင်ဗျားရဲ့ ကျောက်စစ်ဆင်ရေးက ခုမှ အစရှိသေးတာပဲ၊ ဝတ္ထုတောင် ရေးချင်လာပြီနော်"

"ရေမဆေးတစ်ယောက်က ကျောက်တစ်တုံးကို ကောက်ရပြီ ဆိုပါတော့ဗျာ ... ရွှံ့တွေပေနေတဲ့ ကျောက်တုံးကို ရှိုးရှိုးရေနဲ့ဆေးမယ်၊ အဲဒီမှာ ချော်တစ်ထပ် ရှိမယ်၊ အဲဒီချော်ကို သံဘရပ်နဲ့ ခပ်ပြင်းပြင်း ပွတ်စားလိုက်ရင် ငါးအကြေးခွံလို၊ ဟင်းချိုမှုန့်အတောင့်လို လက်လက် ကလေး တွေ့မယ် ... အဲဒါကို ယမ်းလို့ခေါ်တယ်၊ အဲဒီယမ်းကိုတွေ့ ရင်တော့ ကျောက်ကိုခေါင်းလို့ရပြီ"

"ဖြည်းဖြည်းပြော ... ကျွန်တော် ဘရောင်ချိန်းချင်လာပြီ ပော့လူ"

"အစ်ကိုကြီး ... လက်ကျန်လေးရော ရှိသေးလား"

ကိုမင်းသူက စကြည့်မျက်မှန်ကို ခပ်ဆဆပင့်ရင်း အရာထမ်း နေအိမ်သေးသေးလေးထဲမှ နှစ်ယောက်တွဲနေသူ မင်းသားကြီးဦးသိန်း ဇော်ကို လှမ်းမေးလိုက်၏။

"ရှိပါ့ဗျာ၊ ကိုယ့်ညီအတွက်ဆို ညနေ မသောက်ရ မသောက် ရ ရော ... စိတ်ရှိ အားရှင် ဉာဏ်ကောင်း အမောပြေသေး"

ပြောလည်းပြောရင်း အဆိုအသောက်ကလေးနှင့်ဆို ဝါသနာ အထုံပါရမိရှိပြီး စကားအလွန်ကောင်းသော လက်ထောက်ညွှန်ကြားရေး မှူး ကိုသိန်းဇော်က လက်ကျန် Red Label တစ်ဝက်ခန့်ကို ချထားခဲ့ ပြီး ရုံးဘက်ထွက်သွားတော့၏။

"ကိုယ့်ညီ ကျောက်ကိုစိတ်ဝင်စားရင် စာသင်ဖို့ ရုံးက ကျောက်တစ်တုံးပို့ပေးလိုက်မယ်"

"Thank You အစ်ကိုကြီး"

ကိုယ်ကတော့ ကျောက်သယ်ဖို့လာသူဆိုတော့ ကျောက်ကား မထွက်ရင် အလုပ်မရှိ။ နေတတ်ရင် တနင်္ဂနွေနေ့တဲ့။ ဒါကြောင့် Free day ပဲဆိုပြီး Red Label တစ်ပက်ခန့်ကို ခပ်ပြင်းပြင်းမော့ လိုက်ရင်း ...

"ဘော်ဒါကြီး ရော ... ဦးနှောက်ကလေးရှင်သွားအောင်"

"မလုပ်ပါနဲ့ဗျာ ... တော်တော်ကြာရင် ကုမ္ပဏီတစ်ခုက ရာဖြတ်ဖို့ လာခေါ်မှာမို့ပါ"

''အေးပေါ့ဗျာ ... Duty is Duty ပေါ့''

''ဆရာဦးသိန်းဇော်က ကျောက်ပို့နိုင်းလိုက်လို့ပါ''

ရုံးကဝန်ထမ်းလေးတစ်ယောက်က ၅၀ သားခန့် ကျောက်စိမ်းအရိုင်းတုံးတစ်တုံးနှင့် ဖြတ်သားတစ်ခြမ်းကို လာပို့သွား၏။

''အဆင်ပြေတယ်၊ မှော်ပရက်တီကယ် ဆင်းလို့ရပြီပေါ့ဗျာ''

''ခုနကပြောတဲ့ ကျောက်ကို ရေဆေးပြီးရင် တွေ့ရတဲ့ယမ်းအပေါ်မှာ ဧပြီး ခေါင်းပြီး ငါးအကြေးခွံလို ယမ်းကြမ်းရင် ကြီးရင်အသားပျက်တတ်တယ်၊ ယမ်းညက်ပြီး ဟင်းချိုမှုန့်အတောင့်ကြီးကြီးလို ပါးပါးလွှာလွှာလေးဆိုရင်တော့ ကျောက်မျိုးကောင်းမယ်၊ အလားအလာရှိတယ်၊ အဲဒါကို ရေခွက်ထဲမှာ ထည့်ကြည့်ရင် လက်လက်ကလေးဆိုတော့ ပိုသိသာတယ်''

''ဪ ... ဒါကြောင့် ပြပွဲလာတဲ့တရုတ်တွေက ရေသနပ်ဘူးနဲ့ ကျောက်တုံးကို ရေဆေးပြီး ဓာတ်မီးနဲ့ထိုးတာကိုး၊ ရေရေတော့မြင်လာပြီ ... ဆက်ပါဦး''

''ယမ်းနဲ့တွဲလျက်နေရာမှာ ဓာတ်မီးနဲ့ထိုးလိုက်ရင် အစိမ်းရောင့်ရင့် ဖန့်ဖန့်လေးတွေ့ရင် မန်းလို့ခေါ်တယ်၊ ယမ်းမှာတွဲနေတဲ့ မန်းဆိုရင်တော့ အထဲအထိ အရည်မဝင်ဘူး၊ အရည်ညှိလေးတွေ အခွံမှာကပ်နေရင်, ဒါကိုတွေ့ရင်လည်း ရင်မခုန်နဲ့၊ အဲဒီအရည်က အထဲမှာ မရှိဘူး၊ ထုံရည်လို့ခေါ်တယ်၊ တချို့ကျတော့ ရှင်းလို့ခေါ်တဲ့ ခပ်မည်းမည်းကျောက်သားမှာ အစိမ်းရောင်တွေ့တတ်တယ်၊ အဲဒါကို ရှင်းရည်လို့ခေါ်တယ်၊ ဒီနေရာမှာ နည်းနည်းအရေးကြီးလာပြီ ...၊

မန်းပေါ်နေတဲ့ ကျောက်တစ်တုံးဟာ မှော်အပေါ်မှာ မှုတည်

တယ်၊ မှော်စီစာကျောက်ဆိုရင်တော့ အခွံပါးတယ်၊ မနေမှော်ဆိုရင် အခွံပြူ အခွံမည်းရင် မက်လင်ချောင်း၊ ကရင်ချောင် ရေခွံကတော့ ချော်မရှိဘဲ ပြောင်ချောနေတတ်တယ်၊ အရည်ကြိုးပတ်နေရင်လည်း ကြိုးကိုတွေ့ရတယ်၊ စိမ်းရင်လည်း သိသိသာသာ စိမ်းတတ်တယ်၊ ကုန်းတစ်ဝက်ရေတစ်ဝက်ကျောက်ဆိုရင်တော့ ကျောက်ရဲ့အကာ အဖြူဆိုရင် ကျောက်အောင်ပြီ၊ နွံနီသဲပြာကျောကထွက်တဲ့ ကျောက်တော် လီသားမှာ အရည်စွဲတယ်ဆိုရင်တော့ နိုင်ငြိမ့်ချို၊ တစ်သက်မှာ တစ်ခါ တွေ့ဖို့ မလွယ်ဘူး"

"ပထမဆုံးတွေ့တဲ့ကျောက်ကို အရိုးရှင်းဆုံးသိအောင် ဘယ်လို ပြောပြလို့ ရမလဲဗျာ ...လူပြိန်းနားလည်အောင်ပေါ့"

"လုံးခင်းဒေသမှာရှိတဲ့ မှော်တွေကို အထက်မှော်၊ ဖားကန့် ဒေသမှာ ရှိတဲ့မှော်တွေကို မှော်ကြီး အောက်မှော်၊ ဝေခါကျတော့ သတ်သတ်ဖြစ်နေတဲ့အတွက် ဝေခါမှော်၊ ဥရုချောင်းအောက်ပိုင်း တာမခံ ဟောင်ပါးဒေသကထွက်တဲ့ ကျောက်ကျတော့ နွံဝါအော်ကျွတ်၊ အသား ဆန်းပန်းလေးတွေ တွေ့ရတယ်၊ သူတို့ကိုကျတော့ တာမခံကျောက်လို့ ခေါ်တာပေါ့ ...၊

ကျောက်တစ်တုံးရဲ့ ပနိုင်ဟတ်ကတော့ တူးတဲ့နေရာ, မြေလွှာ အပေါ်မှာလည်း မူတည်တယ်ဗျ မြေမှန်တယ်ဆိုတဲ့စကားက ကျောက် တူးရင် အပေါ်ဆုံး (၁၀)ပေလောက်မှာတွေ့ရတဲ့ကျောက်က နွံဖြူ နွံဝါ တွေ့ရတတ်တယ်၊ အဲဒီအောက်မှာ သံချေးစွဲကြော၊ အဲဒီအောက်မှာ ကြက်သွေးကြောလို့ ခေါ်တယ်၊ ကြက်သွေးကာင်နေတယ်၊ သူ့ထက်နက် ပြီး မြေအောက်ပေတစ်ရာက နှစ်ရာ သုံးရာကိုတော့ ကာမွေကြောလို့

ခေါ်တယ်၊ တူးရတာလည်း အရမ်းခက်ခဲတယ်၊ ယန္တရားကြီးတွေနဲ့ တောင် အနိုင်နိုင်ပဲ၊ အဲဒီကရတဲ့ကျောက်ကျတော့ အခွံအမည်းရောင်တွေ တွေ့ရတယ်၊ ဒါကြောင့် ကုမ္ပဏီကြီးတွေကတူးတဲ့ ကျောက်တော်တော်များများရဲ့အပေါ်ခွံက အမည်းရောင်တွေဖြစ်နေတာ''

''ဆက်နိုက်ရင်ရောဗျာ''

''အဲဒါပြီးသွားရင်တော့ ကျောက်ပြင်ကြီးဖိတ်နေတာကို ဗာကြောလို့ ခေါ်တယ်၊ ပေ(၃၀၀)နဲ့ (၅၀၀)ကြားလောက်မှာ ရှိတတ်တယ်၊ ကုမ္ပဏီတွေက လုပ်ကွက်တူးရင်း ဗာကြောကိုရောက်လို့ ကျောက်သားပြင်ကြီးတွေ့တော့မှ ရပ်တယ်၊ ဒါကြောင့် ကျောက်တူးပြီးသားနေရာ လှိုကြီးတွေက ရေကန်ကြီးတွေလို စိမ်းနေတာကိုတွေ့ရတာ၊ အဲဒီဗာကြောက ဘယ်လောက်အထိ ထူမယ်၊ အောက်မှာ ကျောက်စိမ်းသိုက်ရှိမယ် မရှိဘူးဆိုတာကို မြန်မာပြည်က ကျောက်တူးစားသူတွေက ငွေကြေးအကုန်အကျခံပြီး Research လုပ်တဲ့အဆင့်ကို မရောက်သေးဘူး''

''ဒါနဲ့ ကျောက်မျက်ပွဲတွေမှာ တွေ့ရတဲ့ မြန်မာစီးပွားရေးဦးပိုင်လီမိတက်က တူးတဲ့ ဆမားကျောက်တို့ ပလွမ်တို့ ပထော့တို့ရဲ့မူလကရော''

''အဲဒါတွေကတော့ အထက်မှော်ဘက်မှာ ရှိတယ်၊ ဆမားဒူးဝါးဆင်ဝါးနောင်ကို သိတယ်မဟုတ်လား''

''မသိနေပါ့မလားလို့ ... လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ကချင်တိုင်းရင်းသားခေါင်းဆောင်ပဲ၊ လုံးခင်းတံတားရဲ့ အလျှုရှင်ဆို''

''အဲဒါ ပထဝီစာအုပ်ထဲမှာသင်ရတဲ့ တောမှော်တို့ လမောင်

တို့ သမားတို့ ဆိုတဲ့ထဲက ဆမားဒေသက ခူဝါကြီးပေါ့၊ တစ်နည်းအားဖြင့် ခေါင်းဆောင်ပေါ့ဗျာ၊ အဲဒီဒေသကထွက်တဲ့ကျောက်က ကျောက်စိမ်းမဟုတ်ပေမယ့် ကျောက်စိမ်းမျိုးနွယ်ထဲကပဲ၊ မြေမှာပေါ်နေတဲ့ ငုပ်ကြောကြီးတွေပေါ့၊ ဆမားက ထွက်တော့ ဆမားကျောက်ပေါ့ဗျာ၊ ချွမ်လို့ခေါ်တဲ့ ခရမ်းလွန်ရောင်ပဲလို့ခေါ်တဲ့ စိမ်းဖန့်ဖန့်အရောင်တွေပါတော့ တရုတ်ပြည်က ရုပ်တုအတွက် အဝယ်လိုက်တယ်၊ ဝုတ်ကျောက်လို့ခေါ်တဲ့ မော်စစ်စစ်ကတော့ Geologic အခေါ်က Maw Sit Sit Chrome Albite လို့ခေါ်တယ်၊ အပြင်ကကြည့်လိုက်ရင် အစိမ်းရည်လေးတွေ ဥနေတယ်၊ နောက်တစ်မျိုးက ပလွမ်ပေါ့၊ Albite လို့ခေါ်တယ်၊ အတွင်းမှာ အနာအဆောကင်းရင် ရေခဲသား၊ ဘော်လီသားလိုပါပဲ၊ ဒါပေမဲ့ Non Jade ဆိုတော့ ဈေးကတော့ အောက်တန်းပေါ့၊ လက်ကောက်, လက်စွပ်, ရုပ်တုတွေအတွက် အရောင်းအဝယ်ဖြစ်ပါတယ်၊ ပလွမ်ရဲ့မျိုးကွဲကတော့ ပထ္တမြားလို့ ဒေသကခေါ်တဲ့ စိမ်းဖျော့ဖျော့ ငှက်ပျောဖူးရောင် ဖယောင်းသားရောင် ကျောက်ပဲ''

''ဘော်ဒါကြီးရှင်းပြတော့လည်း ကျောက်စိမ်းပညာဆိုတာ နယ်ပယ် တော်တော်ကျယ်ဝန်းပါလားလို့ အောက်မေ့မိတယ်ဗျာ၊ ဒါနဲ့ ရတနာပြပွဲတွေမှာ ကျောက်စိမ်းတွဲတွေ လက်ခံတဲ့အခါကျတော့ ကျွန်တော်ကိုယ်တိုင်ပဲ စည်းကမ်းချက်တွေအများကြီး ရိုက်နှိပ်ထုတ်ဝေရတယ်လေ ...လိုလို့လား''

''လိုပြီပေါ့ဗျာ ...ကျောက်သမားဆိုတာလည်း လိမ်တတ်တာပဲ၊ ကျောက်လောကမှာ သားအဖချင်းတောင် လိမ်တယ်ဆိုပဲ''

''ဥပမာ ...ကျောက်စိမ်းတုံးတစ်တုံးကို ပြချက်မပါဘဲ



ဓရဓဲသား (အသားဆန်း)



ဂွမ်းဝုံးခုဋ္ဌာေစေသေဂ္ဂဍ္ဍပ္ပယင်ယဲစ

လုံးစွပ်ဖြင့် တင်ပြခြင်း မပြုရ၊ အခွံတုပြုလုပ်ခြင်း၊ ကော်ကပ်၍ ဆက်ထားခြင်းများ မပြုလုပ်ရ၊ တန်ဖိုးကြီးသောကျောက်စိမ်းတုံးများနှင့် တန်ဖိုးနည်းသောကျောက်စိမ်းတုံးများကို ရောနှော၍ တွဲဖွဲ့ခြင်းမပြုရ စသဖြင့်ပေါ့ ... အဲဒါ ဘာကို အဓိကပြောချင်တာလဲ''

''ရတနာပြပွဲဆိုတာ နိုင်ငံတကာကို တင်ရောင်းတာလေ၊ ကိုယ့်ပစ္စည်းကို မှာမှာရှာရှာ အာမခံနိုင်ရမယ်၊ လုံးစွပ်ဆိုတာ အရည်မန်း အသားမန်းကို ဓာတ်မီးနဲ့ထိုးပြီး ခေါင်းရတဲ့အမျိုး၊ အဲဒီကျောက်ကို နိုင်ငံခြားသားက ကြိုက်ဈေးပေးဝယ်ပြီး ဖြတ်လို့အောင်ရင် တော်ရဲ့၊ ဖြတ်ရှုံးဖြစ်သွားရင် နိုင်ငံတော်သိက္ခာကျရမှာလေ၊ အခွံတုလုပ်တယ်ဆိုတာကတော့ဗျာ ... ကျောက်တစ်တုံးကို ချော်ခွာတယ်၊ မန်းပေါ်အောင် ပွတ်တိုက်တယ် ... ခေါင်းကြည့်တယ်ပေါ့၊ အဲဒီမှာ အလားအလာ မကောင်းရင် ယမ်းတို့ ချော်တို့ အတုလုပ်ပြီး ရေမဆေးကျောက်လိုလို ဘာလိုလို လိမ်ရောင်းတာပေါ့၊ တချို့ကျတော့လည်း ကျောက်တစ်တုံးကို မျှော်လင့်ချက်ကြီးကြီးနဲ့ ဖြတ်တယ်၊ အရင်းကလည်း ကြီးတယ်ဆိုတော့ ဖြတ်ရှုံးဖြစ်သွားတာနဲ့ အရင်းလေးများ ရမလားဆိုပြီး ဖြတ်သားကို ဆင်ကော်နဲ့ကော်ကပ်ပြန်ဆက်တာပေါ့''

''မော်ထဲမှာတင် လုပ်လို့ရလား''

''ရတာပေါ့၊ လူတချို့က အဲဒါပဲ လုပ်စားနေတာ၊ ဗိုလ်မှူးဝယ်ဘဲ့ကျောက်က ငါးသောင်းမို့လို့ ရာကျောက်ဆိုရင် ကော်ကပ်ပြန်ဆက်ဖြစ်သွားနိုင်တယ်၊ အဲဒါပြောတာ ... ကျောက်လောကရဲ့ မာယာပရိယာယ်ကတော့ မြတ်စွာဘုရားရဲ့ နိပါတ်တော်လိုပဲ ... တစ်ထောင့်တစ်ညပုံပြင်တွေလို ကုန်ကိုမကုန်နိုင်ဘူး''

''တစ်ခုကျန်သေးတယ်နော်''

''ပြောမှာပါဗျာ ...အာခြောက်လို့ ရေတစ်ခွက်လောက် သောက်ပါရစေဦး''

သူက အာခြောက်တယ် ပြောနေသေးတယ်၊ ကိုယ်က မှတ်ရတဲ့ ဦးနှောက်တွေ ထုပူလာတာကြောင့် မန္တလေးသိန်းဖော်ရဲ့မေတ္တာ Red Label ဖန်ခွက်ကို မျက်စောင်းတစ်ချက်ထိုးရင်း အာခေါင်ရှင်းလိုက်ရ၏။

''တချို့ကုမ္ပဏီတွေက ကျောက်တူးတဲ့အခါ ကျောက်မျိုးစုံရတယ်၊ တချို့ကျောက်တွေက ဝယ်ရောင်းလုပ်တဲ့အခါ ဝယ်မှားတာရှိတတ်တယ်၊ အရင်းက များတယ်၊ ရှယ်ယာကျောက်လည်း ဖြစ်နေပြန်တော့ ရှင်းရလင်းရတာ ခက်တယ်၊ ကျောက်ဆီကျောက်သားက မကောင်းတော့ ငွေပြန်ဖော်ဖို့ ခက်ပြီး ပိုက်သောမိနေတာပေါ့ဗျာ၊ ရတနာပြပွဲကျတော့ အရောင်းအဝယ်ကောင်းမယ့် ကျောက်တုံးတွေနဲ့ ပိုက်သောမိတဲ့ကျောက်ကို တွဲထည့်လိုက်ရင် ဝယ်သူက စားရမှာလည်း သဲနဲ့ရှပ်ရှပ်, ပစ်ရမှာလည်း အဆီနဲ့တဝင်းဝင်းဆိုသလို ဖြစ်မယ်၊ လုပ်ရကိုင်ရ ကျပ်မယ်၊ ဒါကြောင့် ပြပွဲအပ်တဲ့ တချို့ကျောက်တွေကို ပိုင်ရှင်ကို ပြန်ထုတ်နိုင်းရတာမျိုးတွေ ဖြစ်လာတာပေါ့''

''မခါမဆိုင် ဟိုကိစ္စလေး သွားသတိရတယ်ဗျ''

''စာရေးဆရာကြီး အချိန်သိပ်မရတော့ဘူးနော် ...ဘာသိချင်ပြန်ပြီ လဲ''

''ဟို ရောက်တဲ့နေ့က ညောင်းလွန်းလို့ အတွေ့အကြုံလည်းယူရင်း အနှိပ်သွားခံတာ မော်လမြိုင်–မုဒုံ–သထုံ–အပေါင်–ကျုံမြို့ တစ်


မာကျွန် နစ်ကြိုး
ကိုးမီးမပြတ်
မာဆတ်ဇိမ်ခံ.....အိမ်မပြန်
ကြိမ်ဖန်.....ငိုညည်းနင့်သမီး
ဖြန်ဖြိုး.....ကြည့်လှည့်စမ်းပါးအုံး

၊ဗြဲဗလဝ်ဍုၚ်ဂၠးဂိ ဍာဲဒှ်ကြဗလဝ်ပ္ဍဲစရိုၚ်ယြိုၚ်ဂေ
နှ်၂၀၀၆/၀၇ ဂစေ့ၚ်အဆေဝ်စၠိုၚ် ဒုၚ်ပ္ဍဲဍုၚ်ဂၠးကိုၚ်ပ္ဍဲညိက်ဍုၚ်သးစွ္ဍဲပ္ဍဲယဝ်စ



ကြောက မွန်မလေးတွေချို့ တစ်ဆက်ရှင် ငါးထောင်ဆိုတော့ မော့်ထဲ ကရော့က မဆိုးဘူးပဲ၊ ပြည်မအတိုင်းပဲ၊ အဲ ... နောက်တစ်ခုရှိသေး တယ်၊ မနေ့ညက စားပြီးသောက်ပြီး ရှိုးရာမပျက် အာခေါင်ခြစ်ပွဲ သွားတော့ရှာ ပုရိသချည်းပဲ၊ ဂိုဏ္ဍီယတစ်ယောက်မှမတွေ့လို့ ပုစဉ်းရင် ကွဲလိုအော်ပြီး အသံဝင်တော့မှ ပြန်လာရတယ်၊ မောမှမောပဲ၊ ဘာဝုံးဖျ ခင်ဗျားတို့မော့်က ... မော့်ဆိုတာ လိုချင်တာ အကုန်ရတယ်ဆို၊ ကောတီခွံမှာ Vocal တောင် မရှိဘူး''

''အင်း ... ပြောပြန်ရင်လည်း ရှည်ဦးမယ်၊ ခုနကပြောတဲ့ 'ကောတီခွံ မာဆတ်, မာချုန် နှစ်ကြီး, ကိုးမီးမပြတ် မာဆတ်စိမ်စိမ် အိမ်မပြန် ကြိမ်ဖန် ငိုညည်း နင့်သမီး ပြန်ပြီးလှည့်ကြည့်စမ်းပါဦး' ဆိုသလို ပျော်ချင်ရင် နှုတ်ပြည်တောင်ထက်လို့ရအောင် ပျော်လို့ရတဲ့ နေရာအစုံ ကဏ္ဍာအစုံ ရှိနေတာပဲ၊ လှစုံ, လိုင်းစုံ, စမိုက်စုံတွေက မော့်ထဲမှာ စိမ်ဆိုတဲ့ချောင်းကြီးကို ကျော်အောင်မကူးနိုင်ရင် မော့်မှာ မှုးပြီး လှေမှောက်သေတတ်တယ်ဗျ''

''အမယ် ... ကရျာက မိုက်သဟ'

''မော့်ဆိုတာ ဒီနေ့ သူတောင်းစား, နောက်နေ့ သူဌေးဖြစ်နိုင် တဲ့ နေရာပဲ၊ ဒီနေ့ သူဌေး, နောက်နေ့ ခွေးလည်း ဖြစ်သွားနိုင်တယ်၊ စိန်တူတစ်လက်ကိုင်ပြီး လမ်းပေါ်မှာသွားနေတဲ့ ရေမဆေးသမားလည်း လောပန်းဖြစ်ဖို့ စိတ်ကူးတာပဲ၊ ကိုးရေတစ်ရေး ဆယ်ရေးတစ်ရာ ကျောက်အောင်သွားပြီဆိုပါတော့ ... သူ့ရဲ့ အနှစ်နှစ်အလလက ပင် ပန်းဆင်းရဲမှုတွေကို ကောတီခွံမှာ တစ်ပတ်တိတိ မီးမိုးတိတ်ပျော်ချင် တယ်ဆိုရင် ကောတီခွံက Vocal တင် မကဘူး အုံနာမယားပါ လော

ပန်းနောက် ပါသွားနိုင်တယ်၊ ဒါကြောင့် ကိုကွဲ့ယကို မမြင်ရတာ ခွင့်လွှတ်ပါဗျာ''

''စုဇွဲ''

''ဟိုစကားပုံလည်း ရှိသေး''

''Go on Go on''

''တော်ပါ ခပ်ပုံ မူးယစ်စုံနဲ့ ပဲလှော်ငုံထား ခပ်ကြွားကြွားတဲ့ ခေါ်ထဲမှာ ကျောက်အောင်တော့ အတူတူလုပ်ဖော်ကိုင်ဖက်တွေက သလာပန်း လောပန်းဆိုပြီး မြှောက်မယ်၊ ဗိုး ဖဲ ဖာ ယမကာလေးကို သည်း မလွှတ်တမ်း မှိုဝဲမယ်၊ ဗိုးအရှိန်နဲ့ နတ်ပြည်ရောက်နေတုန်း ကျောက်လိမ်ရောင်းတာကို ဝယ်မိရင် ရှိတာလည်း ကုန်၊ ဗိုးမွှန်ပြီး သူတောင်းစားဘဝလည်း ရောက်သွားနိုင်တာပဲ''


''ဒီမနက် အင်တာဗျူးစွတ်သောက်တဲ့အနေနဲ့ နည်းနည်းတော့ရှ ဗျာ''


''Cheers''

"Women, Whisky & Jade"

''ဘော်ဒါကြီး .. ယမ်းရည် မန်းရည် ကောက်ရော ကြိုးပတ် ထည် လုံးစိမ်း၊ တစ်ပိုင်းစိမ်း၊ ထုံပြန် ဖားမျက်ဆံဆိုတဲ့ ကျောက် တစ်လုံးရဲ့လျှို့ဝှက်ချက်တွေက မိန်းမလှလေးတစ်ယောက်ကို ကြည့်ရ သလိုပါပဲ၊ အကြည့်မတတ်ရင် အင်မိမယ်၊ လှတာက ချက်စားလို့မရ ဘူး၊ ဝတာက ဖက်ထားလို့ရတယ်တဲ့၊ မေတ္တာတွေ ကြိုးရာလူနဲ့ အိတ် သွန်ဖာမှောက်ပေးလိုက်ရင် မှော်ထဲမှာ လှတာကာရဲ့ လှည်းကျိုးကို ထမ်းရင်း မှော်မယားကို တစ်သက်လုံးကျိတ်ပေါင်းရသလို စိတ်လည်း

ၦယ်ၦ႐ိုင်ၿမီၦလယေးၦထိုး၂ေစဂိၦထ္ဍ ႏၥိလၿဖိ၂ေစးေစၦလ ဒ်ၦလယေစၦလေစၚ္ယးေရ




"ရှော်"
ဥနေ့ဆုံးရှေ့ မောက်မိုးဆော်
ထိုးရှိုက်ကြွအားမာနတောင်အမြို့ရဲ့သဝေ
လှုတ်လပ်မှုလမ်း ရှေ့ဦးတော်
အောက်ခိုင်းသားတို့ သိမ်းသိမ်းမျော်
တက်လမ်းဖြတ်လမ်း များရွေးသော်
ရုတ်နှုတ်မြေကာအလှန်သင့်တော်
တဲ့ပုတ်ကာလေးမှုတိုက်ကြီးပေါ်
ရှောက်လှည့်လှည့်ပျက်လှုပ်သနော်
ပူဆယ်ကိုယ်တဲ့ မိဂွတ်တော်
ပွင့်တောင်းမိတော့လူလေယာဉ်ကာလတော်
အာသာရမှုဖြိုးမြှိုးပြားနော်
နွေးထွေးချိုက်ခဲ့ ပျော့ပျောင်းနော်
ဆက်လမ်းဆုံတွေ့နိုင်မြဲပေါ်
ကျွန်တော့်အားလုံးဆုံးခဲ့တဲ့ "ရှော်"

ညစ်မယ်၊ ရှိတာလေညီး ကုန်သွားမယ်နော်''

''ဆရာ . . . ကျွန်တော် ကုဧြကြွယ်ကူမှုထိကပါခင်ဗျ ကျွန်တော်တို့ ကျောက်ကလေးရောဖြတ်ဖို့လာခဲ့တာပါ''

''အေး အေး . . . လိုက်ခဲ့မယ်''

''လောပန်းကတော့ ဆိုင်းတောင်က ကံစီမံရာလက်ဖက်ရည်ဆိုင်မှာ စောင့်နေပါတယ်တဲ့''

''ဪ . . . ကံစီမံရာ လက်ဖက်ရည်ဆိုင်တဲ့လား၊ ဖားကန့်ဟောင်ကောင် ဆိုင်းတောင်တစ်ခေါက် ရောက်ပြီးတဲ့သူ၊ ဥရုချောင်းရေသောက်ပြီးတဲ့ သူ ပြည်မ မပြန်နိုင်ဘူးတဲ့နော်၊ စိတ်ဝင်စားစရာကောင်းလိုက်တာ''

'ကံစီမံရာ' ဆိုတဲ့ စကားလုံးလေးက လှလိုက်ပါဘိ၊ ဘာပုံပြင်တွေများ ပြောပြဦးမလဲလို့ တွေးရင်းဖြင့် ဘေးက လဲကျသွားသော မန္တလေးသိန်းဇော်ထံ ယမကာပုလင်းလေးနှင့်အတူ ကွန်ပျူတာဦးနောက်ကြီး ဝီးနီးထွက်သွား၍ ခေတ္တမျှ အနားပေးလိုက်ရပါတော့သည်။

## "တံစီမံရာတာဝိုင်းပါပဲဗျာ"

တစ်ရေးတစ်ရှိုက် အိပ်မယ်ကြံခါရှိသေး။ အိပ်ပေါ်ကို လူတစ်ယောက်က အမောတကောတက်လာပြီး ...

"အစ်ကို ထ ထ ... မှော်ထဲသွားရအောင်"

"ဗျာ ... ဘာကိစ္စလဲမသိဘူး။ ကျွန်တော်က ညှိသည်ပါ"

"ခြော် ... ဟုတ် ဟုတ်ကဲ့ လူမှားသွားလို့ပါ၊ ကျွန်တော်က ကိုမင်းသူကို ကျောက်ကလေးတွေရာဖြတ်ဖို့ လာခေါ်တာ"

"အင်း ... မကြာခင်ကပဲ လူငယ်တစ်ယောက် လာခေါ်သွားတယ်။ ဒါနဲ့ ထိုင်ပါဦးဗျ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဆရာက ညှိသည်လားဗျ ... စိတ်မရှိနဲ့နော်။ ကျွန်တော်က ရုံးကအရာရှိတွေနဲ့ တအားခင်တာ၊ ယောသား သန်းထွန်းဆိုရင် လူတိုင်းသိတယ်"

"ဖြစ်ရလေ ယောသားကြီး ကိုသန်းထွန်းရယ်၊ ကျုပ်ကလည်း ရေမဆေးသမားလိုပဲ ဘာဝသမားစစ်စစ်၊ ယောနယ် ဆောနယ်က စာရေးဆရာ ဗိုလ်မှူး မြန်မာပြည်သားကိုကိုဆိုရင် ကျောက်သမားတိုင်း သိပါတယ်ဗျ"

"ကိုင်း ကိုင်း . . . ယောသားအချင်းချင်းဆိုလို့ကတော့ ဟော ဒီလို ဟောဒီလို . . ."

အသားညိုညို့ နှုတ်ခမ်းမွေးစစ အသက်(၅၀)နီးနီးအရွယ် ယောသားကြီး ကိုသန်းထွန်းက ယေပေါင်းကြီးဖော်များတွေ့ရသည့်နှယ် တွေးမွေ့လို့ နှုတ်ဆက်တာနဲ့ပဲ နှစ်ယောက်သား ခင်မင်မှုတွေ အဆ တစ်ရာ တိုးသွားရလေတော့၏။

"ကျွန်တော်က . . . . . . . . . . ကုမ္ပဏီမှာ မော်တာဝန်ခံ တောက်တိုမယ်ရ အနိုင်းခံ GM ဆိုပါတော့ဗျာ"

"ကျွန်တော်ကလည်း ကျောက်စိမ်းဌာနမှာ အနိုင်းခံ အရာခံ ဖြုံ့တွေကို တာဝန်ယူဖြေန်ဆိုတော့ အလုပ်ကခပ်ရှုပ်ရှုပ်၊ ခုမှ ကျောက် သွားသယ်ပါဆိုလို့ လုံးခင်းဖားကန့်ကို မမျှော်လင့်ဘဲ ရောက်လာရ တာ"

"ကိုင်း ကိုင်း . . . ကားပေါ်မှာလည်း စကားပြောရအောင်၊ ဖားကန့်ဆိုတာ ဘာလဲမသိဘဲ ဖြန်မသွားနဲ့၊ ကားနဲ့သာ တစ်ခေါက် လိုက်ခဲ့ပေတော့ဗျာ"

"Go on ယောသန်းထွန်း"

ကံကောင်းချင်တော့ ဖားကန့်ဆိုတဲ့မော်ဒေသကြီးကို စရိတ် မကုန်ဘဲ ကုမ္ပဏီကားနှင့်သွားရသည်ဆိုတော့ အဆင်ပြေသည်ပေါ့။ လုံးခင်းရုံးကနေ ထွက်လိုက်တာနဲ့ ကိုက်(၅၀၀)လောက် အနောက်ဘက် ကို သွားပြီးရင် မြေသယ်နိုယာယီလုပ်ထားတဲ့ ဥရုချောင်းတံတားလေးကို ဖြတ်ကူးလိုက်ရင်ပဲ မော်စီစာမော်ကို ရောက်ပါပြီ။

"ဟေ့လူ . . . ဟိုကုမ္ပဏီက ရွှေကျင်နေတာလားဗျ . . . မျော

တိုက်တဲ့ ကိရိယာလိုဟာမျိုးတွေနဲ့၊ ဒါဆိုရင် ကျောက်တူးတဲ့ဘောင် ကျော်သွားပြီလားလို့"

"မလောပါနဲ့ဆရာရယ် . . . ရှင်းပြပါရစေဦး။ မော်စီတာဆိုတာ ကမ္ဘာမှာ နာမည်ကြီးတယ်လေ၊ ကျောက်သေးသေးလေးတွေနဲ့ အရည်ဘော်လီသား ရေခဲသားတွေ ထွက်တာ၊ ဒီတော့ ကျောက်တူးတဲ့သူက တခြားနေရာတွေမှာလိုမျိုး တစ်နေရာမှာ ကျောက်ကိုတူး မြေစာကို ကားနဲ့သယ်၊ ကုမ္ပဏီဝင်းထဲမှာ သွန်ချပြီးတော့ရှာ၊ ကြိုက်သလောက် သင့်သလောက်ရှာပြီးတော့ နေရာဝယ်ထားတဲ့ မြေစာပုံကို အဲဒီမှာ လက်ကျန်အရိုးအရင်းကို ရေမဆေးက ဝင်လုတာမျိုး မဟုတ်ဘူးဗျ"

"မော်စီတာ ကျောက်သေးကျောက်ကောင်း အရည်ကျောက် ထွက်တာလောက်တော့ ဥရုချောင်းရေမသောက် နန်းစပိန်းအရက်နဲ့ ဆက်ရက်မင်းစည်းစိမ် မခံရရင်လည်း သိပါတယ်၊ ကျောက်စိမ်းတူး နည်းက နည်းနည်းအသေးစိတ်သလားလို့ပါ"

"အသေးစိတ် မစိတ်တော့မသိဘူး . . . မော်စီတာက အိမ်ဝိုင်း တွေက မိုးကုတ်ကအိမ်တွေလိုပဲ၊ အိမ်ဝိုင်းထဲမှာကို ကျောက်ထွက်တာဆို တော့ သိန်းထောင်ချီရောင်းရတာဗျ ထားပါတော့ဗျာ . . . လုပ်ကွက်ကို ခြံစည်းရိုးခတ်ရတယ်၊ အဲဒီမှာတင် အထိုင်ချပြီးတူး၊ ထွက်လာတဲ့ ကျောက်အကြီးတွေကိုရွေးပြီး သီးခြားစုပုံ၊ ဒါက သတ်သတ်၊ အဲ . . . လက်ကျန်မြေစာပုံကို ခုလိုမျိုး ရွှေမျောတိုက်သလို မိုးကုတ်မှာ ပတ္တမြား‚နီလာကို မျောတိုက်ပြီး ရှာသလိုကို ရှာရတာ၊ ကျောက်ဆို တာက အရွယ်က အဓိကမဟုတ်ဘူး၊ အရည်က အဓိက၊ ပဲကြီးစေ့ တစ်စေ့လောက်ကလည်း အရည်ဥရင် သိန်းထောင်ချီတန်တယ်လေ"



ကျောက်အရည်ကျောက်ဖြင့် ပြုလုပ်ထားသော
တန်းဖိုးမြင့်ကျောက်စိမ်းလက်ကောက်



တာမခံကျောက်တွင် အရည်ခွဲဝင်နေပုံ

''ကြည့် ... ဒါကြောင့်ကို။ လောပန်းတွေဝတ်ထားတဲ့ လက်ငှပ်ကြီးတွေမှာ ကျောက်စိမ်းအရည်က ဥခဲနေတာ၊ ဟိုတစ်လောက ဘုရားပြည်ကြီးက ကုန်သည်မရော ... လူကလည်း အသားက စိုအိနေတာ၊ စီးရိုးကျွာတာနဲ့ဆိုတော့ လက်မောင်းတွေ၊ လည်တိုင်တွေ၊ အဲ ... ပေါင်က သွေးကြောလေးတွေ စိမ်းနေတာတောင် ဒီအတိုင်းမြင်ရတယ်''

''အဲဒါနဲ့ အိမ်က စိမ်းနို့မှိုကြီးကို မေ့သွားရောလား''

''အဲလိုပြောတာ မဟုတ်ပါဘူးဗျ ... သူဝတ်ထားတဲ့ ကျောက်စိမ်းလက်ကောက်နဲ့ ဘော်လီသားလက်စွပ်ကလေးက အရေယိုအောင်ကို လှနေတာ''

''တော်သေးတာပေါ့ ... လက်စွပ် လက်ကောက် ကယ်သွားလို့၊ မဟုတ်ရင် ယောသားကြီး သွားရည်တွေတမျှားမျှား''

''ဟား ဟား ဟား''

ကားလေးက ဥရုချောင်းအနောက်ဘက် ကတ္တရာလမ်းအတိုင်း ကွေ့ကာပတ်ကာနဲ့သွားတော့ နာရီဝက်လောက်အတွင်း (၇)မိုင်ကွာဝေးတဲ့ ဖားကန့်ဆိုတဲ့မြို့ကို ရောက်သွားလေ၏။ ဥရုချောင်းလေးက ကွေ့ကာပတ်ကာနှင့် ရစ်ပတ်ခွေထားပြီး တောင်ကုန်းလျှိုမြောင်လေးတွေမှာဆောက်ထားတဲ့ ခေတ်မီတိုက်တာတွေက ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြနေ၏။ မိုးကောင်းက ဖားကန့်ကိုလာရတဲ့ ကားလမ်းနှင့်ဝေးစားမည်ဆိုပါက ဖားကန့်မြို့၏ဖွံ့ဖြိုးမှုသည် ဘာမှမဆိုင်ဟု ဆိုရပေမည်။

ဖားကန့်မြို့ကနေထွက်တော့ လမ်းတွေက ကားလမ်းကနေ

ကျောက်ချော တစ်လှည့်၊ ကဗ္ဗရာတစ်လှည့် လမ်းကောင်းတွေအဖြစ် ပြောင်းသွားလေ၏။ ဥရုချောင်းတံတားဟောင်းကြီးကို ကျောက်စိမ်းတောင်ကုမ္ပဏီက ဥရုရထားနာကျောက်စိမ်းတောင်ဆိုတဲ့ ကွန်ကရစ်တံတားသစ်ကြီးတစ်စင်း ဆောက်ပြီး သမိုင်းတွင်ဖို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံလှူနေကြောင်း သိရ၍ သာဓုခေါ်မယ်ကြံခါရှိသေး ...

"ဗိုလ်မှူး ... ဒီတံတားအစုတ်နေရာကို တံတားသစ်ကြီးဆောက်လို့ ကျေနပ်တယ်ပြောမလို့လား ... ပြီတီတိန်"

"ဒါပေါ့ဗျာ ... ဒီမြေမှာနေ ဒီရေကိုသောက် ဒီဒေသက ရတနာတွေရောင်းပြီး ချမ်းသာသူတွေက ဒီဒေသအတွက် ကျောက်စိမ်းတောင်ကုမ္ပဏီက ဦးစိန်ဝင်းတို့လို လှူနိုင်ကြမယ်ဆိုရင် ပိုမကောင်းဘူးလားဗျ"

"အင်း ... ကောင်းပါတယ်။ သူကတော့ စေတနာရှေ့ထားလုပ်တာ၊ ဒီတံတားကြီးလုပ်တော့ ဥရုချောင်းရေကို လွှဲရတယ်ဗျာ၊ ဘိုးပိုင်တွေ တူးရတယ်ဗျာ၊ ဟိုဘက် ဒီဘက် ချဉ်းကပ်လမ်းမှာ ကမ်းကပ်နံ့တွေလုပ်ရတော့ တူးရ ဆွရ ဖို့ရတာတွေရှိတယ်ဗျာ"

"အဲဒါဘာဖြစ်တုံး"

"ဘေးထိုင် ဘိုင်ကျ ဘုပြောသမားတွေက ဥရုချောင်းရိုးထဲမှာ ဒီနေရာက မတူးရသေးဘူး။ ဟိုဘက်က ဘုန်းကြီးကျောင်းနားက မြေကလည်း ကျောက်ကောင်းရှိတယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် ဘိုးပိုင်ကို လိုတာထက်ပိုစိုက်ပြီး ချောင်းထဲကမြေကို ထုတ်ယူတာပြီးတော့ ဥရုချောင်းကြီးကို Diversion လုပ်ဖို့ ဘာညာဆိုပြီး ရေလမ်း



ဖားကန့်မြို့အနီးရှိ ကျောက်စိမ်းတောင် ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော ကျပ်သိန်းပေါင်း ၅ သောင်းကျော်တန်ဖိုးရှိ ဥရုရတနာ ကျောက်စိမ်းတောင်တံတား။


ဖြန့်မကြည့် တူရှုသွား
ဉာဏ်မရှိ အတူငြိုး
ကြံ့သိ အတူစား
ခွန့် မူထား
ထံမဏီ ရှုသား
ကျမတ မော်မယား

ကြောင်းလွှဲတာကိုလည်း ချောင်းထဲက သံတွေကျောက်တွေကို ယူချင်လို့ ... အဲဒီလို လူတချို့က အမနာပပြောတာဗျ ဘယ်လောက်ဆိုးလဲလို့"

"ဝဝတား ဝေးဝေးရှောင် ဝင်မရှုပ်နဲ့ ဂုန်းဆိုတဲ့အသံကြားမှ မဝပ်နဲ့လို့ လက်နက်ကြီးမှန်ပြီးသေမယ်လို့ ပြောလိုက်၊ ရှမ်းလွယ်အိတ် လွယ်တဲ့သူကတော့ ရှိမှာပါပဲ၊ မြတ်စွာဘုရား လေးသချေ့နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်တာတောင်ပဲ ဒေဝဒတ်နဲ့ မာနတ်က နှောင့်ယှက်သေးတာမဟုတ်လား"

"ဦးစိန်ဝင်း စိတ်ညစ်နေတာ တစ်ခုရှိသေးတယ်ဗျ ... တရုတ်ပြည်က မှာထားတဲ့ သံမဏိသံဘောင်ကြီးတွေက ဖားကန့်လမ်းကြမ်းကြမ်းကြီးကို ဘယ်လိုရအောင်သယ်ပြီး မိုးမကျခင် ဒီတံတားကြီး ဘယ်လိုပြီးအောင် ဆောက်ရပါ့မလဲလို့"

"သာဓု သာဓု သာဓု ... သူတော်ကောင်းကို နတ်ကောင်းနတ်မြတ်တွေ မ,ပါစေဗျာ"

ဘေလီတံတားအဟောင်းလေးက ကမ်းကပ်နံ့တစ်ဖက်မှာ မြေအစားထိုးစရာမရှိတော့ ကားသွားဖို့မဖြစ်နိုင်၊ ဒါကြောင့် ဆောက်လက်စ ဥရုရတနာကျောက်စိမ်းတောင်တံတားကြီးရဲ့ ပိုင်တိုင်နဲ့လွတ်အောင် ဥရုချောင်းရေကိုလွှဲထားပြီး ယာယီတံတား လုပ်ထား၏။

"ဒီတံတားကြီးပြီးရင်တော့ ဘေလီတံတားလေးက သမိုင်းစာမျက်နှာက ပျောက်သွားတော့မယ်နော် ကိုသန်းထွန်း"

"အဲဒီဘေလီတံတားလည်း ၁၉၉၅ က ကျောက်စိမ်းတောင်ကုမ္ပဏီက လှူတာပဲ၊ အဲဒီတုန်းက မြန်မာငွေကျပ် သိန်းတစ်ထောင်ကို တန်တာ၊ ကျွန်တော်တို့ ရန်ကုန်မှာရှိတုန်း အက်စီကား လေးစီးတစ်

ဆယ် ခေတ်ကပေါ့ဗျာ။ ဒီတံတားကြီးရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ရှေ့ပေါင်းရင် မြန်မာကျပ်ငွေ သိန်းပေါင်းငါးသောင်းကျော်လောက်တဲ့ဗျာ၊ အဲ ... တစ်ခုကျန်သေးတယ်၊ ဖားကန့်နဲ့မိုးကောင်းကြားက ထန်းယန် တံတားဆိုတာကိုလည်း ဦးစိန်ဝင်းတို့ရဲ့ တခြားကုမ္ပဏီဖြစ်တဲ့ မြို့သီဟ ကျော်ကုမ္ပဏီ, ဝေအောင်ကမ္ဘာကုမ္ပဏီနဲ့ မြန်မာကြယ်ဝသောမြေ ကုမ္ပဏီသုံးခုပေါင်း လှူထားသေးတယ်''

''ဟော ... လက်ဝါးပေးစမ်းပါဗျာ အသည်းတွေယားလွန်းလို့''

'ဖျောင်း ဖျောင်း'

ဝမ်းသာဂုဏ်ယူလွန်းအားကြီး၍ သာခုခေါင်ရုံမှက လက်ဝါးနှစ်ခု ကို အားရပါးရရိုက်၍ ဂုဏ်ပြုလိုက်ခြင်းပါပေ။ ကမ္ဘာကျော်တဲ့ ဖားကန့် မှာ ကမ္ဘာကျော်တဲ့ ကျောက်စိမ်းတုံးတွေ ရှာဖွေတူးဖော်ရောင်းဝယ် အောင်မြင်ကြလို့ ကမ္ဘာကျော်သူဌေးကြီးတွေ အများကြီးရှိတာလည်း အမှန်။ အဲဒီလို သူဌေးတွေဖြစ်လာဖို့ ဥရုချောင်းရေက ကာလာမွဲတဲ့ အကြည်ရောင်ကနေ ကော်ဖီရောင်ဘဝကို ပြောင်းရတယ်။ မြစ်ကြောင်း တွေ လွဲရတယ်။ ပေထောင်ချီမြင့်တဲ့ တောင်ကြီးတွေက နေ့ချင်းညချင်း ပျောက်ကွယ်သွားတယ်။ မြေဧကပုံတောင်အတုတွေကို အတားအဆီး မရှိ တိုက်စားလိုက်တဲ့ အစိုးမရတဲ့ မော်ထဲကမိုးက ကိုက်ဖဲ့ဝါးမျိုပစ် တယ်။

တရားဝင်ပဲဆိုဆို နိုးလိုပဲလုပ်လုပ် ရွှေမျောတိုက်သူတွေကြောင့် နေ့စဉ်ပြိုကျလာတဲ့ မြေကြီးတွေက နှစ်နှစ်ဆယ်အတွင်းမှာ ဥရုချောင်း ရေကို ကော်ဖီရောင်ကို ပြောင်းစေခဲ့တယ်။ မိုးတွင်းဆိုရင် တောင်ပြို မြေကြီးရေလျှံတာတွေကို ခုနက အောင်မြင်ကြီးပွားသွားတဲ့ ကမ္ဘာကျော်



လုံးခင်းကျေးရွာနှင့် ကော်ပီချောင်ဖြစ်သော ဥရုချောင်းမြစ်ကွေး



ကျောက်စိမ်းတူးဖော်ပြီးနောက် မြေစာပုံမှ ဖြစ်လာသောတောင်နှင့်
တူးဖော်ထား၍ ကန်ကြီးဖြစ်သွားသောနေရာ

လောပန်းကြီးတွေ မခံစားရပါဘူး။ သူတို့က ရန်ကုန်၊ မန္တလေး၊ စင်ကာပူ၊ ဟောင်ကောင်တို့မှာ နေစရာအိမ် ရှိပြီးသား။ Over Sea မှာ လေယာဉ်စီးပြီး ငြိမ်ငြိမ်ကလေးနဲ့ ဘဝကိုဖြတ်သန်းနေကြပြီ။ ဒီတော့ လောပန်းဘဝကိုမရောက်သေးတဲ့ ဘယ်တော့မှလည်း မော်ထဲက မခွာနိုင်တဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ အခြေခံလူတန်းစားတွေက ဒီဒဏ်တွေကို ခါးစည်းခံရတယ်။

"ဆရာတော်တွေပြောသလို အလျှုတကာ့အလျှုထဲမှာ တရားအလှူက အမြတ်ဆုံးတဲ့ ဦးစိန်ဝင်းကိုပြောလိုက်ချင်ပါတယ်၊ ဖားကန့်မော်မှာတော့ ဦးစိန်ဝင်းတို့မိသားစုအပါအဝင် ကုမ္ပဏီသူဌေးကြီးတွေ လှူဒါန်းတဲ့ ဥရုရထာနာ ကျောက်စိမ်းတောင်တံတားကြီးနဲ့ ဟိုးအထက်က ကထန်ယန်တံတားကြီးတွေဟာ မော်ထဲကလူသားအားလုံးအတွက်တော့ ဘုရားပေးသော ဆုလာဘ်ပါ ခင်ဗျာ"

"ဆရာ ... ဘာတွေငေးနေတာလဲဗျ"

"ကြည်ညိုနေတာဗျ ... သူဌေးဖြစ်တိုင်း ငွေရှိတိုင်း အောင်မြင်တိုင်းလည်း ကြီးကျယ်တဲ့လှူဒါန်းမှုကို လှူတိုင်းမလှုပ်နိုင်ပါဘူးလို့"

ကားကလေးက ဖားကန့်ကနေ ဥရုမြစ်ဘေးကားလမ်းအတိုင်း အောက်ကိုစုန်ခဲ့၏။ ရှေ့ခရီးကတော့ ပြောမဆုံးပေါင် တောသုံးတောင်ဟု ခေါ်ရမည့် ဘဝများစွာတို့၏ အသက်သွေးကြောဖြစ်မည့် မျောက်ဖြူ မန၊ ရှရော်ခ၊ ဖားပြင်၊ မဖုံ၊ စပေါ့၊ ဝိုက်ကျဲ၊ မက်လင်ချောင်း နှင့်မော်ပေါက်ဝ စသဖြင့် ရာထောင်ချီသော ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်များ ရှိပေမည်။

"ဆရာ ... ဒါ ဖားကန့်ကြီးမော်လို့ခေါ်တယ်"

ဥရုမြစ်ထဲမှာ သောင်တူးသင်္ဘောခပ်ငယ်ငယ်တစ်စင်းက မြစ်ကြောင်းကို နှိမ့်ပေးနေပြီး မြစ်ထဲက ကျောက်တုံးကျောက်ခဲတွေကို ကားနဲ့တင်ဆဲလုပ်ကွက်ကို တွေ့ရပြန်တော့ မြင်ကွင်းက တစ်မျိုး။

''ကျွန်တော်သိတာကတော့ ကျောက်မျက်နည်းဥပဒေမှာ ဥရုမြစ်ကမ်းကနေ ပေ(၃၀၀)အကွာအဝေးအတွင်း လုပ်ကွက်မတူးရဘူးဆိုဗျ''

''ဟိုးအရင်က ဥရုမြစ်ထဲမှာ မြစ်ကိုရေကြောင်းလွှဲပြီး တူးတာကို ဖားကန့်ကြီးမှော်လို့ ခေါ်တာပါ။ ခုတော့ မတူးတော့ဘူးလေ။ ခုဟာက နာမည်ကျော် ကျောက်စိမ်းနဂါးကုမ္ပဏီက ဥရုမြစ် ရေစီးရေလာကောင်းအောင် သောင်တူးပြီးရှင်းပေးနေတာ။ ဟိုဘက်က မြင်ရတဲ့ တောင်က သူတို့ (၂၀၀၀) ခုနှစ်လောက်က ဥမင်လိုဏ်ခေါင်းစနစ်နဲ့ ကျောက်တူးခဲ့တဲ့နေရာပါ''

''မြစ်ထဲမှာ ကျောက်တူးဖို့ဆိုတာ ပြောသလောက်မလွယ်ဘူးနော်''

''မြစ်အောင်ကို လုပ်ခဲ့ကြတာ၊ အောင်မြင်တာတွေ ရှိသလို ဆုံးရှုံးတာတွေလည်း ရှိတာပေါ့ဗျာ၊ ခု သောင်တူးသင်္ဘောရဲ့ရှေ့ ကိုက်(၂၀၀)လောက်မှာ နိုင်ငံမကျော်တဲ့ အိမ်မက်ဆိုးကြီး မက်ခဲ့ဖူးတယ်ဗျ''

''ခင်ဗျားစကားကလည်း အဆန်းတကြယ်ကြီးပါလား''

''ကုမ္ပဏီတစ်ခုပေါ့ဗျာ ... ဥရုချောင်းကို ကန့်ပြီး ရေလမ်းကြောင်းလွှဲပြီး ကျောက်တူးတာ ... ဘက်ဟိုးတွေ ဒိုဇာတွေနဲ့ပေါ့။ ချောင်းအောက်ကို ပေ (၁၀၀)လောက်အရောက် လုပ်ငန်းလုပ်နေတုန်း ရေWeight ကိုမနိုင်လို့ တာကျိုးသွားတယ်လေ''

''ဗုဒ္ဓေါ ... ဘယ့်နှယ် ဘယ့်နှယ်''

''တာကျိုးဆိုမှတော့ တောင့်ထားတဲ့လူတွေနဲ့ တင်ထားတဲ့ ကျောက်တုံးကျောက်ခဲသဲတွေ ပေ(၁၀၀)ကျော်ထဲ ဒရဟောစီးဆင်းသွားတာပေါ့များ''

''ကုန်ရောလား''

''ဘက်ဟိုး၊ လုပ်အား၊ ရေထဲကကျောက်စိမ်းတွေ၊ ကျင်းထဲက လုပ်သားအားလုံး နိဗ္ဗာန ပစ္စယော ဟောတုဖြစ်သွားတာပေါ့''

''ဘုရား ဘုရား ... လူတွေလည်း လောဘမသတ်နိုင်ကြပါလားနော်''

''လွန်ခဲ့တဲ့ သုံးလေးနှစ်အထိ ညညဆိုရင် ဒီနားမှာ လူညည်းသံတွေ၊ အော်သံတွေ ကြားနေရတုန်းတဲ့''

''အင်း ... စိတ်မကောင်းစရာပဲနော်၊ အလှူအတန်းတွေလုပ်ပြီး ကျွတ်လွတ်အောင် လုပ်ပေးသင့်တာပေါ့၊ မိုးရာသီ ကမ်းလုံးပြည့် ဥရုချောင်းရေ စီးတာဆိုတော့ ဝိညာဉ်တွေလည်း ပါသွားလောက်ပါပြီ ပန်းပဲမောင်တင့်တယ်တို့မောင်နှမလို တကောင်းကနေ သစ်ပင်ကြီးနဲ့ ပါလာတာ၊ နောက်ဆုံး ပုပ္ပါးတောင်မှာ နတ်တစ်သက် ကွန်းခိုရောက်ရသွားတယ်လေ ... သဗ္ဗေသတ္တာ ကာမသကာပေါ့''

''ဆရာ ... ခဏလေး နားဦးမလား၊ ရောဝတီမြစ်တို့၊ ချင်းတွင်းမြစ်တို့မှာသာ မြင်ရတဲ့ သောင်တူးသင်္ဘောက ဥရုချောင်းမှာတွေ့ရပြီ ဆရာ့အတွက်တော့ ပဟေဠိတွေအများကြီးပဲမဟုတ်လား''

''ကောင်းသားပဲ''

ကိုသန်းထွန်းက ပြောပြောဆိုဆို သဲသောင်မုံစပ်က နားနေ

ဆောင်လေးကို ခေါ်သွားတာကြောင့် အသက်(၄၀)ကျော် ကိုယ်ခန္ဓာ ခပ်တောင့်တောင့်၊ အသားလတ်လတ်၊ ဥပဓိရုပ်ကောင်းကောင်း၊ ကော်ကိုင်းမျက်မှန်တပ် လူတစ်ယောက်က ခရီးဦးကြိုပြု၏။

''လောပန်းရေ ... ဒါ ကျောက်စိမ်းဌာနက စာရေးဆရာ မြန်မာပြည်သားကိုကိုတဲ့၊ မေးတာကတော့ ပေါက်ပေါက်ဖောက်သလို ပဲ''

''ကျွန်တော် ခင်ဇော်ပါခင်ဗျ ... ကျောက်စိမ်းနဂါးကုမ္ပဏီက ပါ၊ သိချင်တာလေးရှိရင်လည်း ရှင်းပြရတာပေါ့ ... ကျွန်တော့်စာတိ တောင်ကြီးက၊ အခါးရေည်လေးလည်း သုံးဆောင်ပါဦး၊ ဆရာကို ကျွန်တော်သိပါတယ်''

ကျွန်တော်က လူကိုခြေဆုံးခေါင်းဆုံးကြည့် နာမည်ကို ထပ်မိ ရွတ်ရင်း ...

''ဪ ... ပြပွဲကျရင် ကျွန်တော့်စာအုပ်ကလေးတွေ အား ပေးတဲ့ ဒါရိုက်တာကိုခင်ဇော်ပဲ၊ ရုတ်တရက်မမှတ်မိတာ ခွင့်လွှတ်ပါဗျာ၊ ပြပွဲမှာက လည်ကတုံးနဲ့ တိုက်ပုံနဲ့ပဲ တွေ့ရတာ၊ ဒီလိုမျိုး စပို့ရှပ်နဲ့ သရီးကွာတားနဲ့ဆိုတော့ နာမည်ကြီးရုပ်ရှင်တွေထဲက မင်းသားကြီး လင်းထင်တို့၊ မြင့်နိုင်းသားအောင်အောင်တို့လိုဆိုတော့ ဘယ်မှတ်မိ ပါ့မလဲ''

''ဒါတော့ ရေမချိုးရသေးဘူးဗျ''

''ဟား ဟား ဟား''

ကိုခင်ဇော်ကြီးက စကားပြောအလွန်ကောင်းပြီး ဖော်ရွေ၏။ ကျောက်စိမ်းနဂါးကုမ္ပဏီအမည်နှင့် လုံးခင်း–ဖားကန့်တို့တွင် ကျောက်

ဝိမ်းကုမ္ပဏီ လုပ်ကွက်တူး၏။ ကျောက်စိမ်းနဂါးအမည်ဖြင့် နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်၏။ မိုးကုတ်-မိုင်းရှူးတို့တွင်လည်း နိုင်ငံတော်နှင့် အကျိုးတူ ကျောက်မျက်တူးဖော်သည့်ကုမ္ပဏီကြီးလည်း ဖြစ်လေသည်။

''ဒါနဲ့ သောင်တူးတာက ကုမ္ပဏီအကျိုးစီးပွားတော့ ဟုတ်မယ် မထင်ပါဘူးနော်''

''ဆရာရယ် ... ကိုယ့်ကုမ္ပဏီအကျိုးစီးပွားချည်းပဲ ကြည့်မယ်ဆိုရင် နောင်နှစ်နှစ်ဆယ်မှာ ဟောဒီကျောက်စိမ်းမော်ကြီးက ကန္တာရကြီး ဖြစ်သွားမှာပေါ့၊ အရင်က ကျွန်တော်တို့ကုမ္ပဏီတွေ ဟောဒီဥရုမြစ်ကြောင်းမှာ ဖားကန့်ကြီးမော်လို့ခေါ်တဲ့ မြစ်အောက်မှာ ကျောက်တူးခဲ့ကြတယ်၊ ခုတော့ ခွင့်မပြုတော့ဘူး၊ ကျောက်တူးနည်းကတော့ အစုံပဲ၊ သံတိုင်နဲ့တူးတဲ့နည်းကနေ စတာ၊ ခုတော့ လုပ်ကွက်ကို မြေဖြိုတဲ့စနစ်ရောက်သွားပြီ၊ ဟောဟိုကလှမ်းမြင်ရတဲ့ တောင်ကြီးကလည်း ကျွန်တော်တို့ကုမ္ပဏီလုပ်ကွက်ပဲ၊ Tunnel ဖောက်တဲ့စနစ်နဲ့ တူးတာ၊ ဥမင်လိုက်ခေါင်းစနစ်ပေါ့ဗျာ၊ ဟိုမှာ ကွန်ကရစ်နဲ့ပိတ်ထားတဲ့ အပေါက်ကလေး ... တွေ့လား''

''အင်း ... ၁၀ပေပတ်လည်လောက် ရှိမယ်နော်၊ ဥမင်နဲ့တူးတဲ့စနစ်က ကျောက်စိမ်းမော်အတွက်တော့ အိပ်မက်ဖြစ်သွားပြီနော်၊ အချိန်ရရင် ဝင်ပြီးတောင် ကြည့်လိုက်ချင်တယ်''

''ဗိုလ်မှူးက မိုးကုတ်ရောက်ဖူးတယ်မဟုတ်လား ... အဲဒီနည်းနဲ့ ဆင်ဆင်ပဲ၊ တခြားသတ္တုမိုင်းတွေနဲ့လည်း ဆင်တယ်''

''ဘယ်ကလာဗျာ ... ဖားကန့်ရောက်တာတောင် အိပ်မက်

မှတ်နေတာ၊ Stone နဲ့ Jade ကို ခုမှခွဲခြားပြီး ဘာသာပြန်မလို့ ဒါ ကြောင့် ပတ္တမြားတွေရဲ့ နဂါးကြီးပြောတာကို ခုမှပဲ နားထောင်ရဦးမှာ"

"Tunnel စနစ်ရဲ့အားသာချက်ကတော့ သဘာဝပတ်ဝန်း ကျင်ကို မထိခိုက်ဘူး။ ဒါပေမဲ့ မြေပြင်မှာက အလုပ်မဖြစ်ဘူးဗျ။ ကျောက်စိမ်းဆိုတာ လုပ်ကွက်ရဲ့မြေပေါ်ကနေ ဟိုးအောက်က ဖာကြော အထိ ရှိနေနိုင်တာ၊ ကျွန်တော်တို့က ကျောက်ကြီးကျောက်ကောင်း ရအောင်ဆိုပြီး မြေပြင် Level ကနေ ခပ်စောင်းစောင်းလေး ဆင်းသွား တယ် ... အထဲကမြေစာတွေကိုလည်း ထရော်လီနဲ့ ဆွဲထုတ်လို့ ရ အောင်, သွားရေးလာရေး လွယ်ကူအောင်ပေါ့၊ ခပ်နိမ့်နိမ့်ဆင်းရင်းနဲ့ ဖာကြောကိုရောက်တာနဲ့ ဖာကြောရဲ့အနိမ့်အမြင့်အတိုင်း လိုက်တယ်၊ လမ်းမှာတူးနေရင်း ကျောက်ကြောတွေ့ရင် Tunnel အသစ်တစ်ခု ထပ်ဖောက်တယ်၊ မူလဥမင်ကြီးကတော့ တတ်နိုင်သလောက် ဘယ် ညာပြောင်းပေါ့ဗျာ"

"တူးတာတို့, အလင်းရောင်တို့, အောက်စီဂျင်တို့ကျတော့ ရော"

"Gun နဲ့ဖောက်တယ်၊ လျှပ်စစ်လိုင်း တစ်ခါတည်းဆင်တယ်၊ အထဲက မကောင်းတဲ့လေကို အိပ်ဇော fan နဲ့ ဆွဲထုတ်တယ်၊ အောက် စီဂျင်ကို အပြင်ကနေ Supporting လုပ်ပေးတယ်၊ မြေစာကို တောက် လျှောက်ဆွဲထုတ်တယ်ပေါ့ဗျာ"

"ဘယ်လောက်တောင် ရောက်သွားရောလဲ"

"ပေ ၁၅၀၀ လောက်တော့ရှိမယ်ဗျ"

"ဟာဗျာ ... ခင်ဗျားတို့ တစ်ခုလိုသွားတာ၊ ခင်ဗျားတို့

Tunnel ဖောက်နေတာ ဘင်လာဒင် သိမသွားရှာဘူး။ သိရင် ပါကစ္စတန်နိုင်ငံ စစ်တပ်တွေပေါ်တဲ့မြို့မှာ ဘယ်ရှောင်နေမလဲ၊ တိုရာဘိုရာမှာ ဘယ်အခြေစိုက်မလဲ၊ သူပိုင်တဲ့ဒေါ်လာတွေနဲ့ ဖားကန့်မှော်မှာ လာအောင်းနေရင် လွတ်တဲ့ကိစ္စကို''

''နေဦးဗျ ... ကျွန်တော့်စကား ဘယ်ရောက်သွားပြီလဲ''

''လေတို့ မီးတို့ Gun တို့''

''အဲဒီလိုတူးတာတောင် တစ်ရက်ကို သုံးပေလောက်ပဲ ခရီးရောက်တယ်ဗျာ၊ လူလည်း ပင်ပန်း, အချိန်လည်းကုန်၊ လုပ်ကွက်မိုးသွင်းရတာတွေ, လုပ်သားစရိတ်တွေနဲ့ဆို ရတဲ့ကျောက်က စရိတ်ကို အနိုင်နိုင်ဗျ၊ ပြီးတော့ လုပ်ကွက်ထဲက ကျောက်ကလည်း Tunnel တစ်လိုင်းစာပဲ ရတာဆိုတော့ ထွက်ရေက ဈေးသိပ်မများလှဘူး၊ ထွက်ကြည့်တော့ စက်မရှိ ဖြစ်ရော၊ မိုးကုတ်ကျတော့ ပတ္တမြားရဲ့အောင်းဝင်ပုံ ကျောက်ကြောက အဲဒီလို Tunnel နဲ့မှ ကိုက်တာ''

''ဒါနဲ့ပဲ ကျောက်စိမ်းတူးသူတွေက တောင်တွေကို မွှေနှောက်တပ် လုပ် စားကြတယ်ဆိုပါတော့''

''ပိုလ်မှူး မြင်တဲ့အတိုင်းပဲလေ ... အဲဒီတော့ ဘာတွေဖြစ်လာလဲဆိုတော့ လုပ်ကွက်ကမြေစာတွေကို ချင်းပေါင်းကြီးတွေမှာ လိုက်ပုံ သယ်ပစ်ပေမယ့်လည်း တူးတဲ့မြေထက် ပစ်တဲ့မြေက များနေတယ်၊ ဥရုချောင်းမှာ ရွှေတူးခွင့်မပြုပေမယ့်လည်း ချောင်းရိုးလက်တက်တွေမှာ ရွှေရိုးတူးတာတွေက ဘိုးစဉ်ဘောင်ဆက်က ဒီနေ့အထိ ဆိုတော့ ဥရုချောင်းကြီး ကောပြီပေါ့ဗျာ၊ အဲဒါနဲ့ပဲ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်

စိုက်ဖို့ တိုက်တွန်းရတယ်၊ လုပ်ကွက်တူးတော ခြေစာပုံပစ်တာတွေကို စည်းကမ်းတင်းကျပ်ရတယ်၊ ဒေသဖွံ့ဖြိုးရေးကိုလည်း တတ်နိုင်သလောက် လုပ်ရတာပေါ့''

''ဒါကရောဗျာ''

သောင်တူးသင်္ဘောကြီးနဲ့ တချူးချူးစုတ်ထုတ်နေသော သဲများကို Dump Track ကားများဖြင့် သယ်ပို့နေတာကိုကြည့်၍ ကျွန်တော်က စကားထောက်လိုက်၏။

''ဥရုချောင်းကြီးက သမိုင်းတာဝန်ကျေပြီလေ ... ခုစီးနေတဲ့ ရေတွေဟာ သူ့ဆီကစုပ်ယူသွားတဲ့ ကျောက်စိမ်းတုံးတွေ ရွှေတွေကို ဝါးပြီး မစင်ပဲကျန်တော့တဲ့အတွက် ဝမ်းနည်းပြီး ကော်ဖီရောင်မျက်ရည်တွေနဲ့ သက်သေပြနေတာ၊ သိပ်ကိုသနားစရာကောင်းပါတယ်၊ ကျွန်တော်တို့က ခုလို ရေစီးရေလာကောင်းအောင် မလုပ်ပေးရင်, ချောင်းကော ရေဝိမ် ရေလမ်းလွှဲတာတွေကို မျက်ကွယ်ပြုထားရင် မိုးကာလမှာ မြစ်ရိုးတစ်လျှောက်က လူနေအိမ်တွေကို ရိုက်ဖွဲ့တိုက်စားပြီး လက်စားချေတော့မှာ ...၊

အဲဒီကျရင် ခုက္ခသည်စခန်းတို့, ဘုန်းကြီးကျောင်းတို့ ခရစ်ယာန်ကျောင်းတို့မှာ သွားပြီး ပိုနိုရမယ်ပေါ့ဗျာ၊ ရေမြုပ်တဲ့အိမ်က ပြန်ရနိုင်ပေမယ့် ရေတိုက်စားခံရတဲ့အိမ်ကတော့ ပြန်မရနိုင်တော့ဘူး။ ရေဘေးကြောင့် ရောဂါရ သေကျေကြမယ်ဆိုရင် ဘဝတွေက ပိုပြီးနစ်မွန်းရမှာ၊ ဒါကြောင့် ဘဝများစွာကို ကူညီနိုင်ဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်တဲ့အခနေနဲ့ ဥရုမြစ်ကြောင်းကို နိုးပေးနေတာပါဗျ''

''ခိုလ်မှူးရေ ... ကံစီမံရာကို ရောက်ပါဦးမလား''

"ခြော် . . . ဟုတ်သားပဲ၊ ကားက ပတ္တမြားနဂါးကမောက်တဲ့ Tunnel လိုပဲ ရှည်သွားတယ်၊ မြင်ကွင်းသားကြီး ခွင့်ပြုဦးနော်"

"See you ပါဗျာ"

ကားလေးက မော်လုပ်ကွက်တွေကုန်သွားတဲ့ ဆန်ကြွယ်တုရွာနားမှ ချောင်းအရှေ့ဘက်ကို ကူးလိုက်တယ်။ အရှေ့ဘက်ခြမ်းမြင်ကွင်းက စိမ်းစိမ်းစိုစိုတောတွေက အော်နိုင်ချင်နယ်တွေဆိုတော့ မြင်ကွင်းကထူးဆန်းနေပြန်တယ်။

"ကိုသန်းထွဋ် . . . ကျွန်တော် တောက်လျှောက်ကြည့်နေတာ မြစ်အရှေ့ဘက်မှာရော လုပ်ကွက်တွေ ဘာလို့မရှိရတာလဲ၊ အနောက်ဘက်ကျတော့ မြေချစရာမကျန်အောင်ကို တူးနေကြတာ"

"ဆရာ စိမ့်ပွားရှာတာလေ၊ ကမ္ဘာကိုကြေငြာဖို့ သုတေသနလုပ်ပြီး မြေတူးနေကြတာမဟုတ်ဘူးဗျ၊ လုပ်ကွက်တွေထဲမှာ တစ်နေ့တစ်နာရီ ယန္တရားတွေရဲ့စရိတ် ဘယ်လောက်ကုန်မယ်မှတ်လဲ၊ ခန့်မှန်းတော့ ဆိုမိုးနဲ့ နေ့တွက်ရှင်းတာနဲ့တင် သိန်းငါးရာလောက်ရှိတယ်ဗျ၊ ကျောက်စိမ်းထွက်တယ်, မထွက်ဘူးဆိုတာ လောပန်းတွေက ကောင်းကင်ကနေ ဓာတ်ပုံရိုက်ကြည့်ပြီး ပင်လယ်ထဲက လေယာဉ်ပျက်ရဲ့ Black Box က ရှာသလို ရှာရတာမဟုတ်ဘူးဗျ၊ အဲဒီဒေသမှာရှိတဲ့ တောင်သူလယ်လုပ် တာမရုတ် ကချင်ကြီးတွေ၊ တခြားဒေသခံတွေရဲ့ လက်တူးကျင်းလေးတွေဆီက ရတဲ့သတင်းအရ လုပ်ကွက်လျှောက်တာ"

"ဒါဆိုရင် လုပ်ကွက်တွေ တင်ဒါဆွဲတော့ ကျောက်မတူးတဲ့သူတွေကျတော့ ဘယ်လိုအသက်ရှင်ရပ်တည်မလဲ"

"လုပ်ကွက်တင်ဒါဆွဲတယ်ဆိုကတည်းက ကျောက်အောင်ပြီး

သား၊ ပြပွဲတွေမှာ ယူရှိသန်းချီရောင်းပြီးသား ပုဂ္ဂိုလ်တွေပါ၊ မတူးရ သေးတော့လည်း လုပ်ကွက်အဆိုပြုငွေ အရစ်ကျသွင်း သက်တမ်းတိုး တဲ့စရိတ် နိုင်ငံတော်ကို မှေးသွင်းပြီး အခြေအနေစောင့်ကြည့် စမ်းသပ် တူးတာပေါ့၊ ဂျုန်ကပ်မော်ဆိုရင် ချောင်းအရှေ့ဘက်မှာရှိတဲ့ ကုမ္ပဏီကြော ပေါ့၊ ကျောက်ကောင်းလည်းမထွက် ကျောက်အရကျဲတော့ အလုပ်မဖြစ် ဘူး''

''ဥပမာပေါ့ဗျာ ... ကောနစ်သေယ်လုပ်ကိုင်ခွင့်ရပြီးလို့ စမ်း ကြည့်တာ ကျောက်မထွက်ဘူးဆိုပါတော့''

''အဲဒီတော့လည်း အကျိုးအကြောင်းဖော်ပြပြီး ဌာနကို စာ တင်ပြီး လုပ်ကွက်ပြန်အပ်ကြတာပေါ့''

''ခင်ဗျားပြောချင်တာက ဟောဟိုက တောတောင်တွေက အဲဒီလို ပြန်အပ်ထားတာလား''

''မဟုတ်ပေါင် ... ကျောက်မထွက်မှန်းသိလို့ လုပ်ကွက် မလျှောက်တဲ့ နေရာတွေ၊ လုံးခင်းကနေ ဝေခါချောင်းပေါက်အထက် လောက်အထိ ခန့်မှန်းပေါ့၊ နောက်ပြီး တန် (၃၀၀၀)ကျောက်တုံးကြီးရဲ့ အနောက်ဘက်က ကသိုဏ်းတောင်ကြီးပေါ့ ... အဲဒါတွေက လုံးဝ မတူးဘူး''

''ကသိုဏ်းတောင်က ဘာလို့မတူးတာလဲ၊ ဒေသအခေါ် သံ ထွက်တဲ့ သံတောင်ဆိုပဲ၊ အင်း ... မဆိုးပါဘူး၊ ဒီနယ်မြေက ဒေသခံ တိုင်းရင်းသားတွေအတွက် အကယ်၍များ ကျောက်စိမ်းဆိုတဲ့ရတနာ ကုန်သွားတဲ့တစ်နေ့မှာ ဒီတောင်ကိုဖို့ပြီး သံမဏိစက်ရုံကြီးတွေ ဖြစ်လာ ရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ရကြဦးမှာ''

''မထင်နဲ့ဆရာ ... ကျောက်သမားဖြစ်ပြီးသားလူက ဘယ်တော့မှ လက်ကြောမတင်းတော့ဘူး။ ခုဆိုရင်ဗျာ ဥရုချောင်းရိုးတစ်လျှောက် တာမခံ ဟောင်ပါးအောက်ပိုင်း ရွှေကျင်နေကြတာ ရက်ရက်စက်စက်ပဲ''

ပြောရင်းဆိုရင်း ကားလေးက ချောင်းလက်တက်ကလေးတစ်ခုကို တံတားတစ်စင်းပေါ်ကဖြတ်သွားစဉ် နီရဲနေသောချောင်းရေကို ငုံ့ကြည့်မိ၏။

''ဟာ ... ကျုပ်က ဥရုချောင်းရေကိုသာ ကော်ဖီရောင်လို့ပြောနေတာ၊ ဒါက ဘာချောင်းလဲဗျ ... သံချေးရောင်ကို ထနေပါလား''

''အဲဒါ ဝေမချောင်းလို့ခေါ်တယ် ... ဟိုးတောင်ဘက် ဝေမဲမော်ဘက်က ဆင်းလာတာ၊ သံချေးရောင်ဆိုတာက ရွှေရာသီဆိုရင် တောက်လျှောက် ရွှေကျင်တယ်၊ ဥရုချောင်းကိုစီးဝင်တဲ့ ချောင်းအားလုံး ဥရုချောင်းရော ရွှေထွက်တယ်လေ၊ အစိုးရကတော့ ကျောက်စိမ်းထွက်တဲ့ဒေသမို့လို့ ကျောက်စိမ်းလုပ်ကွက်ပဲချပေးတာ၊ လူတွေက ဥပဒေကို လက်တစ်လုံးခြားလုပ်ကြတယ်၊ ကျောက်စိမ်းထွက်တဲ့ ရတနာနယ်မြေဆိုတော့ ရွှေတူးချင်သူအတွက် အစိုးရဆီက ရွှေလုပ်ကွက်လျှောက်လို့မရဘူးလေ၊ အဲဒီတော့ တစ်တောလုံး တစ်တောင်လုံးက ချောင်းတွေမှာ ရွှေခိုးကျင်တာပေါ့''

''အင်း ... ဥပဒေမရှိသလိုပဲနော် ... ကဲဗျာ ရွှေလုပ်ကွက်ချပေးလိုက်ရင်ကော မရဘူးလား''

''မေးတော့လည်း ဖြေရတာပေါ့ဗျာ၊ ကတ်သီးကတ်သတ်ပြောတယ်လို့ မထင်နဲ့ ... စီးပွားရေးသမားဆိုတာ မကိုက်ရင် လုပ်ကိုမလုပ်

ဘူးဗျ၊ မြေတစ်ဧကကို ရွှေနှစ်ကျပ်သား၊ မြေ(၁၀)ဧကကို ရွှေနှစ်ဆယ့်ငါးကျပ်သား သွင်းပြီး ရွှေလုပ်ကွက်မှာ ကျောက်တူးပစ်မှာပေါ့ဗျ၊ ခုဟာက ကျောက်လုပ်ကွက်တင်ဒါခွဲရင် သိန်းထောင်ချီပြီးသွင်းမှ လုပ်ကွက်ရတာဆိုတော့ အစိုးရက ရတနာနယ်မြေမှာ ကျောက်တူးခွင့်ပဲ ခွင့်ပြုတာ''

''အင်း . . . မဆိုးပါဘူး၊ ကျွန်တော်တို့ဝန်ထမ်းတွေက သိသိကြီးနဲ့ကို ခံနေရတာ၊ စီးပွားရေးသမားတွေကလည်း ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီးကို သူဌေးဖြစ်အောင် ကြံကြတာ''

''အမိုကောင်းရင် တစ်သက်၊ ခွင်ကောင်းရင် တစ်ချက်ဆိုတာ မှော်ကိုပြောတာဗျ''

''အင်း . . . ဒါကြောင့် ကျောက်စိမ်းလောပန်းကြီးတွေက မြို့ကြီးမှာနေ ဝေါက်ရှိက် မာကျောက်ရိုက်ရင်းနဲ့ ကျောက်စိမ်းလုပ်ကွက်ကို ငွေနဲ့တင်ရိုက်ပြီး တူးခွင့်ရပြီ၊ လုပ်ကွက်ရပြီဆိုရင် လုပ်ကွက်မှော်မှာ ခင်များတို့လို ယုံကြည်စိတ်ချရတဲ့ မန်နေဂျာလူစားမျိုး ရအောင်မွေးပြီး ခိုင်းစားတာ ခုမှသဘောပေါက်တယ်''

''ကိုနီ''

ဒီတစ်ခါတော့ ဆရာကြီးကိုသန်းထွန်း ခံသွားရရှာချေပြီ၊ ဘာပဲဖြစ်ဖြစ် မှော်မှာ မန်နေဂျာရာထူးပေမယ့် ပါဂျဲရှိုးကို ဖင်ကမကြွ ရွှေကို ရေလိုသုံးနိုင်တာပဲ။ လူ့ဘဝဆိုတာ ဒါလည်းပဲ ကျေနပ်စရာပါလားလို့ တွေးလာရင်း ကားလေးက နယ်မြို့ကလေးတစ်မြို့ကို ချဉ်းနင်းဝင်ရောက်လာတော့သည်။

ပြည်မက နယ်မြို့လေးတစ်မြို့သဖွယ် လမ်းနှစ်ခုယှဉ်လျက်

သစ်လွင်တောက်ပသော အဆောက်အအုံမျိုးစုံနှင့် ရွာကြီးတစ်ရွာကို ဝင်လာ၏။ လူရှင်းသောနေရာ ကွင်းစပ်တွင် ဆောက်ထားသော နံကပ်တိုက်က ခန့်ခန့်ကြီး။

''ကဲ ဆရာ ... ကံစိမ်ရာကို ရောက်ပါပြီဗျာ''

နှစ်ယောက်သား ကားပေါ်ကဆင်းတော့ ဦးမင်းသူတို့က မော်ကိုသွားဖို့ အသင့်ဖြစ်နေပေပြီ။

''ကဲ ဗိုလ်မှူးရေ ... ခင်ဗျားလိုချင်တာ သိချင်တာတွေ ယောဒီက ဆိုင်ပိုင်ရှင် ကိုဗလကိုသာ မေးကြည့်တော့၊ ကျွန်တော်တို့ တော့ နိုင်ငံတော်အတွက် တာဝန်ကျေပေါ့ သွင်းလိုက်ဦးမယ်''

''ကျွန်တော်ကတော့ ကံစိမ်ရာမှာ ကျောက်ရှာလိုက်ဦးမယ်ဗျို့''

ကျွတ်ကျောက်စိမ်းများ တန်ဖိုးဖြတ်ရန် တာဝန်အရ ထွက်ခွာသွားသော ကိုမင်းသူကို နှုတ်ဆက်ရင်း Heavy Breakfast ကို ဘိုဟူးနွေးနှင့် စားဖို့ပြင်ဆင်လိုက်ရ၏။ ဆိုင်မှာရတာတွေက ရှမ်းခေါက်ဆွဲ၊ ရေစိမ်၊ ပြီးရှည်၊ ဆန်စီး၊ ခေါ်ပုတ် စသဖြင့်ရေသားတားတာတွေကို ကြည့်၍ ဤဒေသသည် ရှမ်းနှင့် တရုတ်နွယ်သူများ အစီကသွားလာ နေထိုင် လုပ်ကိုင်ကြကြောင်း သုံးသပ်ရမည် ဖြစ်လေသည်။

''ဆရာ ... သူက စက်ကိုင်းဘက်က ကျွန်တော်တို့လိုပဲ တောသား ဦးဗလတဲ့၊ မော်ထဲမှာ ကျောက်မတူးဘဲ ဘဝပြောင်းလာသူပေါ့''

''ဟုတ်ကဲ့ ... ကျွန်တော်ဗလပါ။ ကိုမင်းသူဆိုရင် တစ်နယ်ဘည်းသား။ ယောကိုသန်းထွဋ်ကတော့ ယောတိယောရာယောဆရာကြီးဆိုတော့ ကျွန်တော့်အကြောင်းကို ခင်ဗျားသိပြီးသား၊ အချိန်မရွေး ဝင်ပါခင်ဗျ''

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်၊ အဲဒီလို ဘဝသမားတွေ ဆို ကျွန်တော်က အရမ်းလေးစားတယ်၊ ကျွန်တော်ကလည်း ဘဝ သမားမို့လို့ပါ၊ ဒါနဲ့ ကျွန်တော်က မနက်မိုးလင်းကတည်းက ဒီ ကံစီမံ ရာဆိုတဲ့နာမည်ကို စိတ်ဝင်စားနေတာဗျ"

"ဖြည်းဖြည်းတော့ ပြောရမှာပေါ့ဗျာ"

"ဒီစကားလုံးက ကျွန်တော့်ဘဝမှာ ဒုတိယအကြိမ်ဗျ၊ ပထမ အကြိမ်က ရခိုင်ပြည်နယ်မှာ တာဝန်ကျတော့ စစ်တွေမြို့မှာ နေရ တယ်၊ ဒီလိုပဲ လှတပတ လက်ဖက်ရည်ဆိုင်လေး 'ကံစီမံရာ'တဲ့၊ အဲဒါနဲ့ လက်ဖက်ရည်သောက်ရင်း ဝင်ပြီးစပ်စုတော့ အသက်သုံးဆယ့် ငါးနှစ်လောက် ဆိုင်ပိုင်ရှင်က မာရဇ္ဇလိုဆံပင်နဲ့ သူကိုယ်တိုင်ပဲ ညွှန်ခံ ရှာတယ်၊ တောက်ကြည့်လိုက်တော့ သူက သူဌေးသား၊ ပုစွန်လုပ်ငန်းနဲ့ အောင်မြင်တာ၊ လက်နက်ကိုင်ဝန်ထမ်းတစ်ယောက်ရဲ့သမီးကို နှစ်နှစ် ကာကာချစ်မိသွားတာ၊ ပြီးတော့မှ လူတကာဝင်အုံးတဲ့ခေါင်းအုံးမှန်း သိသွားတော့ ကျွဲသွားပြီ၊ ကောင်မလေးက တော်တော်တော့ချောဆိုပဲ၊ နှုတ်က နှစ်ပြီလေ၊ အဲဒီမှာ ကောင်မလေးက အတည်ယူရပါမယ်လုပ်ပြီး အကျပ်ကိုင်လိုက်တာပဲ၊ သူကလည်း ဟန်ပြဒီမ်ရှင်ဖြစ်မှာစိုးတော့ သူ့အသည်းနှလုံးကို သိမ်းခြောက်ဆယ်နဲ့လဲပြီး ခွာစစ်ဆင်ခဲ့ရတယ်၊ ပိန်းကလေးတွေကို စိတ်နာလို့ထင်ပါရဲ့ . . . မိန်းမကို ဘယ်တော့မှ အတည်မယူတော့ဘူးတဲ့"

"ဟင် . . . တယ်ဟုတ်ပါလား၊ ခွာစစ်ဆင်လို့ ခြောက်ဆယ်ပဲ ကုန်တာလေ၊ ခွာစစ်မဆင်ရင် တစ်သက်လုံး လှည်းကျိုးထမ်းရမှာ၊ မြစ်နှမ်းတဲ့ခွာက ခုန်ကိုခုန်တာဗျ"

"အဲဒီတော့ ကိုဖလေမှာရော သိန်းခြောက်ဆယ်တန်အသည်းနှလုံးတွေနဲ့ ဆေးကုထားရသလားလို့ပါဗျာ"

"မဟုတ်ရပါဘူး ဆရာရယ် ... ကျုပ်က ကံစီမံတဲ့အတိုင်းပါပဲ၊ မရှိသူကို ပေးကမ်းစွန့်ကြဲတယ်၊ လူတိုင်းအပေါ်မှာ စိတ်စေတနာကောင်းကောင်းထားတယ်"

"ဒါဖြင့် ကံစီမံတဲ့အတိုင်းပဲ လင်းစမ်းပါဦးဗျ"

"ကျွန်တော်က မော်ဆဲရောက်တာ လေးငါးဆယ်နှစ်ရှိပါပြီ၊ ကျောက်အကြောင်းလည်း နားမလည်၊ အရင်းအနှီးလည်း မတတ်နိုင်တော့ ကိုယ်တတ်တဲ့ပညာလေးနဲ့ပဲ လက်ဖက်ရည်ဆိုင်လေးဖွင့်ရောင်းတာ ဖုတ်လှိုက် ဖုတ်လှိုက်ပါပဲဗျာ၊ ထမင်းတော့ မငတ်ပါဘူး။ ဒီနေရာမှာ မြေလေးတစ်ကွက်တော့ အဖတ်တင်လိုက်တာပေါ့၊ ပြီးခဲ့တဲ့နှစ်ဒီအချိန်ပေါ့ဗျာ ..."

ကိုဖလေက သက်ပြင်းတစ်ချက်ရှိုက်ရင်း အားယူလိုက်၏။

"အသက်ငါးဆယ်ခွန်းခွန်းရှိမယ့် လူတစ်ယောက် ရောက်လာတယ်၊ အချိန်လေးဆယ်လောက်ကျောက်တုံးတစ်တုံးကို တနင့်တပိုးသယ်ပြီး ကျွန်တော့်ဆိုင်ရှေ့မှာ မောကြီးပန်းကြီးနဲ့ ပစ်ချထားတယ်၊ သူ့မှာ ပိုက်ဆံလည်းမပါလို့ ဒီကျောက်တုံးလေးယူပေးပါ၊ လက်ဖက်ရည်နဲ့ခေါက်ဆွဲကြော် အဝစားပါရစေဆိုလို့ ကျွန်တော်က ကျွေးလိုက်တာပါပဲ၊ ကျောက်တုံးကို ဘယ်သူမှ စိတ်မဝင်စားပါဘူး။ တချို့ကတော့ ပြောတာပေါ့လေ ... ပလွှမ်ကြီးလား မသိဘူးပေါ့၊ ကျွန်တော်လည်း ဆိုင်ရှေ့မှာ နေရာရှုပ်လို့ ရေချိုးကန်နားမှာပဲ အေးရာအေးကြောင်း ပစ်ထားလိုက်တယ်၊ ဒီကျောက်ကြီးက ဆိုင်မှာ တစ်မိုးကောင်းကောင်း

ရှိနေတာဗျ ဖားကန့်မိုးကလည်း သိတဲ့အတိုင်း ... ရွာပြီဆိုရင် ဘယ်တော့မှမစဲဘူး။ ဒါနဲ့ လေးငါးလကြာတော့ ချော်တွေဘာတွေကျွံကျပြီး ကျောက်က အသားပေါ်လာတယ်၊ အဲဒါလက်ဖက်ရည်သောက်ဖို့လာတဲ့ ကျောက်ချိုး ကျောက်သမားတစ်ယောက်က စိတ်ရှည်လက်ရှည် တစ်မိုးနဲ့တောက်ကြည့်ပြီး ဆန်ပြုတ်မပါဘူး၊ အနာခံတယ်၊ ပထွင့်မျိုးကောင်းဆိုပြီး သိန်းသုံးရာငါးဆယ်နဲ့ ဝယ်သွားတာပဲဗျာ"

"ဟင် ... ဒါတော့ ထူးဆန်းတာအမှန်ပဲဗျ"

"မော်ထဲမှာ ဒီလိုဖြစ်ရပ်မှန်ဇာတ်လမ်းတွေက အများကြီး ကျွန်တော်လည်း သိန်းသုံးရာငါးဆယ် တကယ်ပဲရတော့ အဲဒီလူကြီးကို သတိရလိုက်တာဗျာ၊ တစ်ဝက်လောက်တော့ ပေးချင်တာအမှန်ပဲ ... ဘယ်မှာရှာရမှန်း မသိတော့ဘူး။ ဒါနဲ့ ပျဉ်ထောင်ခပ်နှိမ့်နှိမ့် အိမ်ကလေး ဘဝကနေ ခုလို နံကပ်တိုက်နဲ့ 'ကံစီမံရာ' ဆိုတဲ့ လက်ဖက်ရည်ဆိုင် ရောင်းသူ ဖြစ်လာရတာပဲ ဆရာ"

"ဒါဆို ကျွန်တော်ကြားဖူးတဲ့ သိန်းရှစ်ဆယ်တန် လီမွှော်သီး သုံးလုံးဆိုတာ မှန်လောက်တယ်နော်"

"ဘယ်လိုဗျ ဆရာ ... လင်းပါဦး"

"ရေမဆေးရှာသူတွေဆီမှာ ခေါင်းရွက်ဗျပ်ထိုးစျေးသည်လေးတွေ ရှိတယ်၊ ရေမဆေးသမားလေးတစ်ယောက်က ဗိုက်ဆာလွန်းလို့ ပိုက်ဆံမရှိတော့ လက်ထဲက ကျောက်အရိုင်းတုံးလေးကို လီမွှော်သီးသုံးလုံးနဲ့ လဲစားတယ်တဲ့ဗျာ၊ ကလေးမလေးကလည်း သုံးလေးရာဖိုးဆိုတော့ ပေးလိုက်တာပေါ့၊ လုံးခင်းကိုပြန်ရောက်တော့ အလကားနဲ့ အလကား အရှုံးမရှိပါဘူးဆိုပြီး ဖြတ်ခုံမှာသွားဖြတ်တာ အသားဆန်း



ရေမဆေးသမားတို့၏ သည်းထိတ်ရင်ဖိုဘဝများ


ဘောလုံးပွဲ လောင်းလောင်း
ပျော်မဆုံးပဲ ကောင်းကောင်း
တောင်းသမျှပေး ကျွေးသမျှစား
ကျုမက မေ့မယား ....
မူးပြီးတော့ ရစ်ရစ်
ထူးပြီးတော့ ချစ်ချစ်
ဖြစ်သမျှအကြောင်း အကောင်းစား
ကျုမက မေ့မယား ....

ပဲရည်ဖြစ်နေတော့ သိန်းရှစ်ဆယ်နဲ့ရောင်းစားလိုက်တယ်တဲ့၊ အဲဒီဆိုင်လေး တွေ့ခဲ့တယ်''

''ဘယ်နားမှာလဲ''

''ကံကောင်းသူ ကွမ်းယာဆိုင်လေး လုံးခင်းမှာ သွားမစမ်းနဲ့နော်၊ ကောင်မလေးက အချောသားဗျ၊ စစ်တွေက ကံစိမ်ရာလို ဖြစ်သွားဦးမယ်''

''အရှုံးမရှိပါဘူးဗျ၊ ဘဘတို့က အသက်ကြီးပြီဆိုတော့ မိန်းမဆို ခွေးချီး လေးတိုးအရွယ်မှကို စိတ်ဝင်စားတာ''

''ဆရာကတော့ လုပ်ချလိုက်ပြန်ပြီဗျာ''

ကံစိမ်ရာ ဘဝများစွာကိုလေ့လာရင်း ဒီတစ်နေ့တော့ ဖားကန့်ဟောင်ကောင် ဆိုင်းတောင်တစ်ကြောမှာ နာမည်ကြီးတဲ့ တော်ပါခပ်ပုံ မှုးယစ်စုံနဲ့ ပဲလှော်ငုံထား ခပ်ကြွားကြွားဆိုတဲ့ကောင်လေးက ခေါင်းထဲကို ပြေးဝင်လာပါတော့တယ်။

❑❑❑

“တော်ပါ စပ်ပုံ မှူးယစ်စုံနဲ့ ပဲလှော်ငုံထား စပ်ကြွားကြွား”

အထက်အညာ မိုးနည်းရေရှားဒေသက ဦးမလကတော့ ဒုတိယအရွယ်ရှင့် ဘဝလက်ကျန်အချိန်ကို မှော်ထဲမှာပဲ မျော်နေတော့မလား မဆိုနိုင်။ ဆောက်ထားတဲ့အိမ်နှင့်ဆိုင် တွဲလျက်မြင်ကွင်းကတော့ အနားရောက်ရင် တစ်ထောက်နားချင်စရာ ကောင်းမှကောင်း။

မျက်စိကစားရင်း Vinyl နဲ့ဆွဲချိတ်ထားတဲ့ ကဗျာလေးက လာတဲ့ သူတွေရဲ့ အာရုံကို မြူသလိုလို ကညှိနေသလိုလို ...။

ဥရုချောင်းရေ သောက်မိသနော်
ငါးခြောက်ခြားတောင် အမြီးနဲ့သနော်
လွှတ်လယ်မှန်လင်း ရွှေမြို့တော်
အောက်ပိုင်းသားတို့ သိပ်သိပ်မျှော်
တက်လမ်း ဖြတ်လမ်း ရှာမွှေသော်
ရတနာ့မြေက အလွန်သင့်တော်
တဲပုတ်ကလေးမှ တိုက်ကြီးပေါ်
ရောက်သူတွေလည်း များလှသနော်

ဝှိုနိုင်စာပေ

ပွစေါက်စိုးတဲ့ မီးစွတ်ခေတ်
ခွင်ကောင်းမီတော့ လောပန်းတစ်တော်။

''အစ်ကိုရေ ... ဒီမှာ ဦးဒိုက်စံရောက်နေပြန်ပြီ၊ လူကြီးတွေ ရောက်နေပါတယ်ဆိုမှ အလိုက်ကိုမသိဘူး''

Powerless ကော်ကိုင်းမျက်မှန်ကို စတိုင်ကျကျတပ်ထား သည့် စတော်ကင်ဘောင်းဘီဝတ်ထားသော ရှမ်း-တရုတ်ကပြားမ ကလေးက ရိုလ၃ (၃၅)နှစ်ထက် မဝိုး။ ကောင်တာထိုင်တာရယ်၊ အစ်ကို ရေလို့ခေါ်တာရယ်ကြောင့် ဒီဆိုင်မှာ အာဏာရှင်ဆိုင်တာ သဘော တော့ပေါက်ပြီးသား။

''ကိုဇလ ... ခင်ဗျားသမီးလားမသိဘူး။ ခေါ်နေတယ်''

''ဟာ ဆရာကလည်း ... သမီးမဟုတ်ပါဘူး ဇနီးပါဗျ ကျွန် တော့်ချစ်ချစ်၊ လာပြီ လာပြီ ... ဘာဖြစ်ပြန်ပြီလဲ၊ ဒီမှာ စကားကောင်း နေတာ''

''ဩော် ... ဒါကြောင့် ယောကျ်ားပွင်း မိန်းမပုခက်တွင်းလို့ ဆို တာကိုး''

မကြားနိုးနားပြောလိုက်ပေမယ့် အသက်ငါးဆယ်နီးနီးအရွယ် အသားညိုညို ဗလကောင်းကောင်း အာကာမင်းဘောင်းဘီ တီရှပ် လည်ပင်း ခပ်ပြဲပြဲ နဖူးခပ်ပြောင်ပြောင် ဗိုက်ခပ်ရွဲရွဲနဲ့ ကိုဇလကတော့ နားက ခပ်ပါးပါးလေး။ အနားတိုးတိုးကပ်၍ ...

''ဒါက ဘယ်နယောက်မြောက်လဲ''

''ဘယ်နယောက်လဲလို့ မမေးနဲ့၊ သူက မော်မှာတွေ့တဲ့ မော်

ချစ်သူ''

''ဒါဖြင့် မော်မယားလို့ စောစောကပြောပါလား''

''လိမ္မာသလားမမေးနဲ့ သူ့ရုပ်ကလေးအတိုင်းပဲ''

''ရွှမ်းမိုး လင်ကိုး ဆိုတယ်မဟုတ်လားကိုဗလရဲ့၊ ရှမ်းမတွေဆိုတာ လင်ကို ဘုရားတစ်ဆူဂူတစ်လုံးသဘောထားပြီး ကိုးကွယ်တယ်တဲ့ဗျ၊ ဒါနဲ့ ခုနက ဘာဖြစ်တာတုံး ... အလန့်တကြက်နဲ့''

''ဟိုဗျာ ... ပြောရမှာ နည်းနည်းရှည်တယ်''

''ဒါဖြင့် ဖြတ်ပြောဗျာ ... တိုတိုတုတ်တုတ်ပေါ့၊ ဒါပေမဲ့ လုံးလုံး လုံးလုံးတော့မလုပ်နဲ့၊ ကွဲကွဲပြားပြားဖြစ်အောင်ပြော''

''အဲဒီ ဦးအိုက်စံဆိုတာ ကျွန်တော့်ကျောင်းနေဖက် တစ်ချိန်ကတော့ လောပန်းကြီးပေါ့ဗျာ၊ ခုတော့ သူလည်း ခြောက်ဆယ်နည်းနည်းရှိနေပြီ၊ ဘဝမှာ အတောင်တွေကျိုးလို့ မော်ကျွန်ဘဝ ရောက်သွားပြီ စိတ်ဝင်စားစရာလည်း ကောင်း၊ သံဝေဂရစရာလည်း ကောင်းပါတယ်''

''ခင်ဗျား စာတပ်ပျိုးပုံက တော်တော်လှသားပဲ ကိုဗလရ''

''လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ် ကျွန်တော်တို့ မော်ကိုတက်လာတော့ သူက လောပန်းကြီး ... အရှိန်အဝါမြင့်နေတယ်၊ သူ့ရဲ့အနိုင်နဲ့ သူ့လုပ်ကွက်နားလေးတွေမှာ ကျွန်တော်က ဆိုင်ကလေးတွေဖွင့်ခဲ့ရတာ၊ ဒီမိန်းမသူကတော့ ရွာမှာကျန်ရင်း အစိုးမရတဲ့ အညာမိုးနဲ့ ကလေးတွေပညာရေးအတွက် ရည်ရွယ်ပြီး ကျွန်တော်က မော်ထဲကို ရောက်ခဲ့ရတာ၊ ခုတော့ အိမ်သူကြီးအတွက် အိမ်လည်း ပြင်ဆောက်ပြီးပြီ၊ ကလေးတွေလည်း အတောင်အလက်တွေ စုံပြီ''

''ခင်ဗျားကျတော့ရော''

''မြင်တဲ့အတိုင်းပဲ ... ဥရုချောင်းရေသောက်မိလို့ ငါးခြောက်ပြားတောင် အမြီးနဲ့တယ်ဆိုတာကို၊ မှော်မယားလို့ မခေါ်ထိုက်တဲ့ အစားအသောက် ချက်ပြုတ်ပြင်ဆင်ရောင်းချတော်တဲ့ အညာသားကြီးကို တီတီတာတာလေးချစ်တတ်တဲ့ ဟောဒီအချစ်ကလေးနဲ့ပဲ မှော်ထဲမှာ အရိုးထုတ်ရတော့မယ် ထင်တာပဲ''

''ဒိမ်သူကြီးကရောချ''

''ရာထူးတိုးသွားပြီ''

''ဘာရာထူးတဲ့''

''ဘုရားဒကာ ကျောင်းဒကာ တောင်နန်းစံဒေဝီမဟေသီ''

''အင်''

ကျွန်တော်က ထောက်ခံရန် ကန့်ကွက်ရန် စကားလုံးမရှိတော့၍ အာမေဋိတ်သံတစ်ခုဖြင့် အသိအမှတ်ပြုလိုက်ရပါ၏။

''ခုနက ဦးအိုက်စံက စိတ်ကောင်းတယ်၊ ကျွန်တော့်မှာ ဝရိတ်ပြတ်ရင် ထုတ်ပေးတယ်၊ သူ့တပည့်တွေကလည်း ကျွန်တော့်ဆိုင်ကိုပဲ အားပေးတော့ ရပ်တည်လို့ရအောင် လုပ်ပေးထားတယ် ...၊

ခုတော့ သူပိုင်ဆိုင်သမျှတွေကို မြို့က ယယ်ယယ်ချောချောကချင်မလေးကို ပေးကမ်းရင်း၊ စွန့်ကြဲရင်း၊ ပိုင်ဆိုင်မှုတွေကို အဒီအငယ်အနှောင်းလေးနာမည်နဲ့ လုပ်ပေးရင်း အငယ်အနှောင်းလေးက ရွှယ်တူလင်ကောင်လေး ရသွားတော့ မောင်ပိုင်စီးသွားတာ''

''ဘယ်လို ဘယ်လို''

''သူက ရှိတာကို မိန်းမကိုပုံအပ်တာလေ၊ မိန်းမဆိုတာ ဆိတ်ကွယ်ရာမှာဆိုရင် မိဖုရားတောင် ပေါင်တိုနဲ့ဖောက်ပြားတတ်တယ်

ဆိုတာ ရာဇဝင်မှာ သာဓကတွေရှိတယ်မဟုတ်လား"

"အင်း ... ထားပါတော့"

"အဲလို မောင်ပိုင်စီးသွားတော့ အရက်မသောက်, ကွမ်းမစား, ဆေးလိပ်မကြိုက်တဲ့ လောပန်းကြီးကိုအိုက်စံဟာ တော်ပါ ခပ်ပုံ မူးယစ်စုံထဲကို ခြေစုံပစ်လို့ စိတ်သက်သာရာရှာရင်း မိုးပင်လယ်မှာ မျောသွားပြီဗျ"

"ဒါနဲ့ ခုနက ဘာအကူအညီတောင်းတာလဲ"

"ယမ်ပေါင် တစ်ပေါ့ နှစ်ပေါ့စာလောက် လာတောင်းတာ"

"ကိုဗလာကလည်းဗျာ ... ဝေါဟာရအသစ်တွေနဲ့ချည်းပဲ၊ ကျွန်တော် နားမလည်တော့ဘူး"

"ယမ်ပေါင်ဆိုတာ ဘိန်းဆီခဲအမည်းရောင်ကို ပြောတာ၊ သူ့ကို အဆင့်မြှင့်လိုက်ရင် ခပ်ပုံဖြစ်လာတယ်၊ အဲဒါကို တော်ပါနဲ့ရှူတာ ဘိန်းရှူတာပေါ့ဗျာ"

"ကဲ ... လက်တွေ့ကျကျ ကြည့်ချင်တယ်ဗျာ"

'ကောင်း ကောင်း ကောင်း'

ကိုဗလာက အမေးန္တားကျောင်းသား အပြောဘုရားလောင်းဖြစ်နေတာကြောင့် မေးခွန်းကိုမဖြေတတ်တော့ဘဲ အကျပ်ရိုက်သွားပြီး စစ်ကူအတွက် လောပန်းကြီးတစ်ဖြစ်လဲ ဘိန်းစားကြီးဦးအိုက်စံကို လက်ခုပ်တီး ဦး လှမ်းခေါ် လိုက်ပါတယ်"

"လောပန်း ပြော ... အိုက်စံ ဘာလုပ်ပေးရမလဲ၊ ဒီမှာ ကွတ်နေပြီ၊ လည်ချောင်းတွေလည်း ယားနေပြီ၊ တစ်ပေါ့ နှစ်ပေါ့မိုး လောက် ရချင်ပဲ လိုတယ်"

''ဘယ်လောက်ကျလဲ ဦးအိုက်စံ၊ ခင်များကိုကြည့်ရတာ မကြည့်ရက်လို့ပါဗျာ''

ရင်ဘတ်၊ လည်ချောင်းတွေကို အစိမ့်သွားယ်မှုပွတ်သပ်ရင်း တံတွေးတွေ အကြိမ်ကြိမ်မျိုချနေသော ဦးအိုက်စံကို ကရုဏာသက်စွာ သံဝေဂရစွာ ကြည့်၍ မေးလိုက်၏။

''လေးငါးထောင်ဆိုရင် ရပါပြီ လောပန်း''

''ကဲ ဒါဖြင့် . . . ရော့''

အိတ်ထဲက တစ်ထောင်တန်လေးရွက်ကို ထုတ်ပေးမိရင်း ဘာသာ သာသနာအတွက်၊ လူမှုရေးအတွက်မဟုတ်ဘဲ ဖိုးရှုံးစရိတ်ပေး တယ်ဆိုတော့ အဆိပ်ပင်ရေလောင်းမိပြီလားလို့ တွေးမိပေမယ့် တတိယ အရွယ်မှာ အောင်မြင်မှု ငွေကြေးနေ့ ဆိုးတူကောင်းဖက် ဘဝကြင် ဖက်က ရက်ရက်စက်စက် ပစ်သွားခြင်းခံနေရသူကို ကိုယ်ချင်းစာ စိတ်လည်း ယှိုဖိတ်လာသောကြောင့်ပင် နှမြောတွန့်တိုစိတ် စိုးစဉ်းမျှ မဖြစ်ခဲ့။

ဦးအိုက်စံကတော့ ငွေလေးထောင်ကို လက်ဝါးနှစ်ဖက်ကြားမှာ ထည့် နမ်းကာပြီး ဂါရဝပြုလို့ ဦးတည်ရာတစ်ခုအတွက် မနေးအမြန် ထွက်ခွာသွားခဲ့ချေပြီ။

''ကိုဝလ . . . သူ့ကို ဒီအတိုင်းလွှတ်ထားမယ့်အစား တစ်ခုခုနဲ့ အစားထိုးပြီး မျှဉ်းဖြတ်ရင် မကောင်းဘူးလားဗျ''

''အင်း . . . ကျွန်တော်လည်း စဉ်းစားပါတယ်၊ တကယ်တော့ ဘိန်းသမား ဖိုးသမားဆိုတာ ကျွန်တော်တို့ တစ်ခါတလေ အပျင်းပြေ အရက်သောက်တာနဲ့လည်း မတူဘူး။ ရင်းထဲနေတဲ့သူကို အရက်တိုက်

မှုတယ်၊ ဘိန်းဆိုတာ မှိန်းတာ၊ အရက်ဆိုတာ သွေးရူတာ၊ အဲဒီတော့ အာသာမပြေဘဲ ပေါက်ကွဲကုန်တာပဲ၊ ကိုယ့်ကိုယ်ကိုယ်သတ်သေတာမျိုးတောင် ဖြစ်တတ်တယ်၊ သူကျတော့ အလုပ်လည်း လုပ်နိုင်သေးတယ်၊ ဒါပေမဲ့ ရင်းထရင်တော့ တစ်ပေါ့ နှစ်ပေါ့လောက် ရှူလိုက်ရမှ၊ ပြီးရင် ခဏမှိန်းပြီး လူတစ်ယောက်ရဲ့အလုပ်တွေ ပြန်လုပ်နိုင်ပြန်ရော''

''မြို့မှာဆိုရင်တော့ မူးယစ်ဆေးဝါးဖြတ်တဲ့ဆေးရုံ တက်ရမှာပေ့နော်''

''တကယ်တော့ ...မူးယစ်ဆေးစွဲသူတွေဟာ အဲဒီမူးယစ်ဆေးဆိုတာကြီးကို မနှစ်မြို့ကြဘူး။ ဒါပေမဲ့ သူ့ရဲ့သွေးသားက မဖြစ်မနေတောင်းဆိုမှုကြောင့် သုံးစွဲနေရတာ၊ သူဆေးစွဲတာနဲ့ ကျန်တဲ့သူလည်း ဆေးစွဲပါစေဆိုတာမျိုး မရှိတတ်ကြဘူးဗျ၊ အစကကတော့ဗျာ မူးယစ်ဆေးဆိုတာ ပထမတော့ ပျော်ချင်လို့ စမ်းသုံး၊ ဝိမ်ယစ်တဲ့အရသာတွေ၊ တချို့ကျတော့လည်း အောင်မြင်မှုတွေ ကျဆုံးမှုတွေ နိမ့်တုံမြင့်တုံတွေကများလာတော့ ငွေကြေးအပေါ်မှာ တယ်မက်မှု၊ ထိန်းသိမ်းမှုနည်းလာပြီး Relax လုပ်တဲ့သဘောနဲ့ စမ်းသုံးရာကနေ စွဲသွားတတ်တာဗျ''

''အင်း ...ဒါကြောင့် မနက်က ကိုမင်းသူကပြောတာကိုး ...ဖော်မှာ ပျော်ချင်ရင် နတ်ပြည်ရောက်အောင် ပျော်လို့ရတယ်၊ အပျော်လွန်ရင်တော့ မော်ထဲမှာ အရိုးတွေနှစ်သွားမယ်ဆိုတာလေ''

''ဆရာ ဟောဟိုမှာကြည့် ...လောပန်းကြီးဦးအိုက်ခ်စ် ရိုကွာရလာပြီ၊ သူသွားနေကျနေရာလေးကို သွားနေပြီ၊ မသိမသာ လိုက်ကြည့် ...ကျွန်တော် ရှင်းပြတာထက်ကို ရှင်းတယ်''

''ဂျပန်ရေချိုးသလိုပဲလား''

''ကဲပါဗျာ ... သွားမှာသာ သွားလိုက်ပါ။ မှော်မှာ ဒါမျိုးတွေက တောကြိုအုံကြားမှာ အများကြီး။ တချို့ဆိုရင် အပ်တပ်ရင်းနဲ့ကို ဘဝတွေက နိဂုံးချုပ်သွားကြတာ''

ရေတတ်တုန်း ရေတွင်းထဲကျသူကတော့ မြန်မာကျပ်ငွေ လေးထောင် အရင်းပြုထားသော အကျိုးအမြတ်အတွက် ဦးအိုက်စံနောက်သို့ မလှမ်းမကမ်းကနေ လိုက်ပါသွားပြီဖြစ်လေသည်။ ဆိုင်နောက်ဖေး ကိုက်တစ်ရာလောက် ချုံပုတ်ကလေးအောက်မှာ အောက်ခံမြေကြီးက မာတင်းပြီး ပြောင်နေတယ်ဆိုတော့ ဦးအိုက်စံဖါနုတ်ဘုံနုတ်နန်းပဲဆိုပြီး မသိမသာ ကြည့်လိုက်မိပါတယ်။

ကျွန်တော့်ကို ကျောခိုင်းထားတဲ့ ဦးအိုက်စံကတော့ ကိစ္စတစ်ခုအတွက် အလျင်စလိုလှုပ်ရှားနေတာမို့ ဘေးဘီကို အာရုံမစိုက်အား။ ဖောက်သည်ဆီကဝယ်လာတဲ့ ခပ်ပုံ (ဘိန်းဆီခဲအမည်းရောင်ကို မြှုပြင်ပြီး အသုံးပြုရန် အသင့်ဖြစ်နေသော လက်သန်းများထိပ်ခန့်အလုံးလေး) နှင့် ဝက္ကူအတွင်း ခေါက်ထည့်ထားသော ရာမစိတ်ကြွဆေး ပါးပါးလိုး ထားပြီးသားအမှုန့်ကို ဝက္ကူထုပ်အတိုင်း မြေမှာချထားတယ်။ စီးကရက်ဘူးခွံက မီးရှို့ခံငွေရောင်ဝက္ကူလေးကို လက်ကိုင်မယ့်နေရာ အမှုန့်ထည့်၊ မီးအပူပေးဖို့ဖြစ်အောင် ကျွမ်းကျင်စွာပြုပြင်ပြီးတာနဲ့ ငွေရောင်ဝက္ကူလေးပေါ်မှာ ခုနက ခပ်ပုံနဲ့ရာမကို သင့်တင့်အောင် ရောသမမွှေပြီးတင်လိုက်ပြီ အအေးသောက်တဲ့ပိုက်ကို ပါးစပ်မှာ ဟန်ပါပါခဲလိုက်ပြီး လက်တစ်ဖက်က စီးကရက်ဘူးခွံငွေရောင်ဝက္ကူကိုကိုင် လက်တစ်ဖက်က ဂက်စ်မီးခြစ်ကို မီးမှုန်မှုန်လေး ခြစ်ပြီး ဝက္ကူအောက်က အပူပေး

လိုက်တယ်ဆိုရင် ခုနက ဘိန်းအဆီခဲလေးက ဆူပွက်ပြီး မီးခိုးလေး ထွက်လာတယ်။ အဲဒီမီးခိုးကို ပေါ့တံ (အအေးသောက်သည့် ပလတ်စတစ်ပိုက်) နဲ့ အားကြီးကြီးရှိုက်ထည့်လိုက်တော့ မီးခိုးငွေ့တန်းက ဟုတ်ခနဲဆို ပါးစပ်ထဲရောက်သွားပြီး ပါးစပ်ထဲမှာ တော်တော်လေး အရသာခံပြီးမှ Feel လေးနဲ့ မျိုချလိုက်တယ်။

သုံးခါလောက် ရှိုက်ပြီးသွားပြီဆိုတော့ သုံးပေါ့လောက်ရသွားပြီ ထင်ရဲ့။ ဦးအိုက်စံတစ်ယောက် နေသာထိုင်သာရှိပြီး ခေါင်းလေးမှိန်းမလို ကြဲ့နေတုန်း ...

"ဟိုက် လောပန်းကြီးဦးအိုက်စံ ... ဘယ်ပြေးမလဲ မိချိသဲ၊ မိပြီ ... ခင်ဗျားကို ပြည်သူ့ပိုင်းတွေရဲထားပြီ"

"ဟော ... လစ်ဟ လစ်ဟ"

ဦးအိုက်စံက ဟော တစ်လုံးအသံထွက်ပြီး ခြေဦးတည့်ရာကို ခွတ်ပြေးပါတော့တယ်၊ ကိုယ်ကလည်း အစအနောက်သန်တော့ လိုက်မိ လိုက်ရာ လိုက်တော့တာပေါ့။

"လောပန်းကြီး ... မပြေးနဲ့ ညိုလို့ရပါတယ်ဗျ"

နှစ်ယောက်သား သစ်တောထဲမှာ သူက ရှေ့ကပြေး ကိုယ်က နောက်ကလိုက်နေရင်း မောလာတော့ ဦးအိုက်စံက နောက်ကိုပြန် လှည့်ကြည့်တယ်။

"ဟာ ဆရာ ... စောစောက ဆရာပဲ၊ မောလိုက်တာဗျာ၊ တကတဲ အသက်ရှုလို့တောင် မဝဘူး"

"မကြောက်ပါနဲ့ မမြဝင်းရာ၊ ဝိုလ်အောင်ခင်တောင်းဘိချွတ် တာ ရေချိုးမလို့ပါဗျ ကဲ လာ လာ ... စောစောကနေရာလေးကို

သွားကြမယ်''

''ဆရာရယ် အလန့်ထညာက်မလုပ်ပါနဲ့ဗျာ၊ ဒီနေ့တော့ နတ်ပြည်က ဘယ်ပျောက်သွားမှန်းတောင် မသိတော့ပါဘူး''

ဦးအိုက်စံက Feel ပျက်သွားပြီး သူ့နီးလှမ်းသည့်ပုံစံ ရှက်ကိုးရှက်ကန်းမျက်နှာနဲ့ ...

''ဟာ ... လန့်လိုက်တာဗျာ၊ လောပန်းကလည်း ဒီနေ့တော့ နတ်ပြည်မတက်ရတော့ပါဘူး ... ဟင်း''

''ကဲ ... ခင်ဗျား ကျွန်တော့်ကို ကျေးဇူးဆပ်ရမယ်''

''ပြောပါ လောပန်း ... ဘာ ဘာများလုပ်ပေးရမလဲ''

''တော်ပါ ခပ်ပုံ မှုးယစ်ဆုံနဲ့ ပဲလှော်ငုံထား ခပ်ကြွားကြွား မယားဘယ်မှာနေသည်မသိတဲ့ ... အဲဒါကို ဘာသာပြန်ပေး''

''ဆရာကလည်း ရိုးရိုးလှန်ရင်လည်း ကိုးဟာကိုးပါပဲဗျာ၊ ကဲ ... ထိုင် ထိုင်''

ဦးအိုက်စံမျက်နှာက ရုတ်တရက် ပြုံးရွှင်နွေးထွေးသွားပြီး မြေကြီးပေါ်က သစ်ရွက်ခြောက်ကလေးတွေကို တဘက်ကလေးနှင့်ယပ်၍ သန့်ပြန့်အောင်လုပ်ပေးနေတော့ ရင်ထဲမှာမကောင်း။

သြော် ... သူ့ခမျာ ဒီအရွယ်ကြီးကျမှ လူ့ဘဝရဲ့တကယ့်စိမ်တွေ ပျောက်ပြီး သစ်ပင်အောက်က တော်ပါ ခပ်ပုံ စည်းစိမ်နှင့် ကျေနပ်ရသည်ကို ဘယ်လိုမှ မခံစားနိုင်။

''ကဲ ကဲ ... လောပန်းက ဘယ်ကစသိချင်တာလဲ''

''တော်ပါ ခပ်ပုံက ပြောဗျာ''

''တော်ပါဆိုတာ တရုတ်တို့ ရှမ်းတို့ အဓိကသုံးတဲ့ ဆေးလိပ်

လည်း သောက်လို့ရ, ဘိန်းလည်းရှူလို့ရတဲ့ ပြောင်းကြီးကိုပြောတာ၊ ခုနက ဆိုင်မှာရှိတယ်လေ၊ အဲဒါကြီးနဲ့ ဆေးလိပ်သောက်ရင် နီကိုတင်းဓာတ်က ရေကိုဖြတ်ပြီးမှ ပါးစပ်ထဲကို ရောက်တယ်ဆိုပြီး ဆေးလိပ်ငွေ့ကို ရေထဲဖြတ်ပြီး ပါးစပ်တစ်ခုလုံးနဲ့ အားရပါးရရှိုက်တာ''

''ဘာအကျိုးထူးလဲ''

''အဲဒါနဲ့ရှိုက်တော့ ရာဇာ့ရှေ့ချေမြွေမှုက်တာပေ့ါ၊ သိပ်တော့မထူးပါဘူး ... ပါဖော်မင့်တော့ ကွာမှာပေ့ါလေ၊ ခပ်ပုံဆိုတာက ယမ်းဖောင်က လာတာဗျ၊ ယမ်းဖောင်ဆိုတာ ဘိန်းအဆီခဲအမည်းရောင်လေးကို ခေါ်တာ၊ အဲဒါကို ရှမ်းပြည်နယ်မှာတော့ အဆင်ပြေသလို သုံးကြတယ်၊ ဥပမာ ... လားကိုကျွေးတယ်ပေ့ါ၊ ရှူဖို့ကျတော့ လက်သန်းထိပ်များလောက် ယမ်းဖောင်ကို အမှုန့်ကြိတ်, ဟင်းခတ်ကြေးခွက်ထဲမှာ ယမ်းဖောင်နဲ့ ရေကိုရောကျို၊ ထန်းလျက်ရည်လို ပျစ်ခဲခဲဖြစ်လာရင် စီးဖိုပေါ်က ချ၊ ခွက်ကို ရေထဲမှာစိမ်လိုက်၊ ခွက်မှာကပ်နေတဲ့ ခုနက ဘိန်းဆီကို သမအောင်မွှေ၊ အဲဒါကိုမှ ငှက်ပျောရွက်တို့, မြင်းခွါရွက်တို့ကို ခေါက်ပြီး ပါးပါးလှီး, သမွတ်အုခြောက်ကလေးတွေလို ဆေးသေးမျှင်မျှင်လေး ရရင် နေလှန်း၊ အဲဒီဥစ္စာနဲ့ ခုနက ခွက်ထဲကအဆီနဲ့ သမအောင်မွှေပြီး လုံးထားတာကို ခပ်ပုံခေါ်တယ်၊ လက်သန်းထိပ်လောက်ဆိုရင် တစ်ပေ့ါ နှစ်ပေ့ါ အသားလေးရှူလို့ရပြီ''

''တော်ပါနဲ့ကျတော့ ဘယ့်နှယ်တွဲပြီး သုံးတာလဲဗျ''

''ခုနက ခပ်ပုံကို တော်ပါရဲ့စီးကရက်ဖင်ဆီထည့်တဲ့ အပေါက်ပေါ်ကို တင်၊ မီးစကောက်အသားလေးနဲ့ ကပ်ပြီးအပူပေးရင် ခပ်ပုံကို တော်ပါနဲ့ စိမ်ကျကျ ရှူလို့ရပြီ၊ နှစ်ပေ့ါ သုံးပေ့ါလောက်ဆိုရင်တော့

သုံးနာရီလောက် ကြိုက်သလို စိတ်ကူးယဉ်လို့ရပြီ''

''ဒါဆို တော်ပါသုံးတဲ့လူတွေကို ဘိန်းရှူတယ်လို့ ပြောလို့ ရလား''

''အသောက်အကူပစ္စည်းကတော့ နီးစပ်တာပေါ့ ... ဒါပေမဲ့ ဘိန်းရှူနည်းက အမျိုးမျိုးရှိတာကိုး။ တချို့ကျတော့ ပြောင်းရှူတယ်လို့ ခေါ်တယ်၊ ပြောင်းရှူတယ်ဆိုတာ သူဌေးကြီးတွေမှ လုပ်နိုင်တာ၊ သူက ကညာပိုစစ်တယ်''

''လုပ်ပါဦးဗျ ... သူဌေးပြောင်းရှူပုံလေး''

''ယမ်းဖောင်ရပြီဆိုပါတော့၊ အဲဒီယမ်းဖောင်အတုံးလေးတွေကို စပုတ်တံလို တုတ်ချောင်းနှစ်ချောင်းနဲ့ မီးဖိုပေါ်တင်ပြီး လုံးရတယ်၊ မီးဆိုတာကလည်း ရေသန့်ဘူးကို ထက်ပိုင်းဖြတ်ပြီး ဂက်စ်မီးလိုမျိုး အပေါ်တင်ရင် မီးစုတော့ လုပ်ရတာပိုအဆင်ပြေတာပေါ့၊ အဲဒီအလုံး လေးကို ဆေးတံလိုပုံစံ အဝက လုံးလုံး၊ အပေါက်က သေးသေး အဝမှာ ယမ်းဖောင်အတုံးလေးကိုတင် ရှောက်ရိုးနဲ့ကျူတံတယ်၊ မီးစ ကောက်သားလေးကို မီးရှို့ပြီး ဆေးတံထိပ်မှာထားပြီး ရှူတာပဲ ... သိပ်ကောင်းတာပေါ့၊ အုရှိုင်းဆိုရင် အဲဒီရှောက်ရိုးက ပြောင်းရေကို ရှူမိရင်တောင် မူးတယ်ဗျာ''

''ဒီလူက ဘိန်းစားသောက်ရင့်တယ်,နတယ်ဆိုတာ ဘယ်လိုခွဲလို့ ရလဲ''

''ရေနွေးကြမ်းခွက်ထဲက ရေနွေးကို အိပ်ရာထဲကနေ တခေါင်း သောက်တတ်ရင် ဘိန်းစားသောက် တော်တော်ကိုရင့်သွားပြီ''

''ခု ခင်ဗျားပြောနေတာတွေက ဘိန်းစားတာပဲ၊ ဖိုးရှူတာတို့

အပ်နိုက်တာတို့ကျတော့ရော သိလား"

"မလုပ်နဲ့ လောပန်း။ နိုးထိပြီးတဲ့ကောင်က ဘိန်းဖြူရှူလို့ Heat မဝင်တော့ဘူး။ နံပါတ်ဖိုးမှုန့်ကို ပထမဆုံးပြောတဲ့ စီးကရက်ဘူးနဲ့ နည်းနဲ့လည်း ရှူလို့ရတယ်။ နားထင်တို့ ဘာတို့ သွေးကြောပါးတဲ့နေရာတွေမှာ အသားကိုပွတ်ပြီး ဆေးကို ပလာစတာနဲ့ကပ်တာလည်း ရှိတယ်။ အထိရောက်ဆုံးနဲ့ အဆိုးဆုံးကတော့ ခြေ၊ လက်၊ ချက်တိုင်တို့မှာ တုတ်တင်တာပဲ"

"ဒါကြောင့် ... ဖိုးသမားတွေ ဆေးထိုးအပ်တန်းလန်းနဲ့ သေတာကိုးဗျ နော်"

"ဖိုးသမားဆိုတာ ပထမအဆင့် တခြားသူကို ထိုးနိုင်တယ်။ အပြန်အလှန်ပေါ့။ နောက်ပိုင်းကျတော့ ကိုယ်သွင်းချင်တဲ့အချိန် သုံးလို့ရအောင် ဘယ်လက်၊ ညာလက်၊ ချက်တို့မှာ ကိုယ်တိုင်ပဲအကြောရှာပြီး ထိုးကြတာ။ အပ်ဖြုတ်လိုက်ရင် Feel ပျက်သွားမှာစိုးလို့ အပ်ကို မဖြုတ်တတ်ကြဘူး"

"ဖိုးဆိုတာ ဘယ်လိုလုပ်သိရလဲဗျာ"

"နို့မှုန့်လို အဖြူနဲ့အဝါရောကြားအရောင်၊ နည်းနည်းလေး ချွဲတင်တင်အရသာရှိတယ်။ လူကတော့ မျက်လုံးတွေအမြဲဝင်းနေပြီး မျက်လုံးဝါနေတတ်တယ်၊ အသည်းသမားလိုလိုပေါ့"

"ဘိန်းသမားနဲ့ ဖိုးသမား ဘာကွာလဲဗျ"

"ဘိန်းသမားဆိုတာကတော့ ဘိန်းစားရရင် ပုံမှန်အလုပ် လုပ်နိုင်တယ်၊ ဖိုးသမားကတော့ မြင့်သွားပြီ ... ဘာမှ ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ ဒါကြောင့် ဖိုးသမားတွေက နိုးဆိုးနိုက်တွေ ဖြစ်

ကုန်ကြတာပါပဲ၊ လူငယ်တွေ သွားတော့မစမ်းစေချင်ဘူး''

''ပဲလော်ငုံထား ခပ်ကြွားကြွား ဆိုတာကရောဗျ''

''ရာမကို သုံးတဲ့သူက ပဲလော်ဝါးသလိုပဲ ... ပါးစပ်က ရှိန်းမှတ်နေပြီး ပြုံးဖြီးဖြီးနဲ့ Feel ဝင်နေတတ်တယ်၊ အဲဒါကို ပဲလော်ဝါးတယ်ခေါ်တာပေါ့''

''အင်း ... မော်ထဲက ဘိန်း၊ ဖိုး၊ ရာမတရားက တော်တော်ကို ရှုပ်သွားပြီနော်''

''အင်္ဂလိပ်က တရုတ်ကို ဘိန်းစစ်ပွဲနဲ့တိုက်လို့ တရုတ်က ဘိန်းစားဖြစ်သွားတာ၊ မြန်မာပြည်ထဲကို ကူမင်တန်တရုတ်ဖြူတွေ ရောက်လာတော့ ရှမ်းအရှေ့မှာ ဘိန်းစိုက်ပြီး စီးပွားရှာတယ်လေ၊ ခုတော့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် ဒေသတချို့မှာ အင်္ဂလိပ်ရဲ့ အမွေအနှစ် ဘိန်းနဲ့ အဆင့်မြင့်နံပါတ်ဖိုး ဇက်ပစ္စည်းကိုရိယာနည်းနည်းလေးနဲ့ ဝန်ဆောင်ကျဉ်းတဲ့ မက်သာအက်ဖ်ီတမင်းခေါ်တဲ့ ရာမတွေ နယ်စပ်မှာ အမွေထပ်တိုးလာခဲ့ကြတာပါပဲ''

''တစ်မျိုးသားလုံး မူးယစ်ဆေးကို ဝေးဝေးရှောင်ဖို့ စကားလက်ဆောင်ပေးပါဦး ဦးအိုက်စံရဲ့''

''နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ မူးယစ်ဆေးဝါးကိုလည်း ဘာအကြောင်းကြောင့်နဲ့မှ မမြည်းစမ်းပါနဲ့လို့ ဘဝတစ်ခုအရှုံးပြီး လောပန်းကြီး ဦးအိုက်စံက ပြောပါရစေ''

''သာဓုချာ သာဓု သာဓု''

ကျွန်တော် ကျောနိုင်းခဲ့စဉ်မှာတော့ ဦးအိုက်စံတစ်ယောက် ပေါက်တူးတစ်လက်ယူ၍ တောင်ယာခင်းကို ခပ်နဲ့နဲ့အားအင်နဲ့ ထွက်

ရွာသွားခဲ့လေပြီ။

ဆိုင်းတောင်ရွာကြီးထဲမှာတော့ ကြက်ဖတွန်သံများ သိပ်မကြားရဘဲ ကိုကိုရေ ကွယ်ရာမှာ ခြေမများနဲ့နော် ကိုကိုနော်ဆိုတဲ့ ကြက်မတွန်သံများက ပို၍ညံစီနေသည်မှာ အဆန်းတကြယ်မဟုတ်တော့ပါဘူး။ ပုထုဇဉ်တွေပဲကိုး။

## ''မော်ကြာမတေ့တော်ဓါ မော်တျားပါဗျ''

''ကဲ စာရေးဆရာရေ ...သွားရအောင်၊ ဦးမင်းသူတို့က မုံမော်ဘက်ကို သွားကြပြီဗျ၊ အဲဒီမှာ လေ့လာစရာတွေအများကြီး''

''အင်း ... ကျွန်တော်လည်း ဦးအိုက်စံရဲ့ နတ်ပြည်မှာ ကြာကြာမနေရတော့ဘူးပေါ့''

''ဒါက ဘဝများစွာတွေထဲက ဘဝတစ်ခုပါဗျာ''

ကုမ္ပဏီက အုပ်ချုပ်မှုယာဥ် ပါဂျဲရိုးကလေးနဲ့ ဖားကန့်ဟောင်းကောင်လို့ ခေါ်တဲ့ ဆိပ်မှုတစ်ဖြစ်လဲ ဆိုင်းတောင်ရွာက ထွက်လာခဲ့ပါတယ်။ မြေပြင်မှာ ရေးထားတဲ့စာသားက ဆိပ်မှုကျေးရွာလို့ခေါ်ပေမယ့် အားလုံးကတော့ ဆိုင်းတောင်လို့ပဲ ခေါ်နေကြတာ ထူးဆန်းနေသလိုလို စိတ်ထဲကဖြစ်နေတာကို မျိုသိပ်ပြီး ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရင်း ခရီးဆက်ခဲ့ပါတယ်။ ဥရုချောင်းကို ယာယီတံတားတစ်စင်းပေါ်ကနေ ဖြတ်ကျော်ပြီးတာနဲ့ မုံဆိုတဲ့ အထင်ကရရွာကြီးကို ရောက်သွားတော့ ရွှေမုံညည်ိမိုဝ်ပ္ဖိန်ရှေ့မှာ ကားက ထိုးရပ်သွားပြီး ...

''ဒုက္ခပဲ ... ဒီကားကတော့''

''ဘာဖြစ်လဲ ကိုသန်းထွန်း''

''ရေလယ်အုံ ခုကွပေးပြီဗျ၊ ကျွန်တော်လည်း ပြစ်မယ့်ပြစ်မယ်နဲ့ ခုထိကို မလုပ်ရသေးဘူး''

စိတ်ပျက်လက်ပျက်နဲ့ နှစ်ယောက်သား ကားပေါ်ကဆင်းပြီး နံကာပ်နှစ်ထပ်တိုက် တည်းခိုခန်းဘက်ကို လျှောက်သွားတော့ အသက် (၅၀)ဝန်းကျင် အရပ်ခပ်ပြတ်ပြတ် ခေါင်းတုံးဆံတောက်ဆံပင် အသားခပ်လတ်လတ် ကော်ကိုင်းမျက်မှန်နဲ့ လူတစ်ယောက်က ထွက်လာပြီး ဝမ်းသာအယ်လဲ ထွက်ကြိုပါတယ်။

''ဘယ်သူတွေလဲလို့ . . . ယောသားကြီး ကိုသန်းထွဋ်ပါလား။ ဘာကူညီပေးရမလဲ၊ ဧည့်သည်အနားယူမှာလား''

''အင်း . . . ဘယ်ကစပြောရမှန်းတောင် မသိပါဘူး . . . ကားပျက်လို့၊ တာကောရား၊ ဧည့်ါ . . . ဒါနဲ့ မိတ်ဆက်ပေးဦးမယ်၊ ဒီကျောက်စိမ်းရွာနက စာရေးဆရာ ဦးကိုကိုတဲ့ . . . ကျုပ်တို့ယောသားပေါ့''

''တွေ့ရတာ ဝမ်းသာပါတယ်၊ မုံကြိုဆိုပါတယ် ဦးကိုကို''

''ဟုတ်ကဲ့ . . . တွေ့တွေ့ချင်း ကျွန်တော့်မျက်လုံးထဲက မှတ်မိတဲ့ပုံရိပ်အတိုင်းပဲ မိတ်ဆက်ရရင်တော့ အရမ်းယဲခင်မင်ဖို့ကောင်းတဲ့ ပရိုဂျူဆာနီတိုးကြီးလို့ မှတ်ထားလိုက်မယ်ဗျာ''

''ကျွန်တော်က ဘဝသမား ကျောက်သမားပါဗျ ပရိုဂျူဆာနီတိုး မဟုတ်ရပါဘူး''

''အစ်ကို့ပုံက ဒုစ္စရိုက်ကျော်လောကမှာ မင်းသားကြီးဦးကျော်ဟိန်းက ခုတိယအရွယ်နဲ့ မေသန်းနု နာမည်တက်ခါက ဗွီဒီယိုတစ်ကား တွဲရိုက်တာ ကြည့်လိုက်ရတယ်၊ သူက ရုပ်ရှင်ပရိုဂျူဆာလေး

အစ်ကိုလိုပဲ ဘိုကေပြောင် ကော်ကိုင်းမျက်မှန်နဲ့ တဘက်ကလေး ပခုံးပေါ်တင်ထားပြီး ဗိုက်နည်းနည်းရွှဲ့ ကော်နည်းနည်းကျတာပေါ့"

"အဲဒီတော့"

"မေသန်းနုကို သေးကေသူငယ်ချင်းတွေက ဦးနီတိုးကြီးက ကပ်စေးလည်းနှဲတယ်၊ ဗိုက်လည်းရွှဲတယ်၊ မချစ်ပါနဲ့လားတဲ့၊ မေသန်းနုက ဘာပြောလဲဆိုတော့ အဲဒီဗိုက်ကလေး မသိမသာရွှဲပြီး ကပ်စေးနှဲတာလေးကိုပဲ ချစ်နေတာတဲ့ ... ပြီးရောပေါ့ဗျာ"

"ကောင်းတယ် ကောင်းတယ် ... ဒီနာမည်အတိုင်းဆို ကျွန်တော်က မင်းသားကြီးကျော်ဟိန်းဖြစ်သွားပြီ၊ ကဲ ကဲ ... ရေပေးချိုး အဝတ်ပေးဆော်လိုက်၊ ကြိုက်သလောက်စား ဦးကိုကို"

ဦးနီတိုးက မွန်သံဝဲဝဲနဲ့ အရွှမ်းဖောက်လိုက်တော့ ပြိုင်တူပြုံး လိုက်မိကြ၏။ အိမ်ရှေ့မှာ မတ်တတ်ရပ်ပြီး စကားကောင်းနေကြစဉ် မယုံရွာက နံကပ်နှစ်ထပ်တိုက် တည်းခိုခန်းရဲ့ ဧည့်ခန်းမှာတော့ အလွမ်းဘုရင် ဗညားဟန်က ဆိုင်ရှင်ရဲ့ ရင်ထဲကစကားတွေကို ပြောပြနေသည်ဟုထင် ကောင်းကောင်းဟဲနေပါ၏။

♫ ××× မွန်တို့ဌာနေ ရာမညတိုင်းပြည် ××× လှမ်းခဲ့ပါ နှလုံးသား

ညှို့သည် ××× ရင်နှင့်အမျှ အသက်ဆုံးစေဝေအောင် ချစ်ရသူ ××× မိမ်မိုဆို

မိုးနဲ့ လှမ်းလေးခဲ့ပါ ... တိမ်မြို့အောင် ရှာတဲ့မိုးရေ ××× ဝမ်းတောင်း

မြစ်ထဲကို စီးဆင်းသွားပြီ ××× ရာမညမြေက လွမ်းချိုပြိုင် ××× ငါ့ဆို

သမုဒ္ဒယ မိုးရောသီ ××× ♫

"ကဲ ဦးနိုတိုးရေ ... ခင်ဗျားကိုယ်စား ကိုဗညားဟန်ကြီး ကတော့ စစ်တောင်းဝံ့တားကြီးနားမှာ လွမ်းနေပြီဗျ"...

"ဟုတ်တယ်ဗျို့ ... ကျွန်တော့်ဘဝကလည်း သိမ်ဇရပ်မှာ အရှိန်သတ်၊ ကျိုက်ထိုမှာ နိုက်ဒိုး၊ မုတ္တမမှာ အထုပ်ချ မော်လမြိုင် ဒေါ်ကြိုင်အိမ်မှာ တည်းပြီး ပေါင်နိုထမ်းရတဲ့ဘဝက စခဲ့ရတာ၊ ခုထိ လည်း မြင်တဲ့အတိုင်းပဲ ရှန်းနေရတုန်း။ ဒါကြောင့် ဗညားဟန်ရဲ့ သီချင်းသံလေးတွေကြားရရင် အရမ်းလည်း အားရှိ၊ အလွမ်းလည်းပြေ သလို ခံစားရလို့ပါဗျာ"

"ဒါဖြင့် ကျွပ်ကလည်း လွမ်းတတ်တယ်နော၊ ချင်းတောင်ခြေ ယောမှာ လူဖြစ်၊ အသက်ကို တပ်မတော်အပ်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်တစ်ကြော စစ်တိုက်ခဲ့ရတာ အသည်းနှလုံးတောင် နည်း နည်းပဲ ကျန်တယ်"

"ဘာဖြစ်လို့လဲဗျ"

"တိုင်းရင်းသားညီနောင်ညီညွတ်ရေး တည်ဆောက်တာလေ၊ တပ်မတော်ထဲက ဆောင်ပုဒ်အတိုင်း တိုက်ရင်းစည်းရုံး စည်းရုံးရင်း တိုက်လာလိုက်တာ မွန်ပြည်နယ်က ရည်းစားဆီမှာ အသည်းတစ်ခြမ်း ကျန်ခဲ့တယ်၊ ကရင်ပြည်နယ်က ဇနီးက အသည်းတစ်ခြမ်းယူထား တယ်"

"ဒါဖြင့် ... ဘာနဲ့အသက်ရှင်တုံးဗျ"

"ခု ... တက္ကသိုလ်ကျောင်းသားကြီး မျောက်မူးလဲနဲ့ အငယ် ကောင် ဂီတသမားကြီးချစ်စမ်းမောင်ရဲ့ အရိုက်အရာကို ဆက်ခံမယ့် ဗိုးရွှေးစိတို့ရဲ့ဘဝတွေနဲ့ အသက်ဆက်ရှင်တယ် ဆိုပါတော့"

''တရေးဆရာကတော့ ပေါက်ပေါက်ရှာရှာ ပြောတတ်ပါပေ့ ချာ''

''အို နေပါဦးဗျ ... ကိုနီတိုးကြီးက လယ်ယာချောင်းမြောင်း သားငါးပေါတဲ့ ရာမညမြေက ဒီလောက်ချစ်စရာကောင်းတာ၊ ခုလို မှော်ထဲက မြို့မဟုတ် ရွာမဟုတ် မနေဆိုတဲ့မှော်မှာ မှော်ကျားဘဝနဲ့ ဟိုတယ်အဆောင်အဆောင်စား ဖွင့်ထားရအောင် ခင်ဗျားဘဝကြီးက တိမ်တောင် သဖွယ် မင်းရေးကြွယ်သလို ဖြစ်မနေဘူးလား''

''ငိုချင်ရက်လက်တို့တော့ ဖြစ်ပြီဗျား၊ မြေခွင့်တို့က ဒါမျိုးပြောရ မယ်ဆိုလို့ကတော့ ထောင်ကျောက်တောင် လာမြဲ .. ရှည်မကြည့်ဘူး''

''ဘာဖြစ်လို့''

''ထောင်ကျောက် သောင်းကျောက်ဆိုတာ မှော်မှာ ရှာရလွယ် တယ်၊ မြေခွင့်ဘဝကို တတစ်ခေါင်ပေတစ်ဖွဲ့ရေးမယ့်လူက ဘဝမှာ ဒီတစ်ကြိမ်ပဲ တွေ့ရတာလေ၊ ကဲ ကဲ ... အာလေးရှင်သွားအောင် ဒါလေး ချလိုက်ဦး''

''စုဒ္ဒါ''

''ကန်တော့နော် ... မသောက်ဘူးလား။ ကျွန်တော်ကလည်း ရင်းနှီးသူဆိုရင် ဖွားဖက်တော်လေးနဲ့ညှိခံရမှ ကျေနပ်တဲ့သူမို့လို့ပါ၊ ဆရာ မကြိုက်လို့လား''

''ဟင့်အင်း ... ကျွန်တော့်အသည်းက မှာထားတယ် ... ရေ လူကြီးစကား နားထောင်ပါတဲ့၊ မိန်းမချစ်ဆေး စကားကြီးလေးစွန်း အတိုင်းပေါ့''

''လုပ်ပြန်ပြီဗျာ အထူးအဆန်းတွေ ... အဲဒါတွေ မသိလို့

ကျွန်တော် ခဏ ခဏ ဇနီးပြောင်းရတယ်ထင်ပဲ့ ဆရာရယ်''

''မိန်းမချစ်ဖို့ဆိုရင် မခံချင်အောင် မပြောပါနဲ့တဲ့၊ သူကြိုက်တာလုပ်လိုက် ကွယ်ရင်မေ့ တွေ့ သေအောင်လွမ်းဆိုသလိုပေါ့၊ မျက်နှာမလုပ်ပါနဲ့တဲ့၊ မိန်းမဆိုတာ တစ်သက်လုံးပေါင်းရမှာ၊ သိပ်အလိုမလိုက်နဲ့၊ ရောင့်တက်ပြီး သံသယဝင်တတ်တယ်၊ ရှာကျွေးပါတဲ့၊ ဆင်းရဲချမ်းသာမဟူ ရောင့်ရဲတင်းတိမ်ဖို့ အားပေးနှစ်သိမ့်ပြီး ရှာဖွေကျွေးမွေးပါတဲ့၊ အဲ ... နောက်တစ်ခုက အရက်ကောင်းကောင်းကိုပဲ သောက်ပါ၊ အဲ ... ဆိုဒါလေးတော့ မမေ့ပါနဲ့တဲ့၊ ယောကျ်ားက အရက်သောက်တာများလို့ အသည်းခြောက်ပြီးသေရင် သူနိုင်းစားလို့မရတော့ဘူးလေ၊ အဲဒါ ပြောတာ ... ချစ်တယ်တော့ မထင်နဲ့''

''ဟုတ်တာပေါ့ ... ကျွန်တော့်လိုပဲ အောက်မေ့တာကိုး၊ ကျွန်တော်က အရင်က မိုက်တယ်၊ ခု နည်းနည်းလိမ္မာသွားလို့ မိန်းမက ပိုချစ်နေပြီ''

''ဘာတွေကို ချစ်တာလဲ''

''အရင်က အရက်ကို Nake ပဲသောက်တယ်၊ ခုတော့ ငါးဆယ်ကျော်ပြီဆိုတော့ ရေလေးနဲ့သောက်တယ်၊ ချာတိတ်ရေ ဟိုဘက်ယမကာဒိုင်ဆိုင်က ဆိုဒါလေး သုံးဘူးလောက်ဝယ်ပေးပါကွ၊ အမြည်းလည်း လုပ်ခဲ့ဦး''

ပြောပြောဆိုဆို ကိုနီတိုးက နောက်ပိုင်းစာတ်လုပ်ခင်းရန် အသင့်ပြင်နေရင်း ပါးစပ်ရော လက်ရော အသားကျနေသောအလုပ်ဖို့ ဘာမှမကြာခင် ယမကာ ဆိုဒါ အမြည်းများက စားပွဲပေါ်ကို ရောက်လာလေသည်။


သိန်းဝေးပဲ ပြောပြော
တစ်သိန်းမယားပဲ ပေါပေါ
လာမစကာနဲ့ ခံနိုင်ရည်ရှိပြီးသား
ကျမက [illegible]မယား ....
ပိုက်ကျူးမှာ မဲမဲ
သိုက်တူးကာ ကဲကဲ
လိုက်ရင်တော့ ပျော့သွား
ကျမက [illegible]မယား ....

မာသဝတ်မှာ သွားသွား
သွာခဝတ်ကာ မှားမှား
ကိုယ့်ခြံထဲဝင် ကိုယ့်နွား
ရှုမက မှော်မယား ...

''ခင်ဗျား ခုနက ယမကာဝိုင်ဆိုတာ ဘာသဘောနဲ့ပြောတာ လဲဗျ''

''ဆရာပဲဝဋ်ဟောကြည့် ... ဟို နှစ်ဝဒီနီးရက်အရက်ကအစ ဆေးစင်၊ ဆေးစိမ်၊ ဘီယာ၊ ကော့တေး၊ နိုင်ငံခြားအရက်မျိုးစုံ ရ တယ်လေ။ နယ်ကလာတဲ့ ကျောက်ပွဲစား၊ ရေမဆေးသမားတွေက ကျွန်တော့်တည်းခိုခန်းမှာ တည်းတယ်။ အလုပ်မဖြစ်တဲ့ကောင်က နှစ်ဝဒီနီးသောက်တယ်။ ကျောက်ရှာရတာ ပင်ပန်းတဲ့သူက ကျန်းမာ ရေးကောင်းအောင်ဆိုပြီး ဆေးမြစ်စိမ်ထားတဲ့ အရက်သောက်တယ်။ မသောက်တတ်သောက်တတ်လူကျတော့ ဘီယာကို စတိုင်နဲ့ရှုပ်တယ်။ ကျောက်အောင်တဲ့ သူဌေးပေါက်စ၊ ကျောက်ပွဲတည့်တဲ့ပွဲစားကျတော့ နိုင်ငံခြားအရက်သောက်တယ်။ ကဲ ... သူ့မှာ ဘာများမကိုက်တာ ရှိသေးလဲ။ လူတွေက မော်ထဲမှာ သူဌေးဖြစ်လို့ပြန်ပြန်၊ ဘိန်းစားဖြစ်လို့ ပြေးပြေး ယမကာဝိုင်ကတော့ ပန်းပန်နေတာပဲ။ အရင်က တဲကုပ် ကလေး ... ခု တိုက်ဖြစ်သွားတာကိုပဲ ကြည့်''

''ကဲ ကဲ ... ရှိ မှန်ပြည်နယ်မှာမွေး ကရင်ပြည်နယ်မှာ မှောင်ခိုတယ်။ မနေမှာမှာ မော်ကျားဖြစ်နေတဲ့ ကိုနီတိုးနဲ့ အပြောမတွေး တဲ့ ယောသားက မွန် ကရင်မှာ အသည်းတစ်ခြမ်းစီထားခဲ့ရအောင် လွမ်းတတ်သူတွေဆိုတော့ ရောက်ဆုံလို့ ခေါကြို့တဲ့အထိမ်းအမှတ်

''Cheers''

''တန်ဆေး လွန်ကောင်း များဘဲ့ရှိုးစွတ်၊ နည်း ဆတ်တင့်မှ ဘဝနဲ့ မကြိုရပါစေနဲ့ ရောက်တဲ့နေရာ အိမ်တောင်ကျရပါစေဗျာ''

''အင်း ... ကောင်းတယ် ကောင်းတယ်၊ ဘဝဆိုတာ သမိုင်း

ကို ကျွန်ခဲ့ရမယ်"

"ခုပဲ ပရိုဂျူဆာနီတိုးရဲ့ ဇာတ်ကားရိုက်တော့မယ်"

"Ready ... 5 4 3 2 1 .. Action"

ဦးနီတိုးက ဝီဒီယိုတစ်ခွက်ကို တစ်ကြိုက်တည်းမော့ရင်း အရှိန်ယူလိုက်၏။

"ကျွန်တော် အခုငါးဆယ်စွန်းခဲ့ပြီပေါ့နော်၊ ရှေ့လျှောက်အကျွအကောက်ကတော့ သိပ်မရှိတော့ပါဘူး။ ခုနက သျှန်ထွန်း (မြန်မာစာ) ရေးသားတဲ့ စစ်တောင်းမြစ်ဘေးက သိမ်ဇရပ်ရွာဟာ ကျွန်တော့်ဇာတိပါပဲ၊ ၁၉၅၃ ခုနှစ်က ဦးသန့်အရေးအခင်းဖြစ်တော့ ကျွန်တော်တို့ရွာမှာ ပုလိပ်ရောဂါတွေ ဖြစ်တယ်၊ ကျွန်တော်က (၁၃) နှစ်သား (၆)တန်းကျောင်းသားပေါ့၊ အမေလည်း ကျောက်ရောဂါနဲ့ဆုံး ကျွန်တော်လည်း ကျောင်းထွက်လိုက်ရတာပါပဲဗျာ၊ အဲဒါနဲ့ စစ်တောင်းမြစ်ကြီးကို အမှီသဟဲပြုပြီး ငယ်ငယ်ရွယ်ရွယ်မှာ အဖေနဲ့ ဘဝကိုရုန်းကန်ရတယ်။ အဖေ အသက်(၅၀)၊ ကျွန်တော်(၁၆)နှစ် သားထဲရောက်ရော အဖေဆုံးပြန်ရော၊ ညီတွေရဲ့တာဝန်က ကျွန်တော့်အပေါ်ကို လုံးလုံးလျားလျား ရောက်တာပါပဲ ...၊

ကျွန်တော်က (၁၉၈၄) ခုနှစ်မှာ ၁၀ တန်းအောင်၊ မိုလ်သင်တန်းလျှောက်ပြီး တပ်မတော်ထဲကိုဝင်တော့ မွန်ပြည်နယ်ကို ရထားစီးသွားရတယ်၊ မှောင်နီတွေက အရမ်းခေတ်ကောင်းတာပဲ၊ လမ်းစဉ်ပါတီခေတ်ဆိုတော့ဗျာ စီမံချက်ဆိုပြီး ဖမ်းလိုက်ဆီးလိုက်ကြတာ မော်လမြိုင်–ရန်ကုန်ရထားကြီး စီးရတာ နိုင်ငံခြား Action ကားကို ကြည့်နေရသလိုပဲ ...၊

ပျော်စရာလည်း ကောင်း၊ စိတ်ညစ်စရာလည်း ကောင်းပေါ့ဗျာ၊ ကျွန်တော်တို့ကျတော့ ရထားစီးပြီး မော်လမြိုင်-ရန်ကုန်သယ်တဲ့ မှောင်ခိုမဟုတ်ဘူး၊ တပ်မတော်စစ်ကြောင်းတွေနဲ့ ပြေးတမ်းလိုက်တမ်း ကစားရတဲ့ မှောင်ခိုထမ်းသမားဗျ၊ မော်လမြိုင်ကနေ ယိုးဒယားတက်မယ်ဆိုရင် ဖလူးနဲ့ ကော့ကရိတ်က တစ်လမ်း၊ ဝမ်ခ-မဲပုလဲ- ထောကိုကိုးတို့ အပေါင်-ရေမြူ-လွန်းညှ တစ်လမ်း၊ တောင်အုပ်လမ်းဆိုတာ ရှိသေး၊ ဖလူး-တောင်အုပ်-ကြာအင်းဆိပ်ကြီးကနေ မော်လမြိုင်ကို သယ်ရင်လည်း ရတယ်"

"အဲဒီအချိန် KNU က အရမ်းအားကောင်းနေတုန်းပဲနော်"

"ဘားအံမြို့ထဲကိုတောင် လက်နက်ကြီးနဲ့ ဒထာဒထာ လာပစ်တာ၊ အီးရှူ-တာသပြင်ကျော်ရင် တိုက်ပွဲဖြစ်ပြီ၊ ကျွန်တော်တို့က မှောင်ခိုထမ်းဖို့ မော်လမြိုင်ကနေ ကျုံးနိုးကို သဘော်စီးပြီးတက်တယ်၊ အဲဒီမှာ စစ်ဆင်ရေးကြီးတွေလုပ်တော့ တပ်ကလည်း အင်အားအများကြီးနဲ့ တိုက်တယ်ဆိုတော့ ထုံးစံအတိုင်း ပေါ်တာလိုတာပေါ့၊ ကောင်စီခေတ်ဆိုတော့ ပေါ်တာရှိုက်စွ ကောင်စီကတာဝန်ယူရတယ်၊ အလွယ်ဆုံးနည်းကတော့ သဘော်တို့ ကားတို့ကို ပိတ်ပြီး ပေါ်တာဆွဲတာပဲ၊

မော်လမြိုင်ကလာတဲ့သဘော်ကို ကျိုင်းနဲ့ ခရစ်ရွာကြား ပေါင်သရောမြစ်ရေလယ်မှာ ရပ်ပြီး ပေါ်တာဆွဲတာပဲ၊ တချို့ကတော့ ရေထဲခုန်ချပြီး ကိုယ်လွတ်ရုန်း မြစ်ကိုကူးပြေးတယ်၊ ရေမကူးတတ်တဲ့လူကတော့ မိတာပေါ့၊ အဲလိုမိရင်တော့ ကျိုင်းကနေ ဘားအံကို အချုပ်ကားနဲ့ လိုက်ရတယ်၊ ဘားအံရောက်ရင် စစ်ကြောင်းကို အပ်လိုက်ရော၊ စစ်ကြောင်းလက်ထဲကိုလည်းရောက်ရော ဗိုလ်ဇွဲ-ပိုင်ကျော်ကနေ ပေ

(၅၀၀၀)လောက် မြင့်တဲ့ ကုလားမတောင်ကြီးကို ကျည်ဆန်တွေထမ်းပြီး တက်ရတယ်၊ ဒါပေသိလည်း အဲဒီခေတ်က ပေါ်တာထမ်းရတာ လက်ဖက်ရည်လည်း သောက်ရတယ်၊ လဖာလည်း ရတယ်ဗျ၊ တချို့ဆို ပေါ်တာအငှားထမ်းတဲ့လူတောင် ရှိသေး၊ ခပ်ဆိုးဆိုး စစ်ဗိုလ် စစ်သားနဲ့ တွေ့တော့လည်း လစ်တဲ့အချိန် ပြေးတာပေါ့ဗျာ"

"အဲ လုပ်ပါဦးဗျ ... ကျွန်တော်က အရာရှိဖြစ်ဖြစ်ချင်း မဲသဝေါတိုက်ပွဲကြီးကို စစ်ကူလိုက်ရတယ်၊ ရှေ့တန်းစခန်းမှာ ဝန်ထမ်းတွေ ထိန်းရတယ်၊ ကိုယ်ကတော့ စည်းရုံးတယ်ဆိုပြီး ငံပါနဲ့ထည့်ထားတဲ့ ငည်ရမ်တွေတိုက်တာပေါ့ဗျာ၊ (ငည်ရမ်ဆိုသည်မှာ ငံပါနှင့် ထည့်ထားသော ရှေ့တန်းတွင် လားများကိုတိုက်သည့်ရမ်ဟု ဆို၏) ညကျတော့ သူတို့ကိုကာထားတဲ့ မြေငည်းမိုးကို ဖောက်ပြီးပြေးတာ မိုးလင်းတော့အကုန်ပဲ၊ တပ်ရင်းမှူးကလည်း ဆူတာခံရသေး၊ စစ်ကြောင်းကြီး ဆက်ထွက်ဖို့လည်း တစ်ရက်လောက် နှောင့်နှေးသွားရတယ်၊ တော်တော်ဆိုးတဲ့လူတွေ ... ပြေးမယ်ဆိုလည်း စောစောက မပြောဘူး"

"ပြေးတယ်ဆိုမှတော့ ပြောပါ့မလားဗျာ၊ အဲဒီခေတ်က ပေါ်တာမပါဘဲ စစ်တိုက်လို့မရဘူး၊ ကျွန်တော်တို့ဆီက စစ်သားတွေက လူကောင်က ခပ်သေးသေး၊ သေနတ်က ခပ်ကြီးကြီး၊ ကျောပိုးအိတ်က တနင့်တပိုးနဲ့ဆိုတော့ စိတ်ဓာတ်ရယ်၊ ကျန်းမာရေးရယ်၊ ပင်ပန်းကြမ်းတမ်းမှုခံနိုင်ရည်ရယ် ... အဲဒါတွေကြောင့်သာ စစ်တိုက်နိုင်တာဗျ၊ အဆိုတော်မာမာအေးရဲ့ ဟိုသီချင်းလိုဖြစ်နေပြီ ... တောင်တန်းပြာနဲ့ ကျောကုန်းဘု"

"ဟား ဟား . . . ကျွန်တော်လည်း နောက်ဘဝ စစ်သားဖြစ်မှ ဖြစ်ရမယ်ဆိုရင်တော့ ရှေ့တန်းမှာ အဝတ်ဝတ်အပြောင်ပြောင်နဲ့ အသက်ကိုရင်းပြီးတော့လည်း စစ်တိုက်ရ မြို့ရောက်တော့လည်း ပြည်သူတချို့က မကြည်တဲ့အကြည့်ဒဏ်ခံရမယ့် မြန်မာ့တပ်မတော်သားတော့ မလုပ်ချင်တော့ပါဘူးဗျာ။ အမေရိကန်စစ်သားလိုပဲ စီ 130 လေယာဉ်ကြီးနဲ့သွား၊ လေထီးနဲ့ခုန်ဆင်း၊ အပါချီရဟတ်ယာဉ်ပေါ်ကနေ ကြိုးနဲ့ဆင်းပြီး ရန်သူနဲ့စစ်တိုက်ရတဲ့စစ်သား ဖြစ်ချင်တယ်ဗျာ . . .၊

အီရတ်လို စစ်မြေပြင်မှာတောင် အဆင့်မြင့် တန်းဘားသံချပ်ကာကားစီးပြီး မျက်မှန်တွေ၊ ကျည်ကာအင်္ကျီတွေ၊ ဓါးယာလက်စွပ်စုန်းတွေနဲ့ မင်းသားလိုစစ်တိုက်ရတဲ့ စစ်သားပဲ ဖြစ်ချင်တာဗျ။ မြန်မာပြည်မှာလို မိုင်းတစ်လုံးထိတာနဲ့ သုံးလေးရက်လောက်ထမ်းပြီးမှ ဆေးရုံရောက်တာမျိုးကျတော့ ခြေမလေးတစ်ချောင်းလောက် ပြတ်ထွက်တာနဲ့ လမ်းခရီးမှာတင် ရှူးတွင်းခြင်ဆီလိုက်ပြီး ပေါင်ကပြတ်ရတာမျိုးတွေ မကြုံချင်တော့ပါဘူး။ တစ်ခါ တစ်ခါ အသည်းနာလွန်းလို့ပါ"

"အဲလိုတော့ ပြောလို့မရဘူးဗျ . . . တိုင်းပြည်တိုးတက်တာနဲ့လည်း ဆိုင်ရင်ဆိုင်မယ်၊ ထိုင်းက နယ်ခြားစောင့်တပ်တွေ နယ်စပ်မှာ စစ်ဆင်ရေးလာလဲတာ ရဟတ်ယာဉ်နဲ့ ချပေးတယ်၊ ရေသန့်ပါတယ်၊ မိန်းမပါတယ်၊ ဒိုက္ခာ၊ ဆေးလိပ်၊ ဘီစကစ်ကအစ ပါတာကို မြင်ဖူးတယ်ဗျ . . . မိုက်တယ်နော်"

"မြန်မာပြည်ရဲ့ ရေမြေတောတောင်နဲ့ ပြည်တွင်းလူမျိုးစု လက်နက်ကိုင်တွေကို အဲဒီလိုပေါ်ကြော့စစ်သားနဲ့သာ တိုက်လို့ကတော့ဗျာ ကိုယ့်ရှိတဲ့စခန်း တစ်ရက်တောင် ခံမှာမဟုတ်ဘူး။ တောအင်္ဂါနိမ့်ဟွာက

ငါးပိဖုတ်ထမင်းနဲ့ ငါးကျည်းတောက်နဲ့ တင်ပေးတဲ့ရေကိုသောက်ပြီး တယ်မတော်ကို ပြန်တိုက်တာ၊ နှစ်ခြောက်ဆယ်အထိ လက်မတောင် တွေးမသွားဘူးဗျ၊ အခု လက်နက်ကိုင်ပြီး ကျည်ဆန်ချင်းခြွေရှင်းတဲ့ လမ်းကြောင်းက မအောင်မြင်မှန်းသိတော့ စားပွဲပေါ်မှာ ငြိမ်းချမ်းရေး စကားတွေ အကြိမ်ကြိမ်ပြောတော့မှ လေသံကပျော့သွားတာ ကိုယ့်လူရဲ့၊ ခုတော့ ထောင်နေတဲ့လက်မလေးတွေက လက်ခွဲနှုတ်ဆက် သွားကြပြီ၊ နှစ်ပေါင်းများစွာ အထီးကျန်နေတဲ့ ဗုန်းဆိုးရွာပျက်တွေ လည်း ဒုံးယိမ်းသံတွေ၊ ကြက်တွန်သံတွေနဲ့ ပြန်လည်စည်ကားနေကြ ပါပြီ၊ အဲဒါ ငြိမ်းချမ်းရေးရဲ့ ရလာဒ်ပဲ''

''မြန်မာပြည်ရဲ့ ပြည်တွင်းစစ်ဆိုတာ တကယ်တော့ ရေမြေ တောတောင် စုံလင်တာလည်း ပါတယ်၊ တိုင်းရင်းသားလူမျိုးစုတွေ များပြီး အတွေးအခေါ်မတူတာလည်း ပါတယ်၊ အဆိုးဆုံးကတော့ နယ်ချဲ့အရင်းရှင်လက်အောက်ကို ကျွန်သဘောက်ဘဝရောက်ခဲ့တဲ့ အမွေက အဆိုးဆုံးပဲဗျ၊ ယိုးဒယားဆိုရင် ကြည့်လေ ... အင်္ဂလိပ်က မသိမ်းခဲ့တော့ ဘာသူပုန်မှကို မရှိဘူး။ မြန်မာပြည်မှာလည်း ဘုရင် အဆက်ဆက် အုပ်ချုပ်လာတာ ပဒေသရာဇ်အချင်းချင်းပြိုင်ဆိုင်တဲ့ အားစမ်းတဲ့စစ်ပွဲတွေပဲ ရှိခဲ့တယ်၊ အောက်ဗမာပြည်ကို သိမ်းပြီးတာနဲ့ အင်္ဂလိပ်က ကရင်နီကို မြောက်ပေးတယ်၊ မြန်မာဘုရင်ကို ပုန်ကန် ဖို့ပေါ့၊ အဲဒီမှာ ကရင်နီက ပုန်ကန်ရမှန်း သေိတယ်၊ မြန်မာဘုရင်တွေ အုပ်ချုပ်ရေးလက်လှမ်းမမီတဲ့ တောင်ပေါ်ဒေသတွေကို ခရစ်ယာန် သာသနာပြုတွေ လွှတ်တယ်၊ အရင်တုန်းက ယမ်းမှုဇော်တာ၊ နတ်ကိုး ကွယ်တာလောက်ရှိတဲ့ တောင်ပေါ်ဒေသတွေက ခရစ်ယာန်ဘာသာ

ဝင်တွေ ဖြစ်တယ် ...။

အဲဒီတော့ မြန်မာစကားမတတ်သေးခင် အနောက်တိုင်းယဉ်ကျေးမှုနဲ့ ရေစက်ယာန်ဘာသာ လွှမ်းမိုးသွားတယ်၊ ဘာပြောမလဲ ... သမိုင်းသက်သေပဲလေ၊ ဒုတိယကမ္ဘာစစ်ပြီးလို့ ဗိုလ်ချုပ်အောင်ဆန်းတို့က လွတ်လပ်ရေးတောင်းတော့ မြေပြန့်ကိုပေးပြီး တောင်တန်းဒေသကို ချန်ထားဖို့လုပ်တယ်၊ အဲဒီကစလို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ အက်ကြောင်းဖော်ထားတာပဲ၊ ပြီးတော့ စစ်တပ်တွေကို ကရင်၊ ကယား၊ ချင်း၊ ဂေါ်ရခါးတပ်ဆိုပြီး သတ်သတ်ဖွဲ့တာဟာလည်း လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်သူပုန်ဆိုတာကို တစ်ခါတည်း ဖန်တီးမွေးဖွားပေးလိုက်တာ၊ သေချာကြည့်မှ မြင်တာနော်"

"ဒါကြောင့် ပြောတာပေါ့ဗျ ... လူတွေက သမိုင်းကို မသိကြဘူး၊ ဆိုးပေ ဆိုးတယ်၊ မောင်မဲ ဆိုးတယ်ဆိုတာလောက် သိတာ၊ မြန်မာပြည် မတိုးတက်ခြင်းကလည်း လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ရောင်စုံသောင်းကျန်းသူကို ချေမှုန်းနေရလို့ပဲဗျို့၊ သူတစ်လူ ငါတစ်မင်း ဘယ်သူသေသေ ငေတမာရင်ပြီးရော ဆိုတဲ့စကားတွေက မြန်မာပြည်မှာပဲရှိတာလေ"

"ပြူသူစက်၏ ဖျက်သူလွယ်၏ တဲ့၊ ရလည်း နိုင်ငံရေးမှာ ပြုချင်တာထက် ဖျက်ချင်တာက များနေတာ၊ သူများမကောင်းကြောင်းကိုယ်ကောင်းကြောင်းပြောပြီး နင်းတက်ချင်တဲ့သူက များနေတာ၊ မြန်မာတို့ကတော့ ဘဝသမား (၁၃)နှစ်သားကတည်းက ရှန်းလာတာ၊ သူများအပေါ် လိမ်တာကောက်တာလည်း ငါသနားမပါဘူး၊ အရိုးအရှင်းပဲဗျို့၊ ဘဝသမားမှန်းသိအောင် ကျေးဇူးရှင် ဟောဒီ ယူနီကာနာရီလေးကို

ပတ်ထားတာ၊ လောပန်းမဖြစ်လို့ ကျောကန်ရင်လည်း ဂရုမစိုက်ဘူး။"

"ကိုနီတိုးကလည်းဗျာ ... နာရီကောင်းကောင်းဆိုမှတော့ ဇီနိတ်တို့၊ စီကိုဖိုက်တို့၊ စီတီဇင်တို့ ပတ်တာပါဗျ"

"အဲ ... ဒီလိုရှိတယ် ဆရာရဲ့ ... မှောင်ခိုထမ်းရင်းနဲ့ KNU ဆက်ကြေးဂိတ်ရောက်ရင် သတ်မှတ်ထားသလောက် ဆောင်းတာပေး လိုက်ရင် ရတယ်၊ စစ်ကြောင်းနဲ့တွေ့လို့ကတော့ မချောင်ဘူး ... ပေါ် တာပဲ၊ ဒါကြောင့် ၁၉၈၀ ခုနှစ် ရွှေတစ်ကျပ်သား တစ်ထောင်ခေတ် ကတည်းက (၅၀၀)ပေးရတယ် ... ဒီ ယူနီကာနာရီလေးက"

"ယူနီကာက သမိုင်းတော့ရှိမယ်နော် ... ဒီလောက်ညွှန်းနေ မှတော့"

"စစ်ကြောင်းနဲ့ ဘယ်လိုမှ မလွတ်တော့ဘူးဆိုရင် ပေါ်တာ လိုက်တာပေါ့၊ တစ်ခါတလေ စစ်ဆင်ရေးတစ်ခေါက်တောင် ကြာတယ်၊ အားဆေးပဲလေ ... လာရတယ်၊ အနေအစားတော့ ပင်ပန်းတာပေါ့ ညညကျရင်လည်း ရဲဘော်က ကင်းစောင့်သေးဆိုတော့ လုံခြုံတာပေါ့၊ အဲ ... ကိုယ်လည်း မလိုက်ချင်ဘူး။ မှောင်ခိုထမ်းရတာလည်း အဆင် ပြေတယ်ဆိုလို့ကတော့ ယူနီကာနာရီလေး ရဲဘော်ပေးပြီး လစ်တာပဲ၊ ဒါကြောင့် ကျွန်တော့်ကျေးဇူးရှင်လို့ ပြောတာ"

"မှောင်ခိုခေတ်ကတည်းက စီးပွားရေးဆိုတာ ဗလုပ်တာပဲ၊ ဘာလို့ ဒီလိုမြန်မာပြည်မြောက်ဖျား ကူးလာရတာလဲ ခင်ဗျားဟာက"

"လှိုင်းဘွဲ့-ပိုင်ကျုံ-နဘူး-ပတ ဆိုတာက ကျော်နီရဲ့ စစ်ဆင် ရေးခွင်၊ ကျော်ဖြူက မြောက်ပိုင်းဆိုတော့ KNU က တအားကို အား ကြီးနေပြီ၊ ဒါကြောင့် ၁၉၈၄ ခုနှစ်မှာ မဲသဝေါကို တပ်ကသိမ်းတယ်

လေ၊ တပ်ရင်းမှူးအံ့ကျော်တို့ ဗိုက်မှင့်တယ်ဆိုတဲ့ပွဲပေါ့၊ အဲဒီ မဲသဓေါ
သိမ်းပြီးတာနဲ့ ကုလားမတောင်အရှေ့ဘက်က မော်ဒိုးကော, မဲထ,
ဝမ်းခ ဆိုတဲ့စခန်းတွေကို တပ်မတော်က အကုန်တိုက်တာ၊ မှောင်ခို
တွေ့ရင်လည်း ပစ်သတ် အမိန့်ပေးလိုက်တော့ ယူနီကာနာခီလည်း
မကာယ်နိုင်တော့ဘူး။ အဲဒါနဲ့ပဲ မှောင်ခိုထမ်းတဲ့ဘဝကို မဆလလက်ထက်
ကတည်းက စွန့်ခဲ့ရတာ၊ ခုဆိုရင် နှစ်သုံးဆယ်ရှိရောပေါ့''

''အဲဒီတုန်းက စစ်တောင်းမြစ်ဘေးက ဗညားဟာနီရဲ့ လွမ်း
ကချာတွေ မရှိသေးဘူးနော်''

''အင်း ... ဟုတ်တယ်။ ညီတွေကို ကျောင်းထားပြီး သိမ်ခရုပ်
မှာ ခဏပြန်နားနေတာပေါ့လေ၊ စွန့်စားပြီးသားလူက စွန့်စားဖို့ ဝန်
မလေးတော့ဘူး။ မှောင်ခိုထမ်းတုန်းက သိတဲ့ ကျောက်သမားတွေရဲ့
လိပ်စာတွေလည်း ရှိတော့ အဆက်အသွယ်ရပြီဆိုပြီး ၁၉၈၅ လောက်
မှာ မန္တလေးကိုတက်တာပဲ၊ မန္တလေးမှာ ကိုယ်က ငွေပါတယ်၊
ကျောက်အကြောင်းနားမလည်ဘူးဆိုတော့ ကိုယ်က ငွေစိုက်, မန္တလေး
သားက လူစိုက်ပြီး မိုးကောင်း–မန္တလေး ကျောက်အရောင်းအဝယ်လုပ်
တယ်၊ မန္တလေးကိုရောက်ရင်လည်း ကျောက်က ခဏ ခဏ ဖမ်း
တော့ ရွှေချောင်းဘေးမှာ ကျောက်ကို ဆာလာအိတ်နဲ့ ခင်းရောင်း။
ရဲလာတော့ ပြေးပေါ့ဗျာ ... ပျော်သလား မမေးနဲ့''

''ကျောက်ပိုင်းက ဘယ်နားလောက်မှာ သတ်မှတ်ထားပေး
တာလဲဗျ ... ခုလိုပဲလား''

''မဆလခေတ်လေဗျာ ... စီးပွားရေးက ကိုယ်ပိုင်ဆိုတာ
မရှိဘူး။ ကျောက်ကလည်း အစိုးရပဲတူးတာ၊ သံတိုင်နဲ့တူးတဲ့ကျောက်က

အားလုံး နိုးကျောက်ပဲ၊ မှတ်မိတယ် ... လက်ရှိကျောက်ပိုင်းနေရာက သချိုင်းကြီးပဲ ရှိသေးတယ်၊ သုံးခေါက်လောက် အရောင်းအဝယ်လုပ်ပြီး တော့ ကျွန်တော်တည်းနေတဲ့ အနောက်ပတ်တာရပ်က မန္တလေးသား ကျော်မင်းဆိုတာ အပိုင်လိမ်သွားတာပဲ၊ စရိတ်ပြတ် ခုက္ခရောက်ရော ပေါ့''

''ယူနီကာနာရီလေးပေးပြီး ညှိလိုက်ပေါ့ဗျာ''

''ဘယ်ရမလဲ ... လူကို ပေါ်မလာတော့တာ၊ ဒါနဲ့ ဘူတာကြီး နောက်နားက တရုတ်တန်းမှာ ပါလာတဲ့ ကောင်းပေ့ဆိုတဲ့ တက်တရက် ရှုန်တို့ ကုတ်တို့ ရောင်းပြီး အရင်းလုပ်ဖို့ ပြန်စရတာပေါ့ဗျာ၊ ကံကောင်း ပြန်ပြီဆိုမှ ကံကိုက ဆိုးပါတယ်ဗျာ''

''စကားက အချိန်ကောင်းတုန်းရှိသေးတယ် ခင်ဗျားဟာက''

''ငွေ့စားကြည့်လေ ... ပထမ အရင်းပြုတ်လို့ အဝတ်အစား ရောင်းပြီး ရင်းနှီးမယ်လုပ်ပါတယ်၊ အဝိုးရော တစ်ရာတန်တွေ သုံးမရ ဘူးလို့ ကြေညာ လိုက်တယ်၊ သူတောင်းစား ခွက်ပျောက်ပြီပေါ့ဗျာ၊ ရင်းစားစရာကို မကျန်တော့တာ''

''ကဲ ... ဒီတော့ ကိုနီတိုးလိုလည်း အရေမတူသေးဘူး ဘာဆက်လုပ်လဲ ပြော၊ လူငယ်တစ်ယောက်ရဲ့အားမာန်တွေကို သိချင် လှပြီဗျာ''

''ခဏနေပါဦးဗျာ ... အာခေါင်လေး ခြစ်လိုက်ပါဦးမယ်''

ပြောပြောဆိုဆို ငုံ့ထားသောခွက်ထဲက Red Label တစ်ပက် ခန့်ကို တစ်ကျိုက်တည်း မော့ချလိုက်ရင်း ...

''ခုမှပဲ နေသာထိုင်သာရှိသွားတော့တယ် ကျွန်တော့်စကား

ဘယ်ရောက်သွားပြီလဲဟင်"

"သူတောင်းစား ခွက်ပျောက်သွားပြီလေ"

"အဲဒါနဲ့ မထူးတော့ပါဘူးဆိုပြီး မန္တလေး-မြစ်ကြီးနား ရထား နဲ့လိုက်, ဟိုပင်မှာဆင်းပြီး ကျောက်ထဲတက်မယ်ပေါ့လေ၊ အဲဒီတော့ ခင်တဲ့ သူတွေက ပိုင်းတားကြတယ်၊ ရုပ်ကလည်း ဗမာရုပ်, ဆံပင်ကလည်း တိုနံ့နံ့နဲ့ ထောက်လှမ်းရေးလို့ထင်ပြီး KIA က ဖမ်းသတ်မယ်ပေါ့၊ ကိုယ်ကတော့ ဘုရင့်နောင်ဖောင်ဖျက်ထားတဲ့သူဆိုတော့ ပြန်လှည့်လို့ မရတော့ဘူးလေ"

"အင်း . . . ခုဟာက ကိုနီကာနာဒီလေးနဲ့ အသက်ရှင်ရဖို့က မသေချာတော့ဘူးမဟုတ်လား"

"ဟိုပင်နားက နမ့်မော်ရွာနားမှာ ပိုင်းနောင်ရွှေတွင်းဆိုတာ ရှိတယ်၊ အဲဒီမှာ ထမင်းလည်းစား အလုပ်လည်းလုပ်ရင်း ဆံပင်ကို ခြောက်လလောက် မွေးလိုက်တယ်၊ ဟိုထဲကလိုလေ . . . ဝလည်းမွေး ကြွလည်းမွေး ဓာတ်လမ်းထဲက မင်းသားမွေး တဏှာသိုင်ကျောင်းသား ကောလိုမျိုး"

"ဆံပင်ကုပ်ထောက်ဖြစ်တာနဲ့ KIA က မဖမ်းတော့ဘူးလား . . . ကဲ"

"ဟန်ကိုယ့်နို့လေ၊ အဲဒါနဲ့ ဟိုပင်ရွာနားက တကွင်းရွာက အရက်ကို ဝယ်, အရက်ကျောဝိုးပြီး KIA က ပညာတတ်တွေ အဓိက ဂိတ်ထိုင်တယ်ဆိုပဲ၊ ဧရာဝတီလမ်းကနေ လမ်းလျှောက်တက်တာပေါ့ဗျာ၊ ထင်တဲ့အတိုင်းပဲ . . . ဧရာမှာ ဆွဲစိတာပဲ၊ ဗမာစကားပြောတယ် ဗမာရုပ်ပေါက်တယ် . . . မသက်ဘူးပေါ့ဗျာ၊ အဲဒါနဲ့ ခြောက်ပေါက်ထဲ

ထည့်ရိုက်တာပေါ့ဗျာ၊ မင်း သေနတ်ပစ်ဖူးလား၊ ဘာညာပေါ့။ ကျွန်တော်လည်း ပစ်ဖူးတယ် ... ကရင်ဘက်က လူပါ ဘာညာပေါ့၊ နောက်တော့ သိပ်မရိုက်တော့ဘူး။ ကျွန်တော့်ကို ရေခပ်ခိုင်းပြီး နောက်က စောင့်ကြည့်တယ်၊ စိတ်ချရလောက်တဲ့အခြေအနေရှိမှ မော်ထဲကို ဆက်သွားခွင့်ပေးတယ်၊ ဒါနဲ့ပဲ KIA ရဲ့ ပညာတတ်တွေထိုင်တဲ့ ဇေခါဆက် ကြေးအကောက်ဂိတ်ကို ကျော်ခဲ့ရတာပါပဲ"

"အသည်းမယားဘူးလားဗျ"

"ဟိုကွေ့ရောက်တော့ ဟိုတက်နဲ့လော့၊ ဒီကွေ့ရောက်တော့ ဒီတက်နဲ့ လော့ရုံပေါ့ဗျာ၊ ဆိပ်မူကို ရောက်သွားပြီပေါ့၊ ဆိပ်မူလည်း ရောက်ရော ကိုယ်က အားကိုးပြီးမှီလာတဲ့ ရှမ်းမက တာမခံမှာဆိုတော့ အဲဒီကို ဆက်လိုက်ရတာပေါ့ဗျာ၊ ပါလာတဲ့အရက်ကလေးတွေရောင်းပြီး ပေါ်လိမ်မယ်လိမ် ရှာရတော့တာပဲ"

"ဘာလဲဗျ ပေါ်လိမ်မယ်လိမ်တို့ဆိုတာ"

"သူခွေးပေါ့ဗျာ ... အလုပ်ရှုပ်ပေါ့၊ တစ်နည်းဆိုရင် ရေမဆေး လောပန်းသဘောမျိုးကို ပြောတာပါ၊ တာမခံဟောင်ပါးဒေသက အဲဒီလိုပဲ ခေါ်ကြတယ်၊ အဲဒါနဲ့ပဲ ကြီးသီးချောင်းပြင်မော်မှာ ရွှေမျှော တိုက်တယ်၊ တစ်နှစ်လောက်လုပ်တော့ ပိုက်ဆံအရင်းလေး ရတယ်၊ အဲဒါနဲ့ လေထိုးဖိုက်ဝယ်ပြီး ဥရုချောင်းမှာ ရေငုပ်ကျင်းလုပ်တယ်၊ သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်လှည့်ပေါ့"

"ဥရုချောင်းက ကော်ဖီရောင်ကြီး ခင်ဗျား ဘယ်နှယ် ငုပ် ကျင်းလုပ်မလဲဗျ"

ချောင်းရေက ကြည်ပြီးသားပါဗျာ၊ ခု ကုမ္ပဏီကြီးတွေက

လုပ်ကွက် ထောင်ကထောင်နန်းကို ယန္တရားကြီးတွေနဲ့လုပ်လို့ အရောင်ပြောင်း သွားတာ၊ ၁၉၈၇–၈၈ တုန်းကဆို ချောင်းထဲကငါးတောင် မြင်ရတယ်၊ ဟိုစာဆိုလေးတောင် ရှိသေး ... အမျှင်ကြီးရင် ငါးကြင်းမြီးကိုသွား တရင်းတန်းရတယ်၊ သာဓကဒါမှာ အာမချောင်နဲ့ ပါတာပြောင်မယ်၊ ကွမ်းခါမှာ ပရမ်းပတာဖြစ်တတ်တယ်ဆိုတာလေး၊ အဲဒီမှာ ကိုယ့်စရိတ် ကိုယ်စားပြီး ရေငုပ်ကျင်းနဲ့ကျောက်ရှာတော့ ရွှေတစ်ကျပ်သားကို (၆၂၀၀) ဖြစ်နေပြီ၊ ၁၉၈၇ ခုနှစ်မှာ ခုနစ်ဆယ့်ငါးကျပ်တန် ပြုတ်တာ နော်''

ကိုနီတိုးက ခုနှစ်သက္ကရာဇ်တွေကို ကျွန်တော်တို့တောရွာတွေ မှာ သက္ကရာဇ်မှတ်သလို ကလေးအသက်မှတ်သလိုမျိုး ဒေသသင်္ကေတ လေးတွေနဲ့ မှတ်ပြီးပြောတော့ ကိုယ်ကပါ ဦးနှောက်စားရပြန်သည်။

''၁၉၈၇ ခုနှစ် စက်တင်ဘာလဆန်းမှာ ၉၀တန်၊ ၄၅ ကျပ်တန်၊ ၃၅ကျပ်တန်၊ ၂၅ ကျပ်တန်တွေကို အစိုးရက ရပ်စဲတာလေး ကျွန်တော်ဆိုရင် ကျောင်းဆင်းခါစ အလုပ်သင်ဒိုလ်နဲ့ တပ်ကို မရောက်သေးဘူး၊ ငါးကျပ်ပဲကျန်တာ မှတ်မိတာပေါ့ဗျ၊ အဲဒီကစပြီး အစိုးရကို မကျေနပ်ချက်တွေ ပြင်းထန်၊ ပြည်သူတွေက ဆင်းရဲလွန်းလို့ အုံကြွပြီး ၁၉၈၈ခုနှစ် မတ်လမှာ RIT ကျောင်းရှေ့ လက်ဖက်ရည်ဆိုင် က ပြဿနာစလို့ ၁၉၈၈ အရေးအခင်းဆိုတာကြီး ကျွှာကျော်သွားတာ ပဲဗျို့''

''အဲဒီအချိန် ကျွန်တော်တို့က ငါးကြင်းမြီးမှာ တရင်းတန်းရလို့ ရေငုပ်ပြီး ကျောက်ရှာလို့ကောင်းတုန်းဗျ ကဲ ကဲ ... စာရေးဆရာ လည်း မောလှရောပေါ့ ရော့ရော ... ချလိုက်စို့''

ကိုနီတို့က ပါးစပ်ကလည်းပြော လက်ထဲကဖန်ခွက်ကိုကိုင်ပြီး ကမ်းပေးလိုက်တာကြောင့် တန်ဆေး လွန်ကောင်း များမဲ့ခိုးခွတ်တော့ ဖြစ်သွားပြီ။ ယောသားကြီးကိုသန်းထွန်းကတော့ ခရီးဆက်နိုင်ဖို့ တည်းခိုခန်းရှေ့မှာ ဝပ်ရှော့ဆရာတွေနဲ့ အလုပ်ရှုပ်လို့ကောင်းတုန်းပေါ့။

"ရေငုပ်ကျင်းမှာ ကျောက်ကတော့ ရပါတယ်ဗျာ၊ ကျောက်အကြောင်းလည်း ကောင်းကောင်းနားမလည်တော့ ကျောက်တွေက ဈေးကောင်းမရဘူးပေါ့၊ အဲဒါနဲ့ ငွေလေးစိုစိုပြည့်ပြည့်ရတော့ သိမ်ဇရပ်မှာ (၆)လလောက် ပြန်နားလိုက်တယ်၊ အမွှေးအမဲသားကျွေးသလိုပါပဲ၊ နွားမြင်တိုင်း လက်ညှိုးထိုးသလိုပဲ၊ မော်ထဲမှာ ငွေရှာတတ်တဲ့လူက မြည်မမှာ အလုပ်တယ်လုပ်တတ်တော့မလဲဗျာ၊ (၆)လလောက်နေတော့ ဖားမြင်-ကရင်ချောင်-ကောင်းကော-မော်လကင်ဘက်ကို ပြန်တက်တယ်၊ ဟိုစကားလိုပေါ့ဗျာ ... မော်မှာပြောကြတာ လူရှုးကျင်းတူး လူမိုက်ကျင်းထောင် လူလိမ္မာလမ်းလျှောက်တဲ့ သုံးယောက်တစ်ဖွဲ့ဖွဲ့ပြီး ကျင်းထောင်ထားတယ်လေ၊ သံတိုင် သံတူရွင်း ခိုးကျင်းခေတ်ပေါ့၊ ကျွန်တော်က လူလိမ္မာဆိုတော့ အရောင်းအဝယ်လည်း လုပ်တာပေါ့၊ KIA က ဗိုလ်နဲ့လည်း နည်းနည်းပါးပါးသိပြီဆိုတော့ KIA မှာ ငါးထောင်တန်လောပန်းလက်မှတ် လုပ်ထားတယ်၊ ကျောက်ကို မော်ထဲကယပြီး အင်းတော်မှာ ဆင်းရောင်းတယ်၊ အဲဒီတုန်းက မန္တလေးသားတွေက ဖားကန့်ကို မတက်ရဲသေးဘူး ... KIA က ကြီးစိုးနေတာကိုးဗျ၊ နမ့်မော်အထိ သူတို့က တက်တယ်၊ ကျွန်တော်က နမ့်မော်အထိ ဆင်းရောင်းတယ်"

"ခင်ဗျားက KIA နဲ့တွေ့တာချည်းပဲ ပြောတယ်၊ ဖားကန့်

ဒေသကို စစ်ဆေးရေးဝင်တဲ့တပ်နဲ့ကော မတိုးဘူးလား"

"တိုးပြီလားရျာ၊ လောကကြီးက အတိုက်အခိုက်တွေရှုပ်ယှက်ပဲ၊ ဖားကန့်ကိုဝင်တဲ့တပ်တွေက ခလရ ၁၅၁၊ ခလရ ၁၀၅၊ ဟိုပင်က ခလရ ၄၀ တို့ပေါ့၊ အဲဒီမှာဗျာ ကရင်ပြည်နယ်မှာသိခဲ့ဖူးတဲ့ ဗိုလ်ကြီး တင်မြင့်နိုင်က ဖားကန့်မှာ ဗျူဟာမှူးလာဖြစ်တယ်၊ အေးကောင်းပို့တော့ KIA နဲ့ပတ်သက်တယ်ဆိုပြီး တပ်က ခေါ်စစ်တာပဲ၊ ကျွန်တော်လည်း မခေဘူးလေ ... ကရင်ပြည်နယ်မှာ မှောင်နိုင်ထမ်း၊ ပေါ်တာလိုက်တာ ကအခု မော်ကို ခွန်စားလာခဲ့ရတာ၊ KIA က စစ်ထောက်လှမ်းရေး ထင်ပြီး ခြောက်ပေါက်ထဲ ထည့်တာတွေ၊ ခု ငါးထောင်တန်လောပန်း လက်မှတ်လုပ်တဲ့အထိ ရှင်းပြလိုက်တော့ လူကြီးက ကိုယ့်ကိုယ့်ကြည် သွားတာပေါ့"

"အဲဒီတော့"

"မော်ထဲမှာနေတယ်ဆိုတာ ညောင်သီးလည်းစား လေးသိ လည်း နားထောင်ရတယ်၊ အဆင်ပြေအောင်လည်း ပေါင်းသင်းဆက် ဆံတတ်ရတယ်၊ ခုကိုပဲ ငြိမ်းချမ်းရေးစကားတွေဆိုလိုက် အောက်ခြေက ကသိကအောက်လုပ်လို့ စိတ်ကောက်တဲ့အချိန်မှာ၊ တချိန်းချိန်းချလိုက် တဲ့အချိန်မှာ တစ်ခါတလေ ငြိမ်းချမ်းရေးစကားလေးတွေ ဖောက်ပေး ရတယ်ဗျ ... ဟောဟိုမှာ ကြည့်"

ခပ်လှမ်းလှမ်း ဒီရှိပေါ်မှာတင်ထားသော ပလွမ်ကျောက်တုံး လေးကို Goalf ဆုတံဆိပ်ကလေးလုပ်ထားတာကို လက်ညှိုးထိုးရင်း ပြောသည်။

"ခင်ဗျားက ဂေါက်သီးရိုက်တတ်လို့လား"

''မဟုတ်ဘူးလေ ... ဖားကန့်မှာ လူကြီးတွေ ဂေါက်သီးကစား ရင် ဆုတံဆိပ်အထိမ်းအမှတ်ကို ပြည်မမှာလို ဗိုလ်ချုပ်ဈေးက မှာတာ မဟုတ်ဘူး။ မြို့က ကျောက်စိမ်းနဲ့လုပ်ပြီး အလကားလက်ဆောင်လုပ် ပေးတာ''

''ဪ ... ဒါကြောင့်ကိုးဗျ''

''အဲဒါနဲ့ ၁၉၉၀ ခုနှစ်မှာ သတ္တုတွင်းဝန်ကြီးဌာနက ကျောက် မျက်ဥပဒေတွေပြဋ္ဌာန်းတော့ တိုင်းပြည်ကလည်း စနစ်ပြောင်းသွားပြီ လေ။ ကုမ္ပဏီတွေထောင်ပြီး လုပ်ကွက်တွေချပေးတာပေါ့။ အဲဒီတော့ **'ဝင်းရတနာကုမ္ပဏီ' ဆိုပြီး လုပ်ကွက်တွေချွဲပြီးတူးတယ်။ ကျောက်က** တော့ ရလိုက်, တူးတဲ့စရိတ်ထဲ ပါသွားလိုက်နဲ့ပါပဲ။ ကျားကြီးတော့ ခြေရာကြီးလာတယ်လေ။ ကုမ္ပဏီလုပ်ကွက်တွေရဲ့သဘောက လုပ် ကွက်တင်ဒါအောင်ရမယ်၊ ပြီးတော့လည်း တင်ဒါအောင်ရင် တူးရတဲ့ စရိတ်က ကြီးတယ်၊ ကျောက်ကောင်းမတွေ့လို့ကတော့ ခါးကော့မယ် သာမှတ်၊ နောက် နိုင်ငံတော်နဲ့အကျိုးတူလုပ်တဲ့ကုမ္ပဏီတွေလည်း ပေါ်လာရော ကိုယ်တွေက တိုးမရတော့ဘူး။ ငြိမ်းချမ်းရေးအဖွဲ့ရဲ့ အဆွယ်အပွားတွေ ခေတ်ပြောင်းခေတ်လွှဲမှာ ခေတ်ကိုအမိလိုက်တဲ့ သူဌေးပေါက်စတွေပေါ်လာတော့ နိုင်ငံခြားက အင်စတောလမင့်နဲ့ဝယ်တဲ့ စက်ယန္တရားတွေ ရာချီပြီးဝင်လာတယ်၊ ကိုယ်တွေက မှိုးမှိုးဆိုတော့ တိုးမရတော့ဘူးပေါ့။ ဒါနဲ့ပဲ ရေမဆေးလောပန်း, ကောက်မိုးလောပန်း ဘဝကို ပြန်ရောက်သွားတာပဲ''

''တာထွက်စောပေမယ့် ခေတ်ကာလရေစီးကို မီအောင်မလိုက် နိုင်တော့ ခါးချည့်သွားတဲ့သဘောလား။ နေပါဦးဗျ ... ကျွန်တော်မရှင်း

တာလေး တစ်ခုရှိသေးတယ်၊ ကျောက်စိမ်းကို Geology ပညာအရ တော့ အင်္ဂလိပ်စကားလုံးနဲ့ ခေါ်ကြတာပေါ့လေ၊ ဒါပေမဲ့ မှော်ထဲမှာ ကျောက်စိမ်းလောကမှာပြောတဲ့ စကားတွေက တရုတ်စကားလုံးတွေ ဖြစ်နေသလားလို့၊ ဥပမာပေါ့ဗျာ အသားကျောက်မှာ ပြာတာတာလေး ဖြစ်ရင် ချွမ်ပြာ၊ ရေမ်းရောင်ဘက် ဖရဲသီးမှည့်ရောင်ဘက်သန်းရင် ချွမ်နီ၊ အစိမ်းရောင်ကို ပဲရေ ပဲစိမ်းဝါရောင်ကို ပဲဆွေးလှ၊ စိမ်းပြာ ဝါနုကို လန့်လုကြီး၊ စိမ်းပြာဝါကို လန့်လုဆွေး၊ စိမ်းဝါကို ဆွေးလှ၊ အဝါရောင်ကို နှံ့ဆိုတော့ ကျောက်စိမ်းက ဖားကန့်ကထွက်ပြီး တရုတ် စကားနဲ့ ဘာလို့ လွှမ်းမိုးရတာလဲဗျ"

"အဲဒါပြောရရင်တော့ တစ်ထောင့်တစ်ညပုံပြင် ဖြစ်သွားမယ် ဗျို့၊ ဟို ပထေသရာစ်ခေတ်ကလို့ပဲ ပြောပါတော့ . . . အိန္ဒိယနဲ့ တရုတ် ပြည်နဲ့ ကူးသန်းရောင်းဝယ်တဲ့အခါမှာ လားတွေ မြင်းတွေနဲ့ မြန်မာပြည် က ဖြတ်သွားတယ်တဲ့၊ ဥပမာ ခုတိယကမ္ဘာစစ်က လီဒိုလမ်းဆိုရင် လည်း ဖားကန့်မှော်နဲ့မလှမ်းမကမ်းက ဖောက်ထားတာကို၊ အဲဒီတော့ ကုန်သည်ကြီးတစ်ယောက်က ကုန်ပစ္စည်းကို လားကုန်းပေါ်ကိုတင်တဲ့ အခါမှာ ဝိတ်ညီမှ တင်လို့ကောင်းတာဆိုတော့ တနိုင်း–ဖားကန့် တစ် ကြောမှာ လမ်းဘေးကကျောက်တုံးကို ပစ္စည်းနဲ့ ဘယ်ညာတင်ပြီး တရုတ်ပြည်သွားမို့တယ်တဲ့၊ တရုတ်ပြည်ကြီးကိုရောက်တော့ အဲဒီ ကျောက်က ကျောက်စိမ်းဖြစ်နေတာကို တရုတ်တွေက ပြီး တွေ့သွား တာပေါ့၊ ကိုင်း . . . ခုဆိုရင် မြန်မာပြည်ကထွက်တဲ့ကျောက်စိမ်းဆိုရင် တရုတ်က ဝယ်တယ်၊ မိုးကုတ်ကထွက်တဲ့ ပတ္တမြား၊ နီလာဆိုရင် အိန္ဒိယက ဝယ်တယ်၊ မိုင်းရှူးကျောက်ကျတော့ သက်တမ်းနုတော့

မီးဖုတ်ကျွမ်းတဲ့ ယိုးဒယားက ဝယ်ပြန်ရော၊ ခုလည်း ကျောက်စိမ်းတွေတဲ့ ကျူ့ဆီတော်တော်များများကို လက်ရှိုးရေကြည့်ပါ … မြန်မာတိုင်းရင်းသားစစ်စစ်ပိုင်တာက လက်ဆယ်ချောင်း ခြေဆယ်ချောင်း ကျော်လည်း နည်းနည်းပေါ့"

"ရေမဆေးလောပန်းကြီးရေ … စကားက လည်သွားပြန်ပြီ ဗျ မဲ့လို့ ရထားမပေါက်၊ ကားဂိတ်မရှိတဲ့နေရာမှာ ခုလို တည်းခိုခန်းနဲ့ လက်ဖက်ရည်ဆိုင် ဖွင့်ဖြစ်ပုံလေးကရော ဘာရည်ရွယ်ချက်လဲ … လင်းစမ်းပါဦးဗျ"

"ကျောက်သမားဆိုတာ ကျောက်စိမ်းတုံးကြီးကိုင်ပြီး ဝယ်လက်မရှိရင် ထမင်းစားဖို့ခက်တယ်ဗျ ရတနာဆိုတာ တန်ဖိုးရှိပေမယ့် ဝယ်သူက ဝယ်မှ ငွေဖြစ်မှ အရည်ပျော်လို့ရတာလေ၊ အိမ်ရှင်မကလည်း ကလေးမြို့မှာ၊ သမီးကြီးက တက္ကသိုလ်၊ သမီးငယ်က ဆယ်တန်းဆိုတော့ သူတို့အတွက် စရိတ်တွေက ကျောက်ဆောင်မှ မှီလို့မရဘူး"

"အင်း … ဒါလည်းဟုတ်တာပဲ"

"ကျောက်မရောင်းရတော့ ကျောင်းစရိတ်က ဘယ့်နှယ်ရတုံးဗျ"

"ရေမဆေး မေ့ထားတယ်လေ၊ ကိုယ့်ဆီမှာတည်း ကိုယ့်ဆီမှာစားဆိုတော့ သူတို့ရတဲ့ကျောက်က ကိုယ့်ကျောက်ပဲ၊ လက်ဖက်ရည်ဆိုင်ဖွင့်ထား တော့ ကျောက်သမားတွေ လက်ဖက်ရည်သောက်ရင်းရောင်းတယ်၊ ကျောက်အရောင်းအဝယ်သမားရှိရင် ပွဲတည်ပေးလိုက်တယ်၊ ကိုယ်ကြိုက်လို့ နိုင်ရင်လည်း ဝယ်လိုက်တာပေါ့၊ ပြီးတော့ ကာရာအိုကေလည်း လုပ်ထားပေးတယ်၊ ရုပ်မြင်ကာရာအိုကေဆိုတာ

ဖားကန့်မှာတောင် မရှိသေးဘူး။ မှော်တစ်ခုလုံးမှာ ကျွန်တော့်တစ်ဆိုင်ပဲ ရှိတာဗျ။ တီဗွီသေးမှာ CCTV ကင်မရာလေး တပ်ထားပြီး သေးက တီဗွီတစ်လုံးက လွှင့်ပေးတယ်၊ အဲဒီတော့ ကိုယ့်ရှပ်ကိုမြင်ရတာပေါ့၊ ပြီးတော့ အဲဒီဗွီဒီယိုကို Record လုပ်ပြီး ခွေကူးလိုက်ရင် ကျွန်တော့်ဆီက အမြန် ခွေပါလက်ဆောင်ယူသွားလို့ရသေးတယ်''

''တော်တော်ခေတ်မီတာပဲဗျ၊ ဘယ်လောက်ကတည်းက စခဲ့တာလဲ''

''တစ်ပုဒ် ၅၀ ခေတ်ကတည်းကဗျ၊ ဟို ဘိန်းစားငွေနှီး မှောက်လို့၊ မဟုတ်ရင် ကျွန်တော် မန္တလေးကမြို့မှာ သုံးထပ်တိုက် ဆောက်ပြီးလောက်ပြီ''

''ဘယ်လိုလဲဗျာ ... ဘိန်းစားငွေနှီးက ခင်ဗျားဘဝထဲ ဘယ်လိုရောက်လာခဲ့ပြန်တာလဲ''

ကိုနီတိုးက ပခုံးပေါ်ကတဘက်ကလေးကိုယူပြီး ခေါ်ကိုင်း မျက်နှာ ချွေတ်လိုက်ကာ ချွေးစေးများပြန်စေနေသော မျက်နှာကိုသုတ်ရင်း

''ပထမက ကျွန်တော့်တည်းခိုခန်းက တစ်ထပ်ပဲ၊ လက်ဖက်ရည်ဆိုင်ကတော့ တွဲလျက်ပေါ့၊ ၆၀'x ၄၀' မြေကွက်ကို အပြည့်ဆောက်ထားတာ၊ ဆိုင်းတောင်ဘက်ကလူတွေက မုံ ကရင်ချောင်ဘက် မှော်အလုပ်ကောင်းတယ်ဆိုပြီး စီးပွားရှာကြတယ်လေ၊ ကျွန်တော်က လက်ဖက်ရည်ဆိုင်ဆိုတော့ လမ်းဟိုဘက်ခြမ်းမှာ အကြော်ဆိုင်၊ ပြီးတော့ ဘိန်းစားငွေနှီး ဆံပင်ညှပ်ဆိုင်လေး ဖွင့်၊ လူက အပေါ်မှာနေတာပေါ့၊ ဘိန်းစားဆိုတာလည်း အခက်သားဗျ ... ဘိန်းကောင်းရင် စိတ်ကူးသိပ်ယဉ်တာ၊ တစ်ခါကြားဖူးတယ် ... ဘိန်းစား

နှစ်ယောက် ဘိန်းရှူလို့ဝတော့ တစ်ယောက်က ဥရုချောင်းထဲကငါးတွေ ရေခန်းသွားရင် ဘယ်သွားနေမလဲလို့မေးတော့ ... သစ်ပင်ပေါ်မှာ တက်နေမှာပေါ့လို့ တစ်ယောက်ကပြောတယ်၊ မင်းကလည်းကွာ ကျွဲလည်းမဟုတ် နွားလည်းမဟုတ် ဘယ်လိုနေမလဲလို့ ပြန်ကဲ့ရဲ့တယ်၊ သူတို့ချင်းကတော့ အဆင်ပြေနေတာပဲ၊ တစ်ခါတလေ စိတ်ကူးနဲ့ တောင်ယာခုတ်ပြီး ဘိန်းမှိန်းရင်း ယာကွက်လုနေကြသေးတာဗျ ... ထွန်းက အဲလိုလူစားမျိုး ...၊

ကျွန်တော်က လက်မောက်ရှည်ဆိုင်ဖွင့်ပြီး (၆)နှစ်လောက်အကြာ ၂၀၀၆ ခုနှစ်မှာ ထွန်းက ယင်းထ,တာကို ပြောအောင်ဆိုပြီး အရက်သောက်တာ၊ အဲဒီမှာ စိတ်တွေကယောင်ချောက်ချားဖြစ်ပြီး ကိုယ့်အိမ်ကို မီးရှို့တာပေါ့၊ ဘေးနားက အိမ်တွေကိုလည်း နည်းနည်းပါးပါး ကူးတယ်၊ ရှာရေနဲ့ ပက်ကြတာ၊ ဟို ဒေါ်ဘုမအကြော်ဆိုင်က အကြော်ဆီကို ရေမှတ်ပြီး ကျွန်တော့်တည်းခိုခန်းကို ပက်လိုက်တာ ... ဘာပြောကောင်းမလဲ''

''ကုန်ရောလား''

''မီးကူးပြီး ပြာကျသွားတာပဲ၊ ကျွန်တော်လည်း မီးလောင်နိုးရင်း တန်းလန်းကြီး၊ ငွေနဲ့ မိန်းမပစ္စည်းလေးထည့်ထားတဲ့ သေတ္တာနှစ်လုံးပဲ ရလိုက်တယ်၊ မီးလောင်ပြီးတော့ဗျာ ဟို ... မော်အလုံက သံလွင်တောင်တန်းအကျိုးတော်ကူမှုထဲက ဖျက်တော့မယ့် အုပ်ချုပ်မှုအဆောက်အအုံကို ၁၂ သိန်းနဲ့ ပြေးဝယ်လိုက်တယ်၊ သွပ်က အချပ်နှစ်ရာ၊ သစ်နဲ့ဘာနဲ့ဆိုတော့ တန်တာပေါ့၊ အဲဒါလေးတွေနဲ့ နှစ်ထပ်တိုက်ဆောက်လိုက်တာ ဆရာမြင်တဲ့အတိုင်းပဲ''

''ဒါဖြင့် ထွန်းကိုတောင် ကျေးဇူးတင်ရဦးမှာ၊ သူလုပ်လို့ နှစ်ထပ်တိုက် ဖြစ်သွားတာလေ''

''လူ့ဘဝများ ထူးဆန်းပါတယ်ဆို၊ ကျွန်တော်က ခုနစ်ရက်သားသမီးတွေကို ကူညီတော့ လောပန်းကြီးတွေက ရွှေရောင်းပေးတယ်၊ အကြွေးပေးဖို့များ၊ ငွေပေါ်မှုပြန်ပေးဆိုတဲ့သဘော ... တော်တော်ကောင်းကြပါတယ်၊ ဒါပေမဲ့ ကျွန်တော် မယူခဲ့ဘူးလေ၊ ကိုနီကာနာရီလက်မှာကျန်နေသေးတယ်ဆိုတော့ ဘဝကို ဆက်လျှော်လိုက်ဦးမယ်''

''ဘိန်းစားထွန်း ဘယ်ရောက်သွားလဲဗျ''

''သူ သိပ်ကံကောင်းတယ်ဗျာ၊ ဆံပင်ညှပ်ဆိုင် မီးလောင်သွားတော့ ကုရွှေမော်ဘက်မှာ လေလွင့်နေတာ၊ အဲဒီမှာ ဘိန်းမှိန်းမှိန်းရင်းနဲ့ ကျောက်တုံးကြီးသေးမှာ စိတ်ကူးယဉ်နေတယ်တဲ့၊ အဲဒီကျောက်တုံးကြီးက ကုမ္ပဏီတွေက ပယ်ကျောက်ဆိုပြီး ပစ်ထားတာ တစ်နှစ်၊နှစ်နှစ်လောက်ရှိတော့ ညှိတက်နေပြီပေါ့၊ အဲဒီမှာ ဘိန်းမှိန်းမှိန်းနေတုန်းနတ်သမီးလေးတစ်ယောက်က ငါ့ကိုချစ်လား၊ ငါ့ကိုချစ်ရင် ခေါက်ကြည့်လိုက်ပါလို့ ခဏ ခဏပြောတော့ စိတ်မပါလက်မပါနဲ့ စိန်တူနဲ့ခေါက်လိုက်တာ တန်ချိန်တစ်ထောင်လောက် ကျောက်စိမ်းတုံးကြီးဖြစ်နေတယ်ဗျာ ...၊

အဲဒါနဲ့ သူလည်း နီးစပ်ရာ ရေမဆေးလောပန်း မြှင့်ဘက်ကအညာသားကိုမြင့်ဝေကိုခေါ်ပြီး ပြရောင်းရောင်းတာ သိန်းကိုးဆယ်ရဆိုပဲ၊ ရေမဆေးလောပန်း ကိုမြင့်ဝေက ကျောက်အကြောင်းကိုနားလည်တော့ ကုမ္ပဏီနဲ့ချိတ်ဆက်၊ ရှယ်ယာတောင်း၊ ကျောက်ကိုဖြတ်ပြီး ရတနာပြပွဲတွေတင်တာ အရမ်းဈေးကောင်းရလို့ ကိုမြင့်ဝေလည်း သူ့

နယ်တစ်ကြောမှာ ဘုရားသိမ်ကျောင်းတွေဆောက်, အလှူအတန်းတွေ လုပ်နိုင်တယ်၊ မန္တလေးမြို့လယ်မှာလည်း တိုက်ကြီးဟီးနေတာပဲ''

''မော်ထဲက မော်ကြာတွေရဲ့ဘဝက ကြွေတစ်လှည့် ကြက်တစ်ခုန်ပဲနော်၊ ခင်ဗျားကတော့ မော်ကြာမဟုတ်ပါဘူး ဦးနီတိုးရာ ... မော်ကျားဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ''

''ဟာ ... ဆရာတို့ကားဆိုင်း မပြီးကြသေးဘူးလားဗျ ကျွန်တော့်ကားတောင် ရေလယ်အုံပြင်တာ ပြီးသွားပြီ''

လက်က လက်ပတ်နာရီကိုကြည့်လိုက်တော့ ညနေ (၆)နာရီ တိတိ။ နေမင်းကြီးက အနောက်က ကသိုဏ်းတောင်ကို ဝင်နေပြီဆို တာကို သတိထားမိတော့၏။

''ကဲ ကဲ ပရိုဂျူဆာကိုနီတိုးရေ ... မော်ကြာဘဝနဲ့ အရှုံး မထုတ်ရတဲ့ မော်ကျားဖြစ်ပြီး လောပန်းကြီးဘဝရောက်လို့ ရောက်တဲ့နေ ရာ အိမ်ထောင်ကျနိုင်ပါစေဗျာ''

''See You''

မပုံ၊ ဆိုင်းတောင်၊ ဆန်းကြွယ်၊ ဖားကန့်၊ မော်စီတ ဆိုတဲ့ မြို့ပြကျေးလက်တွေကိုဖြတ်ပြီးတော့ ကျောက်စိမ်းတူးဖော်ရေးဌာနရုံးကို ရောက်တဲ့အချိန်မှာ မီးစက်အားနဲ့ ညအမှောင်ကို အန်တုနေတာကို တွေ့ရပါတယ်။ ဒီကနေတော့ဖြင့် ဦးနောက်တွေထုံသွားလို့ အနားယူ လိုက်ရပါပြီ။

❑

၂၀၀၄ ခုနှစ်ဆန်းမှာ ကျွန်တော်က ကျောက်မျက်တူးဖော်ရေး ဌာန မန္တလေးမှာ ပြောင်းရွှေ့တာဝန်ကျတော့ ရုံးချိန်မှာပဲ Land Cruiser တစ်စီးက ရုံးရှေ့မှာ ခပ်ငြိမ်ငြိမ်လေးထိုးဆိုက်သံ ကြားရပါ တယ်။

"ဝင်ခွင့်ပြုပါခင်ဗျ"

"ဟုတ်ကဲ့ ... Every Body For Ever Welcome"

ပါးစပ်က ပြောလည်းပြော တံခါးမလိုက်ကာကို လှမ်းကြည့် လိုက်တော့ ...

"ဟာ ... ကိုနီတိုးကြီးပါလား။ မတွေ့ရတာ နှစ်နှစ်တင်းတင်း ပြည့်သွားပြီပဲနော်။ ဒါနဲ့ လန်းလှချည်လားဗျ"

ကျောက်သမားများ ဆောင်းနေကျ အမေရိကန်ဝစ်သားများ ဆောင်းသော နေကာပါဦးထုပ်၊ ဘာမှမပြောင်းလဲတဲ့ သိုင်းကြိုးတပ်ထား တဲ့ ကော်ကိုင်းမျက်မှန်နဲ့ပေမယ့် အသားအရေက ရှိုပြည့်ပြီး စတိုင်ပင် ကျကျနနဝတ်လို့ Land Cruiser ကားကို ကိုယ်တိုင်မောင်းလာတာကို ကြည့်ပြီး ...

"ခင်ဗျား လောပန်းကြီးဖြစ်သွားပြီလားဗျ"

"လောပန်း၊ မပန်းတော့ မသိဘူးဆရာရေ ... မန္တလေးမြို့ ထဲမှာ အိမ်တစ်လုံး၊ မြို့သစ်ဘက်မှာ အိမ်တစ်လုံး၊ ရတနာဆိုင်လေးနဲ့ ကြယ်ဂေါင်မှာလည်း အရောင်းဆိုင်လေး ဖွင့်ထားတယ်ဆိုပါတော့"

"နေပါဦးဗျ ... လက်ထဲက ကိုင်လာတာ ဘာကြီးတုံး"

"ကျွန်တော်က အဲဒီကိစ္စကိုပြောမလို့ လာတာ၊ ကျွန်တော့်

ဓာတ် ရာမညမြေမှာ ဒီနှစ် အလှူကြီးလုပ်မယ်၊ ကျွန်တော်နဲ့သားတွေက ပွဲခံမယ်၊ မြေတွေကို သက်နှံစရည်းမယ်၊ အလှူကို ဆင်နွဲကျည်မယ် … ဘယ့်နှယ်လဲ''

''သာဓုဗျာ သာဓု သာဓု''

ကျွန်တော်က စိတ်စာကိုဖတ်လိုက်ပြီး …

''အလှူဒကာမက ကျွန်တော်သိတာ တစ်ယောက်၊ ခုဟာ က''

''အင်း ဒါကတော့ဗျာ … ကျွန်တော်ဆိုနေကျ သီချင်းလိုပေါ့ ''ဆိုင်သာဆိုင် မပိုင်သည့်ပန်းကို အလှမ်းခက်တာ ခုမှသိတယ် ဘဝချင်းခြားနားလို့ ချစ်လွန်းသူ ခံစားရတယ် အစက ကြိုသိခဲ့ ရင် မေ မချစ်ခဲ့ပါဘူးကွယ်'' ဆိုသလိုပေါ့၊ ကျွန်တော့်ဘဝတွေ ကြမ်းခဲ့တုန်းက သူက ပေးဆပ်ခဲ့တယ်လေ၊ ခုဘဝတွေက ဖြစ်ချင်တာ လေးတွေဖြစ်လာပြီဆိုတော့ သူက ဆင်းရဲတဲ့ဒဏ်တွေ မခံနိုင်လို့ ကျွန်တော့်ကိုပစ်ပယ်သွားတယ်၊ ခုတော့ မပိုင်တော့ဘူးဗျ၊ ဒါပေမဲ့ သားတွေပွဲဝင်မှာဆိုတော့ စိတ်တော့ဖိတ်ထားပါတယ်၊ တစ်ချိန်က ဘဝကြင်ဖော်၊ ခုတော့ သူငယ်ချင်းကောင်းပေါ့နော်''

''ဒါဖြင့် … ဘွဲ့ရ ပညာတတ် သမီးတွေကရော လိုက်မှာတဲ့ လား''

''လိုက်မှာပေါ့ဗျ၊ သမီးတွေက ပြောတယ် … ဖေဖေ့ဘဝ ဒီလို အောင်မြင်မှုတွေရအောင် ကြိုးစားခဲ့ရတာ၊ ခု ငါးဆယ်ကျော်မှ အလှူအတန်းကြီးတွေပေးနိုင်တာကို သမီးတို့က ဝမ်းသာဂုဏ်ယူတာ ပေါ့တဲ့''

"အစ်ကိုကြီး ဖြန့်ကြရအောင်"

ကားပေါ်က လှမ်းခေါ်တာ ကြားတော့မှ ဒကာမပါလာတာကို မပြောခဲ့၍ စိတ်မဆိုးရက်နိုင်ဘဲ အခန်းပြင်သို့ထွက်၍ နှုတ်ဆက်လိုက်ရလေသည်။

"အောင်မလေး လောပန်းကြီးကတော်ရယ် ... ရုံးထဲတောင် မဝင်တော့ဘူးလား"

"ဪ ... ဆရာရောက်နေတာလား။ မသိလို့ပါရှင် ... အစ်ကိုကြီးက ဆရာ့အကြောင်းကို အရမ်းပြောတာပဲ"

လည်ပင်းက စိန်လော့ကတ်အပြင် စိန်နားကပ်အရောင် တဖျတ်ဖျတ်နဲ့။ ဘယ်ဘက်လက်မှာ သိန်းထောင်ချီလောက်တန်တဲ့ ကျောက်စိမ်းလက်ကောက်ကြီးကိုမြင်တော့ မြင်ကွင်းက ပိုအံ့ဩသွားရပြီ။

"ဦးနိုတိုးရယ် ... ဒီလောက်ကာလနဲ့ ဒီလောက်အောင်မြင်တိုးတက်သွားတာလေးကိုလည်း ပြောပါဦးဗျ"

"ကျွန်တော်မွေးထားတဲ့ ရေမဆေးဆီက ကျောက်ကလေးတွေ ဝယ်တယ်လေ၊ ကျောက်ရရင် ဖြတ်ချင်လွန်းလို့ကို ကျောက်သမားဘဝနဲ့ ငုပ်နေတာ၊ အဲဒီကျောက်ကျတော့လည်း အုန်းသီးလောက်ရှိမှာပေါ့။ ဖြတ်လိုက်တော့ အရည်ဥသွားတယ်၊ အဲဒီဖြတ်သားလေးကို ရွှေရတုကျောက်မျက်ပြပွဲမှာ တင်လိုက်တာ ယူရိုငွေတစ်သန်းကျော် ကျော်လေး ထွက်သွားတယ်"

"ဒါဆို သိန်းတစ်သောင်းကျော်သွားပြီပေါ့ဗျား၊ ဒါကြောင့် ကျွန်တော် ပြောခဲ့ပါတယ် ... ကျောက်သမားဆိုတာ တစ်နေ့ရွှေ

တစ်နေ့ငွေပါဖြူ ဘဝမှာ ကံကောင်းခြင်းဆိုတာ တစ်ကြိမ် နှစ်ကြိမ်တော့ ကြုံတတ်ပါတယ်လို့ မှော်ကြာဘဝနဲ့ မနေရပါစေနဲ့ ... မှော်ကျားဘဝနဲ့ မော်ကြွားနိုင်ပြီး လေဘာပန်းကြီးဖြစ်ပါစေ ဆိုတာ''

''ခုတော့ ဆုတောင်းပြည့်ပြီ ထင်တာပါပဲ၊ စိတ်ထားကောင်းလို့ ကံကောင်းတာဖြစ်မှာပေါ့၊ လိမ်စားရင် တစ်ချက် ရိုးသားရင် တစ်သက်တဲ့''

ကဲ ကဲ ... ရိုးသား ကြိုးစား လုပ်အားဖြင့် နိုင်ငံတည်နိုင်သူ ဖြစ်ပါစေဗျာ

လေဘာပန်းကြီးကိုနီတိုးတို့ဇနီးမောင်နှံ မြင်ကွင်းက ထွက်ခွာသွားတဲ့အချိန်မှာတော့ ရင်ထဲက ပြောဆိုဆွေးနွေးခဲ့သော ဘဝတစ်ကွေ့ အဖြစ်အပျက်များက ရင်ထဲကနေ ဝေဝါး၍ အတိတ်မှာ အရိပ်သဖွယ် ကျန်ရစ်ခဲ့ပါတော့သည်။

□□□

## "ခိုင်ပါနဲ့တွယ် ဇာတ်တော့"

ဒီနေ့တော့ အကျိုးတူယာဉ်တန်းထွက်တော့မယ်ဆိုပြီး ပြင်ဆင်ရာတွေ ပြင်ဆင်နေရတာကြောင့် တရားဝင်သလိုလို တရားမဝင်သလိုလိုနဲ့ အပြင်ကိုထွက်တာလေး ဆင်ခြင်၍ လုံးခင်း–နေပြည်တော်–ရန်ကုန် ကျောက်စိမ်းအကျိုးတူယာဉ်တန်း(၁၅၀)စီးအတွက် ပြင်ဆင်မှုစုဖွဲ့မှုများ လုပ်နေရ၏။

မနက်မိုးလင်း အိပ်ရာထတာနဲ့ ယာဉ်တန်းခေါင်းဆောင် အစ်ကိုကြီး ကိုမြင့်အေးက ခေါ်လို့ ...

''ကိုယ့်ညီ ... တော်တော်စုံခဲ့ရဲ့လား၊ ကျောက်သမားအကြောင်းချည်းပဲလည်း မရေးနဲ့ဦး။ သူဌေးတွေကြားမှာ ဗျာများရတဲ့ ငါတို့ဝန်ထမ်းတွေအကြောင်းလည်း ထည့်ရေးဦးနော်''

''ဟုတ်ကဲ့ပါဗျ ကျွန်တော် ခိုင်သာမှာရှိတယ် ... လိုရင်ခေါ်လိုက်ပါ အစ်ကိုကြီး။ အစည်းအဝေးလျှော့နည်းကျဆင်းရေး အစည်းအဝေးဆိုရင်တော့ ကျွန်တော် မတက်တော့ဘူးနော်''

''အေးပါကွာ အေးပါ ... လိုရင်ခေါ်လိုက်ပါ့မယ်''

အရာရှိခိုင်သာမှာ တောင်တောင်အီအီ စဉ်းစားနေတုန်း ဖွား

ဖက်တော် ကိုတင်အောင်မိုးက ပေါက်ချလာတာ။

"အစ်ကိုကြီး ဘာတွေကူညီရဦးမလဲ"

"ဘာမှမလိုပါဘူး ကိုယ့်ညီရာ"

"အစ်ကိုကြီးရဲ့ဘော်ဒါကြီး ကိုမောင်မောင်ရှိန်းကြီးလည်း ရှိတယ်ဗျ။ သူက ဒုမှူးဆိုတော့ အလုပ်နည်းနည်းရှုပ်နေလို့"

"အေးပါကွာ ... သူပံ့ပိုးပေးတဲ့ Black ကလေးတွေလည်း တို့အားပေးနေရတာပဲ။ တာဝန်ကျေလို့ ကျေးဇူးတင်ပါတယ်"

ပြောပြောဆိုဆို ကိုမောင်မောင်ရှိန်းက ပေါက်ချလာပြီး ...

"ဘော်ဒါကြီး ရော့ ... အပြန်လမ်းစရိတ်" တဲ့။

ကြည့်လိုက်တော့ Chivest ပါကင်ဘူးကြီး။

"ကျေးဇူးပါပဲ သူငယ်ချင်း ဗိုလ်မှူးကြီးရော ... တို့ ၁၉၈၉ ခုနှစ် ကရင်ပြည်နယ် လှိုင်းဘွဲ့ဒေသမှာ တိုက်ပွဲတစ်ပွဲပြီးတော့ ဟို ငိုင်းတော် ရွာနားက လယ်တဲစုလေးမှာ သူငယ်ချင်းကိုတိုက်ခဲ့တဲ့ တောအရက် အတွက် ကျေးဇူးတုံ့ပြန်တယ်လို့ သဘောထားပါတယ်"

"ခင်ဗျားကတော့ ပေါက်ပေါက်ရှာရှာ ပြောတော့မယ်ဗျာ၊ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကအကြောင်းတွေ သတိရနေတုန်းပဲလား"

ပြောပြောဆိုဆို ကျေးဇူးတင်စကားကြောင့် ကိုမောင်မောင်ရှိန်း က လုပ်ငန်းခွင်ကို ခဏမေ့ထားပြီး ရိပ်သာလေးသာဆောင်က ဆက် တီမှာ ဝင်ထိုင်ပါတယ်။ သူကတပ်ရင်းမှူးအဆင့်ထိ တာဝန်ထမ်းဆောင် ပြီး ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် ဤဌာနသို့ ပြောင်းရွှေ့လာသူ။ လုံးခင်းကိုရောက်တော့ ကျောက်တူးတာတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကွပ်ကဲရတာက တစ်ဖက်၊ နိုင်ငံတော်

နှင့်အကျိုးတူ ကျောက်စိမ်းမိုင်းတွေကို ယာဉ်တန်းနှင့် စနစ်တကျ ပို့ဆောင်ရေးလည်း ကွပ်ကဲနေရသူဖြစ်လို့ အစကတည်းက စကားမပြောဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

"ဒါနဲ့ ကိုကျော်ကျော်မင်းကြီးရော ဘယ်ရောက်နေတုံးဗျ"

"ခန္တီးဘက်မှာ အခြေချဗျူဟာမှူးလို့တော့ သိရတယ်၊ စစ်သားဆိုတော့ တစ်နေရာရာမှာ ဖင်ခွေးတာနဲ့ ပြောင်းရတာပဲလေ"

"ကျွန်တော်ကတော့ ပြည်မှာ မြန်မာ့အသံက ညွှန်ချုပ် ဗိုလ်မှူးကြီးသိန်းဆောင်ကို ခဏခဏ တွေ့တယ်၊ သူ့ကိုတွေ့ရင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြောက်ခြမ်းက ထားသိမ်ရွာမှာ ကားလမ်းလုံခြုံရေးလုပ်ရတာတွေ ပန်တော်မိနဲ့ ကြာအင်းရွာကြားမှာ ကေအင်ယူက ရင်ဖေ၊ ပြားပြား၊ အဲထူးမောင်ကြည်အဖွဲ့ (၁၅၀)လောက်နဲ့ ဘိန်းမှုန့်ကုန်းမှာ ခင်ပျားတို့ကွန်မန်ဒိုတပ်ခွဲနဲ့ ခမရ(၆)က ဒုဗိုလ်မှူးကြီးသန်းထွန်းတို့စစ်ကြောင်း နှစ်ဖက်ညှပ်တိုက်တာတွေကို ပြေးမြင်တယ်ဗျ"

"အဲဒီတုန်းက ကျွန်တော်တို့က တပ်မ(၄၄) ကွန်မန်ဒိုတပ်နဲ့ စေလိုရာစေလေ၊ အရာရှိတွေရော ရဲဘော်တွေရော တပ်တွေက စိတ်ကြိုက်ရွေးထားတာဆိုတော့ ရန်သူ့သတင်းရတာနဲ့ တိုက်ဖို့ချည်းပဲ လက်က ယားနေတာ"

"ကျွန်တော်က ခလရ (၇၅)လေ တူးအိုင်စီ၊ ဗိုလ်မှူး သူရစိန်ဝင်းက စစ်ကြောင်းမှူး၊ ကျွန်တော်က တပ်ခွဲမှူးပေါက်စဆိုတော့ ဘိန်းမှုန့်ကုန်းမှာ တိုက်ရတဲ့ပွဲက ကောင်တွေက ကျွန်တော်နဲ့အရင်ချရတာ၊ ဗိုလ်မှူးသူရစိန်ဝင်းကတော့ မွေးဆိုတာ မျိုးနဲ့လားဆိုတဲ့လူ၊ ပစ်မယ် ခတ်မယ် အရေးခွဲရတော့ပစ်မယ်ဆိုတာချည်းပဲ၊ အဲဒီနေ့က

လည်း ရန်သူ့သတင်းရလို့ဆိုပြီး ကျွန်တော်တို့စစ်ကြောင်းက ကြာအင်း ရွာနားကနေ တောထဲအဝိုင်းထွက်တာ၊ ရန်သူက ကျင်းတူးနေတုန်း လယ်ကွင်းစပ်မှာ ကျွန်တော်နဲ့ကိုင်တာပဲ ...၊

ကွင်းထဲမှာ ကျွန်တော်တို့ နာခေါင်းထယ်ထိုးနေတုန်း စစ်ကြောင်းမှူးရဲ့ ဝရိဒ်နီအိတ်တီဗိုးနဲ့ လောက်ခွဲ့ဝုံးနှစ်လုံး ကိုက် ၂၀၀ အကွာကနေ လှော်ထည့်တာ တစ်ချီးတည်း ပြေးတာပဲ၊ ကျွန်တော့်ဘေးက ဗိုတီးကိုင်တဲ့ ရဲဘော်တစ်ယောက်ပဲ တိုက်ပွဲကျတယ်၊ အဲဒါနဲ့ ကျွန်တော့် တူးအိုင်စီက ခမရ (၆) တပ်ရင်းမှူးကို ရန်သူအင်အားများလို့ ရှေ့ မတွက်ဖို့ ပြောတယ်၊ ရှေ့မတွက်လို့ပေါ့ဗျ ဘိန်းမုန့်ကုန်းလယ်ကယ် ရမှာ အင်အားတစ်ရာလောက်ကို ကျွန်တော်တို့နှစ်ဖက် ညှပ်တွယ်တာ (၂)နာရီတောင်ကြာတယ်၊ သူက ဘယ်လောက်ကျတယ်တော့မသိဘူး ... ကိုယ့်ဘက်ကတော့ ခမရ(၆)က ဒုဗိုလ်သော်တာဝင်း တိုက်ပွဲကျ သွားတယ်''

''ခုနကတိုက်ပွဲလေးကို နှလုံးသားနဲ့စစ်တာဝန်ဆိုပြီး ရေးထား သေးတယ် ... မထုတ်ရသေးဘူး''

''တိုက်ပွဲပြီးတော့ ဗိုင်းတော်ရွာက လယ်ကယ်ရမှာ စခန်းချ တယ်လေ၊ ကျွန်တော်က တောအရက် ဘိန်းမုန့်ကုန်းကလယ်ကယ်ရမှာ ကိုယ့်ဆီကလူ တိုက်ပွဲကျတယ်ဆိုပြီး ဗိုင်းတော်ရွာ လယ်ကယ်ရက ကြက်ဆင်(၃)ကောင်လောက်ကို ပြုတ်ပေးတာပေါ့''

''အင်း ... မြန်တွေးကြည့်ရင် ပြည်တွင်းစစ်က ရင်နင့်စရာ ပဲနော်၊ ပြည်သူတွေမှာ တပ်မတော်လည်း ကြောက်ရ၊ လူမျိုးတူတဲ့ တိုင်းရင်းသားလက်နက်ကိုင်ကိုလည်း ကြောက်ရနဲ့''

"ခုတော့ ကျွန်တော်တို့ကရင်ပြည်နယ်ကြီး အေးချမ်းပါပြီဗျ"

"မလုပ်နဲ့ဦး ကိုယ့်လူ ... ဒီမှာလည်း ရုံးပတ်ပတ်လည် မြောင်းတူးပြီး ဗုံးခိုကျင်းလုပ်ထားရတယ်၊ စည်းရုံးရေးစကားလည်း ဆိုရသေးတယ်၊ ဥရုချောင်းကြီးက မျက်ရည်တွေလည်း သွေ့ကျွတ် အောင် သုတ်ပေးနေရတယ်ဗျ"

"ဒါကြောင့် ကရင်ပြည်နယ်တစ်ကြောက ကွန်မန်ဒိုတပ်စုမှူး ကြီးကို ကချင်ပြည်နယ် ကျောက်စိမ်းမော်မှာ ငြိမ်းချမ်းရေးတံတားတွေ ဆောက်ဖို့ လွှတ်ထားတာလား မသိဘူးနော်"

"ကျွန်တော်တော့ဗျာ ဖားကန့်ကိုတက်လာကတည်းက စစ်ရိပ် စစ်ငွေ့တွေရဲ့ ရန်ကိုလည်း နှာစွင့်ရတယ်၊ ပေါင်မုန့်တွေ လှီးဖြတ်ထား တဲ့ ဟိုရွှေ့ ဒီရွှေ့ ရွှေ့နေတဲ့ တောတောင်တွေကိုလည်း ကြည့်မိတယ်၊ ဓာတ်ပုံထဲမှာမြင်ရတဲ့ ကံဆီးချောင်း၊ ဆန်ခါချောင်းက ရေတွေလိုပဲ ဥရုချောင်းကြီးကိုလည်း ကြည်လင်တောက်ပစေလိုတယ်၊ နိုင်ငံတော်နဲ့ အကျိုးတူပူးပေါင်းနေတဲ့ ကျောက်စိမ်းကုမ္ပဏီကြီးတွေ၊ ပုဂ္ဂလိက ကုမ္ပဏီတွေက ကျောက်ကောင်းကောင်းရလို့ မြွဲ့ကိုတင်၊ နိုင်ငံတော် လည်း အခွန်ရ၊ ပြည်သူတွေလည်း ချမ်းသာ၊ တိုင်းပြည်လည်း တိုး တက်စေချင်တယ်၊ ဥရုချောင်းကြီးက မိုးရာသီမှာ ရေကြီးရေလျှံတာ မဖြစ်ဘဲ စီးမြဲစီးဆင်းစေချင်တယ်၊ ဒီဒေသခံ တိုင်းရင်းသားတွေ မော်ဆိုတဲ့ သည်းခြေကြိုက်တဲ့နေရာကို လာရောက်လုပ်ကိုင်စားသောက် ကြတဲ့ အောက်ခြေလူတန်းစားပြည်သူတွေလည်း ထမင်းဝစေချင်တာ ပါပဲ"

"ခင်ဗျားကတော့ဗျာ ... စာရေးဆရာလို့ မပြောရဘူး၊ သား

ရွှေဒိုးထမ်းတာကို ကြည့်ချင်တယ်ဆိုတဲ့ အမေလိုပဲ၊ အလုပ်တိုင်းမှာတော့ ကောင်းကျိုးနဲ့ဆိုးကျိုးဆိုတာ ရှိတာပဲ၊ ကျွန်တော်တို့ဌာနအနေနဲ့ကတော့ ကောင်းကျိုးကိုလည်းလုပ် ဆိုးကျိုးဖြစ်မယ့်အန္တရာယ်ကိုလည်း တစ်ပြိုင်တည်းကာကွယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွားနေတာ၊ ဒီမော်ကြီးက မြန်မာပြည်သူတွေစားသုံးဖို့ သဘာဝကြီးက ဖန်တီးပေးထားတာ၊ သင့်တင့်မျှတအောင်စားရင် ဥပဒ်မဖြစ်လောက်ပါဘူးဗျ ... နော"

"ကျွန်တော်တို့ ကျောက်မျက်ဌာနနဲ့ လုံးခင်း ဖားကန့်မော် ဆက်စပ်ပုံလေးကို မြင်တဲ့အတိုင်း လင်းပါဦးဗျ"

"ကျွန်တော်ဉာဏ်မီသလောက်ပြောရရင်ဗျာ ဟိုရှေးပဝေသဏီကတည်းက ကျောက်စိမ်းဆိုတာ ရှိခဲ့တယ်၊ ဒေသခံ ကချင်, ရှမ်း, မြန်မာ စတဲ့ ဒေသခံတွေက တောင်ယာခုတ်ရင်း တစ်နေ့ နည်းနည်း တူးခဲ့ကြတာ၊ နောက် ကျောက်စိမ်းဆိုတာကို တရုတ်လူမျိုးတွေ မြင်ဖူးတဲ့အခါမှာ အဓိကဝယ်လက်က တရုတ်ဖြစ်လာတယ်၊ ဒီတော့ တူးသူက မြန်မာ, ဝယ်သူက တရုတ်ပေါ့၊ ပါလီမန်ခေတ်အထိက ကျောက်တူးတာကို ဒေသခံတွေပဲ လုပ်ကြတာ ...ကိုယ်ပိုင်ကျင်းစနစ်ပေါ့၊ လမ်းစဉ်ပါတီခေတ်မှာ ၁၉၆၉ ခုနှစ်ကစပြီး ဆိုရှယ်လစ်စနစ်ဆိုတော့ သယံဇာတကို နိုင်ငံတော်ပဲပိုင်တယ်ဆိုတော့ အစိုးရက တူးပြီ၊ အဲဒီမှာ ကေအိုင်အေလည်း ပေါ်လာပြီ၊ ကျောက်မျက်ဌာနက တူး, စစ်တပ်က လုံခြုံရေးလုပ်, ကေအိုင်အေက နောက်ကွယ်က အကောက်ဂိတ်ဖွင့်ပေါ့ဗျာ၊ မှလာတူးနေတဲ့သူတွေက ခိုးကျင်းတွေ ဖြစ်ကုန်တာပေါ့ ...၊

အဲဒီမှာပဲ အဆိုတော်အောင်ပန်းရဲ့ လောပန်းလောင်းသီချင်း ပေါ်လာတာပါပဲ၊ ၁၉၆၄ခုနှစ်ကစပြီး ရန်ကုန်မြို့က အင်းယားကန်

ဟိုတယ်မှာ ရတနာပြပွဲတွေ ဖွင့်ပြီဆိုတော့ ကျောက်စိမ်းဆိုတာကို မြို့ကြီးပြကြီးက လူတွေ မြင်လာကြပြီ၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတာလည်း နိဋ္ဌိတံသွားတော့ ဈေးကွက်စီးပွားရေးစနစ်အရ ၁၉၉၀ ခုနှစ်ကစပြီး ပုဂ္ဂလိက ကျောက်စိမ်းတူးဖော်ခွင့်တို့ နိုင်ငံတော်နဲ့ဖက်စပ်လုပ်ကိုင်ခွင့်တို့ ပေါ်လာတော့ နိုင်ငံသားလုပ်ငန်းရှင်တွေက ဖားကန့်ဆိုတာကို ရောက်လာကြပြီး ယန္တရားတွေပါလာပြီ ...။

၁၉၉၅ ခုနှစ်ကစပြီး ကျွန်တော်တို့ဌာနက ကိုယ်တိုင် ကျောက်မတူးတော့ဘူး၊ ကုမ္ပဏီ၊ သမအသင်းတွေကို လုပ်ပိုင်ခွင့်တွေချထားပေးပြီ၊ အဲဒီမှာ ဖြစ်လာတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတာတွေ အောင်မြင်မှုတွေရှိလာတော့ တရားဝင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတွေ ဖြစ်လာပြီး ငွေကြေးဖြောက်ဖြားစွာသုံးပြီး မော်ထဲရောက်လာတယ်၊ အဲဒီမှာ ဗမာစကားကို ထမင်းစားရေသောက်လောက်တတ်တဲ့ တိုင်းရင်းသား တရုတ်နွယ်ဖွားတွေ မော်ထဲကို ရောက်လာတာပဲ၊ ခင်ဗျားသိတဲ့အတိုင်းပဲ ... စီးပွားရေးလုပ်တယ်ဆိုတာ တရုတ်လိုရှာ၊ ကုလားလိုစု၊ ဗမာလို သုံးဖြုန်းလို့ ဆိုတာကိုး''

''ဘာကိုဆိုလိုတာလဲဗျ''

''အစိုးရကလည်း ကိုယ်တိုင်ကျောက်မတူးနိုင်တော့ပေမယ့် သယံဇာတက နိုင်ငံတော်ကပိုင်တယ်ဆိုတော့ ငွေများများရချင်တယ်၊ ဒီတော့ နိုင်ငံတော်နဲ့ အကျိုးတူ ကျောက်မျက်လုပ်ကွက်တွေတူးဖို့ စည်းရုံးရတယ်၊ အဲဒီမှာ ပုဂ္ဂလိကလုပ်ကွက်တွေ စလုပ်ခဲ့တာ၊ ပုဂ္ဂလိက

လုပ်ကွက်က တစ်ကွက်တစ်ကေ အဆိုပြုငွေက တင်ဒါစနစ်နဲ့သွားတော့ သိန်းရာထောင်ချီရှိတယ်၊ အကျိုးတူလုပ်ကွက်ကျတော့ ကေရာနဲ့ချီပြီး တူးခွင့်ရှိတယ်၊ တစ်ကေကို အဆိုပြုငွေက ဆယ်သိန်းဆိုတော့ ငွေရှိတဲ့ ကုမ္ပဏီ၊ အားကောင်းတဲ့ကုမ္ပဏီက အကျိုးတူလုပ်ကွက် တူးတာပေါ့ဗျာ။

ကျောက်စိမ်းတူးတယ်ဆိုတာက ကိုယ်တူးတဲ့မြေစာကို ထားဖို့နေရာ ရှာရသေး၊ အဲဒီမြေစာကို ပစ်ဖို့လည်း စဉ်းစားရသေးဆိုတော့ ပါဝါကြီးတဲ့ကောင်က တဖြည်းဖြည်း စားသွားတာပေါ့"

"ဒါနဲ့ အကျိုးတူကုမ္ပဏီတွေက တင်တဲ့ကျောက်တွေမှာ တန်ဖိုးကြီးတာ သိပ်မတွေ့ဘူးဗျ၊ အဲဒါ နည်းနည်းတော့ ထူးဆန်းတယ်၊ ဥပမာ မရိုးမသားလုပ်နိုင်တာပေါ့"

"လုပ်ချာ ... လောဘသားတွေပဲ၊ ခင်ဗျားသိတဲ့အတိုင်း အဲဒါကြောင့် အကျိုးတူကုမ္ပဏီရဲ့လုပ်ကွက်တွေမှာ ကျွန်တော်တို့ဝန်ကြီးဌာနက အရာထမ်းတွေ၊ အမှုထမ်းတွေကို စောင့်ကြည့်ဖို့ထားရတယ်၊ အနီးကပ်ကြီးကြပ်ပေါ့၊ ပြီးတော့ လုပ်ကွက်ဧရိယာသတ်မှတ်ပြီး နယ်မြေကြီးကြပ်ဆိုတာထားပြီးတော့ လှည့်လည် ကြပ်မတ်၊ ဘယ်ကုမ္ပဏီ၊ ဘယ်လုပ်ကွက်က ဒီနေ့ ကျောက်ဘယ်လောက်ရတယ်ဆိုပြီး မှတ်တမ်းတင်ပြီးရင် ဒီကရာဖြတ်အဖွဲ့နဲ့ တန်ဖိုးဖြတ်ပြီးတော့ ကျွန်တော်တို့ရုံးထဲက ဟိုက်ဂိုဒေါင်ကြီးတွေမှာ စာရင်းနဲ့ချိတ်ပိတ်ပြီး သိမ်းထားရတယ်၊ ပြီးတာနဲ့ နေပြည်တော်ကို ပို့ရတာပေါ့"

"ကုန်ကျစရိတ်တွေကျတော့ရော"

"အစိုးရကနေ ကျောက်လုပ်ကွက်တစ်ကေကို ဆယ်သိန်း သတ်မှတ်တယ်၊ ကေတစ်ရာဆိုရင် သိန်းတစ်ထောင်ပေါ့၊ အဲဒါကို



ကျောက်စိမ်းတူးဖော်မှုကြောင့် ရေမချိုင့်ကြီးဖြစ်သွားသော လုပ်ကွက်ဟောင်းနေရာ၊



ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ကျောက်မျက်ရတနာ
ပြတိုက်တွင်ထားရှိသော ၃၃ တန် ကျောက်စိမ်းတုံးကြီး။

ကုမ္ပဏီကသွင်း။ ကုမ္ပဏီစရိတ်နဲ့ တူး ထွက်လာတဲ့ကျောက်ကို တန်ဖိုး ဖြတ်၊ ၂၀% ကို ကုမ္ပဏီကပဲ ကွင်းဝခွန်ဆောင်၊ ပြီးတော့ အစိုးရက ထိန်းသိမ်းပြီးသယ်၊ နေပြည်တော်မှာ ကြီးကြပ်ပြီး --- အကျိုးတူ ဂိုဒေါင်မှာထား။ ဖြတ်တောက်ကုန်ကျစရိတ်အားလုံး ကုမ္ပဏီက ကျခံ ပေါ့၊ ရတနာပြပွဲတင်လို့ ရောင်းရပြီဆိုရင်တော့ နိုင်ငံတော်ကို ၁၀% အခွန်ဆောင်၊ ပြီးတာနဲ့ ကျန်တာကို အစိုးရက ၄၀%၊ ကုမ္ပဏီက ၆၀% အကျိုးအမြတ် ခွဲဝေယူတာပေါ့"

"တူးတဲ့သူက ကိုက်ပါ့မလားဗျ"

"ဩော် ခင်ဗျားနှယ် . . . ကျောက်စိမ်းလေး တစ်သက်လုံးတူး လို့ ကျောက်ကောင်းတစ်လုံးမှ မရတတ်သလို ဥစ္စာရောင်းထဲမှာတွေ့တဲ့ ကျောက်ကလည်း အရည်ညသွားရင် ကုမ္ပဏီတစ်သက် လုပ်စားလို့ရနိုင် တယ်၊ ကံ, ဉာဏ်အ ဝီရိယ, အတွေ့အကြုံပေါ့ဗျာ၊ အဲ . . . အကျိုးတူ တူးဖို့ကတော့ ငွေကြေးယန္တရားအင်အားတောင့်ပြီးသားသူတွေ စွမ်းနိုင် ကြတယ်"

"မြန်မာပြည်က ကျောက်စိမ်းထွက်ပြီး တရုတ်ပြည်က ဟောင် ကောင်တို့ ကွမ်ကျိုးတို့ ထိန်ကျုံးတို့ ရွှေလီတို့မှာ ကျောက်မျက်ပွဲတွေ ဖြစ်နေတာကို ဘယ်လို မှတ်ချက်ပေးမလဲဗျာ"

"ကျွန်တော်တို့က ၁၉၆၄ ခုနှစ်ကတည်းက ရတနာပြပွဲတွေ လုပ်လာတာ၊ အားလုံးကတော့ တရုတ်ပြည်က ဝယ်တာပဲ၊ သူတို့ရဲ့ ရှေးအလွန်ကျတဲ့ ယဉ်ကျေးမှုနဲ့ ခေတ်မီဆန်းသစ်တဲ့ ပန်းပုပညာတွေကို မယှဉ်နိုင်ဘူး။ ကျွန်တော်တို့က အကြမ်းရောင်းပြီး သူတို့က ကုန်ချော လုပ် ကမ္ဘာကိုရောင်းတာလေ၊ နယ်စပ်မှာရှိတဲ့ ထိန်ကျုံးတို့ ရွှေလီတို့မှာ

ဖြစ်နေတဲ့ရေးကွက်တွေကျတော့ မော်ထဲကထွက်တဲ့ ကျောက်ကို တရေးမဝင်နည်းမျိုးစုံနဲ့ နယ်စပ်ကိုပို့ပြီး အဲဒီမှာ အရောင်းအဝယ်ဖြစ်နေကြတော့ နိုင်ငံတော်ကလည်း အခွန်မရဘူး။ နစ်နာတာပေါ့''

''သေသေချာချာတားဆီးပြီး စနစ်တကျပို့နိုင်ရင် ကောင်းမယ်နော်''

''အားလုံးကတော့ စနစ်တကျဆိုပြီး လုပ်ကြတာချည်းပဲ၊ ဟိုကားလိုပေါ့ ... သစ်တစ်ပင်ခုတ် ထောင်သုံးလတဲ့ ... ဆိုင်းဘုတ်ရေးထားတာ၊ သစ်တောတစ်တောလုံး ပြောင်အောင်ခုတ်တော့ ဘီလီယံနာဖြစ်ပြီး ခရိုနီဖြစ်သွားတယ်လေ၊ သယံဇာတပဲဗျာ ... နိုင်ငံသားအားလုံးနဲ့ ဆိုင်ပါတယ်၊ နိုင်ငံတော်က ပိုင်တယ်ဆိုပြီး တကယ်နိုင်ငံတော်ကရရင် ကောင်းတာပေါ့၊ ခုတော့ ...''

''တော်ပြီဗျို့ ... နိုင်ငံရေးတွေပါလာပြီ၊ လစာနှစ်သိန်းမဲ့မဲ့နဲ့ ကျုပ်တို့ ဝန်ထမ်းတွေအလုပ်က ငွေနဲ့ဖြတ်ရင် တန်ဖိုးမရှိသလိုဖြစ်နေဦးမယ်၊ ဒါနဲ့ဗျာ လုံးခင်းမှာလည်း ရွာထဲကအိမ်တွေကို မြှင့်ထားတာတွေ့ရတယ်၊ မိုးတွင်းဆို ရေခဏခဏကြီး၊ မြေပြိုး၊ ဆောင်းရောက်တော့လည်း ရေက ကော်ဖီရောင်ထက် မကြည်တော့ဘူး၊ အဲဒါလေး ကျွန်တော်တို့အစိုးရဘက်ကရော ကုမ္ပဏီကြီးများဘက်ကရော ဘယ်နှယ်ကိုင်တွယ်လဲဗျာ''

''သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ရတာပေါ့၊ ဥရုချောင်း ကောနေတာတွေကို ပြုပြင်ဖို့ ကုမ္ပဏီအုပ်စုတွေကို အပိုင်းလိုက်တာဝန်ပေးပြီး ကြပ်မတ်တယ်၊ ကျောက်စိမ်းလုပ်ကွက်တွေကို ချောင်းနဲ့ ပေ ၃၀၀ အကွာဝေးရဲ့ အပြင်မှာပဲ ချထားပေးတယ်၊ စွန့်ပစ်မြေစာ

တွေကို ချောင်းနဲ့ဝေးတဲ့နေရာ အသုံးပြုပြီးတဲ့နေရာမှာ စုပေါင်းစွန့်ပစ်စေတယ်၊ ကျောက်တူးလို့ပြီးရင် သစ်ပင်တွေပြန်စိုက်ဖို့ သစ်တောဦးစီးဌာနရဲ့ကွပ်ကဲမှုနဲ့ မျိုးခြံတွေ ထူထောင်တယ်၊ စိုက်တယ်ပေါ့၊ ဥရုချောင်းပေါ်မှာထိုးတဲ့ ယာယီတံတားကိုလည်း ကန့်သတ်ရတယ်၊ ဟိုမှာကြည့် ...လုံးခင်းဆိုရင် ရေမမြုပ်တာ (၂)နှစ်ရှိပြီ၊ ရွာကို တာပတ်ပေးလိုက်ပြီလေ"

ကိုမောင်မောင်ရှိန်းက ဥရုမြစ်ကြီးအငိုတိတ်အောင် ဘာတွေလုပ်ပေးနေတယ်ဆိုတာကို ပြောရင်း သူတို့ရဲ့ ဆောင်ရွက်တိုးတက်မှုကလေးတွေကို မေးငေါ့ရင်း အားရှိစွာဆိုဏ်။

"ဖားကန့်လမ်းကြီးကတော့ အရှေ့တောင်အာရှမှာ အဆိုးဆုံးပဲ နော်"

"ကျွန်တော်တို့ ညည်းရုံးပြီး ကုမ္ပဏီတွေကလည်း အပိုင်းလိုက်ပြင်တာပါပဲ၊ ကားတွေရဲ့ Weight က တချို့ တန် ၆၀ လောက်ရှိတယ်၊ မိုးကလည်း များတယ်၊ အောက်ခံမြေက သက်နေတယ်လေ၊ အရမ်းကောင်းစေချင်ရင်တော့ ရန်ကုန်က ကမ်းနားလမ်းလိုမျိုး ၁၆ လက်မထုကွန်ကရစ်ခင်းမှ ရမယ်ထင်တယ်"

"ဒါဆိုရင်တော့ တရုတ်ပြည်အထိ ကားလေးတွေ နှိုခနဲ နှိုခနဲ ပေါက်ပြီး ကျောက်ကလေးတွေ နေရာရွှေ့သွားပါဦးမယ်ဆရာရယ်၊ မြန်မာပြည်က ရတနာသိုက်ဆိုတာကို နိုင်ငံသားတိုင်း သိရမယ်၊ လောဘစိတ်တွေချည်းပဲ မွေးပြီး ဥပဒေကို လက်တစ်လုံးခြားလုည့်လို့မြို့ရေးအဖွဲ့အစည်းအသီးသီးကို မဖြစ်စလောက်လာဘ်ထိုးပြီး နိုးထုတ်ရင် ကုန်သွားမယ်ဗျာ"

''ဒါကြောင့် ကျွန်တော်ပြောတာပေါ့ ... နေရာတိုင်းမှာ၊ အလုပ်တိုင်းမှာ ကောင်းကျိုးနဲ့ဆိုးကျိုးဆိုတာ ရှိပါတယ်လို့''

''ကဲ ကဲ ... မြေလွှာကိုဖွင့် ပြည်ကိုမြှင့်ခဲ့တဲ့ ဆိုင်းဘုတ်ကြီး ကတော့ ခန့်နေတာပဲ ... ဘာသဘောလဲဗျာ''

''၁၉၆၄ခုနှစ်ကစနေ (၅၀)ကြိမ်မြောက် ရတနာပြပွဲအထိ ရတနာပြပွဲတွေမှာရခဲ့တဲ့ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ မြန်မာကျပ်ငွေတွေနဲ့ အမျိုးသားဝင်ငွေက ဘယ်လို၊ နိုင်ငံတော်ဝင်ငွေက ဘယ်လောက်၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ဝင်ငွေက ဘယ်မျှ ... စတဲ့ ကိန်းဂဏန်းတွေ ကွန်ပျူတာထဲက ထုတ်ကြည့်လိုက်၊ အဲဒါ မြေလွှာကို ဖွင့်ခဲ့လို့ ပြည်ကိုမြှင့်ခဲ့တဲ့ ကျွန်တော်တို့ဌာနရဲ့ အပေါင်းလက္ခဏာ ဆောင်တဲ့ တိုးတက်မှုတွေပါပဲဗျာ၊ သိပ်တောင် ပြောစရာလိုမယ်မထင် ပါဘူး''

''မထိရတနာခန်းမကြီးကလည်း နိုင်ကြေးနဲ့ဆောက်တာလို့ ပြောတယ်နော် ... အများသိအောင် နည်းနည်းရှင်းပြပါဦး''

''ရတနာပြပွဲလုပ်ရင် နိုင်ငံတကာအဆင့်မီအောင် လုပ်ရတယ်၊ ပြည်ပကုန်သည် ငါးထောင်လောက်၊ ပြည်တွင်းကုန်သည် တစ်သောင်းလောက် လာတယ်၊ ပြပွဲကိုဖြစ်မြောက်အောင် လုပ်ရတဲ့ ဝန်ထမ်းတွေနဲ့ဆိုရင် နှစ်သောင်းကျော်လောက်အင်အားနဲ့ သိတင်းနှစ်ပတ်နီးနီး ပြိုင်ပွဲကြီးလုပ်ရတာဆိုတော့ ကုန်ကျစရိတ်တွေ များတာပေါ့၊ အဲဒါတွေကို ကာမိဖို့ ပြပွဲမှာတင်ပြီးရောင်းတဲ့ ကျောက်စိမ်း ကျောက်မျက်အတွဲတွေရဲ့ ရောင်းရငွေ ၁%ကို နိုင်ကြေးလို့ခေါ်တဲ့ ပြပွဲဝပ်ကို ကော်မတီရန်ပုံငွေ ကောက်တယ်၊ အဲဒီငွေနဲ့ ပြိုင်ပွဲစရိတ်တွေ သုံးတယ်၊



အမေရိကန် ဒေါ်လာ ၄ ,၃၃ သန်းတန် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ



(၅၀)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင်
တင်ပြခဲ့သည့် ကြမ်းခင်းဈေး ယူရို သန်း ၆၀ တန်
ကျောက်စိမ်းအရည်တုံး

မဏိရတနာခန်းမကြီးကိုလည်း အဲဒီဒိုင်ကြေးနဲ့ပဲ ဆောက်တာ။ အမေရိကန်ဒေါ်လာ ၄. ၃၃သန်းကျော် တန်တာဗျ။ ပြီးတော့ အများပြည်သူ လှေလာနိုင်ဖို့ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော ကျောက်စိမ်းဥယျာဉ် ဆိုတာလည်း ကျောက်စိမ်းအတုံးပေါင်း ငါးထောင်ကျော်ကို လုပ်ငန်းရှင်တွေက လှူထားတာ။ နေပြည်တော်က ကျောက်မျက်ရတနာပြတိုက်ကိုလည်း လုပ်ငန်းရှင်တွေက ဆောက်ပြီးလှူထားတာ။ ကဲ ... ဘာသိချင်သေးလဲ''

''ဪ ... မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက ဝန်ထမ်းတွေအားလုံးဟာ နိုင်ငံတော်ဆိုတဲ့ စေတီကြီးကို အသိပညာရှင်, အတတ်ပညာရှင်, လုပ်ငန်းရှင်ဆိုတဲ့သူတွေက ထီးတင်ပေးနိုင်ဖို့ တစ်နေရာရာက တာဝန်ကျနေရတဲ့ ငြမ်းဆိုတဲ့ မရှိမဖြစ် ဝါးလုံးလေးတွေပါပဲလားလို့ တွေးမိတယ်''

''ဘုရားပြီးရင်တော့ ငြမ်းမဖျက်နဲ့နော်၊ စေတီတော်ဘေးမှာ ပါရမီဖြည့်ဖက်ဘဝနဲ့ဖြစ်ဖြစ် ပါရမီဖြည့်ခွင့်လေး ပေဦး၊ ကျုပ်တို့မြန်မာတွေက ဘုရားပြီးရင် ငြမ်းကို ကန်ချတတ်လို့ဗျ''

စကားကောင်းနေတုန်း ...

''ဆရာ ... ကချင်ပြည်နယ်အစိုးရအဖွဲ့ကရော မပခကရော ယာဉ်တန်းထွက်ဖို့ လုံခြုံရေးအရ ခွင့်ပြုပါပြီတဲ့''

''အေး အေး ... ငါတို့လာခဲ့ပြီ''

''ကဲ သူငယ်ချင်း ဗိုလ်မှူးကြီးရေ ... ဗိုင်းတော်ရွာ လယ်ကယ်စုက တောအရက်ကလေး အဲ ... လုံးခင်းဒုညွှန်မှူးဆီက Chevist နဲ့ စခန်းသွားခွင့်ပြုပါဦး''

(လယ်ကယ် ဆိုသည်မှာ ကရင်ပြည်နယ်တွင် တွေ့ခဲ့ရသော နောင်ပွင့်မည့် အရိုမရိုယသာဘုရားကို ရည်မှန်း၍ကိုးကွယ်သော ဘာသာ ရေးယုံကြည်မှုရှိသူများကို ခေါ်သည်။)

"See You ... လုံးခင်းမှာ ပြန်ဆုံကြမယ်သူငယ်ချင်း"

ကားအစီး(၁၅၀)ခန့်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းက အရာထမ်း အမှုထမ်းတွေ အကျိုးတူကုမ္ပဏီက ဝန် ထမ်းတွေနဲ့ ပူးပေါင်းထိန်းသိမ်းပြီး တစ်လမ္ဘဲလောက် ကားပြောင်းဆံတင် ထားရသော ကားဆရာများက မြင်းကို ဖောင်းကသွတ်သလို တဝေါဝေါ နဲ့ မောင်းနှင်ထွက်ခွာနေပါသည်။ ကျွန်တော့်ကို တွဲပေးတဲ့ ကွပ်ကဲမှု ဗင်ကားလေးပေါ်ကို ရောက်တယ်ဆိုရင်ပဲ ကားဆရာလေး၏ ပြည့်တွန် သံက တစ်ခုခုကို မကျေနပ်သလိုလို။

"ကားအငှားလိုက်ရတာလည်း မလွယ်လှပါဘူးဗျာ။ ကြောက်ရ တဲ့ဌာနကလည်း များလိုက်တာ"

"ဘာတုံးညီလေးရဲ့"

"ကေအိုင်အေတပ်မတော်ရဲ့ တော်လှန်ရေးရန်ပုံငွေပေါ့ဗျာ၊ ကျောက်ကောင်းရတော့လည်း ဘယ်ရွေ့ဘယ်မျှ ပေးရတယ်၊ ရာဖြတ် တော့လည်း အစိုးရရာဖြတ်ကို ပေးတာရဲ့တစ်ဝက် ပေးရတယ်၊ ခု ကားထွက်တော့လည်း ကားတစ်စီးကို ဘယ်လောက်တဲ့၊ ကဲ ... လုပ် တောင်မစားချင်ဘူး"

"တပ်မတော် လုံခြုံရေးရှိတာပဲ ညီလေးရ ... ဘာပူစရာလို လဲ"

"အဲဒီတပ်မတော်လုံခြုံရေးက လမ်းဘေးက ရပ်ပေးတာ

ပိုင်းထောင်ဖောက်လို့ ကွဲရင် လုံခြုံရေးက မကွဲဘူး။ ကျွန်တော်တို့ရှိတာ တွေ ဆုံးမှာချ ခု မပေးဘဲ သွားကြည့်ပါလား ... နောက် မော်ထဲကို တက်လာလို့တောင် ရမှာမဟုတ်ဘူး။''

ကားဆရာလေးဒေါ်ကကာကြီးကို နားထောင်ရင်း ပြည်တွင်းစစ်ဆို တာ နိုင်ငံရေး၊ ဘာသာရေး၊ အယူဝါဒအရေးများက အစပြု၍ လက် နက်စွဲကိုင်ပြီး တည်ဆဲအစိုးရအဆက်ဆက်ကို တော်လှန်ခဲ့သည်က စခဲ့၏။ ခုတော့ သယံဇာတအမွေဆိုတဲ့ စီးပွားရေးအတွက်ကြောင့် အလျှော့အတင်းကြီးတွေ မညီညာဘဲ ကိုယ်သန်ရာကြီးနဲ့ ကိုယ့်တီး ကွက်ကို ပိုင်အောင်တီးနေကြတာပါလားဆိုတာ နားလည် သဘော ပေါက်လိုက်ရပါတော့သည်။

ကရင်ပြည်နယ်မှာလိုပင် ၁၉၄၉ ခုနှစ်၊ စောဘဦးကြီးက အစပြုခဲ့သော KNDO ကို နှစ်ပေါင်းခြောက်ဆယ်တိုက်ခဲ့သော်လည်း စစ်မီးက မငြိမ်းခဲ့။ ငြိမ်းချင်တော့လည်း ငြိမ်းချမ်းရေးစားပွဲပေါ်မှာ လက်ဆွဲနှုတ်ဆက် ဖက်လှဲတကင်း ပွေ့ဖက်ရင်းနှီးမှုများက ကျည်ဆန် ပေါင်းများစွာ၊ အသက်ပေါင်းများစွာရဲ့ကိုယ်စား အောင်မြင်မှုတွေ ရခဲ့ပါ ပြီ။ ကချင်ပြည်နယ်မှာ စစ်ဆင်နေကြတဲ့ နှစ်ဖက်တပ်တွေလည်း ပန်းလှ ပါပြီ။ ကချင်ခေါင်းရည်သောက်ပြီး ယုံကြည်မှုအပြည့်နဲ့ ဖက်လှဲတကင်း နှုတ်ဆက်ဖို့တော့ လိုပါပြီ။ စစ်မီးတွေ မငြိမ်းနိုင်သရွေ့ နှစ်ဖက်ကြားက မြေဇာပင်များဘဝမှာတော့ တုံးအောက်က ဖားပမာ ပြားတဲ့ဖားကပြား။ ဖောင်းတဲ့ဖားကဖောင်း။ မလိမ္မာ ဆယ်ခါမိုက်ပေမယ့် မော်မှာတော့ အနေသာအောင် အကြေအညာကိုကြည့်လို့ ဘဝတစ်ခု ရှင်သန်မှု အတွက် ဟိုကွေ့ရောက်ရင် ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်ရင် ဒီပဲ့ကို

ကိုင်လို့ ရှန်ကြေရပေဦးရောမည်။

ပွင့်သောပန်းတိုင်း လန်းနိုင်ပါစေ၊

လန်းသောပန်းတိုင်း မွှေးနိုင်ပါစေ၊

ရေကြည်တစ်ပေါက် အတူသောက်နိုင်ပါစေ၊

သောက်သောရေကြည် နှစ်ဦးနှစ်ဖက် ရင်နှင့်အမျှ အေးမြပါစေ
ကြောင်း ဆုမွန်ကောင်း တောင်းလျက် ...

□□□

...

...

...

မှော်လောကထဲမှ ဘဝများစွာ၏ နိမ့်တုံ့မြင့်တုံ့ ဘဝ
ခေတ်ခုံအဖုံဖုံကို မောပန်းပေမယ့် လောပန်းကြီးတော့
ဖြစ်ချင်တယ်မျာ အပိုင်းဆက်များအဖြစ် ကြိုးစား
ဝင်ဆက် ရေးသားတင်ပြပါဦးမည်။

မြန်မာပြည်သားကိုကို

(၁၇-၄-၂၀၁၄)

(မြန်မာနှစ်ဆန်းတစ်ရက်နေ့)

ပုံနှိပ်စာ၀၀